# ပျူး

## ရင်တွင်းအရေးတော်ပုံ

DESIGN THEIN SHWE KYI

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၁၀၃၁၀၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၂၀၃၁၁၀
အဖုံးဒီဇိုင်း - *Idea Kyaw & Kyaw Oo*
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြ-၀၃၈၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့
ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၆၈ ကားဝါလမ်း၊
အုံကြီးနယ်၊ ရန်ကုန်။
အတွင်းဖလင် - ဦးထွန်းဆိုင်
စာအုပ်ချုပ် - ကိုသန်းငွေ
ပုံနှိပ်ခြင်း - ၂၀၁၁ ခုနှစ်၊ မတ်လ၊
ပထမအကြိမ်။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀ ကျပ်

၈၉၅ . ၈၃
ဗျူး
ရင်တွင်းအရေးတော်ပုံ / ဗျူး ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၁
၂၉၆ - စာ ၊ ၁၂ x ၁၈ စင်တီ။
(၁) ရင်တွင်းအရေးတော်ပုံ

အချစ်ကို မလှည့်ဖျားနဲ့။
အချစ်ကို ခုတုံးမလုပ်နဲ့။
အချစ်ကို မစော်ကားနဲ့။ အချစ်ဟာ နတ်ကြီးသတဲ့။

ချစ်ခြင်းမေတ္တာရဲ့ ဂုဏ်သိက္ခာနဲ့ တန်ခိုးက သိပ်ကြီးမားယ်။ အချစ်ကို လှည့်ဖျား ခုတုံးလုပ် စော်ကားမိလို့ အချစ်စောင့်တ်သမီးရဲ့ ဒဏ်ခတ်တာကို ခံယူလိုက်ရတဲ့ သူတစ်ယောက်အကြောင်း သိနိုင်မယ်ဆိုရင်။

◆ ◆ ◆

"ကျွီ"

"ကျွီ. . . ကျွီ"

ကတ္တရာလမ်းမကြီးနှင့် ကားတာယာဘီး ပွတ်ကြိတ်သံတွေ ဆူညံသွားခဲ့သည်။ တစ်ပြိုင်နက်ထဲမှာပဲ အားလုံးရဲ့ ကရုဏာဒေါသစကားသံတွပေါ် လွင့်စင်အံကျလာကြသည်။

"ဟာ. . . ဒီအရူးတော့ သေတော့မှာပဲ"

"ပြဿနာပဲ ဒီလောက်ကားတွေ ရှုပ်နေတဲ့လမ်းပေါ် အရူးကို စကိတ်စီးခိုင်းထားရသလား"

တစ်ခဏတော့ လှည်းတန်းဈေးရှေ့လေးမှာ မီးပွိုင့်မမိပါဘဲ ကားတွေစီတန်းပိတ်ဆို့သွားခဲ့ပါသည်။

"ညှစ်ဖို့. . . ညှစ်ဖို့. . . အားမရှိဘူး၊ ဟူး. . . ရဟူး၊ ချစ်ဖို့. . . ချစ်ဖို့ အားမရှိဘူး. . . အူး"

လမ်းမပေါ်မှာ စကိတ်စီးရင်း ကြော်ငြာသီချင်းတွေကိုသီဆိုကာ ခန္ဓာကိုယ်ကို ယိမ်းနွဲ့လှုပ်ကာကနေသော လူရွယ်တစ်ယောက်။ ဝတ်ဆင်ထားသော အဝတ်အစားတွေကတော့ တကယ့်အပုံစားတွေပဲဖြစ်သည်။

အပေါ်မှာက အနက်ရောင်ခေါင်းစွပ် တီရှပ်လက်ရှည်





၊ အောက်က ရေညှိစိမ်းရောင် သရီးကွာတား ဘောင်းဘီကြိုးသိုင်း ရှော့ပင်နှင့်ဖြစ်သည်။

ဂုတ်ထောက်နေသော ဆံပင်ရှည်တွေ ထူလပျစ် မုတ်ဆိတ်ကျင်စွယ်တွေနှင့်ပေမယ့် နုပျိုဝင်းဖန့်နေသော မျက်နှာကတော့ ရှင်းသန့်ချောမောလွန်းသည်။

"တကယ်နှမြောစရာပဲ ရုပ်ကတော့ အသားအရည်အစ ဝင်းနှစ်နေတာပဲ"

ပလက်ဖောင်းပေါ်မှာ ရပ်ကြည့်နေသော ကောင်မလေးတစ်ယောက်နှုတ်က ဝေဖန်သံတွေ မမျိုသိပ်နိုင်ဘဲ လွင့်စင်ကျလာသည်။

စိတ်မနှံ့ရှာသော လူရွယ်ချောလေးကတော့ ဘယ်သူကိုမှ ဂရုမစိုက်ဘဲ ကတ္တရာလမ်းမပေါ်မှာ စကိတ်ကို ကျွမ်းကျင်စွာစီးရင်း သီချင်းတွေကို အော်ဟစ်သီဆို ကောင်းနေတုန်းရှိသည်။

ပိတ်ဆို့ကုန်သော ယာဉ်ကြောကြောင့် ယာဉ်ထိန်းရဲတွေ အပြေးအလွှားရောက်လာကြသည်။

"ဟဲ့. . . သား သားနိုင်း၊ အမလေးကွယ် ကားတွေတိုက်တော့မှာပဲ ဖမ်းစမ်း ဖမ်းကြစမ်းပါဟဲ့"

Mark II ကားနက်ကြီးပေါ်မှ တံခါးဖွင့်ဆင်းရင်း အမျိုးသမီးကြီး စိုးရိမ်ပူပန်စွာ ဟစ်အော်သည်။ ကားနောက်ခန်းမှဆင်းလာသော လူကြီးနှစ်ယောက်က စကိတ်နှင့် လူရွယ်နောက်ကို အပြေးရောက်သွားသည်။

"နိုင်း. . . သားသား လာကွာ"

"ဘာလဲ. . . ဘာလဲ ဘာတွေလဲ၊ မလာဘူး၊ မလာဘူး သွား"

လက်ဆွဲခေါ်ဖို့ကြိုးစားသည့် လူကြီးလက်ကို ဖတ်ခနဲ ပုတ်ထုတ်ပြီး ငြင်းနေတာတွေက (ရက်ပ်ပါ)တွေ သီချင်းဆိုသလို မျိုးမို့ ကြားရသူတွေတောင် ပြုံးစိစိဖြစ်ကုန်သည်။

"သား နိုင်း လာပါကွယ်၊ မာမိကိုသနားပါ သားရယ်"

အမျိုးသမီးကြီးက ပတ်ဝန်းကျင်ကိုတောင် မရှက်မကြောက်နိုင်ဘဲ လူရွယ်ကို တောင်းပန်ချော့မော့အော်ပြောနေသည်။ လူရွယ်က ခေါင်းခါလက်တွေခါကာ စကိတ်နှင့် ထွက်ပြေးဖို့ကြိုး စားသည်။

အခြေအနေကိုရပ်ကြည့်နေသော ယာဉ်ထိန်းရဲသားနှစ်ဦး မနေနိုင်တော့ဘဲ ဝင်ချုပ်နှောင်ကူဖမ်းပေးကြသည်။

"လွှတ် . . . လွှတ် ငါ့ကိုလွှတ်၊ ဘယ်သူတုန်း ဘာတွေတုန်း၊ နားထား. . . နားထား. . . နား. . . နား"

ရုန်းကန်နေရင်း ပါးစပ်ကလည်း ရက်ပ်ပါ သီချင်းတွေ ဟစ်ကောင်းနေတုန်းရှိသည်။ ယာဉ်ထိန်းရဲသားကြီးနှစ်ဦးနှင့် ကျန်လူကြီးနှစ်ဦး ခြေနှစ်ဖက် လက်နှစ်ဖက်ကို တစ်ယောက်စီချုပ်ကိုင်ပွေ့ချီကာ Mark II ကားနက်ကြီးနောက်ခန်းထဲ ဝိုင်းဝန်းပို့လိုက်ကြရသည်။

"ကဲ. . . ကဲ ခေါ်သွားကြတော့၊ ဒီထက်ကားတွေ ပိတ်ဆို့





ကုန်ရင် ခက်ကုန်မယ်"

"ဟုတ်. . . ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်ရှင်၊ အားလုံးကိုလည်း ကျွန်မတောင်းပန်ပါတယ်ရှင်"

ရွှေကိုင်းမျက်မှန်နှင့် အမျိုးသမီးကြီးက မျက်ရည်စတွေကြားက အားလုံးကို တောင်းပန်ရင်း ကားကြီးကို မောင်းထွက်သွားလိုက်သည်။

"တကယ်သနားစရာဟယ်၊ ရုပ်လေးကချောရက်နဲ့ ဘာလို့ရူးသွားတာလဲ မသိဘူးနော်"

"ဟိုအန်တီကြီးက သူ့အမေထင်တယ်ဟ၊ အတော်တော့ ချမ်းသာပုံပဲနော်"

ဝိုင်းကြည့်နေသော လူစုစုထဲက ကောင်မလေးနှစ်ယောက်အသံတွေကို အခုမှ စတိုးဆိုင်လေးထဲက ထွက်လာသော ပန်းလေပြည်နှင့် ချစ်လေးသူတို့ ကြားမိတာဖြစ်သည်။

"ဘာဖြစ်တာလဲမသိဘူး"

"အရူးတစ်ယောက်ကြောင့် ကားတွေ လမ်းကြောပိတ်ကုန်တာတဲ့ ချစ်လေးရဲ့"

လေပြည်ပြောရင်း စောစောက ကောင်မလေးနှစ်ယောက်ရဲ့ မျက်ဝန်းတွေ ဦးတည်ရာကို ကြည့်လိုက်မိတော့ မြင်လိုက်ရတာ Mark II ကားကြီး။

"ဟင်. . . ဒါ. . . ဒါ"

"ဟယ်. . . နိုင်း. . . နိုင်း"

လေပြည်လိုပဲ ကားနက်ကြီးထဲမှ နိုင်းနဝဒေးကို မြင်သွားသော ချစ်လေးသူလည်း ပါးစပ်လေးဟကာ တအံ့တသြရေရွတ်သည်။

ကားနက်ကြီးက သူမတို့နှစ်ယောက်ရှေ့ ဖြတ်မောင်းသွားသည်။ နောက်ခန်းထဲမှာ နိုင်းကို အလယ်မှာထားကာ ဝိုင်းဝန်းချုပ်နှောင်ထားရင်း ချော့မော့စကားတွေ ပြောနေသူကလေးလေးကျော်။

ချစ်လေးသူမျက်နက်ဝန်းတွေ ဝိုင်းစက်ပြီး နံဘေးကပန်းလေပြည်ကိုလှည့်ကြည့်တော့ ပန်းလေပြည်ကိုယ်တိုင်လည်း မျက်ရည်စလေးတွေရစ်ဝဲလို့။

"သူ သူ ဒီလောက်အထိ ခံစားသွားရလိမ့်မယ်လို့ ငါမရည်ရွယ်ဘူး ချစ်လေးရယ်"

ရှိုက်သံလေးစွက်ကာ လေပြည် တုန်တုန်ရီရီကလေးပြောတော့ ချစ်လေးသူလည်း ပင့်သက်လေးရှိုက်ရင်း. . .

"လေပြည်ရယ် တို့လည်း ရင်ထဲမှာ တကယ်စိတ်မကောင်းဘူး၊ နိုင်း ဒီလောက် ထိခိုက်သွားစေဖို့ မရည်ရွယ်ခဲ့ဘူး"

နိုင်းကိုခေါ်ဆောင်သွားသော ကားနက်ကြီးလည်း မြင်ကွင်းကပျောက်သွားပြီ။ ပိတ်ဆို့ကုန်သော ယာဉ်ကြောလည်း ရှင်းလင်းသွားကာ ပလက်ဖောင်းလေးပေါ်က လူစုစုလည်းရှဲသွားခဲ့ပြီ။

ဒါပေမဲ့ လေပြည်နှင့်ချစ်လေးတို့ နှစ်ယောက်ကတော့ ရပ်နေမိသည့် နေရာလေးက ခြေတစ်လှမ်းမရွေ့မိကြသေးပါ။





ရင်ထဲမှာ ခံစားမှုနှောင်တတွေနှင့် တစ်ခါက သမုဒယသံယောဇဉ်များ နှောင်ခဲ့ကြဖူးသော မဝေးသေးသည့် အတိတ်ငယ်လေးဆီ။

◆ ◆ ◆

## အခန်း (၁)

"ငါးနှစ်ဆိုတဲ့ကာလလေးက ဘာမှမကြာဘူးထင်ရပေမယ့်၊ ပြန်ဆုံကြရင် ငါတို့ဘဝတွေ ပြောင်းလဲနေမှာသေချာတယ်"

သက်ထက်အောင်က တွေးတွေးဆဆလေးပြောသည်။ ချစ်လေးသူ မျက်မှောင်လေးကျုံ့ရင်း လက်မခံသလို ခေါင်းကိုခါယမ်း၏။

"ဘာမှ ပြောင်းလဲစရာမရှိပါဘူး၊ ငါတို့က အခင်မင်ဆုံးသူငယ်ချင်းတွေပဲလေ၊ တို့ သံယောဇဉ်တွေက ရာသက်ပန်ပဲ၊ ရာသက်ပန် အမြဲရောင်ပေါ့"

"သေချာရဲ့လား ချစ်လေး၊ နင်တစ်သက်လုံး ငါ့အပေါ် မြဲစင်နိုင်မလားပြောလေ"

"ဟဲ့... ခွေးကောင်၊ နင့်စကားကဘာလဲ"

ချစ်လေးသူက မျက်စောင်းလေးခဲကာ သက်ထက်အောင်ကို လက်သီးဆုပ်ကလေးရွယ်တော့ သက်ထက်အောင် ရယ်ကျဲကျဲ





လုပ်ရင်း...

"ငါက အမှန်ပြောတာပါဟ၊ နင့်အပျိုကြီးသီအိုရီက ဘက္ကသိုလ်ရောက်သွားရင် ဘယ်နှရက်ခံမှာမို့လဲ"

"အံမယ်... ဒီမှာ မျက်နှာကိုကြည့်ထား အပျိုကြီးပဲ ဘစ်သက်လုံးလုပ်မှာ၊ နင်တို့သာ သားတွေ သမီးတွေနဲ့ ပိကျိ ပိကျိ ေတွ ဖြစ်ကုန်ကြမှာ"

"ဖြစ်နိုင်တယ် သက်ထက်ရ၊ သူက အပြောကြမ်းတော့ ဘယ်ကောင်က အနားကပ်ရဲမှာလဲ၊ ဟား... ဟား"

တစ်ချိန်လုံး ငြိမ်သက်နေသော စွဲမက်အောင်က ဝင်ပြောတော့ ချစ်လေးသူ မျက်စောင်းလေးက လမ်းကြောင်းပြောင်းသွား ရင်း...

"ကောင်စုတ်နေဘ် ငါ့မျှား မိန်းမကြမ်းကြီးမှတ်နေလား၊ ...နဲ"

"ငါတို့က မသတ်မှတ်ပါဘူး ချစ်လေးရာ၊ ဒါပေမဲ့ တို့ ...ဘိတ်ကျောင်းထဲက ကျောင်းသားတွေအားလုံးက နင့်ဆို ဖိန့်ဖိန့် ...နဲ့ပဲ"

"ဟုတ်တယ်ဟေ့၊ ဩလေးဆိုတဲ့ကောင်ဆို နင့်ကိုမြင်တာ ...အပိုးကိုကျိုးနေတာ၊ မျက်နှာချင်းမဆိုင်ရဲလို့ လူမြင်တာနဲ့ လိပ်လို ခေါင်းကိုဝှက်ပစ်တာလေ"

သက်ထက်အောင်စကားကြောင့် ချစ်လေးသူမျက်နှာကို ...သည်။ နံဘေးက ပန်းလေပြည်က နှုတ်ခမ်းလေးကွေးပြုံးသည်။

သက်ထက်ပြောတာလည်းမမှား။ သူတို့သူငယ်ချင်းလေး
ယောက်ထဲမှာ ချစ်လေးသူက မိန်းကလေးပေမယ့် ပွင့်လင်းရဲတင်
သည်၊ စိတ်ကလည်း တကယ့်လက်တစ်ဆစ်ဖြစ်သည်။

ကိုးတန်းနှစ်တုန်းက ဩလေးဆိုသည့်ကောင်က လေပြည်
ကို ရည်းစားစကားလိုက်ပြောတော့ ဘေးမှာရှိနေသော သက်ထက်
နှင့် စွဲမက်တို့ညီအစ်ကိုတောင် ဘာမှမလုပ်ရသေးခင် ချစ်လေးက
လွယ်အိတ်နှင့် ဖြတ်ရိုက်ပြီးဖြစ်နေသည်။

ကံဆိုးချင်တော့ လွယ်အိတ်ထဲက ကွန်ပါဘူးကြောင်
ဩလေးမျက်ခုံးကွဲသွားသည်။ မျက်နှာတစ်ခုလုံး သွေးတွေရဲကု
တာမှ မြင်မကောင်းပါ။

ဩလေးကို ကျောင်းအုပ်ဆရာမကြီးက နောက်
တစ်ကျောင်းတည်းမှ ကျောင်းသူတွေကို မနှောင့်ယှက်ဖို့ သတိပေ
သည်၊ ချစ်လေးသူကတော့ မိဘတွေခေါ်ကာ ခံဝန်ကတိလက်မှတ်
တွေ ထိုးလိုက်ရသည်။

"အဲဒီတုန်းက နင်သာ ကျောင်းထုတ်ခံလိုက်ရရင် ငါတို့
တကယ်စိတ်မကောင်း ဖြစ်ကြမှာသိလား၊ နင်ကလည်း နင်ပဲ
စိတ်ကကြီးလွန်းတယ်"

ပန်းလေပြည်က သတိတရလေး ပြန်ပြောနေတော့
ချစ်လေးသူ ကျေကျေနပ်နပ်လေးပြုံးနေရင်း. . .

"အဲဒီတုန်းက နင့်အစား ငါက မခံနိုင်လွန်းလို့ ဆော်လိုက်
တာ"





"အေးပေ့ါဟာ၊ ဒါကြောင့် နင့်အနား ဘယ်ကောင်မှ မကပ်
ရဲဖြစ်နေတာ၊ ငါတို့ညီအစ်ကိုကသာ မျက်ကန်းတစ္ဆေ မကြောက်ဖြစ်
နေကြတာ"

"သေနာကောင်နော်. . . ကဲ'

ချစ်လေးသူ လက်ခေါက်က သက်ထက်ခေါင်းပေါ်
ဒေါက်ခနဲကျသွားတော့ သက်ထက် မျက်နှာလေးရှုံ့ကာ ခေါင်းကို
ပွတ်နေ၏။

"အံမယ် တကယ်နာတာမဟုတ်ဘဲနဲ့၊ ငါထပ်ထုလိုက်ရ
ဟင်း"

"ကဲ ကဲ တော်ကြပါတော့ဟယ်၊ ငါတို့တွေဆုံကြတာ
ဒီနေ့လေးက နောက်ဆုံးနေ့ပဲနော်၊ နောင် ဘယ်အချိန်မှာ ဘယ်လို
ပုံစံမျိုးနဲ့ ပြန်ဆုံကြရမယ်ဆိုတာ ဘယ်သူမှမသိနိုင်ဘူး"

လေပြည် စိတ်မကောင်းသလို တိုးတိုးလေးပြောတော့မှပဲ
အားလုံး မျက်နှာလေးတွေ ညှိုးသွားခဲ့ကြသည်။

မူလတန်းကျောင်းသားဘဝ သုံးတန်းအရွယ်ကတည်းက
သူတို့တွေ အတူဆုံခဲ့ကြတာပဲဖြစ်သည်။ သက်ထက်အောင်နှင့်
စွဲမက်အောင်တို့ညီအစ်ကိုနှင့် ချစ်လေးသူက မူကြိုကျောင်းမှာက
တည်းက ခင်မင်ခဲ့ကြတာဖြစ်၏။

ပန်းလေပြည်ကတော့ သုံးတန်းရောက်မှ ဒီမြို့လေးကို
ရောက်ခဲ့၏။ တစ်ခန်းတည်းတစ်တန်းတည်းက ချစလေးသူနဲ့
ခင်မင်သွားရင်း သက်ထက်တို့ညီအစ်ကိုနဲ့ပါ ခင်မင်ခဲ့ကြတာဖြစ်

သည်။

အခု ဆယ်တန်းစာမေးပွဲဖြေပြီးသည်အထိ သူငယ်ချင်းလေးယောက် မခွဲအတူရှိခဲ့ကြသည်။

အခုတော့ သက်ထက်တို့မိဘတွေက နယ်စပ်မြို့လေးတို့ အပြီးအပိုင်ပြောင်းကြမည်။

ဆောက်လုပ်ရေးဝန်ထမ်းတစ်ဦးဖြစ်သော ချစ်လေးသူ ဖခင်ကလည်း တာဝန်ကျရာ တောင်ငူကိုပြောင်းရမည်။ ကျန်ရစ်ခဲ့ မည့်သူက ပန်းလေပြည်ပဲဖြစ်သည်။

ဒါကြောင့် သူတို့လေးယောက် ပန်းလေပြည်တို့ အဘွားတွေပိုင်သော ဒီခြံကြီးထဲမှာ နောက်ဆုံးဆုံတွေ့ကြတာဖြ ၏။

"တို့လေးယောက်ရဲ့ သံယောဇဉ်တွေကိုတော့ မမေ့ပစ်ကြ စတမ်းဟာ"

စွဲမက်အောင်က ပင့်သက်လေးရှိုက်ကာပြောတော့ လေပြည် မျက်ရည်လေးတောင် ဝဲတက်လာသည်။ ဖြူစင်သော သံယောဇဉ်က အားလုံးရင်ထဲမှာ ခိုင်ကျည်နေခဲ့တာ အသေအချာ

"နင်တို့တွေ ကျောင်းပိတ်ရက်တွေ ပြန်လာနိုင်ရင် သိ တောင်းမှာပဲ"

ပန်းလေပြည် မျှော်လင့်တောင့်တသလိုလေးပြောတော့ ချစ်လေးသူက ပင့်သက်လေးရှိုက် ခေါင်းကိုခါယမ်းရင်း

"နင်ဖြစ်စေချင်သလိုဖြစ်ဖို့ လွယ်မှာမဟုတ်ဘူး လေပြည်





တို့ဘဝလေးက မိဘတွေအရိပ်အောက်မှာခိုနေရင်း ဘဝအတွက် ကြိုးစားနေကြရတာလေ၊ ကျောင်းပိတ်ရက် ဒီကိုပြန်လာဖို့ဆိုတာ ဖြစ်နိုင်တဲ့ကိစ္စ"

"အင်း ဟုတ်ပါတယ်လေ၊ ငါက ဖြစ်ချင်တာကို တောင့်တ ဘာပါ"

လေပြည် ခေါင်းလေးညိတ်ပြောတော့ စွဲမက်နှင့် သက်ထက်တို့ ငေးငေးလေးကြည့်နေကြသည်။ အားလုံးထဲမှာ အားအများဆုံး အနောက်ပြောင်ဆုံး သက်ထက်တောင် အခုတော့ ဆိတ်ငြိမ်သက်လို့နေသည်။

"ကဲပါဟာ စိတ်မကောင်းစရာတွေ မေ့ထားပြီး တို့ ဒီနေ့ လေးကို ပျော်ပျော်ဖြတ်သန်းရအောင်"

ချစ်လေးသူက ပြောရင်း လက်ထဲမှာကိုင်ထားသော စက္ကူ အိတ်လေးကိုဖွင့်တော့ အပြာရောင်ပဝါလေးတစ်ထည် ခေါက်လျက် ပါလာ၏။

အားလုံးတိုင်ပင်မထားဘဲ ဝယ်ထားသော လက်ကိုင်ပဝါ လေးတွေကို ကိုယ်စီထုတ်လိုက်ကြသည်။

ပန်းလေပြည်ရဲ့လက်ကိုင်ပဝါလေးက ပန်းနုရောင်လေး ဖြစ်ကာ သက်ထက်နှင့်စွဲမက်တို့ အမွှာညီအစ်ကိုက အဖြူရောင် လက်ကိုင်ပဝါလေးတွေ ဆင်တူပဲဖြစ်သည်။

"ဟင်. . . နင်တို့ညီအစ်ကိုက အရောင်အတူတူကြီးပါ လား"

"တို့က အမွှာညီအစ်ကိုလေဟာ အရောင်တူတာ မဆန်း ပါဘူး၊ ဒါပေမဲ့ လက်ကိုင်ပဝါလေးတွေမှာ လက်မှတ်ထိုးထားပြီး သားပါဟ"

"အေးပါ အေးပါ၊ ငါတို့တွေလည်း လက်မှတ်ထိုးထားပြီး သားပဲလေ"

လက်ကိုင်ပဝါထောင့်လေးတွေမှာ ကိုယ့်ပဝါကိုယ် လက်မှတ်ထိုးပြီး ဒီနေ့ဒိတ်လေးတွေ တပ်ထားတာကို အားလုံးကိုယ် စီ ဖြန့်ပြလိုက်မိကြသည်။ ထိုအစီအစဉ်က ခွဲရတော့မည့် သူငယ် ချင်းလေးယောက် တိုင်ပင်ရင်းဖြစ်လာသော အစီအစဉ်လေးပါ

လက်ကိုင်ပဝါလေးလေးထည်မှာ လက်မှတ်တွေထိုးပြီ လေပြည်တို့ခြံထဲက ခရေပင်ကြီးအောက်မှာ တွင်းတူးမြုပ်ထား ကြသည်။ အားလုံး ကျောင်းတွေပြီးလို့ ငါးနှစ်တိတိကြာသည့်ရက် မှာ ဒီခြံ ဒီအရိပ်လေးအောက်မှာ ပြန်ဆုံတွေ့ကြမည်။

"တို့ပြန်ဆုံကြတဲ့နေ့ကြရင် ဒီပစ္စည်းလေးတွေ ပြန်တူးပြီ တစ်ယောက်စီ မဲနှိုက်ယူကြမှာနော်"

"အေးလေ. . . အစီအစဉ်အတိုင်းပဲပေါ့ လေပြည်ရဲ့"

"မဲနှိုက်လို့ ကိုယ့်ပဝါကိုယ်ပြန်ပေါက်နေရင်ကော စွဲမက် ရဲ့"

လေပြည်မေးတော့ စွဲမက်လည်း မဖြေနိုင်ဘဲ တွေသွား ၏။ သက်ထက်က . . .

"အဲဒီလိုဆိုရင် ပြန်နှိုက်ကြရမှာပေါ့ဟာ ဘာခက်လို့လ"





"ဟုတ်တယ် ဟုတ်တယ်၊ အဲတစ်ခုပဲရှိတယ်၊ မြေကြီးထဲ မှာ ငါးနှစ်တိတိမြုပ်ထားမှာဆိုတော့ ပျက်စီးကုန်မှာစိုးရတယ်ဟ"

"မပူပါနဲ့ အသေအချာ ပလက်စတစ်တွေနဲ့ အထပ်ထပ် ထုပ်ပြီးမှ မြုပ်မှာပေါ့၊ ပျက်စီးတာမစီးတာထက် ငါတို့လေးယောက် နေရာမှာ နောင်ငါးနှစ်ပြည့်တဲ့နေ့ကျရင် ပြန်ဆုံဖို့ပဲလေ"

ချစ်လေးသူစကားကို အားလုံးခေါင်းညိတ်ပြီး လက်ကိုင် ပဝါလေးတွေကိုယ်စီခေါက်ပြီး အိတ်ထဲစုထည့်သည်။

သက်ထက်နှင့်စွဲမက်တို့က တစ်တောင်သာသာခန့် မြေကျင်းကိုတူးကြသည်။ ချစ်လေးနှင့်လေပြည်က အသင့်ပါလာ သော ဓားချွန်လေးတွေနှင့် ခရေပင်ကြီးရဲ့ ပင်စည်မှာ စာတန်းလေး ထိုးထွင်းကြသည်။

"ဆယ့်ငါးရက် ကိုးလ နှစ်ထောင့်ငါး"

စွဲမက်က ခရေပင် ပင်စည်ကြီးပေါ်မှာ ထွင်းထုထားသော က်စွဲနေ့လေးကို အသံထွက်ရွတ်ဆိုနေသည်။

"အင်းလေ နောင်ငါးနှစ်ကြာတဲ့ ဆယ့်ငါးရက် ကိုးလ နှစ်ထောင့်တစ်ဆယ်ခုနှစ်ကျရင် ငါတို့လေးယောက် ဒီမှာ ပြန်ဆုံ ကြးပေါ့"

လေပြည်ဆိုတော့ အားလုံး လက်ခံခေါင်းညိတ်သည်။ တူးထားသော မြေကျင်းလေးထဲကို ပလပ်စအစ်အိတ်တွေ အထပ် ထပ်အုပ်ပြီး ထည့်ထားသည့် လက်ကိုင်ပဝါထုပ်လေး အသာထည့် သည်။

ပြီးတော့ လေးယောက်သား မြေကျင်းလေးကို ဝိုင်းဖို့လိုက်ကြသည်။

"ကဲ. . . ငါတို့ ပြိုင်တူ သစ္စာပြုကြမယ်"

သက်ထက်စကားကြောင့် လေးယောက်သား လက်ဝါးချင်းထပ်လိုက်ကြရင်း

"နှစ်ထောင့်တစ်ဆယ်မှာ ပြန်ဆုံကြမယ်"

လေးယောက်ပြိုင်တူ အော်လိုက်ကြရင်း ခရေပင်ကြီးကို မော့ကြည့်လိုက်မိကြသည်။

လေပြည်ရင်ထဲမှာ နင့်နင့်သီးသီး ခံစားလိုက်မိသည်။ ကျန်သူငယ်ချင်းတွေလည်း လေပြည်လိုပဲ ခံစားရမည်ထင်သည်။

ထိုစဉ်တုန်းက ခံစားထိရှလွယ်သော လေပြည်ရင်ထဲမှာ ဖြူစင်သော နှလုံးသားလေးပဲ တည်ရှိခဲ့သည်။

မျက်ဝန်းထဲကို ဝဲတက်လာသော မျက်ရည်စတွေသည်လည်း ဖြူစင်သော သံယောဇဉ်ဖြင့်သာပါပဲ။

◆ ◆ ◆



## အခန်း (၂)

"ရောက်ပြီသမီး၊ ဒါ မေမေတို့နေမယ့် ခြံပဲလေ"

ဆင်ဝင်အောက်မှာ ကားကိုထိုးရပ်တော့ ပင့်သက်ငေးကြည့်နေသော လေပြည့်ကို မေမေက တိုးတိုးလေးပြောသည်။

အပြုံးရိပ်တွေဖြာလဲ့နေသော မေမေ့မျက်နှာကို မကြည့်နိုင်ဘဲ လေပြည် ကားတံခါးဖွင့်ဆင်းသည်။

ထည်ဝါလှသော နှစ်ထပ်တိုက်ကြီးက သစ်လွင်လှပလွန်းပါသည်။ ရန်ကုန်မှာ ဖေဖေနှင့်မေမေတို့ ခြံနှင့်တိုက်ဝယ်လိုက်သည့် သတင်းကို လေပြည်ကြိုကြားပါသည်။

ဒါပေမဲ့ တစ်ခေါက်မှ မရောက်ဖူးခဲ့ပါ။ လေပြည်ရဲ့ ငယ်ဘဝလေးက မေမေရဲ့မိဘတွေဖြစ်သည့် ဘိုးဘိုးနဲ့ဘွားဘွားတို့ ခြံကြီးထဲမှာပဲ ကြီးပြင်းခဲ့တာဖြစ်သည်။

သမီးလေးတစ်ယောက်ကို မခွဲရက်ပေမယ့် ဖေဖေနှင့် မေမေသည် ငယ်ရွယ်တုန်းမှာ စီးပွားရေးကိုပဲ အလေးထား အာရုံ

စိုက်ခဲ့သည်။ ဒါကသမီးလေး အနာဂတ်အတွက်ဟု ဘွားဘွားတို့ဖြိုကိုရောက်လာတိုင်းပြောခဲ့၏။

ဖေဖေနှင့်မေမေထက်စာလျှင် အဘိုးအဘွားတွေအပေါ်မှာပဲ သံယောဇဉ်ပိုမိုသည့် လေပြည်ကလည်း ရန်ကုန်ကိုမသွားချင်မလိုက်ချင်ခဲ့ပါ။

အခုတော့ ဆယ်တန်းအောင်ပြီဖြစ်သော အပျိုစင်မလေးသမီးဖြစ်သူကို ဖေဖေနှင့်မေမေက ရန်ကုန်မှာပဲ ကျောင်းတက်စေချင်၏။ ပညာရေးဆိုတော့ ဘိုးဘိုးနှင့်ဘွားဘွားလည်း မငြင်းသာခဲ့ပါ။

"သမီးလေး"

ညှော်ခန်းတံခါးဝက စောင့်ကြည့်နေသော ဖေဖေ့ခေါ်သံကြားမှ လေပြည် ခြံဝင်းကြီးထဲ ငေးကြည့်နေရာမှ သတိဝင်လာသည်။

ဖေဖေက လေပြည်ထံလျှောက်လာရင်း အပြုံးနွေးနွေးတွေနှင့် ပွေ့ဖက်သည်။

"သမီးလေးရောက်လာမယ်ဆိုလို့ ဖေဖေအလုပ်ကစောစောပြန်လာတာကွ၊ ဖေဖေကိုယ်တိုင်လာခေါ်မလို့ဘဲ၊ ကုမ္ပဏီအလုပ်တွေက အရေးကြီးနေလို့ သမီးရေ"

အောင်မြင်သော စီးပွားရေးကုမ္ပဏီကြီးမှာ ဖေဖေအလုပ်တွေ မအားစတမ်းရှိတာ လေပြည်သိပါသည်။ မေမေသည်လည်း စက်မှုဇုန်တစ်ခုမှာ စက်ရုံတစ်ရုံတည်ကာ ဦးစီးနေခဲ့ရတာပါပဲ။





တစ်ဦးတည်းသောသမီး သူမအတွက် ဖေဖေမေမေတို့ ...လောက်အထိ အလုပ်တွေလုပ်နေတာကို လေပြည် သိပ်နား...သည်နိုင်ပါ။

"သမီး မိဘတွေက သမီးကိုသိပ်ချစ်ပါတယ်၊ သူတို့...ဘဘတွေ အတောမသတ်နိုင်ကြတာလည်း သမီးလေးအတွက် ... သမီးကြားဖူးတယ်မို့လား မိဘမေတ္တာဆိုတာ မြင်းမိုရ်တောင်ကြီး...တောင် နှိုင်းမရဘူး"

ဘွားဘွားကတော့ လေပြည့်ကို အမြဲဆုံးမတတ်ပါသည်။ ...ခုလည်း မိဘတွေနှင့် ရန်ကုန်မှာ လိုက်နေမည်ဆိုတော့ ဘိုးဘိုး...ဘွားဘွား မျက်ရည်ဝဲ ဝမ်းနည်းနေတာ လေပြည်သိသည်။

ဒီမြေး ဒီဘိုးဘွားတွေ အတူနေခဲ့တာပဲ ခုနစ်နှစ်ကျော်ကာ...ကြာခဲ့ပြီဆိုတော့ သံယောဇဉ်က ခိုင်ကျည်ခဲ့ပြီပေါ့။

"သမီး ဘိုးဘိုးနဲ့ဘွားဘွား နေကောင်းကြတယ်မဟုတ်...လား"

ဖေဖေမေးမှ လေပြည် ခေါင်းကလေးညိတ်ပြရင်း

"နေကောင်းပါတယ်ဖေဖေ၊ ဒါပေမဲ့ သမီးကြောင့် မျက်ရည်...ဝမ်းနည်းခဲ့ကြတာတော့ အမှန်ပဲ"

လေပြည်စကားကြောင့် မေမေ့မျက်နှာကအပြုံးတို့ ရိပ်ခနဲ...ပျောက်ကာ ပင့်သက်ရှိုက်သည်။

"အင်းလေ၊ မြေးအတွက် သူတို့ခံစားရမှာပေါ့၊ ဖေဖေ...းလည်ပါတယ် သမီးရယ်၊ သမီးကို ဖေဖေတို့ အကြာကြီးခွဲထား

တုန်းကလည်း ခံစားကြရတာပဲ"

"ဟုတ်တယ်သမီး၊ ဘိုးဘိုးတို့က အသက်ကြီးပါပြီ၊ အခု မေမေက ရန်ကုန်လိုက်နေဖို့ခေါ်တာလည်း မလိုက်ချင်ဘူးတဲ့၊ သူတို့ တစ်သက်လုံးနေခဲ့တဲ့ အိမ်ကိုပဲ သံယောဇဉ်ရှိတယ်တဲ့လေ၊ လူကြီး ဆိုတာ ဒီလိုပါပဲကွယ်၊ သူတို့မြေးဆီကိုတော့ မကြာခဏလာလည် မှာပါ"

မေမေက နှစ်သိမ့်သလိုပြောသည်။ ဘိုးဘိုးနှင့်ဘွားဘွား ကိုခွဲရစဉ်က လေပြည်လည်း ငိုခဲ့မိသည်။ ရန်ကုန်မှာ ကျောင်းတက် ရမည်ဟု မထင်မှတ်ခဲ့တာကြောင့် သူငယ်ချင်းတွေကို ခွဲရစဉ်က တောင် မပြောပြဖြစ်ခဲ့ပါ။

အခုတော့ လေပြည်တို့ လေးယောက်စလုံး တစ်နေရာဆီ ကို ရောက်ခဲ့ကြသည့်အဖြစ်လေ။

"ကဲ. . . လာ လာ သမီး၊ ပင်ပန်းနေရောပေါ့၊ အအေး လေးသောက်ပြီး နားလိုက်ဦးနော်သမီး"

လေပြည့်ခေါင်းကလေးကိုပုတ်၊ ပခုံးလေးဖက်ကာ ဖေဖေ က ဧည့်ခန်းက ဆိုဖာကြီးတွေဆီ ခေါ်လာသည်။

ဖေဖေတို့ခြံကြီးက ဘွားတို့ခြံလိုပဲ ကျယ်ဝန်းပါသည်။ ခြံထဲမှာ လှပသောပန်းပင်တွေ၊ မြက်ခင်းပြင်ကျယ်ကြီးနှင့် လှပ ချစ်စရာကောင်းသော အပင်ပျိုလေးတွေနှင့်ဖြစ်သည်။

ဘွားတို့ ဘိုးတို့ ခြံကြီးလိုတော့ သစ်ပင်ကြီးတွေနှင့် အုံ့ဆိုင်း မှိုင်းနေတာမဟုတ်ပါ။ မြို့ပြနှင့် နယ်မြို့လေးတစ်မြို့၏ ကွာခြားမှု





ကို လေပြည် ခံစားမိသလိုရှိသည်။

ဧည့်ခန်းကျယ်ကြီးထဲက အပြင်အဆင်တွေ၊ ခေတ်မီ အသုံးအဆောင်ပစ္စည်းတွေကလည်း ခြားနားလွန်းသည်။ ဒါတောင် လေပြည် အခုမှ ဧည့်ခန်းထဲမှာရှိနေသေးတာပဲဖြစ်သည်။

"အပေါ်ထပ်မှာ သမီးနေဖို့အခန်းကို ပြင်ဆင်ပေးထား တယ်၊ သမီးလိုတာ စေခိုင်းလို့ရတဲ့ မိအေးရှိတယ်၊ ထမင်းချက်က ဒေါ်ကြည်၊ ခြံစောင့်က ဦးစိုးမောင်၊ သမီးကျောင်းသွားကျောင်း တက်ဖို့ ကားတစ်စီး ဖေဖေဝယ်ပေးထားတယ်၊ လောလောဆယ် တော့ ဒရိုင်ဘာ ဦးအုန်းမောင်းပေးလိမ့်မယ်၊ နောက်ကျမှ သမီး ကိုယ်တိုင် မောင်းတတ်အောင်သင်ပေးပါ့ကွယ်"

ဖေဖေက လေပြည်အတွက် စီစဉ်ထားသမျှကို ပြောပြ နေသည်။ အရာရာပြည့်စုံမှုတွေနှင့် ဖေဖေရဲ့မေတ္တာကို မြင်တွေ့နေ ရပေမယ့် လေပြည့်မျက်ဝန်းထဲမှာ ဘွားတို့ခြံကြီးကိုပဲ မြင်နေခဲ့ သည်။

"သမီး အအေးသောက်လေကွယ်"

မာမီသတိပေးမှ အေးစိမ့်နေသော အအေးဗူးလေးကို လေပြည် တစ်ငုံမျှ မော့သောက်ဖြစ်၏။

"သမီး ကားစီးလာရတာ ပင်ပန်းနေပြီပေါ့၊ နားပါစေ ဦးမှ့ရယ်"

လေပြည်မျက်နှာကို အရိပ်လို အကဲခတ်ကြည့်နေသော ဖေဖေဆိုတော့မှ မေမေခေါင်းညိတ်ပြီး ထိုင်ခုံကထရပ်သည်။

"ဖေဖေ သမီးကိုခွင့်ပြုပါဦးနော်"

"အေး. . . အေး. . . သမီး၊ ပြီးမှ ဖေဖေတို့ ထမင်းဝိုင်းမှာ ဆုံကြတာပေါ့"

အနေဝေးနေခဲ့တာမို့ ဖေဖေနှင့်လေပြည်ဆက်ဆံရေးက နည်းနည်းတော့ အေးစက်နေခဲ့သည်။ ဒါပေမဲ့ ဖေဖေက နားလည်စွာပဲ ပြုံးနေခဲ့၏။

မေမေက ပြောင်လက်နေသော ကျွန်းလှေကားကြီးအတိုင်း လေပြည့်ကို ပခုံးလေးဖက်ခေါ်လာရင်း အခန်းကိုလိုက်ပို့ပေးသည်။

"သမီးလေးနားဦးနော်၊ သမီးရင်ထဲမှာ ဘိုးနဲ့ဘွားအတွက် ခံစားနေရတာ မေမေတို့ စာနာနားလည်ပါတယ်၊ သမီးရယ် ဘိုးဘိုးတို့က အသက်ကြီးပါပြီ၊ သံယောဇဉ် အနှောင်အဖွဲ့တွေကင်းပြီး သံသရာအတွက်ပါသွားမယ့် အလုပ်ကို လုပ်ပါစေတော့ကွယ်၊ အခု သမီးရောက်နေတာ သမီးပိုင်တဲ့အိမ်ပါ၊ ဒီအိမ်ကြီးကို သမီးနာမည်နဲ့ သမီးဖေဖေဝယ်ပေးထားတာ၊ ကဲ ကဲ မေမေတို့ ပြီးမှဆုံစို့နော်၊ ခဏနားပြီး သမီးရေချိုးလိုက်ဦး"

မေမေ့စကားသံတွေက ချိုသာပြီး လေပြည်ရင်ထဲအထိ စူးစူးရှရှ တိုးဝင်ပါသည်။

လေပြည်ပင့်သက်လေးချမိသည်။ အခန်းထဲကိုဝေ့ကြည့်တော့ အဆောင်အယောင် အပြင်အဆင်တွေအားလုံးက သစ်လွင်သော ခေတ်မီပစ္စည်းတွေပဲဖြစ်သည်။

အခန်းထောင့်က ဗီရိုကြီးဆီလျှောက်ကာဖွင့်ကြည့်တော့ အစီအရီထပ်ထားသော အဝတ်အစားတွေကော ချိတ်နှင့်ချိတ်ထားသော အဝတ်အစားတွေပါ တကယ့်အများကြီး။

သမီးတစ်ယောက်အတွက် ဖေဖေနဲ့မေမေက ဘာမှလိုလေသေးမရှိအောင် စီမံထားခဲ့ခြင်းပါလား။

မေမေပြောခဲ့သလိုပဲ လေပြည် ဖြေသိမ့်ရတော့မည်။

ဘိုးနဲ့ဘွားက အသက်ကြီးခဲ့ပြီ။ သံယောဇဉ်တွေနဲ့ လေပြည်နှောင်ဖွဲ့မထားသင့်တော့ပါ။ မေမေ ဖေဖေတို့ရင်ခွင်မှာပဲ လေပြည်ရဲ့ ဘဝအသစ်ကို စရပါတော့မည်။

မထင်မှတ်ဘဲ ရန်ကုန်ရောက်ပြီး ပြောင်းလဲသွားခဲ့သော လေပြည်ရဲ့ ဘဝလေးကို သူငယ်ချင်းတွေကတော့ သိနိုင်ကြမည် မဟုတ်ပါ။

နှစ်ထောင့်တစ်ဆယ်မှာ ပြန်ဆုံကြမည့် ကတိစကားတွေကို တွေးမိတော့ လေပြည် လွမ်းချင်သလိုလို ခံစားရသည်။

ငါးနှစ်တာဆိုသော ကာလကြီးမှာ လေပြည့်ဘဝရဲ့ ပြောင်းလဲမှုတွေကို လေပြည် ဘယ်လောက်အထိ ကြုံဆုံရဦးမည်မသိ။

အခုပဲကြည့်၊ သူငယ်ချင်းတွေနဲ့ ခွဲခွာပြီး ရက်ပိုင်းလေးမှာပဲ လေပြည် ရန်ကုန်ရောက်လာခဲ့ပြီ။

ကြိုမမြင်နိုင်သော ကံကြမ္မာတွေက အံ့သြစရာပါပဲ။

◆ ◆ ◆





ဝိုးမိုးစာပေ

## အခန်း (၃)

"ဟော သူလေးက ဒီမှာ တစ်ယောက်တည်းလာထိုင်နေတာကိုး၊ ဘာထိုင်လုပ်နေတာတုန်း"

အသံနှင့်အတူ ချစ်လေးသူထိုင်နေသော ခြံဝင်းထဲက ခုံတန်းလေးမှာ ဒေါ်လေးမာ ဝင်ထိုင်သည်။ အမြဲတမ်းပြုံးနေတတ်သော ဒေါ်လေးမာက ချစ်လေးသူမျက်နှာလေးကို အကဲခတ်ကြည့်ရင်း. . . .

"ဘာဖြစ်နေတာလဲ သမီးရဲ့"

"လွမ်းလို့"

"ဟင် လွမ်းလို့ဟုတ်လား၊ ဘယ်သူ့ကို လွမ်းတာလဲ"

ဒေါ်လေးအပျိုကြီး မျက်ဝန်းတွေဝိုင်းစက်သွားကာ အထိတ်တလန့် ရင်ဘတ်လေးဖိနေတာမို့ ချစ်လေး မျက်နှာလေးရှုံ့သွားကာ အလွမ်းစိတ်ကူးလေးတွေတောင် ဘယ်ဆီပျောက်တုန်းသည်မသိ။





"ဒေါ်လေးကလည်း ဘာလို့ မျက်လုံးကြီးပြူးကြည့်နေဘာလဲ၊ ဒုက္ခပါပဲ"

"အင်းလေ သူလေးက လွမ်းလို့ဆိုတော့"

"မဟုတ်တာတွေမတွေးနဲ့၊ ချစ်လေးလွမ်းတာ သူငယ်ချင်းတွေကို လွမ်းနေတာ"

"ဟင်. . . တောင်ငူမှာနေတာ နှစ်ပတ်တောင်မရှိသေးဘဲ သမီးက သူငယ်ချင်းတွေရနေပြီလား"

ဒေါ်လေးမာ အမေးကြောင့် ချစ်လေးသူ မျက်နှာလေးရှုံ့သွားရပြန်သည်။ ဒီဒေါ်လေးအပျိုကြီးနဲ့တော့ ခက်နေပြီ။

"တောင်ငူက သူငယ်ချင်းတွေမဟုတ်ပါဘူး၊ အရင်နေခဲ့နေရာက သူငယ်ချင်းတွေပါ၊ မူလတန်းက အထက်တန်းအထိ ခင်မင်ခဲ့တဲ့ သူငယ်ချင်းတွေကို လွမ်းနေတာ"

"ဪ. . . သိဘူးလေ၊ အဟင်း. . . ဟင်း"

ဒေါ်လေးမာ သဘောကျစွာရယ်နေပြန်သေးသည်။ ချိုင့်လေးတွေခွက်အောင် ရယ်နေသော ဒေါ်လေးမာကိုကြည့်ကာ ချစ်လေးရင်ထဲက အလွမ်းတို့တောင် အငွေ့ပျံကုန်တာသေချာ၏။

"ဒါတော့ တူမလေးရယ်၊ ကြာတော့လည်း နေတတ်သွားပါ၊ လာ ဒီနေ့ ဈေးဝယ်စရာတွေ အများကြီးရှိတယ်၊ ဒေါ်လေး ဈေးကိုလိုက်ခဲ့ဦး"

"ဟာ. . . မလိုက်ချင်ပါဘူး၊ ပျင်းစရာကြီး"

"မိန်းကလေးဖြစ်ပြီး ဈေးဝယ်တာပျင်းရသလား သူလေးရဲ့၊ လာပါနော် လိုက်ခဲ့၊ ဈေးထဲရောက်ရင် နန်းကြီးသုပ်ကျွေးမယ် ဒေါ်လေးစားနေကျဆိုင်က တကယ်ကောင်းတာ"

ဒေါ်လေးမာ ညွှန်းနေတာနဲ့တောင် ချစ်လေး သွားရည်ကျချင်လာ၏။

"ဒါဆိုလိုက်မှာပေါ့၊ သွားကြမယ် ဒေါ်လေးမာ"

"နေဦးလေ သူလေး အဝတ်သွားလဲပါဦး"

"လဲစရာမလိုပါဘူး ဒါနဲ့ပဲလိုက်မှာပေါ့"

"ဟယ်. . . ဂါဝန်ကြီးတကားကားနဲ့"

ချစ်လေးသူ ဝတ်ထားသော ကိုယ်ကြပ်တီရှပ် အနီရောင်လေးနှင့် နှစ်ထပ်ပန်းနုရောင် ဂါဝန်စကဒ်ပွပွကြီးကိုကြည့်ကာ ဒေါ်လေးမာပြောသည်။

"ဘာလို့လဲဒေါ်လေးရဲ့၊ သမီးက ကလေးပဲရှိသေးတာကို အဟင်း"

"သူလေး သွားရဲလို့လား၊ ဒေါ်လေးဆို သွားရဲမှာမဟုတ်ဘူး"

"အဲဒါကြောင့် ဒေါ်လေးအပျိုကြီးဖြစ်နေတာပေါ့၊ ခေတ်နောက်ကျကျန်နေခဲ့တာ"

"ပြောပြန်ပြီ တော်လေးကလည်း ကျုပ်လို အပျိုကြီးလုပ်မယ်ဆို၊ အခုမှ ဘာလို့ ကျုပ်ကို နှိပ်ကွပ်နေတာလဲ"

"နှိပ်ကွပ်တာမဟုတ်ပါဘူး ဒေါ်လေးမာရဲ့၊ ဒေါ်လေးမာ





အသက်ငယ်ငယ်လေးပဲရှိသေးတာကို"

"ဘယ်ငယ်မတုန်း ကျုပ်အသက် သုံးဆယ်ပြည့်တော့မှာ"

"ဟယ်. . . တကယ်၊ ကြည့်စမ်း နှစ်ဆယ်ကျော်ပဲထင်နေတာ၊ ဒေါ်လေးက တကယ်နုပျိုတာပဲ၊ ရယ်လိုက်ရင် ပါးချိုင့်လေးတွေနဲ့ ချစ်စရာကောင်းတယ်၊ ဒါနဲ့တောင် အပျိုကြီးဖြစ်နေတာဘဲ့ရော"

ချစ်လေးသူပြောတော့ ဒေါ်လေးမာ မျက်နှာလေးနီကာနေတာ အထင်အရှား။ အပျိုကြီးစာရင်းဝင်နေပေမယ့် ဒေါ်လေးမာအသက်က ငယ်ပါသေးသည်။ ပြီးတော့ ဒေါ်လေးမာ အလှက ယဉ်ယဉ်လေးနှင့် လှသည့်အလှမျိုး။

"ကဲ အပျိုလေး၊ မြှောက်မနေနဲ့၊ ဟိုရောက်ရင် နန်းကြီးသုပ်ကျွေးမှာပါ လာသွားရအောင်"

ပြောပြောဆိုဆို ဒေါ်လေးမာရှေ့က ဦးဆောင်ထွက်သွားတော့ ချစ်လေးသူ အနောက်ကလိုက်ခဲ့သည်။

ဖေဖေတာဝန်ကျသည့် တောင်ငူမှာပဲ ချစ်လေးသူ ဆက်ပြီးနေဖြစ်မယ်ထင်ပေမယ့် အခြေအနေတွေက မျှော်လင့်ထားသလို ဖြစ်မလာခဲ့ပါ။

ဖေဖေရဲ့အစ်မကြီး အိမ်ရောက်လာရင်း ချစ်လေးအတွက် အစီအစဉ်တွေပြောင်းကုန်သည်။

"ငါ့တူမက ဆယ်တန်းအောင်ပြီးပြီပေါ့၊ ဒါဆို ငါနဲ့အတူသည့်လိုက်၊ ငါ သူ့ပညာရေးအတွက် တာဝန်ယူတယ်၊ နင်တို့

လက်ခံသလား"

ဖေဖေတို့ မငြင်းနိုင်ခဲ့ကြပါ။ ချစ်လေးအောက်က ညီမလေးနဲ့ မောင်လေးတာဝန်တွေကပါ ဖေဖေရဲ့ဝင်ငွေနှင့် မမျှတအောင် ရုန်းကုန်ရသည့် အခြေအနေဆိုတော့။

"မကြီးအတွက် ဝန်မပိဘူးဆိုရင် ခေါ်သွားပါ၊ ရပါတယ်"

"ဘာမှဝန်ပိစရာမရှိပါဘူးဟယ်၊ ငါ့တူမလေးကိုတော့ ငါတာဝန်ယူနိုင်ပါတယ်၊ ငါနဲ့ မိမာအတွက် အဖော်တောင်ရသေးတယ်၊ ကဲ တူမလေးကကော လိုက်နိုင်မလား ပြောဦး"

မိသားစုတာဝန်တွေကို ဖေဖေတစ်ယောက်တည်း ရုန်းကန်နေရတာ ချစ်လေးအသိဆုံးမို့ ချက်ချင်းပဲ ခေါင်းညိတ်ဖြစ်ခဲ့သည်။

ဖေဖေ့အစ်မကြီး ဒေါ်ကြီးညိုက အပျိုကြီးဖြစ်သည်။ ရန်ကုန်မှာ ညီမအငယ်ဆုံး ဒေါ်လေးမာနှင့်ပဲနေတာဖြစ်သည်။ အပျိုကြီးညီအစ်မနှစ်ယောက်ထဲ ချစ်လေးသူ လိုက်ဖြစ်ခဲ့တော့သည်။

ရန်ကုန်ဆိုပေမယ့် ဒေါ်လေးတို့နေထိုင်ကြတာ ရန်ကုန်နှင့် မဝေးလှသော ရွှေပြည်သာမြို့နယ်လေးထဲမှာဖြစ်သည်။

ချစ်လေးသူအတွက် ပညာရေးနှင့် အစစတာဝန်ယူမည့် ဒေါ်ကြီးညိုအိမ်ရောက်ခဲ့တာ တစ်ပတ်ကျော်ပဲရှိသေးသည်။ အငယ်ဆုံး ဒေါ်လေးမာနှင့် ချစ်လေးကတော့ အတော်ကြီးကို ခင်မင်တွယ်တာသွားခဲ့ကြတာဖြစ်သည်။





"အို. . . အမေ့"

အနားကဖြတ်သွားသည့် ကားတစ်စီးရဲ့ ဟွန်းသံတစ်ချက်အတူ ချစ်လေးရဲ့ ဂါဝန်စကဒ် ပန်းနုရောင်လေးမှာလည်း ဗွက်တွေ ပေကျံကုန်သည်။

"ကြည့်စမ်း. . . ကားစုတ်ပလုတ် တောက်"

စကဒ်လေးက ရွှံ့ဗွက်တွေကိုကြည့်ကာ ဒေါသစိတ်လည်း ထောင်းခနဲဖြစ်သွားခဲ့တာမို့ ချစ်လေး လမ်းပေါ်က မြေစိုင်တစ်ခုကို ကောက်ယူကာ

"ကဲဟယ်"

"ဒုန်း"

"ဟဲ့. . . ဟဲ့. . . သူလေး မလုပ်နဲ့"

ဒေါ်လေးမာတားမြစ်ပေမယ့် နောက်ကျသွားခဲ့ပြီ။ ချစ်သူ ပစ်လိုက်သော မြေစိုင်ခဲက နက်ပြာရောင် Mark II ကားကြီး၏ နောက်မှန်ကို ထိမှန်သွားခဲ့သည်။

မြေစိုင်ခဲမို့သာ မှန်ကွဲမသွားခဲ့ခြင်းပါ။ အနက်ရောင်လက်နေသော မှန်ပေါ်မှာတော့ ရွှံ့စက်တွေ ပေကျံညစ်ထေးသည်။

တိခနဲရပ်သွားသော ကားတံခါးမှ နောက်ကို ခေါင်းထွက်ကြည့်၏။ မျက်မှန်နက်တပ် မျက်နှာတစ်ခုကို ချစ်လေးမြင်သည်။ ဒေါ်လေးမာကတော့ ချစ်လေးအနားရောက်လာပြီး

"ဘယ်. . . ဘယ်လိုလုပ်လိုက်တာလဲ သူလေးရယ်၊ မှန်တွေ

ဘာတွေ ကွဲအက်သွားမှဖြင့် ဒုက္ခပါပဲ"

"ကွဲအောင်ပစ်တာ၊ ကောက်မိတာ ခဲလုံးမဟုတ်ဘဲ မြေစိုင်ခဲကြီးဖြစ်နေလို့ပေါ့ ဟွန်း"

ချစ်လေးသူ ဒေါသမပြေနိုင်သေးဘဲ အံလေးကြိတ်ကာ ပြောသည်။ ဒေါ်လေးမာကတော့ ကားတံခါးဖွင့်ဆင်းလာသော လူရွယ်ကိုသာ မျက်နှာငယ်လေးနှင့် လှမ်းကြည့်နေသည်။

မီးခိုးရောင်ရှပ်လက်ရှည်နှင့် ဘောင်းဘီနက်ကို စတိုင်လ်ကျကျဝတ်ဆင်ထားသော လူရွယ်အသွင်က အရပ်အမောင်းမြင့်မြင့်မားမားနှင့်မို့ ကြည့်ကောင်းသည်။ တပ်ထားသော မျက်မှန်ကိုဆွဲချွတ်သော လက်ချောင်းလေးဆီက ဝင်းခနဲလက်ဖြာသွားသော စိန်ပွင့်လက်စွပ်လေးတစ်ကွင်း။

အပျိုကြီးဒေါ်လေးမာ မျက်နှာလေး သွေးစုတ်ဖြူလျော်နေပေမယ့် ချစ်လေးသူကတော့ မျက်မှောင်လေးကုပ်ကာ စူးစူးရဲရဲပြန်ကြည့်နေ၏။

"မင်း ဒါဘာလုပ်လိုက်တာလဲ"

"မြင်တဲ့အတိုင်းပဲ"

ကောင်လေးက တည်ငြိမ်စွာပဲမေးတာကို ချစ်လေးသူပြန်ဖြေလိုက်ပုံက အသံစူးစူး ခပ်ဆောင့်ဆောင့်ကလေးဖြစ်သည်။ ပြီးတော့ ချက်ချင်းပဲ နပမ်းဖက်လုံးတော့မလို ခါးကိုထောက်ထားလိုက်သေး၏။

"ကလေးရယ် ဒေါ်လေး တောင်းပန်"





"အို. . . ဘာမှတောင်းပန်စရာမလိုဘူး ဒေါ်လေးမာ၊ ကိုယ့်ကိုယ်ကို ကားစီးနိုင်တယ်ဆိုပြီး လမ်းလျှောက်သွားနေတဲ့သူတွေကို ဂရုမစိုက်သလိုလုပ်တာတော့ ချစ်လေးတို့က သည်းမခံဘူး"

ခါးကလေးထောက်ကာ အသံလေးစူးပြီး ရန်လိုနေသော ကောင်မလေးကိုကြည့်ကာ နိုင်းနဝဒေးရဲ့ ဒေါသစိတ်တွေ ဘယ်ဆီရောက်ကုန်သည်မသိပါ။ ကြည့်ရတာ နုဖတ်နေသော မျက်နှာလေးက သူ့ထက်တော့ ငယ်ရွယ်ပုံရပါသည်။

ဘာမှလိမ်းခြယ်မထားသော မျက်နှာလေးက အစက်အပြောက်ဆိုလို့ တစ်စက်လေးတောင်မထင်ပါ။ မျက်ဝန်းလေးတွေက ဝိုင်းစက်ကြည်လဲ့နေပေမယ့် ဒေါသရောင်စဉ်တွေကတော့ဆင်ထားသော အကျီလေးအတိုင်း ရဲရဲနီနေ၏။

"ဟောဒီမှာကြည့်၊ ရေဗွက်ထဲကို ရှင် မဆင်မခြင်ဖြတ်မောင်းသွားတော့ ကျွန်မဂါဝန် ပေကျံကုန်ပြီ၊ အဲဒါကြောင့် ရှင့်ကားကို ခဲနဲ့လှမ်းထုလိုက်တာ ရှင်းပြီလား"

မျက်နှာလေးကလှသလို ဒေါသလေးကလည်း ရဲရဲနီနေသည်။ နံဘေးက အဒေါ်ကြီးကတော့ တောင်းပန်သည့် မျက်ဝန်းတွေနှင့် သူ့ကိုကြည့်ကာ

"သူလေး တော်တော့၊ ကလေး ဒေါ်လေးတောင်းပန်ပါတယ်ကွယ်"

"ဒေါ်လေးမာက ဘာဖြစ်နေတာလဲ၊ ချစ်လေး ဂါဝန်မှာ

ပေကုန်ပြီလေ၊ ဒီမှာကြည့်ပါဦး"

ဂါဝန်စလေးမကော ဒေါသမပြေနိုင်ဖြစ်နေသည့် သူမတို့ ကြည့်ရင်း နိုင်း ရယ်ချင်လာမိတဲ့အထိ။ ဒေါသကြီးလွန်းလိုက်တဲ့ ကောင်မလေး။ သင်းအသက်လေးနဲ့တောင် မလိုက်ပါလား။

"ဟုတ်ပါပြီ မင်းမှန်ပါတယ်၊ ကိုယ်တောင်းပန်ပါတယ် မင်းရဲ့ ရွှံ့တွေပေကုန်တဲ့ အဝတ်အစားအတွက် ကိုယ်လျော်ပေးမယ်"

"မလိုဘူး၊ လုံးဝမလိုဘူး"

"ဒေါသကြီးလှချည်လား၊ ဪ နာမည်က ချစ်လေးတဲ့ လား"

"မခေါ်နဲ့၊ ရှင် ခေါ်စရာမလိုဘူး"

"ဟဲ့. . . သူလေး၊ ဘာလို့ ဒေါသတွေကြီးနေရတာလဲ ဒီမှာ တလေးက တောင်းပန်နေတာလေ"

"ဒေါ်လေးမာ မသိပါဘူး၊ သူမျက်လုံးတွေက တောင်း ပန်နေတာမဟုတ်ဘူး၊ လှောင်ပြောင်ချင်နေတာ၊ ပိုက်ဆံရှိတယ်ဆို ပြီး ထင်ရာစိုင်းလို့မရဘူး၊ ဘာမှလည်း လျော်စရာမလိုဘူး၊ လာ ဒေါ်လေးမာ"

ဒေါ်လေးမာဆိုသော အမျိုးသမီးလက်ကိုဆွဲကာ ကောင် မလေး ဘောက်ဆတ်ဘောက်ဆတ် ထွက်သွားခဲ့သည်။

ဂုတ်ဝဲဆံတိုလေးတွေ လှုပ်ယမ်းထွက်သွားသော ကောင် မလေးကို ငေးကြည့်ရင်း နိုင်းရင်ထဲမှာ လှိုက်ခနဲခံစားလိုက်ရ သည်။





ချစ်လေးတဲ့။ နာမည်လေးကတော့ ရင်ခုန်စရာပါပဲ။ ျက်နှာလေးကလည်း ချစ်စရာကောင်းအောင်ချောပါသည်။ ိန်းကလေးတွေနှင့် ပတ်သက်သည့် ရင်ခုန်မှုတွေကို ချုပ်ထိန်းထား သော သူ့ရင်ခွင်တံခါးကိုမှ ဒီကောင်မလေး လာခေါက်လို့နေတာ ့လို့ စိတ်ဝင်စားစရာကောင်းနေသည်။

"အစ်ကိုနိုင်း ဘာတွေဖြစ်နေတာလဲ"

အသံကြောင့် သူလှည့်ကြည့်တော့ မာမိရဲ့စက်ရုံမှာ လုပ်ခဲ့ ူးသော မောင်ကျော်ဖြစ်နေသည်။

"ဘာမှမဟုတ်ပါဘူးကွာ၊ ငါ့ကားက ဗွက်စင်သွားလို့ ဒါနဲ့ ဲဒီကောင်မလေးကို မင်းသိလိုက်သလား၊ ဟောဟိုက အနီ ရောင်အကျီနဲ့"

"ကျွန်တော်မြင်တယ် အစ်ကိုနိုင်း၊ ကောင်မလေးတော့ သိဘူး ညှော်သည်ထင်တယ်၊ အဲ ဘေးက အစ်မကြီးက အပျိုကြီး ဒေါ်မာမာဝေလေ၊ အစ်ကိုနိုင်းသိချင်ရင် ကျွန်တော်စုံစမ်းပေးမယ်"

"အိုကေ. . . မနက်ဖြန် နေ့လယ်နှစ်နာရီ မင်း နှင်းပုလဲ ို လာခဲ့ကွာ ဖြစ်တယ်မို့လား"

"စိတ်ချ အစ်ကိုနိုင်း၊ အားလုံး ကျွန်တော်စုံစမ်းပေးထား ါမယ်"

"ကျေးဇူး. . . ကဲ ရော့ မင်းအတွက် လက်ဖက်ရည်ဖိုး ယူထားလိုက်"

အိတ်ထဲက သူ ဆင်တစ်ကောင်ထုတ်ပေးလိုက်တော့

မောင်ကျော်မျက်နှာ ဝင်းပသွားပြီး တရှိုက်သေပဲလှမ်းယူသည်။

ကားဆိုပြန်လှည့်ကာပြီး မောင်းထွက်လာခဲ့တဲ့ အချိန် ချစ်လေးဆိုသော ကောင်မလေးမျက်နှာလေးက သူ့အာရုံမှာ ကပ်ငြိပါလာဆဲ။

ဒေါ်သတွေနဲ့ ရန်တွေ့သွားခဲ့တဲ့ နှုတ်ခမ်းလေး။

ဒီနှုတ်ခမ်းလေးက ချစ်စကားသံချိုချိုလေးတွေနဲ့ မင်းကိုယ်ကို ပြန်လော့ကြွေးပေးသင့်တယ် ချစ်လေး။

◆ ◆ ◆



အခန်း (၄)

"မမပန်း မေမေကြီးကိုတွေ့ချင်လို့တဲ့ ဧည့်သည်ရောက်နေတယ်၊ မေမေကြီး ရေချိုးခန်းဝင်နေလို့"

လေပြည့်ကို မိအေးလာပြောတော့ လေပြည် ဂိမ်းစက်ကို ပိတ်ကာ ဧည့်ခန်းဆီသို့ ထွက်ခဲ့ရသည်။

ဆိုဖာထိုင်ခုံကြီးမှာ အကျအနထိုင်ကာ ဂျာနယ်တစ်စောင်ကို သဲကြီးမဲကြီးဖတ်နေသူကိုမြင်တော့ လေပြည် အံ့သြသွားမိတာ အမှန်။ မေမေရဲ့ဧည့်သည့်ဆိုတာကြောင့် လူကြီးတစ်ယောက်ဟုပဲ ထင်ခဲ့မိသည်။

အခုတော့ ထိုင်ခုံမှာ ဒူးချိတ်ထိုင်နေသူက လူရွယ်တစ်ဦး ဖြစ်နေသည်။ အဖြူရောင်လက်ရှည် စပို့ရှပ်က အကြွပ်ဖြစ်သည်မို့ လူရွယ်၏ခန္ဓာကိုယ် ကျစ်လစ်မှုကို ပေါ်လွင်စေသည်။ ဘောင်းဘီက ဂျင်းအပြာနုရောင်ဖြစ်သည်။

ဘေးခွဲဆံပင်ကအရှည်၊ ပြီးတော့ နီညိုရောင်ဖျော့ဖျော့

ဆိုးထားပုံရ၏၊ ဂျာနယ်ကို စိတ်ပါဝင်စားစွာ ငုံ့ဖတ်နေတာမို့ မျက်နှာကိုတော့ မမြင်ရပါ။

လေပြည် ဧည့်ခန်းထဲထွက်လာတာကိုတောင် သတိထားမိပုံမရသော သူ့ကို လေပြည် ဘယ်လိုခေါ်ရမည်မသိ။ နာမည်လည်းသိတာမဟုတ်။ ပြီးတော့ မေမေ့ရဲ့ဧည့်သည်။

"အဟမ်း"

ချောင်းဟန့်သံတစ်ချက်ပေးပြီး လေပြည် ထိုင်ခုံမှာ ဝင်မထိုင်သေးဘဲ ရပ်နေလိုက်သည်။ ဆတ်ခနဲမော့လာသော မျက်နှာကို အခုမှပဲ လေပြည်မြင်ရတာဖြစ်သည်။

စိမ်းညို့နေသော မျက်ခုံးတန်းတန်းတွေက ထူပိန်းနေတာမျိုးမဟုတ်ဘဲ ပေါ်လွင်သွယ်တန်းနေသည်။ တိုစိပ်စိပ် မျက်တောင်တွေကာရံထားသော မျက်ဝန်းတွေမှာက တစ်စုံတစ်ရာသောခွဲဆောင်မှုတစ်ခု ပျော်ဝင်နေသလိုရှိသည်။

နှာတံစင်းစင်းအောက်က နှုတ်ခမ်းအစုံကလည်း မိန်းကလေးဆန်စွာ စိုလဲ့နေခဲ့သည်။ ဒါပေမဲ့ စိမ်းမြမြ နှုတ်ခမ်းမွေးမုတ်ဆိတ်မွေးရေးရေးတွေကြောင့် ယောကျ်ားပီသသွားခဲ့ပြန်သည်။

ဘယ်လိုပဲကြည့်ကြည့် ငေးကြည့်လောက်အောင် ချောမောသော ယောကျ်ားဟု လေပြည်ဝန်ခံရမည်ပင်။

လေပြည်ကသာ ငေးကြည့်နေမိတာမဟုတ်။ သူကလည်း ငူးငူးနစ်နစ် မျက်ဝန်းအစုံနှင့် စက္ကန့်ပိုင်းလေးမှာ လေပြည်တစ်ကိုယ်လုံးကို ဆံဖျားမှ ခြေဖျားအဆုံး အကဲခတ်ကြည့်ပြီး ဖြစ်နေသည်။

စိုး:မိုး:ဝ၁ေပ



"ထိုင်လေကွာ"

ယောင်ယမ်းခေါင်းညိတ်မိပြီး လေပြည်ဆိုဖာမှာ ဝင်ထိုင်မိသည်၊ ငူးငူးနစ်နစ် သူ့အကြည့်တွေကြောင့် ထူထူပူပူဖြစ်နေတာတော့အမှန်။

သူ့နှုတ်ခမ်းတွေက ခင်မင်နှစ်လိုဖွယ်အပြုံးတို့ အရိပ်ထင်သွားရင်း. . .

"ဘယ်သူနဲ့တွေ့ချင်လို့လဲ၊ ဒေါ်စိမ့်စိမ့်ခိုင်နဲ့လား"

လေပြည် မျက်မှောင်လေးတွန့်ကုပ်သွားသည်။ ကြည့်စမ်း အိမ်ရှင်ကို ဧည့်သည်က ပြန်အကြောင်းရိုက်နေသည့်အဖြစ်။ မေမေ့နာမည်ကိုပြောပြီး လေပြည်ကို ဧည့်သည်လိုဆက်ဆံနေပုံက မဟုတ်သေးပါ။

"ဘာတွေမေးနေတာလဲ ဒေါ်စိမ့်စိမ့်ခိုင်ဆိုတာ လေပြည့်မေမေပဲ"

သူ့မျက်ခုံးတွေ ပင့်တက်သွားသည်။ ပြီးမှ လွန့်ခနဲတစ်ချက်ပြုံးရင်း

"ဆောရီး. . . ကိုယ်က မင်းကို ဧည့်သည်ထင်နေတာ၊ မင်းက အန်တီစိမ့်သမီးလား၊ တစ်ခါမှမမြင်ဖူးဘူးနော်၊ နာမည်က လေပြည်တဲ့လား"

"အို. . . စပ်စုလိုက်တာ"

လေပြည် မျက်စောင်းကလေးနှင့်ပြောတော့ သူ့ရင်ထဲမှာ နွေးခနဲဖြစ်သွားသည်။ မိန်းကလေးတွေနှင့်ပတ်သက်လျှင် အတွေ့

စိုး:မိုး:ဝ၁ေပ

အကြုံအရတော့ နိုင်းနဝဒေးဆိုတဲ့ကောင် နှလုံးသားက တည်ငြိမ်သင့်ပြီ။ ဒါပေမဲ့. . .

အခုတော့ ဒီမိန်းကလေးရဲ့ မျက်စောင်းလေးက ချစ်စရာကောင်းနေသည်၊ ကြည်လဲ့သော မျက်ဝန်းတွေ၊ နှာတံစင်းစင်းလေးနှင့် နှုတ်ခမ်းလှလှလေးတွေက စွဲမက်စရာကောင်းသည်။

ဘာမှ မခြယ်သတဲ့နဲ့တောင် ဝင်းမွတ်နေအောင်လှသည့် ကောင်မလေး လေပြည်တဲ့။ သူ့ရင်ထဲကို ငြိမ့်ငြိမ့်လေး စီးမျော တိုက်ခတ်သွားသော လေပြည်နုလေးပေါ့။

"မေမေ ရေချိုးနေလို့ ခဏလေးစောင့်ပါ"

"ရတယ် လေပြည်၊ ကိုယ့်နာမည် နိုင်းနဝဒေး"

"ဟင်. . . . ဘယ်လိုနာမည်ကြီးလဲ"

"ဘယ်သူနဲ့မှမတူအောင် မာမီတို့က မှည့်ထားတာပေါ့ ခေါ်ရခက်ရင် နိုင်းလို့ပဲခေါ်"

လေပြည် နှာခေါင်းလေးရှုံ့သွားမိသည်၊ သူ့အပြုံးတွေ စကားသံတွေက ချိုသာသလို မျက်ဝန်းအကြည့်တွေကလည်း ရဲတင်းလွန်းပါသည်။ မေမေသာ အချိန်မီရောက်မလာလျှင် ဘယ်လောက်အထိတောင် အဆင့်တွေကျော်လွန်မည်မသိ။

"ဟော. . . သား၊ စောင့်နေရတာကြာပြီလား၊ အန်တီစိမ့် ရေချိုးခန်းဝင်နေလို့ကွယ်"

"ရပါတယ် အန်တီစိမ့်၊ ဒီမှာ လေပြည်နဲ့ စကားကောင်းနေလို့"





ကြည့်စမ်း၊ မေမေရှေ့မှာတောင် လေပြည်ကို သူနဲ့ အကျွမ်းဝင်နေသလို ခပ်တည်တည်ပြောနေပုံက ရဲတင်းလိုက်တာ။

"သြော် ဟုတ်လား၊ ဒါ အန်တီစိမ့် သမီးလေ၊ ပြီးခဲ့တဲ့ နှစ်ပတ်လောက်ကပဲ အဘိုးအဘွားတွေဆီက ပြန်ခေါ်လာတာ၊ သမီး လေးက ဒီနှစ် စီးပွားရေးတက္ကသိုလ်တက်မှာလေ"

"ဟုတ်လား၊ လိုတဲ့အကူအညီရှိရင်ပြောနော် လေပြည်"

မေမေ့ရှေ့မှောက်မှာပဲ လေပြည်ကို ကြည့်နေပြောနေပုံတွေက သိပ်ကိုရင်းနှီးနေသလိုမျိုးမို့ လေပြည် မကျေနပ်ချင်တော့ပါ။

"ကျေးဇူးပဲ၊ ဘာအကူအညီမှမလိုပါဘူး၊ ကဲ သမီးဘုရားန်းတွေ ခူးလိုက်ဦးမယ်မေမေ"

"သြော်. . . အေး. . . အေး သမီး"

တမင်ကိုပဲ စကားဝိုင်းထဲကခွဲထွက်ပြီး လေပြည် ခြံထဲ ဆင်းခဲ့သည်။ နားစွင့်ထားရင်း ကြားနေရသော စကားတွေအရ ိုင်းနဝဒေးဆိုသော ကိုလူချောက မေမေရဲ့ စီးပွားဖက်ပါတနာရဲ့ သားတစ်ယောက်တဲ့။

"အင်း. . . မှာစရာမရှိဘူးသား၊ လိုအပ်မှပဲ ဖုန်းဆက် တော့မယ်လို့ ဆင့်ကိုပြောလိုက်ကွယ်နော်၊ သား"

"ဟုတ်ကဲ့ အန်တီစိမ့်၊ နိုင်းကိုခွင့်ပြုဦးနော်"

"သြော်. . . အေး. . . အေး သား"

မေမေကတော့ နိုင်းနဝဒေးကို အတော်ခင်မင်ရင်းနှီးပုံရ

သည်။ တစ်သားတည်းသားနေတာကို လေပြည်ကြားနေသည်။

"လေပြည်"

အနားက ကပ်ခေါ်လိုက်သံကြောင့် လေပြည် သိတ်ခနဲ ဖြစ်သွားကာ မော့ကြည့်တော့ မြင့်မြင့်မားမား အရပ်အမောင်းကြီးနဲ့ မိုးကြည့်နေသော သူ့မျက်နှာချောချောကိုမြင်ရသည်။

"နာမည်လေးခေါ်တာနဲ့ လန့်သွားရသလား၊ ဘာလဲ ကိုယ့်ရုပ်က အဲလောက်ထိ ကြောက်စရာကောင်းနေလို့လား"

"ဟုတ်တယ် ရဲတင်းလွန်းတဲ့ ရှင့်မျက်လုံးတွေက ကြောက်စရာပဲ"

"နောက်ကျရင် ကိုယ့်မျက်လုံးတွေကို လေပြည် ကြောက်တော့မှာမဟုတ်ပါဘူး၊ မာမီခိုင်းခိုင်း မခိုင်းခိုင်း ကိုယ် မကြာခဏ ရောက်တော့မှာ"

သူ့လေသံက တိုးတိုးပေမယ့် လေပြည်ရင်ထဲကို နက်နက်ရှိုင်းရှိုင်းဝင်ရောက်သွားခဲ့သည်။

"လေပြည်"

"ဒုက္ခပါပဲ. . . ဘာလို့ ခဏ ခဏခေါ်နေတာလဲ"

"ကိုယ့်ကို တစ်ချက်လောက် မော့ကြည့်ပါဦး"

"မကြည့်ရဲပါဘူး၊ ရှင့်မျက်လုံးတွေက စွန်ရဲတစ်ကောင်လိုပဲ"

"အဟွန်း ရွှေစွန်ညိုက မထွေးကိုလိုချင်လို့ အမြဲဝဲနေတော့မှာ"





လေပြည် မျက်နှာလေးရဲသွားကာ ရင်ထဲမှာလည်း ကတုန်ကယင်ဖြစ်သွားခဲ့သည်။ သူ့မျက်နှာကို မော့မကြည့်ဘဲ စကားတစ်ခွန်းတော့ လေပြည် ပြောလိုက်မိသည်။

"မဝဲနဲ့ မထွေးမှာက နံပါတ်ရှိပြီးသားရှင့်"

လေပြည်စကားကြောင့် သူ့မျက်နှာ ကွက်ခနဲပျက်သွားမည်ဟု တွေးထားခဲ့မိပေမယ့်. . .

"မထွေးမှာ နံပါတ်ဘယ်လောက်ရှိရှိ ကိုယ်က ကျော်တက်သွားမှာ ယုံ"

လေပြည် ရင်တွေ တဒိတ်ဒိတ်ခုန်နေတုန်းမှာပဲ သူ ဆင်ဝင်အောက်ကကားကြီးပေါ်ကို လှမ်းတက်သွားခဲ့သည်။

လေပြည်လှည့်ကြည့်တော့ အပြုံးနွေးနွေးနှင့် လက်ပြနှုတ်ဆက်ပြီး ကားကို ခြံဝအထိ နောက်ပြန်ဆုတ်မောင်းသွားခဲ့သည်။

လေပြည် ကျေနပ်ကြည်နူးစွာ ပြုံးနေမိတာ ဘာကြောင့်မှန်းမသိ။ နိုင်းနဝဒေးဆိုသော သူ့အမည်နှင့် ပုံရိပ်ကတော့ ရင်ထဲမှာ ငြိတွယ်ကျန်ရစ်ခဲ့ပြီလား။

အပျိုစင် အရိုင်းမလေး နှလုံးသားကို လှုပ်ခတ်စေနိုင်အောင် ရှင် အစွမ်းထက်ပါတယ် နိုင်း။

◆ ◆ ◆

## အခန်း (၅)

"ဟာ. . . မလိုက်ချင်တော့ပါဘူး၊ ရှုပ်ရှုပ်ယှက်ယှက် ဖိုးချိုးထုပ်နဲ့ တွေ့နေဦးမယ် ဒေါ်လေးမာရာ"

ဒေါ်လေးမာ ဈေးကိုခေါ်တော့ ချစ်လေးသူ ခါးခါးသီးသီး ငြင်းသည်။ ဒေါ်လေးမာက မျက်ခုံးတွေတွန့်ကုပ်ပြီး

"ဘယ်သူ့ကိုပြောတာလဲ သူလေးရဲ့"

"ဒေါ်လေးမာက မေ့တတ်လိုက်တာ၊ ဟိုတစ်ခါ ဈေးလိုက်ရင်း ရွှံ့ဗွက်စင်ပြီး ပြဿနာဖြစ်ခဲ့တဲ့ သူကိုပြောနေတာ"

ချစ်လေးသူဆိုမှ ဒေါ်လေးမာ မှတ်မိသွားဟန်နှင့် တစ်ချက်ပြုံးသည်။ ပြီးမှ ချစ်လေးကို ဆက်ပြောပြသည်။

"အဲဒီကောင်လေးက စက်မှုဇုန်ထဲက နဝဒေး အထည်ချုပ်စက်ရုံပိုင်ရှင်တဲ့"

"ဟင်. . . ဒေါ်လေးမာက ဘယ်လိုသိသွားတာလဲ"

"ဒီလိုပဲ စုံစမ်းရတာပေါ့"

"ဟာ. . . ဘာစုံစမ်းစရာရှိလဲ၊ သူ့ဘာသာ ဘာကောင်ကြီး





ပဲဖြစ်ဖြစ် စိတ်မဝင်စားပါဘူး"

"ဒေါ်လေးမာက စုံစမ်းတာမဟုတ်ပါဘူး သူလေးရယ်၊ ဟိုတစ်ရက်က စကားစပ်ရင်း မောင်ကျော်ဆိုတဲ့ ကောင်လေးပြောပြတာ၊ အဲဒီနေ့က အဖြစ်အပျက်တွေကို မောင်ကျော်က မြင်ထားလို့မေးရင်း ပြောပြလို့သိတာ၊ အဲဒီကောင်လေးနာမည်က ခပ်ဆန်းဆန်းရယ်၊ နေပါဦး အဲ အဲ နိုင်းနဝဒေး တဲ့"

ချစ်လေးသူ မျက်နှာလေးရှုံ့မဲ့သွားသည်။

"နာမည်ကိုက ဘာမှန်းမသိတာ ဟွန်း"

"ကောင်လေးက မဆိုးပါဘူးကွယ်၊ အဲဒီနေ့ကလည်း သူလေးပဲ စိတ်တွေတို ဒေါသတွေကြီးနေတာ၊ ဟိုကလေးက တောင်းပန်နေတာကို"

"အံမယ် ဒေါ်လေးမာ မသိပါဘူး၊ သူက တောင်းပန်နေဘယ်ထင်လို့လား၊ အလကား မျက်လုံးတွေက ရိတိပတိနဲ့"

"ကဲပါ သူလေးရယ်၊ သင်းလေး ရိသဲ့သဲ့လုပ်တိုင်းရမလား၊ ဒီတစ်ခါဆို ဒေါ်လေးမာနဲ့ တွေ့သွားမှာပေါ့၊ လာနော် လိုက်ခဲ့ပါ၊ ဘယ်ရမှာကမျှားတော့ သူလေးလိုက်ခဲ့ပါ၊ ဒီကလေးလည်း ဈေးဘက်အမြဲလာတာမှမဟုတ်တာ၊ အဲဒီနေ့က လမ်းကြုံလို့ပါကွယ်"

ဒေါ်လေးမာက ချော့ချော့မော့မော့လေး ခေါ်နေတာမို့ ချစ်လေး မငြင်းတော့ပါ။ သုံးရက်တစ်ခါလောက်မှ ဈေးဝယ်သွားတတ်တာမို့ ဒေါ်လေးမာတစ်ယောက်တည်း သယ်ရပိုးရမှာ ချစ်လေး သနားသည်။

ဒေါ်လေးမာပြောသလိုပါပဲ။ ဈေးလမ်းတစ်လျှောက်လုံး

နိုင်းနဝဒေဆိုသော သူရဲ့ကားမျိုးမတွေ့ပါ။ သိန်းထောင်ကျော်တန် ကားကြီးဆိုတော့ ချစ်လေးတို့သွားသော မြို့လေးရဲ့ ပျံကျဈေး ကလေးမှာ တွေ့ရဖို့က ခပ်ရှားရှားပါပဲ။

တစ်ဈေးလုံး ဒေါ်လေးမာဝယ်သမျှ နံဘေးက ချစ်လေး အဖော်လိုက်ရင်း ဟိုငေးသည်ငေးပါ။

ဒေါ်လေးမာဝယ်တာ ဆစ်တာကြည့်ရင်း ချစ်လေး ပညာ တော့ရပါသည်။ အပျိုကြီး ဒေါ်လေးမာကတော့ တကယ့်ကို ဈေး ဝယ်တော်သည်။ တစ်ကျပ်တစ်ပြား ရအောင်ဆစ်တတ်သလို အလေးပြည့် အချိန်ပြည့်ရအောင်လည်း ပြောတတ်ဆိုတတ်သည်။

"ဒေါ်လေးမာကတော့ တကယ်ပဲ၊ ဟိုက ချိန်ခွင်အသာ ကြီးပေးတာတောင် အစစ်ကိုရအောင်တောင်းသေးတယ်"

"သူလေး ဘာသိလို့လဲ၊ အသာကြီးချိန်ခိုင်းပြီး အဆစ်ပါ တောင်းနိုင်မှ အလေးပြည့်လောက်ရတာလေ၊ ဈေးဆိုတာ ဝယ်တတ်ဖို့လိုတယ်၊ သူလေးလည်း လေ့လာထားနော်၊ အိမ်ထောင် ကျရင် ကိုယ့်ယောကျ်ားကို ကိုယ်တိုင်ဝယ်ချက်ပြုတ်ကျွေးမွေးရမှာ"

"ဆောရီးပဲ ဝါသနာမပါဘူး၊ ချစ်လေးက အပျိုကြီးလုပ် မှာ"

"တကယ်လား ဒါဆိုကောင်းတာပေါ့၊ ကဲ ဒေါ်လေးမာ လက်ဖက်ရည်တစ်ခွက်လောက်သောက်ချင်တယ်"

ဈေးထိပ်ကဆိုင်လေးမှာ ဒေါ်လေးမာ လက်ဖက်ရည် သောက်ချင်သည်ဆိုတာကြောင့် ဝင်ထိုင်ဖြစ်သည်။

"ဒေါ်လေးမာကလည်း ကျောက်ပန်းတောင်းကြီးတို့





ပြင်စမ်းပါ၊ လက်ဖက်ရည်သောက်တာ ချိုချိုကြီးဘာလုပ်မှာလဲ"

"ဒေါ်လေးက အချိုကြိုက်တာကိုး၊ သူလေးလို ကျစိမ့်တော့ မသောက်နိုင်ပါဘူး"

"အချိုသောက်ချင်မှတော့ ထန်းလျက်ခဲ အရည်ဖျော် သောက်ပေါ့၊ လက်ဖက်ရည်ပါဆိုမှ လက်ဖက်ခြောက်အရသာခံ ပြီးသောက်တာမှ အရသာ"

"တော်လေးဘာသာ အရသာခံသောက်၊ ကျုပ်ကတော့ အချိုပြင်းပြင်းပဲကြိုက်တာ၊ အဲ. . . အဲ ဟင်"

"ဘာလဲ ဒေါ်လေးမာ၊ ဘယ်သူလဲ"

စကားပြောနေရင်း ဒေါ်လေးမာ မျက်ဝန်းတွေ ဦးတည် သွားရာ စားပွဲဆီကို ချစ်လေးလှမ်းကြည့်တော့

"ဟင်"

"ဟိုကလေးနဲ့ထိုင်နေတာ မောင်ကျော်လေ၊ ဟိုတစ်ရက် သုပဲ အဲဒီကလေးအကြောင်း ပြောပြသွားတာ"

ချစ်လေး မျက်မှောင်ကုပ်သွားသည်။ ဘာသဘောလဲ။ ဘာအဓိပ္ပါယ်လဲ။ ဒေါ်လေးမာကို ဒီလူအကြောင်းတွေ ပြောပြ သွားသည့်သူက အခုတော့ အဲဒီလူနဲ့ တစ်ဝိုင်းတည်းထိုင်နေကြ သည်။

ချစ်လေးနှင့် မျက်ဝန်းချင်းဆုံတော့ နိုင်းနဝဒေးဆိုသော သူက ပြုံးပြနှုတ်ဆက်သည်။ ချစ်လေး ချက်ချင်းနှုတ်ခမ်းတွေ့မဲ့ ‌စ်ကာ မျက်နှာလွှဲပစ်လိုက်မိသည်။

"ဒေါ်လေးမာ အဲဒီမောင်ကျော်ဆိုတဲ့လူ ဒေါ်လေးမာကို

ဘာတွေမေးသွားသေးသလဲ"

"သူလေးကို ဒေါ်လေးမာ ပြောပြတယ်လေ၊ အဲဒီကလေး က နဝဒေးအထည်ချုပ်စက်ရုံပိုင်ရှင် နိုင်းနဝဒေးတဲ့"

"အာ အဲဒါသိတယ်၊ သူက ဒေါ်လေးမာကို ဘာမေးသွား သလဲမေးနေတာ၊ ချစ်လေးအကြောင်းတွေဘာတွေ ပြောလိုက်သေး လား"

"အင်း. . . အင်း သူမေးလို့ ဒေါ်လေးတူမအကြောင်း ပြောပြလိုက်တာလောက်ပါပဲ"

သွားပြီ။ မောင်ကျော်ဆိုတဲ့သူက ဒေါ်လေးမာကို အစ်အောက်မေးသွားခဲ့တာပဲဖြစ်မည်။ ရိုးရိုးအအ ဒေါ်လေးမာက တော့ ဘာဆိုဘာမှ မသိတာသေချာသည်။ အခုလောက်ဆို ချစ်လေးအကြောင်းတွေ မောင်ကျော်ဆိုသည့်လူက ဖောက်သည် ချနေမှာ သေချာသည်။

"တော်တော် အမြင်ကပ်ဖို့ကောင်းတဲ့လူ"

"ဟင်. . . သူလေး ဘယ်သူ့ကိုပြောတာလဲ"

"ဟို. . . မျက်မှန်နဲ့လူ နိုင်းနဝဒေးဆိုတဲ့ လူကိုပြောတာ"

"သူလေး ဘာမှပြဿနာမရှာပါနဲ့နော်၊ မသိချင်ယောင် ဆောင်နေကွယ်၊ သောက် သောက် အီကြာကွေးစား"

ချစ်လေး ပြဿနာရှာမှာကို ကြောက်နေသည့် ဒေါ်လေး မာကတော့ ဇွတ်အတင်းသောက်ခိုင်း စားခိုင်းနေသည်။ ချစ်လေး လည်း တစ်ချက်ပြန်မကြည့်မိအောင်ထိန်းရင်း လက်ဖက်ရည်ကို မော့သောက်နေလိုက်သည်။





ဆိုင်အပြင်ကို အကြည့်ပို့ထားကာမှ ချစ်လေးမြင်ကွင်းထဲ ်လာတာ မောင်ကျော်ဆိုသူနှင့် ထိုလူ နိုင်းနဝဒေး။

ဆိုင်ရှေ့မှာရပ်ထားသော ဆလွန်းကားအနီလေးနား ောက်တော့ မောင်ကျော်က နိုင်းနဝဒေးကိုနှုတ်ဆက်ပြီး ဈေးထဲ ်း၀င်သွားသည်။ နိုင်းနဝဒေးကတော့ ကားတံခါးဖွင့်ဝင်ထိုင် ည်။

သင်းက ကားအသစ်တစ်စီး စီးလာတာကိုး။ တော်တော် ်းသာတဲ့အကြောင်း ကြွားဝါချင်တာလား။ ဝေးသေးတယ်၊ ်လေးတို့က အထင်မကြီးပါဘူး။

အလိုလို မကျေနပ်စိတ်တွေနဲ့ ချစ်လေးမျက်နှာက ်ာင်းနေတာသေချာ၏။ နိုင်းနဝဒေးက ကားပြတင်းတံခါးက ြ်ရင်း လက်ပြနှုတ်ဆက်လေသည်။

"တောက်"

"ဟဲ့. . . ဟဲ့ အို၊ ဘာဖြစ်နေတာလဲ သူလေးရယ်"

"ဟိုလူက ကားပေါ်က လက်ပြနှုတ်ဆက်သွားတယ်၊ ်ဲ့ဘဲမှာမို့ပေါ့ အပြင်မှာဆိုမလွယ်ဘူး"

"ဟယ် သူလေးနဲ့တော့ခက်ပါတယ်၊ ကဲ စိတ်လျှော့ပါ ကွယ်၊ ်ာ ခင်မင်လို့နှုတ်ဆက်တာ စိတ်ဆိုးစရာလား"

ချစ်လေးဒေါသတွေ မျိုသိပ်ရင်း သို့ဝှက်ထားမိပေမယ့် ်ှင်းတော့ ဒေါသဖြစ်ရပြန်ပါသည်။

"ရှင်းပြီးပြီ အန်တီ"

"ဟေ. . . ဘယ်သူရှင်းသွားလို့လဲကွဲ့"

"ကိုမောင်ကျော်နဲ့ထိုင်သွားတဲ့ အစ်ကိုလေးက အန်တီ
ဝိုင်းအတွက်ပါ ရှင်းသွားတာ"

"အမိပ္ပါယ်မရှိတာ လူကို လက်ဖက်ရည်ဘိုး မရှင်းနိုင်
ဘူးထင်နေသလား"

တစ်လမ်းလုံး ချစ်လေးသူ ပွစိပွစိပြောမဆုံး။ ဒေါ်လေး
က ချော့မော့နှစ်သိမ့်မဆုံးဖြစ်နေသည်။

ချစ်လေးစိတ်ထဲမှာ ဒေါသဖြစ်နေတာ သူ့လုပ်ရပ်
ကြောင့်ပဲဖြစ်သည်။ တစ်ခါက ရွှံ့ဗွက်စင်အောင်လုပ်သည်။
တစ်ခါ လက်ဖက်ရည်ဖိုး တိတ်တိတ်လေးရှင်းသွားခဲ့သည်။

ဒါ ဘာသဘောလဲ။ ခင်မင်တာထက် ပိုက်ဆံရှိတယ်
ပြီး အကြောကြီးနှင့် လုပ်သွားတာဟုပဲခံယူသည်။

ဒေါ်လေးမာကတော့ တကယ့်ဖျန်ဖြေရေးသမား လုပ်
သည်။ မာနကြီးသည်ဟုပဲဆိုချင်ဆို။ ချစ်လေးတို့ကတော့ ခံရ
သည်။

ရှင် ချမ်းသာတယ်။ ငွေရှိတယ်ဆိုပြီး ဒီလိုမျိုးလာမ
နဲ့ နိုင်းနဝဒေး။ ချစ်လေးတို့က ငွေကြေးမပြည့်စုံပေမယ့်
ကတော့ ရင်ထဲမှာပြည့်ပြီးသားပဲ။

ဒါကို ရှင်သိဖို့လိုနေပြီ နိုင်းနဝဒေး။

◆ ◆ ◆



## အခန်း (၆)

"လေးလေးစိုး"

"ဟာ. . . လန့်လိုက်တာ နိုင်းရာ၊ ဒီမှာ တွေးနေတဲ့
တွေးတွေ ပျက်ကုန်ပြီကွာ"

"လေးစိုးက ဘာတွေတွေးနေလို့လဲဗျာ"

ဆိုဖာထိုင်ခုံမှာ ခြေပစ်လက်ပစ်ဝင်ထိုင်ရင်း နိုင်းမေးတော့
င်းတင့် ပေါင်ပေါ်တင်ထားသော မဂ္ဂဇင်းစာအုပ်ကို လက်ဖြင့်
ယ်ထားရင်း

"ဘုရားစာ ဟို မေတ္တာသုတ်ရွတ်နေတာကွ"

"မဟုတ်တာတွေမပြောနဲ့၊ ကောင်မလေးတွေအကြောင်း
း‌နေတာမဟုတ်လား"

နိုင်းက ပြောရင်း ခန္ဓာကိုယ်ကိုကိုင်းပြီး ဦးလေးဖြစ်သူ
င်ပေါ်က မဂ္ဂဇင်းစာအုပ်ကို ဆတ်ခနဲလုယူသွား၏။

"ဟာ. . . နိုင်း၊ ငါဖတ်နေတာကွ"

"ကြည့်စမ်း မော်ဒယ်လေးတွေကြည့်ပြီး မေတ္တာသုတ်

ရွှတ်နေတယ်၊ ညာတယ်၊ ဟား ဟား"

"ရှူး. . . တိုးတိုးပြောပါကွ၊ မမကြားသွားဦးမယ်၊ ရှိုးတဲ့

ပဲ"

ဦးစိုးတင့် သူ့လက်ထဲက မဂ္ဂဇင်းကို ပြန်ဆွဲယူရင်းမြော

တော့ နိုင်း အရယ်ကို ဘရိတ်အုပ်ပြီး ဦးလေးဖြစ်သူ နှာခေါင်းချွန်

ချွန်ကြီးကို မနာအောင်ဆွဲလိမ်ပစ်လိုက်သည်။

"ဟာ. . . နာတယ်ကွ"

"ချစ်လို့ပါလေးစိုးရာ၊ ဒီမှာ ကျွန်တော်ပြောတာ

ခေါင်းထဲ နည်းနည်းထည့်စမ်းပါ၊ ဒီမှာ လေပြည် ကျောင်းပိတ်ရ

မှာတက်နေတဲ့ ကွန်ပျူတာသင်တန်းကို ကျွန်တော်သိပြီဗျ"

"အဲဒါဘာဖြစ်လဲကွာ"

"ဘာဖြစ်ရမှာလဲ၊ အဲဒီရက်တွေကျရင် သူ့သင်တန်းခန်

ရှေ့က သွားစောင့်မယ်ဗျာ၊ စောင့်ကြည့်လိုက် တစ်လအတွ

သူ့အချစ်ကို ကျွန်တော်ရပြီပေါ့ အဟား"

ဆိုဖာမှာ ဝုန်းခနဲ ကျောမှီချပစ်ရင်းဆိုသည့် နိုင်းကိုကြ

ကာ ဦးစိုးတင့် မျက်မှောင်ကြီးကုပ်သွားခဲ့သည်။

"နေပါဦးနိုင်း မင်းကို လေးလေးမေးပါရစေဦး၊ မင်း အ

ကြိုးစားနေတာ ပန်းလေပြည်လား၊ ဟိုတစ်ယောက် ချစ်သူ

လား"

"ချစ်လေးသူပါဗျာ"

"အေး. . . အေး ရွှေပြည်သာဘက်မှာနေတဲ့ ကော

စိုးမိုး၀၁၉ပ



လေးက မင်းခေါင်းထဲက ထွက်သွားပြီလား"

"နိုး. . . လုံးဝရှိနေတယ်၊ အဟွန်း ဂျစ်ကန်ကန်ပုံလေးနဲ့ ချစ်စရာကောင်းတဲ့ ကောင်မလေးကို အလွယ်မေ့နိုင်မလားဗျာ'

"ဘာရယ် ဒါဆို မင်းက ငါးရံ့နှစ်ကောင်ဖမ်းမလို့ပေါ့"

"ဟုတ်တယ် ပန်းလေပြည်က ချစ်စရာကောင်းတဲ့မိန်းကလေး၊ ချစ်လေးက ဂျစ်ပေပေနဲ့ ရင်ခုန်စရာကောင်းတဲ့ မိန်းကလေး နှစ်ယောက်စလုံးကို ကျွန်တော်ချစ်တာဗျ"

"ဟာ မဖြစ်နိုင်တာနိုင်းရာ"

"ဘာလို့ မဖြစ်ရမှာလဲ၊ ကျွန်တော့်ဘဝမှာ မဖြစ်ဘူးဆိုဘာမရှိဘူး၊ ငယ်ငယ်ကတည်းက ဘယ်အရာမဆို နှစ်ခုရမှဆိုတာ လေးစိုးသိရက်နဲ့၊ ဘယ်ပစ္စည်းမဆို ကျွန်တော့်မှာ နှစ်ခုရှိတယ်လေ၊ ကားက နှစ်စီး၊ ဆိုင်ကယ်လည်းနှစ်စီး၊ ဖုန်းဆိုလည်း နှစ်လုံး၊ လေးလေးသိပါတယ်"

"ဟ. . . အဲဒါတွေက အဲဒါတွေက၊ သက်မဲ့ပစ္စည်းတွေကွ၊ ဒါက နှလုံးသားကိစ္စ"

"နိုင်းနဝဒေး ရင်ထဲမှာလည်း နှလုံးသားနှစ်စုံပါတယ်"

"မနောက်နဲ့နိုင်းရာ၊ မဖြစ်နိုင်တာတွေမပြောနဲ့၊ ဒီမှာ တစ်စုံတည်းရှိတဲ့ နှလုံးသားတောင် ပိုင်ရှင်မဲ့နေလို့ စိတ်ညစ်နေရတဲ့အထဲ"

"အဲဒါ လေးစိုးညံ့လို့၊ မပူနဲ့ လေးစိုးနှလုံးသားလေး လန်းဆန်းသွားအောင် ကျွန်တော်ကူညီမယ်"

စိုးမိုး၀၁၉ပ

"ဟော့ကောင် မလုပ်နဲ့၊ မင်းရည်းစားတွေများတာ ငါသိတယ်၊ မင်းရဲ့စွန့်ပစ်နှလုံးသားတွေနဲ့ ငါနဲ့ အရွယ်ကတခြားစီ၊ မလုပ်ပါနဲ့ တောင်းပန်ပါတယ်"

ဦးစိုးတင့် လက်တကာကာနှင့် ငြင်းဆိုနေသည်။ ဟိုးငယ်ငယ်ကတည်းက ထိန်းကျောင်းလာသည့်တူမို့ အကြောင်းသိ၊ အတွင်းသိပါပဲ။

ရုပ်ရည်ကော ဥစ္စာနေမှာပါ ပြီးပြည့်စုံသလို အထက်တန်းကျောင်းသားဘဝမှာကတည်းက ရည်းစားထားတတ်နေသည့်ကောင်။ တက္ကသိုလ်မှာတုန်းကတော့ ကျောင်းပိတ်ရက်တွေမှာ အိမ်ကိုပါလာသော ကောင်မလေးတွေ လက်ချိုးမလောက်အောင်ရှိခဲ့သည်။

ဘယ်လောက်လှသည့် ကောင်မလေးပဲဖြစ်ပါစေ။ သုံးလလောက်ထက်ပိုပြီး မတွဲတတ်သော နိုင်း။ ကျောင်းပြီးဘွဲ့ရတော့ ရည်းစားတွေလည်း ယတိပြတ်သွားကာ မိခင်ဖြစ်သူစက်ရုံမှာ ကူလိုက်၊ ဗိုလ်ချုပ်ဈေးက ရွှေဆိုင်ပြေးလိုက်နှင့် သားလိမ္မာလုပ်ပြနေတာမကြာသေး။

အခုတော့ အမြီးကောက် ကျည်တောက်ပြန်ဖြုတ်လိုက်ပြီးလားမသိ။ ကြံမယ့်ကြံတော့ နှစ်ယောက်တစ်ပြိုင်နက်တဲ့။

"နာမည်က ဒေါ်မာမာဝေ တဲ့၊ အသက်က သုံးဆယ်ပြည့်ဖို့ တစ်နှစ်လို၊ တကယ့် ရိုးရိုးယဉ်ယဉ် အဖျိုကြီး"

"နိုင်း မင်းပြောတော ဘယ်သူလဲ၊ ဘယ်က မိန်းကလေး





...ဲ"

"အာ. . . လေးစိုးအတွေးတွေ ဘယ်လွင့်နေတာလဲ၊ အခု...န်တော်ပြောနေတာ လေးစိုးအတွက်ဗျ၊ တကယ့် ရိုးရိုးယဉ်ယဉ်...န်းဒိတ်ပေါ့ဗျာ"

"ဟော့ကောင် ရိုးရိုးယဉ်ယဉ် မိန်းကလေးတွေကို ရွေး...န်တယ်ဆိုပြီး မင်း မစော်ကားပါနဲ့ကွ၊ ဘယ်လောက်ပဲ ခေတ်မီ...ဘက်နေပါစေ၊ မိန်းမတစ်ယောက်ရဲ့ အလှဆိုတာ သူ့တန်ဖိုးနဲ့...ပါကွ၊ မိန်းမတို့ဣန္ဒြေ ရွှေပေးလို့မရတဲ့"

"ဟာ. . လေးစိုးကကွိုင်ပဲ၊ အဲဒီလို တရားရှည်ကြီးတွေ...ာနေလို့ ကောင်မလေးတွေက ကွင်းဘွဲ့ပေးထားတာ"

"ဘာလဲကွင်း. . . ကင်း(King) လုပ်စမ်းပါ၊ ငါက...ယာကျ်ားစစ်စစ်ကြီးပါကွ"

"မိန်းမတွေ ကွင်းပြီး ရှောင်သွားတတ်လို့ ကွင်းဘွဲ့လို့...ပြောနေတာဗျ၊ ဟား ဟား"

နိုင်းလှောင်ပြောင်တော့ လေးလေးမျက်နှာကြီး နီရဲမဲ့ကျ...သွားရင်း

"အေး စကဒ်တိုကလေးတွေက ကွင်းတာများ ဂရုမစိုက်...ဘူး၊ မင်းသာ မကွင်းအောင်နေ၊ ငါကတော့ အန်းဒိတ်ဆိုချင်ဆို...န်းမဆိုရင် ယဉ်ယဉ်လေးချောတာပဲ သဘောကျတယ်"

"အလကားနေရင်း ဒေါသကြီးနေတယ်ဗျာ၊ ကျွန်တော်က...ချစ်လေးရဲ့အဒေါ်နဲ့ ချိတ်ပေးမလို့ နေပေါ့ဗျာ၊ စိတ်မဝင်စားရင်"

"အ. . . အဲ . . . အဲဒီလိုတော့ မလုပ်ပါနဲ့ကွာ၊ ဟို ဟို မင်းပြောတဲ့ ချစ်လေးအဲ သူ သူ့အဒေါ်ဆိုတာဘယ်မှာလဲ ငါလေ့သာကြည့်ချင်သေးလို့"

ချက်ချင်း လေသံပြောင်းသွားကာ သူ့အနားကို မျက်နှာကြီးကိုင်းကျလာသော လေးစိုးနှာခေါင်းချွန်ချွန်ကြီးကို နိုင်း မချင့်မရဲညစ်လိုက်သည်။

"မလုပ်နဲ့ကွာ ဒီနှာခေါင်းကို မင်းဆွဲတာနဲ့ ချွန်သထက်ချွန်လာပြီ"

"ဆောရီး ချစ်လို့ပါဗျ၊ လေးစိုးအကဲခတ်လို့ရအောင် တစ်ရက်ဆုံပေးပါ့မယ်၊ နိုင်း သိတယ်၊ လေးလေးမြင်တာနဲ့ သဘောကျသွားမှာပါ၊ ဒေါ်လေးမာက အပျိုဟိုင်းကြီးမဟုတ်ဘူးနော်၊ အသက်ကနှစ်ဆယ့်ကိုးပဲရှိသေးတယ်၊ အသားကဖြူဖြူ ဆံပင်ထအရှည်ကြီး၊ မျက်နှာက နုနုလေးနဲ့ ချစ်စရာကောင်းတယ်၊ ပါးချိုင့်လေးတွေနဲ့ဗျ"

"ဟာ မင်းပြောတာနဲ့ ခုချက်ချင်းတွေ့ချင်လာပြီ၊ ထော့မလုပ်နဲ့ကွာ"

လေးလေးစိုး နှာခေါင်းကို သူလှမ်းဆွဲဖို့ လက်ပြင်ရုံခဲရှိသေး၏။ နောက်ဆုတ်ရှောင်တိမ်းကာ လက်ဝါးနှင့်အုပ်ထားသည်။

"လေးလေးတွေ့ချင်ရင် နောက်တစ်ခါ မာမီ စက်ရုံနိုင်းလို့ လမ်းကြုံမှသွားမယ်"



"ဟာကွာ စောင့်ရမှာစိတ်မရှည်ဘူး"

"မတတ်နိုင်ဘူးလေ၊ လက်ဖက်ကောင်းစားချင်ရင် ပလောင်တောင်တက်နေရတယ်တဲ့"

"အေး မင်းကတော့ ပြောအားရှိမှာပေါ့၊ ဟိုတစ်ယောက်ဆီသွားရရင် ဒီတစ်ယောက်ကအသင့်ကိုး"

"နိုင်းလိုဖြစ်ချင်ရင် လေးလေးအတွက် နောက်တစ်ယောက် ထပ်ရှာပေးမယ်လေ"

"တော်. . . တော်ပါနိုင်းရာ၊ မင်းအကြောင်းတွေးရုံနဲ့ ငါမျက်ခုံးလှုပ်နေပြီ"

နိုင်းအဖြစ်ကိုတွေးကာ လေးစိုး ပခုံးတွန့်ပြသည်၊ နိုင်းကတော့ သဘောကျစွာပြုံးနေမိဆဲ။

အချစ်ကိုခံစားတတ်တာ အပြစ်တဲ့လား။ နိုင်းရင်ထဲကိုလှုပ်ခတ်စေတာ ပန်းလေးပြည်ကော ချစ်လေးသူဆိုတဲ့ မိန်းကလေးပါ ပါနေခဲ့တာလေ။ နှစ်ယောက်စလုံးကို တစ်ပြိုင်နက်ထဲ ဆုံတွေ့ခဲ့တာမဟုတ်ပေမယ့် ကံကြမ္မာက နှစ်ယောက်စလုံးနဲ့ နိုင်းကို ဆုံစေခဲ့တာလေ။

လေးစိုးမေးခဲ့သလို အချစ်ကို ခံစားတတ်ဖို့အတွက် နှလုံးသားက နှစ်စုံလိုအပ်သည်လား။

နိုင်းနဝဒေးရဲ့ဘဝမှာ အမြဲတမ်း ဘယ်အရာမဆို နှစ်ခုတစ်စုံမှကျေနပ်တတ်ခဲ့တာပဲလေ၊ အချစ်ကိုလည်း. . .

◆ ◆ ◆

## အခန်း (၇)

"လိုက်ခဲ့ပါ နိုင်းရာ၊ ငါတစ်ယောက်တည်းသွားမှာ ပျင်းလို့ ကွာ"

"မဖြစ်ဘူးလေးစိုး ဒီနေ့ကျောင်းပိတ်ရက်ဗျ"

"ဘာဆိုင်လို့လဲ မင်းက ကျောင်းသားမှမဟုတ်ဘဲ"

"မေ့တတ်လိုက်တာဗျာ၊ ကျောင်းပိတ်ရက်မှာ လေပြည် ကွန်ပျူတာသင်တန်းတက်နေတယ်လေ၊ ညနေကျရင် ကျွန်တော် သွားကြိုမလို့"

"မင်းကလည်း အရေးမကြီးတာကွာ၊ သူ့အိမ်ကကြို မှာပေါ့"

"လေပြည်မေမေ့ဆီ ကျွန်တော်ဖုန်းဆက်ပြီးပြီ၊ ညနေ ကျွန်တော်ဝင်ကြိုပေးမယ်ပြောထားတယ်၊ လေပြည်မာမီက ငြိမ်းတယ်၊ အေးဆေးပဲလေ"

"မင်းက ခြေလှမ်းတွေသွက်နေလိုက်တာ"





လေးလေးက သူ့ကို အားကျသလိုကြည့်ကာပြောနေ တော့ နိုင်း ဒူးကလေးတန့်န့်နှင့် ပြုံးနေလိုက်သည်။

"ဒါနဲ့ ဟိုကောင်မလေးရဲ့အဒေါ် အမာဆိုတာ ဘယ်လို လဲ နိုင်း"

လေးလေးအမေးကြောင့် နိုင်း ပြုံးချင်ချင်ဖြစ်သွားမိ သည်။ မနေ့ကမှ နာမည်ပြော အသိပေးရုံပဲရှိသေး၏။ လေးလေး က အမာတွေဘာတွေနှင့် အာရုံဝင်စားနေတာ သေချာနေပြီ။

"စက်ရုံဘက်သွားရင် လေးစိုးကိုခေါ်မယ်လို့ ပြောထား ပြီးပြီပဲဗျာ"

"အင်း မင်းကွာ၊ အဲဒီတစ်ယောက်ပဲ အာရုံကျရင် ကောင်းမယ်၊ အခုတော့ နှစ်ယောက်နှစ်စိတ်ဖြစ်နေတော့ ခက်တယ်၊ နေပါဦး နိုင်း၊ မင်းရည်းစားတွေ မှိုလိုပေါက်အောင် ထားခဲ့တာပါ၊ အခုဟာက ဘာအမိပ္ပာယ်ပဲကွ"

"ကျောင်းမှာ ရည်းစားထားတယ်ဆိုတာ ရင်ခုန်ကြည့် တာလောက်ပါ၊ အခုဟာက ဒီထက်လေးနက်တယ်၊ လေးစိုး စဉ်းစားကြည့်လေ၊ အချိန်တွေပေးပြီးတော့ ကြိုးစားနေရတာပဲဗျာ၊ ရင်ထဲမှာ အချစ်ပန်းတွေပွင့်နေလို့ပေါ့ဗျ"

"မင်းဟာကလည်းကွာ ပွင့်မယ့်ပွင့်တော့ နှစ်ပွင့်တောင် လား"

လေးလေးက ငေါ့တော့တော့နှင့် မဲ့ကာပြောသည်။ နိုင်း နှစ်ယောက်လုံးမှာ အာရုံရှိနေတာကို လေးလေးကျေနပ်ပုံမရပါ။

"အဲဒါ ဘဝအကျိုးပေးပေါ့ လေလေးရဲ့ တချို့ဆို ရင်ထဲမှာ အချစ်ပွင့်တစ်ပွင့်ပွင့်ဖို့တောင် မလွယ်ကြဘူးဗျ"

သူ့စကားကြောင့် လေးစိုး မျက်နှာကြီးရဲသွားသည်။ နိုင်းစကားက အနာပေါ်ကို ဆူးနဲ့ ဆတ်ခနဲထိုးသလို ဖြစ်သွားပုံရ၏။

"မင်းက ငါ့ကို စောင်းပြောတာလားနိုင်း"

"အာ. . . မဟုတ်တာလေးလေးရာ၊ လေးလေးအသက် ကအခုမှ လေးဆယ်ကျော်လေးရှိသေးတာ၊ ပြီးတော့ မကြာခင် အချစ်ပွင့်လှလှယဉ်ယဉ်လေး ပွင့်တော့မှာပဲဉစ္စာ"

လေးစိုး နှုတ်ဆိတ်သွားသည်။ နိုင်းကို အစာမကြေပေမယ့် သူ့အရေးကိစ္စမှာ နိုင်း အကူအညီတွေ လိုအပ်နေတာမို့ ထိန်းထားပုံမျိုး။

"စိတ်မဆိုးနဲ့ လေးစိုးရာ၊ ကျွန်တော်မလိုက်နိုင်တာလေပြည့်ကိစ္စကြောင့်ပါ၊ လေးစိုးနားလည်ပေး၊ ဒါမျိုးကဖြန်အကျိုးပေးတယ်နော်၊ လေးလေးဘယ်တော့မှ ဝဋ်လည်မှာမဟုတ်ဘူး"

လေးလေးမျက်နှာကြီးမဲ့သွားကာ မှန်ကုပ်နေတုန်းမှာပဲမာမိရဲ့ကားပြာကြီးက ဆင်ဝင်အောက်မှာထိုးရပ်သည်။

"ဟော့ကောင် မမရှေ့မှာ ဒါတွေမပြောနဲ့နော်"

ချက်ချင်း ဂျာနယ်ကိုကောက်ဖတ်ဟန်ဆောင်လိုက်သောလေးလေးကိုကြည့်ပြီး နိုင်း ရယ်ချင်သွား၏။ မာမီ့ကိုတော့ လေးလေးကြောက်သည်။

ဝိုးမိုးစာပေ



"လေးစိုး ဂျာနယ်က ပြောင်းပြန်ကြီး"

"ဟော. . . အဲ. . . ဟာကွာ"

သူနောက်လိုက်တာကို အဟုတ်ထင်ပြီး လေးစိုး ပြာပြာပြာပြာဖြစ်သွားလေ၏။ ပြီးမှ ဟန်မပျက် ဆိုဖာမှာ ကျောမှီထိုင်တော်နေ၏။

မာမီက အခန်းထဲလှမ်းဝင်ရင်း သူတို့တူဝရီးကို အကဲခတ်ကြည့်သည်။

"မာမီပြန်လာတာ စောလှချည်လား"

"အရေးပေါ်ကိစ္စပေါ်လာလို့သား၊ မင်း ဒီနေ့ မာမီကို ရွှေပြည်သာဘက် သွားပေးစမ်းပါ"

မာမီ့စကားကြောင့် ဆတ်ခနဲ ခေါင်းထောင်လာသူက လေးစိုးဖြစ်၏။

"မာမီလိပ်စာပေးလိုက်မယ်၊ သားသွားရမယ့် အိမ်ကိုရောက်ရင် မညိုခင်ဆိုတာရှိတယ်၊ အရင်က မာမီစက်ရုံမှာလုပ်ဖူးတယ်၊ သူ့ကို မာမီ အရေးကြီးတွေ့ချင်နေတယ်ပြောလိုက်"

သူ့ကိုပြောရင်း မာမီက လိပ်စာကို ကမ်းပေးသည်။ တစ်ဆက်တည်းထပ်မှာသေး၏။

"သူ့အိမ်မှာ သူညီမပဲတွေ့ရင်လည်း အသေအချာမှာခဲ့၊ သူ့ညီမနာမည်က မာမာဝေတဲ့"

"ဗျာ"

နိုင်းနှုတ်ကထွက်လာသော အသံမဟုတ်ပါ။ ဂျာနယ်ကြီး

ဝိုးမိုးစာပေ

ပြုတ်ကျကာ လေးလေးနှုတ်က ရေရွတ်လိုက်တာဖြစ်၏။ မာမိ
လေးလေးကို မျက်မှောင်ကျုံ့ကြည့်ရင်း

"မင်းက ဘာဖြစ်နေတာလဲ၊ မင်းကို ငါညနေ
သွားခိုင်းထားတဲ့ကိစ္စ"

"ဟို. . . ဟုတ်ကဲ့မမ"

"ငါ့စကားဆုံးအောင်နားထောင်ဦး၊ အဲဒီကိစ္စ ငါကို
တိုင်ပဲသွားတော့မယ် မင်းက သားနဲ့အဖော်လိုက်သွားလိုက်"

လေးလေးမျက်နှာကြီး ဝင်းပသွားသလို ပုတ်သင်ညို
တစ်ကောင်လို ခေါင်းကို တဆတ်ဆတ်ညိတ်နေသည်။ နိုင်းက
ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားတာအမှန်။

ဒီညနေ ပန်းလေပြည်ကိုကြိုမည်ဟု အန်တီစိမ့်ကို
ဆက် အာမခံထားသည်။

"ဟို မာမီ သားက ဘယ်အချိန်သွားရမှာလဲ"

"ဒီနေ့သွားလေ၊ ဖြစ်နိုင်ရင် အခုသွားလိုက်စေချင်
မာမီမှာ မညိုနဲ့ အရေးကြီးတွေ့မှုဖြစ်မှာ"

နိုင်းရင်ထဲက အလုံးကြီး အခုမှပဲကျသွားခဲ့ရသည်။
ရင်တော့ ကိစ္စနှစ်ရပ်စလုံး အဆင်ပြေသည်။

ချစ်လေးသူတို့အိမ်ကို အရင်သွားပြီး ညနေပိုင်း
လေပြည်ကိုကြိုရမည်။ ပြဿနာမရှိ။ ကွက်တိပါပဲ။

"ကဲ. . . လေးစိုး၊ လိုက်မှာဆိုလုပ်လေ၊ မအားရင်လည်း

"ဟာ. . . ငါအားပါတယ် လိုက်မှာပေါ့၊ ခဏလေး

စိုးမိုးစာပေ



အဝတ်အစားလေး လဲပါရစေဦး"

လေးစိုးတစ်ယောက် မြူးကြွနေတာကို မာမီကတော့ ဘာမှမသိရှာပါ။ နိုင်းကတော့ ကြိတ်ရယ်ချင်နေမိသည်။

လူပျိုသိုးကြီး လေးလေးခမျာ လူငယ်လေးတစ်ယောက်လို ရင်ခုန်နေမှာသေချာသည်။ မာမိရဲ့မောင် လေးလေးသည် အခုချိန်အထိ ချစ်သူဆိုလို့ မူးလို့တောင် ရှုစရာမရှိ။ ထားလည်း မထားခဲ့ဘူးသူဖြစ်သည်။

အသက်ကြီးမှ အချစ်နတ် ဖမ်းစားခံနေရသော လေးလေးအဖြစ်ကို သူ မလှောင်ရက်ပါ။

နိုင်း မျက်ဝန်းထဲမှာလည်း ချစ်လေးသူ မျက်နှာလေးကို မြင်ယောင်လာ၏။ သူ့ကိုသာမြင်လျှင် ချစ်လေး အံ့ဩသွားမည်လား။

မာတင်းတင်းမျက်နှာလေးပေါ်က ဒေါသတွေကိုတော့ သူ ရင်ခုန်ချင်သေးသည်။

ချစ်လေး ကံကြမ္မာက မင်းနဲ့ကိုယ့်ကို ဆုံစေချင်နေမှတော့။

◆ ◆ ◆

စိုးမိုးစာပေ

## အခန်း (၈)

"ဟော့ကောင် ဒီလမ်းသေချာရဲ့လား၊ လိပ်စာထုတ်ကြည့်ပါဦးကွ"

လေးစိုးက ရင်ခုန်လှုပ်ခတ်နေသော အသံမျိုးနှင့်မေး သည်။ နိုင်း ဘာမှပြန်မပြောဘဲ ပြုံးတုံ့တုံ့ကြည့်ကာ ကားဆက်မောင်းနေတော့ လေးစိုး မျက်မှောင်ကြီးကုပ်သွား၏။

"မင်း ဘာပြုံးတာလဲ နိုင်း"

"လေးစိုးကိုကြည့်ပြီး ရယ်ချင်လို့၊ အေးဆေးလိုက်ခဲ့ ဒီလိပ်စာကို ကျွန်တော်မှတ်မိတာပေါ့၊ မာမီ မပေးခင်ကတည်း အလွတ်ရနေတာ ချစ်လေးရဲ့အိမ်လေဗျာ"

သည်တော့မှ လေးလေး ထိုင်ခုံမှာကျောမှီသွားသည်။ ဝတ်ထားသော ရှပ်ဖြူလည်ကတုံးအကျႌကို လည်ပင်းအထိ ကြယ်သီးအပြည့်တပ်ထားသည်။ ဘိုကေပုံစံ ဆံပင်တိုတိုမှာလည်း ခေါင်းလိမ်းဆီက ရွှဲနစ်နေ၏။

ပန်းတရာပုဆိုးအညိုရောင်နှင့် ရှင်းသန့်နေတာတော့

စိုးမိုးဝေ



အမှန်။ တကယ်ဆို လေးစိုး ဥပဓိရုပ်က ခန့်ပါသည်။ နဖူး၊ မျက်လုံး၊ မျက်ခုံး၊ နှာတံက မာမီနဲ့တူသည်။

အဲ့. . . လိုအပ်တာထက်ပိုပြီးချွန်နေသော နှာတံကတော့ အဘိုးဘက်ကိုသွားတူတာဟု မာမီပြောဖူးသည်။

ဘာပဲဖြစ်ဖြစ် လေးစိုးဥပဓိက ယောကျ်ားပီသခန့်ငြား သည်။ ဒါပေမဲ့ ခုချိန်ထိ ရည်းစားမရှိတာ မာမီ့အရိပ်အောက်မှာပဲ အိမ်ဝပ်စွာနေခဲ့တာကြောင့်ဖြစ်သည်။

လူပျိုအရွယ်တုန်းကလည်း နိုင်းကိုပဲ တာဝန်ယူထိန်းရင်း လေးစိုးခမျာ အချိန်ကုန်ခဲ့ရဟန်တူသည်။

"လေးစိုး. . . ဟိုရောက်ရင် ဘာတွေပြောမှာလဲ"

"ဟို. . . အဲ မင်းကို မမှာလိုက်တယ်လေကွာ"

"အာ. . . အဲဒါပြောတာမဟုတ်ဘူး၊ ဒေါ်လေးမာဆိုတဲ့ အမာကို လေးစိုး ဘယ်လိုခေါ်မှာလဲမေးနေတာ"

"ဟာကွာ၊ အခုမှ အကဲခတ်ရဦးမှာကို မင်းကလည်း အတီး"

မျက်နှာကြီးရဲသွားကာ လေးလေးရှက်သွားတော့ သူပြုံး မိသည်။

"ဟော. . . ဟိုမှာ ခြံအမှတ် (၆၄)ကွ"

စည်းရိုးကို သံဇကာတွေ သေသေသပ်သပ်ကာရံထား သော ခြံလေးထဲမှာ ဖျော့ထောင်အိမ်လေးက သပ်သပ်ရပ်ရပ်ရှိ သည်။

ခြံရှေ့မှာ သူတို့ Mark II ကားနက်ကြီးကိုရပ်လိုက်တော့

စိုးမိုးဝေ

အိမ်တံခါးဝမှာ ထွက်ကြည့်သူက ဒေါ်လေးမာဝေ၊

"တွေ့လား လေးစိုး၊ အဲဒါ ဒေါ်လေးမာပဲ"

ရေချိုးခေါင်းလျှော်ပြီးစမို့ထင်သည် ဒေါ်လေးမာ ဆံပင်ရှည်ကြီးကို ဖားလျားချထားသည်၊ တင်းပါးအုပ်ဖုံးသည်အထိ တောင် ရှည်ပါသည်၊ ဝတ်ဆင်ထားသည်က ဘလောက်စ်အင်္ကျီ ခါးတိုလေးနှင့် ချိတ်ထဘီတစ်ပတ်နွမ်းလေးပါပဲ၊

လှေကားထစ်လေးကဆင်းကာ ခြံတံခါးလေးဆီ လျှောက် လာသော ဒေါ်လေးမာရဲ့ နွဲ့နှောင်းသော အရိပ်လေးမှာ လေ မျက်ဝန်းတွေနစ်မျောနေခဲ့တာတော့ သေချာ၏၊

"လေးလေး ဆင်းလေဗျာ၊ ဂ္ဂျေကိုလည်းထိန်းဦးနော်

သူ တီးတိုးပြောတော့ လေးလေးလှည့်ကြည့်ကာ တစ်ခု ပြောဖို့ကြံသည်၊ ဒါပေမဲ့ ပြောခွင့်မရလိုက်တာက ဒေါ်လေး အနားရောက်လာတာကြောင့်ဖြစ်၏၊

"ဟင်. . . ကလေး မင်း မင်း"

"အန်တီမာ ကျွန်တော့်ကိုမှတ်မိသားပဲ၊ မာမီက အန် မာရဲ့အစ်မ ဒေါ်ညိုခင်ဆီ လွှတ်လိုက်လို့ပါ"

"ဪ. . . အင်း အင်း၊ အထဲဝင်ကြဦးကွယ်၊ မမညိုတော့ မရှိဘူး"

ဒေါ်လေးမာက ဦးဆောင်ကာ အိမ်လေးထဲခေါ်ခဲ့သည် ကြိမ်ဆက်တီထိုင်ခုံလေးတွေချထားသော ဧည့်ခန်းလေးမှာ ဝင်ထိုင်မိကြသည်အထိ ချစ်လေးသူမရှိပါ၊

"ထိုင်. . . ထိုင်ကြဦး၊ မမညိုက အလုပ်သွားတာ

စိုး:မိုး:ဝ၁မပ



ညနေမှ ပြန်ရောက်မှာ၊ ဘာကိစ္စများရှိလို့လဲ ကလေး"

ဒေါ်လေးမာက နိုင်းနှင့် ချစ်လေးသူတို့ ပြဿနာကို သိထားတာမို့ စိုးရိမ်နေဟန်တူသည်၊ နိုင်း အကျိုးအကြောင်းရှင်း ပြရင်း မာမီမှာလိုက်သော စကားတွေပြောပြရင်း ဖုန်းကဒ်လေးပါ ထုတ်ပေးမိသည်၊

"မာမီက ဒေါ်ညိုခင်ကို အရေးတကြီးတွေ့ချင်နေတယ်၊ အဲဒါ မာမီ့ဆီဖုန်းဆက် ဆက်သွယ်ပေးပါ အန်တီမာ"

"အင်း. . . အင်း မမညိုလာတာနဲ့ ပြောလိုက်ပါ့မယ်"

ဒေါ်လေးမာက ဖုန်းစာရွက်လေးကိုကိုင်ရင်းပြောသည်၊ မာမီ စေခိုင်းသည့်ကိစ္စပြီးပေမယ့် လေးလေးအရေးကိစ္စရှိသေးတာ နိုင်းစကားဆက်သည်၊

"အန်တီမာ ဒါ ကျွန်တော့်ဦးလေး၊ မာမီရဲ့မောင်အရင်း ဦးစိုးတင့်"

"ဟုတ်. . . ဟုတ်ကဲ့"

"ဟုတ်ကဲ့. . . ကျွန်တော်တွေ့ရတာဝမ်းသာပါတယ်"

အန်တီမာနှင့်တောင် မိတ်ဆက်မပေးရသေး လေးလေးက တော့ အဆင့်တွေကျော်နေပြီ၊

"အန်တီမာကိုတော့ လေးစိုးကသိတယ်၊ အဟွန်း လေးစိုး က အန်တီမာလိုပဲ တစ်ကိုယ်တည်းသမား လူပျိုကြီးလေ"

"အို"

အန်တီမာ မျက်နှာ ရဲရဲနီသွားသည်၊ လေးစိုးကလည်း သက်နှစ်ဖက်ယှက်ကာ ခေါင်းကြီးငုံ့နေသည်၊ လူပျိုကြီး အပျိုကြီး

စိုး:မိုး:ဝ၁မပ

တွေ၏ အမှုက်သည်းမှုကို နိုင်း ကြာရှည်မစောင့်နိုင်ပါ။

"ဩော် အန်တီမာ၊ ချစ်လေး အဲ ချစ်လေးသူ ဘယ်သွား လဲဟင်"

"ဩော်. . . အင်း ရှိတယ် ရှိတယ်၊ သူလေး သူလေးရေ

အိမ်ခန်းထဲကို အန်တီမာ လှမ်းခေါ်ပေမယ့် တုံ့ပြန်သံ မကြားရတော့ အားနာသလို နိုင်းကိုကြည့်ရင်း. . .

"ဟို. . . အိပ်ပျော်နေတယ်ထင်တယ်၊ ခဏလေးနော် ဒေါ်လေးမာ ကော်ဖီသွားဖျော်လိုက်ဦးမယ်"

"ဟာ. . . မလုပ်. . . အ"

ထားဖို့ကြသည့် လေးစိုးပေါင်ကို နိုင်း ဆွဲဆိတ်လိုက်မှ

"အင်း. . . အဟီး ကောင်းပါတယ်၊ ကောင်းပါတယ် ကျေးဇူးပဲ အမာ"

"ရှင်. . . ဟုတ် ဟုတ်ကဲ့ ခဏလေး"

အခုမှမြင် အခုမှတွေ့ပေမယ့် အမာဟု သုံးနှုန်းလိုက်သော လေးစိုးလုပ်ရပ်ကြောင့် အန်တီမာ ရှက်သွားမှာသေချာသည်။

"ဟား. . . တကယ့်ဂေါ်ကြီးပဲ လေးစိုးရာ၊ အခုမှ မြင်ဖူး ပဲရှိသေးတယ်၊ အမာတွေ ဘာတွေလုပ်ရသလား"

"အာ. . . ဆောရီး၊ ငါမှမသိတာကွာ၊ အားနာစရာအ ရယ်"

"ဟာ. . . လုပ်ပြန်ပြီ၊ ကဲ လေးစိုး စိတ်ကိုကြီးတုပ်ထား ဗျာ"





"ဟော. . . အေး. . . အေးပါနိုင်းရာ"

ဧည့်ခန်းထဲမှာ နိုင်းနှင့် လေးစိုးတို့ တီးတိုးအချင်းပွား နေသလို အိမ်နောက်ဖေးခန်းထဲမှာလည်း ဒေါ်အမာနှင့် ချစ်လေး တို့ တီးတိုးစကားပွဲလေး စစ်ခင်းနေခဲ့ကြသည်။

"သူလေးရယ် ခေါ်နေတာကြားရက်နဲ့"

"တမင်မထူးတာ ဒီလူ့မျက်နှာကိုမကြည့်ချင်လို့"

"ဟဲ့. . . ဒီလိုမလုပ်နဲ့လေ၊ အဲဒါ မမညိုရဲ့ဧည့်သည်တွေ၊ မညိုက အရင်တုန်းက ဒေါ်ဆင့်ဆင့်နိုင်ရဲ့ စက်ရုံမှာ အလုပ်လုပ် ခဲ့ဖူးတယ်၊ ပြောရရင် ကျေးဇူးရှင်တစ်ယောက်ပဲ"

"အဲဒါတွေ ချစ်လေးမသိဘူး"

"ဒုက္ခပါပဲ ဒီလိုဇွတ်မပြောနဲ့လေ၊ ကဲ ကဲ သူလေးက သိမှာပါတယ်၊ ကော်ဖီနှစ်ခွက်ဖျော်ခဲ့နော်၊ သူ့ဦးလေးလည်းပါတယ်၊ ဒေါ်လေးမာ သွားဧည့်ခံလိုက်ဦးမယ်၊ မြန်မြန်လေးနော် သူလေး"

ဒေါ်လေးမာက ကဲသောကမျောလေးပြောကာ ဧည့်ခန်း ထဲ ပြန်ထွက်သွားသည်။ ချစ်လေး အံကလေးကြိတ်လိုက်မိသည်။

ချစ်လေး ဆန္ဒအတိုင်းဆို ဘာကော်ဖီမှလည်း မဖျော်ပေး ချင်။ စေတနာလည်းမရှိပါ။ သူ ဦးလေးဆိုသည့် သူကလည်း လူပျိုကြီးတဲ့။ ဒေါ်လေးမာနဲ့ မိတ်ဆက်ပေးနေပုံကိုက ရိသဲ့သဲ့။

တွေ့ကြသေးတာပေါ့ နိုင်းနဝဒေး။

◆ ◆ ◆

"ဒုန်း. . . ဒုန်း. . . ဒုန်း"

"နိုင်း. . . နိုင်း အမြန်လုပ်၊ အ. . . အီး ငါ မရတော့ဘူး"

နိုင်း မပြီးသေးသော ဝင့်ဒုက္ခကို လက်စသတ်ပြီး အိမ်သာထဲက ပြန်ထွက်ခဲ့တော့ အပြင်ဘက်မှာ လေးလေးမျက်နှာကြီးရှုံ့မဲ့လျက်။

"လေးလေး. . . မသက်သာသေးဘူးလား"

"အ. . . အီး. . . အားလားလား"

လေးစိုးခမျာ နှုတ်ကညီးတွားရင်း ခေါင်းလေးခါကာ အိမ်သာထဲဝင်သွားပြန်သည်။ ပြီးတော့ ပေါက်ကွဲသံစဉ်တွေ စုံညီစွာ အော်မြည်ထွက်လာပြန်သည်။

နိုင်း နှာခေါင်းကလေးရှုံ့ရင်း အသာလှည့်ပြန်ခဲ့သည်။ ရင်ထဲမှာတော့ အမှုန့်ခြေပစ်ချင်နေမိတာ ချစ်လေးသူကိုပဲဖြစ်သည်။

တကယ်ဆို မျက်နှာလေးရွှင်ပြုံးကာ ကော်ဖီခွက်ချ လာချကတည်းက သူရိပ်မိဖို့ကောင်းသည်။



မရိပ်မိဘဲ သောက်လိုက်မိတော့ ခါးလိုက်သည့်ဖြစ်ခြင်း။ ...ကတော့ အားနာပါးနာနှင့် ဆက်မသောက်ချင်တာမို့ နှစ်ငုံမျှပဲ သောက်ခဲ့သည်။ အန်တီမာအပြုံးနှင့် ညော်ဝတ်ကျေမှုတွေကို အားနာစွာနှင့် လေးစိုးကတော့ ဟစ်ခွက်လုံး ကြိတ်မှိတ်မျိုချခဲ့သည်။

ရလဒ်က အိမ်ပြန်ရောက်သည်နှင့် တူဝရီးနှစ်ယောက် ...လုံး အိမ်သာနှင့် အကြိမ်ကြိမ်မိတ်ဆက်ရခြင်းပင်ဖြစ်သည်။ ...စ်ကြိမ်မဟုတ် နှစ်ကြိမ်မက အခုပဲ သူနှင့်လေးလေးတို့ ငါးကြိမ် ...လောက်ရှိပြီ။

"ချစ်လေးသူ မင်း တော်တော်ရက်စက်တဲ့ မိန်းမပဲ"

"ဒီကိစ္စ အမာမသိလောက်ဘူးကွ၊ မင်းဟာမလေး စီစဉ် ...တာပဲဖြစ်လိမ့်မယ်"

လေးလေးကတော့ အခုမှမြင် အခုမှ အရှုံးအမှုးဖြစ်သွား ...သာ သူ့အန်းဒိတ်ကြီးဘက်က ကာကွယ်သည်။ ဟုတ်လည်းဟုတ် ...သည်။ အန်တီမာကတော့ ဒီလောက်ထိ ရက်စက်မည်မထင်ပါ။

"အ. . . အ. . . အီး"

ဒေါသတွေနှင့်အတွေးကို ရင်နာလာပြန်သော ဝမ်းထဲက ...နာကြောင့် တိခနဲပိုင်းဖြတ်တော့ နိုင်း ရေအိမ်ဘက် သုတ်ခြေ ...ခဲ့ရပြန်သည်။

"ဗိုက်နာပြန်ပြီလား နိုင်း"

"အ. . . ဟုတ်တယ် တောက်၊ ချစ်လေး မင်းတော့ အီး"

ရေအိမ်ထဲရောက်သည်အထိ နိုင်းရဲ့ ဒေါသသံတွေကို

ကြားနေရတုန်းမို့ ဦးစိုးတင့် ဝေဒနာကြားက ပြုံးလိုက်မိသေး၏။

ချစ်လေးသူဆိုတဲ့ ကောင်မလေး အတော်ဆိုးသည်။ ဒီလောက်အထိ ရက်စက်ဖို့မသင့်ပါ။ အင်း သူမလေးရဲ့ အဒေါ်နှင့်တော့ တကယ့်ကိုကွာခြားသည်။

ဟိုက ရိုးရိုးယဉ်ယဉ် တကယ့်ဖြူစင်သော နှလုံးသားလေးနှင့်ဆိုတာ သူယုံသည်။ အခုခံလိုက်ရတာ နိုင်းရဲ့ ကောင်မလေးကြောင့်ဖြစ်သည်။

တစ်ခုတော့ကောင်းသည်။ ဒီလိုခံရမှလည်း နိုင်း ဒီကောင်မလေးကို စိတ်ကုန်သွားလိမ့်မည်။ ငါးရဲ့နှစ်ကောင်ဖမ်းချင်နေတာတော့ မဟုတ်သေး။

သူ့လို တစ်သက်မှာတစ်ယောက်၊ သစ္စာရှိရှိ စွဲမြဲချစ်သောယောကျ်ားမျိုး ရှားပါးတာကို အမာသာသိလျှင်။

"အ. . . အီး. . . လာပြန်ပြီဟ"

အတွေးလှလှလေးတွေမဆုံးခင် ဦးစိုးတင့် ရေအိမ်ဘက်သုတ်ခြေတင်ပြေးခဲ့ရပြန်သည်။ ရေအိမ်ရှေ့ရောက်တော့ နိုင်းထဘတ်လမ်းမပြီးသေး။

"နိုင်း နိုင်း လုပ်ပါဦး၊ ငါ ဗိုက်နာလာလို့"

"ခ. . . ခဏလေး အား အီး"

တစ်ခန်းရပ်ပြဇာတ်မကဘဲ နိုင်းနောက်ပိုင်းဇာတ်ထုပ်ကြီးခင်းနေသည်လားမသိ။ ဦးစိုးတင့် မအောင့်နိုင်တော့ အကြဲထုတ်ရသည်။





"နိုင်း ဒီညနေ ဟိုကောင်မလေးကို မင်း ကျောင်းကြို့ရဦးမှာနော်"

သည်တော့မှပဲ နိုင်း တစ်စခန်းရပ်တာ ကွတ၊ ကွတ ထွက်လာ၏။

"မဖြစ်ဘူး မဖြစ်ဘူး၊ ဝမ်းပိတ်ဆေးသောက်မှဖြစ်မယ်၊ လေပြည်ကို သွားကြို့မှဖြစ်မှာ ပျက်လို့မဖြစ်ဘူး"

◆ ◆ ◆

ညနေစောင်းတော့ လေးစိုးတစ်ယောက် ချိနဲ့နဲ့နှင့် မာတ်ဆားရေတွေသောက်ကာ အားဖြည့်နေရရှာသည်။

သူလည်း မျက်တွင်းဟောက်ပက်နှင့် ဖြစ်နေသည်။ နွမ်းမောမောစိတ်က ဘယ်မှမသွားချင်ဘဲ လှဲပစ်ချင်ပေမယ့် လေပြည် မီခင်ဆီမှာတောင် ခွင့်တောင်းထားပြီးသည့်ကိစ္စ။ အခုမှ ပြန်ဖျက်ဖို့ မကောင်း။ ရှုံ့ချည်နှပ်ချည် လုပ်ကောင်းသော အရာမဟုတ်မှန်း နိုင်းသိနေ၏။

"ဖြစ်ပါ့မလား နိုင်း မသွားပါနဲ့လား"

"မသွားလို့မဖြစ်ဘူး လေးစိုး၊ ကျွန်တော်ကြိုမယ်ဆိုလို့ လေပြည်မေမေက စိတ်ချနေမှာ"

နိုင်းဒုက္ခကိုကြည့်ရင်း ဦးစိုးတင့် စိတ်မကောင်းပါ။ ဒေါသနှင့်ဝေဒနာပေါင်းစုနေသော နိုင်းမျက်နှာက ရှုံ့မဲ့ပြုံလျော်နေသည်။

"နိုင်း အဲဒီချစ်လေးဆိုတဲ့ ကောင်မလေးကို မင်း မေ့ပစ်လိုက်တော့၊ ဒီလောက် မညှာမတာ ဒုက္ခပေးတာကွာ"

"လုံးဝမေ့လို့မရအောင် သူလုပ်လိုက်တာလေးစိုး၊ အဲဒီ





အတွက် သူ့ရဲ့နှလုံးသားကိုတော့ ကျွန်တော်ရအောင်ယူမယ်"

"ဟာ. . . မင်းဟာက ဒီလောက်ဒုက္ခပေးနေတဲ့ မိန်းမကိုကွာ"

"အဲဒီချစ်လေးပေးတဲ့ ဒုက္ခတွေ တစ်ချိန်မှာ ပြန်ချိုမြိန်စေဖို့အတွက် လျော်ကြေးတော့ ရအောင်ယူရမယ်လေးစိုး၊ ကဲ ကျွန်တော်သွားပြီ"

စကားအဆုံးမှာ ကားတံခါးကို ဂျိန်းခနဲပိတ်ကာ မောင်းထွက်သွားသော နိုင်းနဝဒေးကို ဦးစိုးတင့် ငေးကြည့်ရင်း ပင့်သက်ရှိုက်မိသည်။

တော်တော်ဇွဲကြီးတဲ့ကောင်။

နှစ်ပင်တစ်လိမ့် ပြဿနာကြီးထဲမှာ ဘယ်လို အဆင်ပြေအောင်ကမည်လဲ သူစောင့်ကြည့်ရဦးမည်။

◆ ◆ ◆

သင်တန်းကို နိုင်းနဝဒေးလာကြိုမည်ဟု မေမေ ဖုန်းဆက်အသိပေးကတည်းက လေပြည်စိတ်အာရုံက သင်တန်းခန်းမအပြင်ဘက်က ကားစတင်းလေးကို ငေးနေမိတာဖြစ်သည်။

ဘာကြောင့်မှန်းမသိ နိုင်းရဲ့မျက်နှာနှင့် စကားသံချိုချိုလေးတွေထဲမှာ လေပြည် ပျော်ဝင်ချင်နေတာအမှန်ဖြစ်သည်။

နိုင်းက လေပြည်ထက် လေးနှစ်ခန့်ကြီးပေမယ့် လူငယ်ဆန်သည်။ ပွင့်လင်းရဲတင်းသော နိုင်းအပြုအမူတွေက ဟန်ဆောင်မှု ကင်းစင်သည်ဟု လေပြည်ယုံသည်။

လေပြည်လိုပဲ မေမေလည်းယုံကြည်လို့ အခုလို သင်တန်းကိုလာကြိုခွင့် ပေးခဲ့တာဖြစ်မည်။

လေပြည် အတွေးတို့မဆုံးခင်မှာပဲ သင်တန်းခန်းမရှေ့ကို Mark II ကားကြီးထိုးဆိုက်လာသည်။ ဒါ သူ့ရဲ့ကားဟု လေပြည်သိလိုက်သည်နှင့် ရင်က ထိတ်ခနဲခုန်သည်။

ကားတံခါးဖွင့်ဆင်းလာသော သူ့ကို လေပြည်လှမ်းမြင်ရသည်။ ဒီတစ်ခါတော့ စမတ်ကျသေသပ်သော စတိုင်လ်မဟုတ်

ဦး မိုး ၈၇၈ပ



ါဘဲ ဂျင်းဘောင်းဘီနှင့် တီရှပ်အဖြူပေါ်မှာ Camel အနက်ရောင် ရှပ်လက်ရှည်ကို ကြယ်သီးတစ်လုံးမှမတပ်ဘဲ အပေါ်ကတ်ထားတာဖြစ်သည်။

မျက်နှာမှာတော့ အနက်ရောင်မျက်မှန်လေးတပ်လျက်သားပါပဲ။ ဆံပင်ရှည်တွေကို တစ်ချက်သပ်တင်ကာ သူ့မျက်ဝန်းတွေက သင်တန်းခန်းမကို လှမ်းမျှော်ကြည့်သည်။

ဝင်းမွတ်နေသော မျက်နှာလေးမှာ မျက်မှန်နက်ကထင်းနေသည်။

လေပြည် လှမ်းကြည့်နေတုန်းမှာပဲ မှီရပ်နေသော ကားတံခါးမှခွာကာ နိုင်း ဘယ်ကိုထွက်သွားသည်မသိပါ။ တစ်နေရာရာဘ စောင့်ကြည့်တာဖြစ်မည်ထင်သည်။

ငါးမိနစ်မျှသာကျန်သော သင်တန်းချိန်လေးကိုတောင်စောင့်ဆိုင်းရတာ လေပြည် စိတ်မရှည်ချင်ပါ။ သင်တန်းချိန်ပြီးလို့ထွက်ခဲ့တော့ ကားနက်ကြီးအနားမှာ နိုင်းမရှိ။

ဘေးဘီကိုဝေ့ဝဲကြည့်ကာ လေပြည် ရှာဖွေကြည့်နေတုန်းမှာပဲ နိုင်း ပြန်ရောက်လာသည်။

"ဆောရီး လေပြည်ရယ်၊ ကိုယ် လက်ထရိန်ဝင်နေလို့"

"အဟင်း ရပါတယ်၊ လေပြည်လည်း အခုမှဆင်းတာ ပါ၊ မေမေဖုန်းဆက်ထားတယ် ရှင်လာကြိုမယ်လို့"

"လေပြည်ရှိမလား လှမ်းဖုန်းဆက်တော့ သင်တန်းသွားတယ်တဲ့၊ လေပြည်မေမေဆီက ခွင့်တောင်းပြီး နေမကောင်းတဲ့

ဦး မိုး ၈၇၈ပ

ကြားက ကိုယ်လာကြိုတာ"

"ဟင်. . . ရှင် နေမကောင်းဘူးလား"

"အင်း. . . အရေးမကြီးပါဘူးကွာ၊ ကဲ တက်နော် ကိုယ် လိုက်ပို့ပေးမယ်"

နိုင်းဖွင့်ပေးသော တံခါးလေးမှ လေပြည်ဝင်ထိုင်သည်။ နိုင်းက ကားရှေ့ ကွေ့ပတ်လျှောက်ပြီး မောင်းသူနေရာမှာ ဝင်ထိုင် သည်။ ကားစက်နှိုးရင်း ဒက်ချ်ဘုတ်ပေါ်ကို မျက်မှန်လေးချွတ် တင်သည်။

နောက်ကြည့်မှန်ထဲမှ လေပြည်မျက်နှာလေးကိုတော့ တစ်ချက်လှမ်းကြည့်ဖြစ်သည်။

တစ်ကြိမ်မြင်လိုက်ရုံနှင့် မျက်ဝန်းထဲစွဲနေအောင် လေပြည် လှပလို့နေသည်။ ဝတ်ဆင်ထားသည်က အဝါရောင် တော တောက် ထက်အောက်ဆင်တူဝတ်စုံကလေးဖြစ်သည်။

ဝင်းဖန့်ကြည်လင်နေသော မျက်နှာလေးက အပြ တစ်ချက်ဆိုစရာမရှိအောင် လှပနေသည်။ ဆေးမကူဘဲ နှုတ်ခမ်း လေးတွေ စိုလဲ့နေသည်။

ချစ်လေးသူသာ ဒုက္ခမပေးခဲ့လျှင် လေပြည်နှင့်အတူ တစ်ဆိုင်ဆိုင်မှာထိုင်ပြီး စကားတွေပြောဖို့ ရည်ရွယ်ထားခဲ့သည် အခုတော့ ရည်ရွယ်ချက်တွေ ဖြစ်မလာနိုင်တော့ပါ။

ဝမ်းထဲမှာ ခံစားနေရသော ဝေဒနာကို ကိုယ်သာအသိ ဆုံးဖြစ်သည်။ စောစောကပဲ ရစ်နာလာ၍ လက်ထရိန်အပြေးသွား





ရသည်။

ဒီဝေဒနာ ဒီပုံစံနှင့် ဆိုင်ထိုင်ဖို့မလွယ်တာမို့ နိုင်း နှမြော တသနှင့်ပဲ စွန့်လွှတ်ရတော့မည်။

"ရှင် ဘာဖြစ်နေတာလဲ"

လေပြည် အမေးစကားသံလေးကြောင့် သူလှည့်ကြည့် တော့ လေပြည်မျက်နက်ဝန်းလေးတွေနှင့် သူ့ကို အကဲခတ်ကြည့် နေတာ စူးစူးနစ်နစ်။

"ဟင် ဘာမှမဖြစ်ပါဘူး"

"မညာနဲ့ ရှင့်မျက်နှာက ဖြူလျော်လျော်နဲ့၊ ရှင်နေ မကောင်းဘူးထင်တယ်၊ မျက်တွင်းတွေလည်းကျသွားသလိုပဲ"

သူ့မျက်နှာကို အရိပ်ကြည့် အကဲခတ်ပြောနေသော လေပြည်စကားကြောင့် သူကျေနပ်သွားမိတာအမှန်။

"အင်း ကိုယ် မနက်ကတည်းက နေမကောင်းတာ"

"ဒါနဲ့များ ဘာလို့ လေပြည်ကို လာကြိုရတာလဲရှင်ရယ်၊ မေမေမကြိုဖြစ်ရင်လည်း အိမ်မှာကြိုနိုင်မယ့်သူတွေရှိပါတယ်"

"မဟုတ်ဘူး ကိုယ်က ကိုယ်တိုင်လာကြိုချင်လို့ပါ လေပြည် ရယ်"

သူ့စကားကြောင့် လေပြည် မျက်နှာလေးလွှဲကာ ခေါင်းလေးငုံ့သွားခဲ့သည်။ ချစ်စရာကောင်းလိုက်တဲ့ ကောင်မလေး မျက်ဝန်းတွေထဲမှာ သူ့အပေါ် စာနာသော ကရုဏာစိတ်တွေ ဖြာလဲ့ နေတာ သူမြင်ခဲ့သည်။

ရုတ်တရက် ဝမ်းထဲက ရစ်ခနဲနာတာမို့ နိုင်း မျက်နှာလေး
ရှုံ့မဲ့သွားတော့

"ဘာဖြစ်လို့လဲ"

"ဟို. . . အောင့်လို့၊ ရင်ထဲမှာအောင့်နေတာ"

"ဟင်. . . ဒုက္ခပဲ၊ ရှင် တော်တော်အောင့်နေလားဟင်"

ချက်ချင်းစိုးရိမ်စွာ လှည့်မေးလာသော မျက်နှာလေးမှာ
ဟန်ဆောင်ပူပန်မှုတွေတော့ မဟုတ်တာသေချာ၏။

"ရတယ်၊ ဘာမှမဖြစ်ဘူး"

"အင်း မေမေက ရှင် နေမကောင်းမှန်းသိရင် ကြိုခိုင်းမှာ
မဟုတ်ဘူး"

"ပြောပြီးပြီပဲ၊ ကိုယ်က ကြိုခွင့်တောင်းတာပါလို့"

"ရှင် တော်တော်မိုက်တာပဲ"

"ဟုတ်တယ် မိုက်တာက ကိုယ်မဟုတ်ဘူး၊ အသည်း
လုံးသားမိုက်မဲတာ၊ လေပြည်ကို ဇွတ်ကြိုခိုင်းကာ ကိုယ့်အသည်း
နှလုံးကလေ"

"ဒုက္ခပဲ အရေးထဲမှ"

မျက်စောင်းလေးထိုးကာပြောသော မျက်ဝန်းလေးတွေက
ရွှန်းလဲ့နေတာတော့အမှန်။

"ဒီမှာ ရှင် အိမ်ရောက်ရင် ဆေးသောက်လိုက်တာကောင်း
မယ်"

"အိမ်ရောက်တာနဲ့ လေပြည့်ကို ဖုန်းဆက်ချင်တာ"

စိုး၊မိုး၊၀၁၈ပ



"ခက်ပါလား ကျွန်မပြောတာတခြား ရှင့်စိတ်က တခြား
ပါ"

"ကိုယ့်စိတ်အာရုံက လေပြည်ဆိုတဲ့ ကောင်မလေးဆီမှာ
ပဲရှိတာပါ"

"အပိုတွေမပြောနဲ့ ရှင် အရမ်းရည်းစားများခဲ့တာ ကျွန်မ
ကြားထားတယ်"

"ကျောင်းတုန်းကဇာတ်လမ်းတွေပါ၊ ဒါပေမဲ့ နှလုံးသား
က အမိန့်ပေးနေတာ လေပြည်တစ်ယောက်တည်း"

"အဟင်း တော်ပါတော့၊ ဒီလိုအပြောကောင်းတာကိုပဲ
ကြောက်တာ"

"တကယ်ပါလေပြည်ရယ်၊ အချစ်ဆိုတာကို မင်းလေးနဲ့
တွေ့မှ ကိုယ် မြတ်မြတ်နိုးနိုးခံစားသွားခဲ့တာ"

"ဟိုးဆရာတော်တော့ အိမ်ရောက်ပြီ၊ လေပြည်အခုမှ
ဘွဲ့တစ်ခုရအောင် ကြိုးစားနေတုန်းပါ"

"လေပြည်ရယ် ကိုယ်က သူတစ်ပါးဦးသွားမှာ စိုးရိမ်လို့
ပါ"

ဆင်ဝင်အောက်မှာ ကားလေးက ကျွီခနဲရပ်သွားခဲ့သည်။
ဧည့်ခန်းတံခါးဝမှာ ရပ်ဆောင့်နေသော မေမေ့မျက်နှာကြောင့် နိုင်း
နှုတ်က စကားတွေမဆက်နိုင်တော့ပါ။

လေပြည်ရင်ထဲမှာတော့ နွေးနေဆဲ။

◆ ◆ ◆

စိုး၊မိုး၊၀၁၈ပ

## အခန်း (၉)

သံစဉ်ချိုချိုလေးက စားပွဲပေါ်က ဟင်းန်ဖုန်းလေးထဲက
မြည်လာတော့ လေပြည်ရင်ထဲမှာ တုန်ခနဲဖြစ်သွားသည်။

ဒီဖုန်းသံလေးကိုပဲမျှော်ကာ စာကြည့်စားပွဲလေးမှာ ထိုင်
နေရတာမို့ စာထဲမှာလည်း အာရုံမရှိ၊ ဖုန်းလေးကို ကောက်ကိုင်
တာ ဖွင့်နားထောင်လိုက်တော့ ကြားရတာ နိုင်းအသံမဟုတ်ခဲ့ပါ

"လေပြည်. . . ငါ ဒါလီပါ"

"ဪ. . . ဒါလီ ပြောလေ၊ ဘာကိစ္စ"

ကျောင်းမှာကော သင်တန်းမှာပါ ခင်မင်နေခဲ့သော မြ
လီသည် လေပြည်ရဲ့ အခင်ဆုံးသူငယ်ချင်းဟုလည်း ပြောလို့
သည်။

"ငါ နင့်ကိုပြောစရာရှိလို့ ဖုန်းဆက်တာ လေပြည်၊ ဒါ
နင်စိတ်တော့မဆိုးနဲ့ဟာ"

"အို ဘာလို့ဆိုးရမှာလဲ ပြော၊ ဒါလီ"

မိုးမိုးစာပေ



"မနေ့ညနေက နင့်ကိုလာကြိုတဲ့ နိုင်းနဝဒေးအကြောင်း
ပြောချင်လို့"

"ဟင်. . . နိုင်းနဝဒေးအကြောင်း ဟုတ်လား"

လေပြည်ရင်ထဲမှာ လှိုက်ခနဲ လှုပ်ခါသွားရသလို သိချင်
ိတ်တို့လည်း ပြင်းပြသွားမိသည်။

"သူက ရည်းစားအများကြီး ထားခဲ့ဖူးတာ နင်သိလား"

နိုင်းကိုယ်တိုင်လည်း ဝန်ခံဖူးသည်၊ သူမလည်း ကြား
ထားသောကိစ္စမို့ သိပ်တော့မအံ့ဩမိပါ။ ဒါပေမဲ့ ရင်ထဲမှာတော့
ံစားလိုက်ရတာအမှန်။

"အင်း. . . တို့လည်းကြားပါတယ်"

"အေး. . . နင် မှားမှာစိုးလို့ သတိပေးနေတာပါဟာ၊
သူက ငါ့အစ်မရဲ့ မေဂျာမှာ နာမည်ကြီးပဲတဲ့၊ ရည်းစားတွေများ
တယ်၊ ဒါပေမဲ့ ဘယ်မိန်းကလေးကိုမှ အတည်မထားဘူးတဲ့၊ ကျောင်း
ပြီးသွားတဲ့အထိ သူ့ကြောင့် အသည်းကွဲသွားတဲ့ မိန်းကလေးတွေ
အများကြီးပဲ"

နားထဲမှာကြားနေရသော သူ့သတင်းတွေက လေပြည်
နှလုံးသားနုနုလေးကို ခံစားရစေတာအမှန်။ ဒါလီကတော့
ဆက်ပြောနေတုန်း။ လေပြည်နားထဲမှာ ကြားတစ်ချက် မကြား
တစ်ချက်။

မျက်ရည်လေးတွေတောင် ချက်ချင်းဝဲလာမိသည့်အထိ။

"လေပြည် နင်ခံစားသွားရသလားဟင်၊ ငါက နင့် အတွက်

မိုးမိုးစာပေ

စိုးရိမ်လို့ပါ"

"အင်း. . . ကျေးဇူးပဲဒါလီ၊ ငါ ဘာမှမဖြစ်ပါဘူး၊ သူနဲ့ ငါလည်း ဘာမှမပတ်သက်သေးပါဘူး၊ သူ့အမေနဲ့ ငါ့အမေက မိတ်ဆွေတွေမို့ ခင်မင်တာလောက်ပါ၊ ကဲ ငါစာကျက်လိုက်ဦးမယ် ဟာ"

"ဝမ်းသာတယ် သူငယ်ချင်း၊ ငါက မင်းခံစားသွားရမယ်ထင်တာ၊ ကဲ စာကျက်တော့နော် ဘိုင့်"

နှုတ်ဆက်စကားလေးနှင့် ဒါလီဖုန်းချသွားတော့ လေပြည် ရင်ကလေး မောဟိုက်ကျန်ရစ်ခဲ့သည်။

နိုင်းနဝဒေးအကြောင်းတွေ လေပြည်ကြားပါသည်။ ရည်းစားတွေများခဲ့တာလည်း သူဝန်ခံသည်။ ဒါပေမဲ့ လေပြည်ကို နှလုံးသားထဲကချစ်တာတဲ့။ လေပြည်ယုံရမှာလား။

ထပ်မြည်လာသော ဖုန်းသံလေးက လေပြည် အတွေးတွေကို အဝေးမောင်းပစ်လိုက်သည်။ လေပြည် ဖုန်းလေးကောက်နားထောင်တော့. . .

"လေပြည်"

အသံတိုးတိုး ချိုမြမြအောက်မှာ လေပြည့်နှလုံးသားတွေ ဦးညွှတ်ခဲ့ရတာအမှန်ဖြစ်သည်။

"စာကျက်နေတာလား"

"မဟုတ်ဘူး"

"ကိုယ့်အကြောင်းတွေးနေတာလားဟင်"

ဦးမြို့ဝဝေပ



"မတွေးပါဘူး"

စိတ်က အလိုမကျစိတ်နှင့် လေပြည်အသံတွေ ဘုတွေ ည်းဖြစ်နေတာ ရိပ်မိသွားပုံရသော သူက. . .

"ဟောဗျာ. . . ဘာတွေစိတ်တိုနေတာလဲ"

ရှင့်ကိုဟု ပြောလိုက်ချင်ပေမယ့် နှုတ်ကမထွက်ပါ။ သူနဲ့ လေပြည် ဘာမှပတ်သက်သေးတာမှမဟုတ်ဘဲ၊

"ဘာမှမတိုဘူး၊ အိပ်ချင်နေတာ၊ ကဲ ရှင်ဘာပြောမလို့ ဲဟင် ကိုနိုင်းနဝဒေး"

"ဟာကွာ နာမည်ကြီးခေါ်တာ တောင့်လိုက်တာ၊ အခုပဲ ိုယ်ဆေးသောက်ပြီးလို့ လေပြည်ဆီဖုန်းဆက်တာ"

မနေ့ညနေကတည်းက သူနေမကောင်းတာကို သတိရ ွားရင်း လေပြည် ဒေါသလေးပြေကာ စိုးရိမ်သွားမိပြန်၏။

"ရှင် သက်သာရဲ့လားဟင်၊ အခုနေကောင်းရဲ့လား"

"အခု မကောင်းသေးပေမယ့် မနက်ဖြန် နေကောင်းမှာ သေချာတယ်၊ မနက်ဖြန် လေပြည်ကျောင်းပိတ်တယ်မဟုတ်လား၊ ို့ အိမ်လာခဲ့မယ်"

"မလာနဲ့"

"ဟာကွာ ရက်စက်လိုက်တာ၊ ဘာတွေ မကျေနပ်ဖြစ်နေ ာလဲ၊ ပွင့်ပွင့်လင်းလင်းပြောကွာ"

"ရည်းစားတွေ ရှုပ်ခဲ့ပွေခဲ့တဲ့ လူအကြောင်းတွေးပြီး ဒေါသ တွေထွက်နေတာ"

ဦးမြို့ဝဝေပ

"ဟာကွာ အတိတ်တွေကို ပြန်အစဖော်နေပြန်ပြီ၊ လေပြည့်ကို ကိုယ်ဝန်ခံပြီးပြီပဲ"

"အတိတ်ကို သိထားသူတွေက နားထဲရောက်အောင်ပြောပြနေတော့ ကြားသိနေတာပေါ့"

"ဟင် ဘယ်သူတွေပြောတာလဲ၊ ကြားစကားတွေမယုံနဲ့ကွာ၊ ကိုယ် အကုန်ပြောထားပြီးပြီပဲ၊ လေပြည် ဘာသိချင်လဲမေး ကိုယ်ဖြေမယ်၊ နောက်ထပ်ထပ်ဝန်ခံဦးမယ်၊ ရည်းစားတွေ များခဲ့ပေမယ့် ကိုယ်ချစ်တာ တစ်ယောက်တည်း အဲဒါလေပြည်ပဲ"

သူ့စကားကြားတော့လည်း လေပြည်ရင်ထဲမှာ ကြည်နူးခြင်းတွေနှင့် ဒေါသစိတ်လေးတွေ ကြက်ပျောက်ငှက်ပျောက်။

"ယုံပါလေပြည်ရယ်၊ လေပြည်ယုံအောင် ကိုယ်ဘယ်လိုသက်သေပြရမလဲ"

သူ့စကားတွေကို နားထောင်ရင်း လေပြည်ရင်ထဲမှာ ကျေနပ်ခြင်းတွေနှင့် လှိုက်ခုန်နေသည်။ ဒါပေမဲ့ တမင် ဘာမှ ခွန်းတုံ့မပြန်ဘဲ လေပြည် နှုတ်ဆိတ်နေတော့

"လေပြည် တစ်ခုခုပြောကွာ ဒီနေ့ လေပြည် ဘာမှမပြောရင် ကိုယ် တစ်ညလုံး အိပ်ပျော်မှာမဟုတ်တော့ဘူး"

"ဒါဆို အိပ်ဆေးသောက်"

ပြောပြီး လေပြည် ဖုန်းလေးကို ပိတ်ပစ်လိုက်သည်။ တစ်ဖက်က နိုင်း ဘယ်လိုနေမည်မသိ။ အလိုမကျစွာ ဖုန်းတွေထပ်ဆက်လို့လည်းမရအောင် လေပြည် အပြီးပိတ်ပစ်လိုက်၏။



ရည်းစားတွေ အများကြီးထားခဲ့တဲ့လူကြီး ရှင့်ကို လေပြည် မချစ်ရဲပါဘူး။

ပိုင်းနဝဒေးရယ် အချစ်ကို လေပြည် တန်ဖိုးထားချင်ပါတယ်။ တစ်သက်မှာ တစ်ခါပဲချစ်ချင်တယ်။ အဲဒီ ချစ်သူကိုလည်း တစ်ဘဝအတွက် ရည်ရွယ်ချင်တယ်။

ရှင်နားလည်နိုင်မလားဟင်။

◆ ◆ ◆

## အခန်း (၁၀)

"မင်းဟာ မဟုတ်သေးဘူး နိုင်း"

"အေးလေ မဖြစ်နိုင်တာ၊ ရည်းစားနှစ်ယောက် တစ်ပြိုင်နက်တည်းထားတာ မကောင်းဘူး"

လေးလေးနှင့် တိုင်ပင်ဆွေးနွေးရတာ အဆင်မပြေတာမို့ သူငယ်ချင်းတွေနှင့် တိုင်ပင်မိကာမှ ပိုဆိုးတော့သည်။ နှစ်ကောင်စလုံးက ခေါင်းခါလက်ခါ ငြင်းနေကြသည်။

"နေကြစမ်းပါဦး ဘာကိုမဖြစ်နိုင်ရမှာလဲ၊ အခုပဲ အဆင်ပြေသလောက်ဖြစ်နေပြီကွ"

"ဘယ်သူနဲ့ အဆင်ပြေတာလဲ၊ ပန်းလေပြည်နဲ့လား ချစ်လေးသူနဲ့လား"

အောင်မော်ကမေးသည်။ ဒါပေမဲ့ သူ ပြတ်ပြတ်သားသားမဖြေနိုင်တာလည်းအမှန်ပါပဲ။ တကယ်ဆို လေပြည်ကလည်း သူ့ကိုရှင်းရှင်းလင်းလင်း အဖြေမပေးသေးတော့အခက်။



"အင်း လောလောဆယ်တော့ ငါနည်းနည်းညစ်နေတယ်၊ လေပြည်နဲ့အဆင်ပြေတယ်ဆိုပေမယ့် အခုအထိ ပြတ်ပြတ်သား သား အဖြေမရသေးဘူး၊ ချစ်လေးကတော့ နည်းနည်းဆိုးတယ်ကွ"

"ဘယ်လိုဆိုးတာလဲ နိုင်းရ"

သူနှင့်လေးလေးကို ကော်ဖီထဲ ဝမ်းနုတ်ဆေးတွေထည့်ကာ ချစ်လေးသူ ဒုက္ခပေးလိုက်ပုံကိုပြောပြတော့ အောင်မော်နှင့် သင်းလင်း ဝိုင်းဟားကြသည်။

"ဟား. . . ဟား တော်သေးတာပေါ့၊ အဆိပ်ခတ်ပြီး တစ်ခါတည်း ပွဲမဖြတ်တာ"

"ဒီပုံနဲ့တော့ မင်း အတော်နိုးစပ်ပြီ ဟား ဟား"

"ဘာလဲ မင်းတို့က လှောင်တာလား၊ စောင့်ကြည့်လိုက် မ်းပါ၊ နိုင်းဆိုတဲ့ကောင်ဘဝမှာ ဘာမဆို လိုချင်တာမရဘူး မရှိ စေရဘူး"

"ငါမေးပါရစေဦးနိုင်း. . . မင်းတကယ်စိတ်ဝင်စားတာ ပန်းလေပြည်လား၊ ချစ်လေးသူလား"

"ငါ့ရင်ထဲမှာငြိနေတာ နှစ်ယောက်စလုံးပဲ"

နိုင်း အဖြေကြောင့် အောင်မော် ခေါင်းကုတ်ကာ သင်းလင်းကို လှည့်ကြည့်သည်။ လင်းလင်းက နှာခေါင်းရှုံ့ကာ ခေါင်းကိုယမ်းပြသည်။

"လေပြည်က ပျော့ပျော့လေးနဲ့ ပညာပြတယ်၊ ချစ်လေး စိတ်ဆတ်တယ်ကွ၊ စရိုက်ဇော့ကမတူပေမယ့် ချောတာတော့

နှစ်ယောက်စလုံးပဲ"

"မရဘူးထင်တယ်နော်၊ မင်း မိန်းကလေးတွေကို အထင်မသေးနဲ့၊ လက်ထပ်ဖို့အထိ မင်းရည်ရွယ်ထားတဲ့သူ တစ်ယောက်တော့ရှိသင့်တယ်"

"ပြဿနာမရှိဘူး၊ ငါ နှစ်ယောက်စလုံးကို ခံစားချစ်နိုင်တာ လက်ထပ်ပါဆိုရင်လည်း အိုကေတယ်"

"ဟော့ကောင် နိုင်း မင်း ပေါ့ပေါ့လေးမပြောနဲ့၊ ဘယ်မိန်းကလေးရဲ့ အသိုင်းအဝိုင်းကမှ လက်မခံဘူး၊ မင်းမှတ်ထားဖို့က မိန်းကလေးတွေက အချစ်ကြီးတယ်နော်၊ မုန့်တစ်ခုကိုပဲ ဝေစားမယ်၊ အချစ်ကိုတော့ ဝေမျှမချစ်ဘူးဆိုတာ မင်းကြားဖူးမှာပါ"

"ဟုတ်တယ် နိုင်း၊ ဒါ ပုံမှန်မဟုတ်ဘူးနော်၊ တစ်ပြိုင်နက်တည်းမှာ နှစ်ယောက်စလုံးကို မင်းချစ်နိုင်တာလည်း အချစ်စစ်မဟုတ်ဘူး၊ ဒါကိုသိတာနဲ့ ဟိုဘက်က မင်းကိုဖိုက်ကြမှာပဲ၊ စက်ရုပ်တွေမှမဟုတ်တာ၊ နှလုံးသားခံစားချက်နဲ့ လူတွေကွ"

"ငါ့ရင်ထဲမှာလည်း နှစ်ယောက်စလုံးကို ခံစားလို့ရနေတာကွ၊ ပြီးတော့ ငါ့စိတ်က ဘယ်အရာမဆို နှစ်ခုမှဆိုတာ မင်းတို့သိပါတယ်"

"အေး. . . မင်းဘာသာ ကျန်တာမှာ လောဘစိတ်ထားလို့ရတယ်၊ ဒီကိစ္စမှာတော့ ဘယ်လိုမှ မဖြစ်နိုင်တာသေချာတယ်"

"ကွိုင်ပဲ. . . ငါ့နှလုံးသားက နှစ်ယောက်စလုံးကိုချစ်လို့ရနေတာ ဘယ်လိုလုပ်မလဲ၊ ကဲ မင်းတို့ပြော"





"သေလိုက်. . . တစ်ယောက်မှ မရဘဲနဲ့ မင်းသေလိုက်နိုင်း"

အောင်မော်က စိတ်မရှည်နိုင်တော့သလို ခပ်ပြင်းပြင်းလေး သူ့ကိုနှိပ်ကွပ်ပါသည်။ နိုင်း မျက်နှာကြီး ရှုံ့မဲ့သွားရင်း. . .

"အကြံလေးများ ရမလား မင်းနဲ့တိုင်ပင်ပါတယ်၊ အလွတ်ကြီး နှိပ်ကွပ်နေပါလား"

"ဟုတ်တယ်လေ. . . ကျောင်းတုန်းကလို မင်းရည်းစားတွေ မရှုပ်တော့ဘူး၊ တည်ငြိမ်သွားပြီလို့ ငါတို့ထင်ထားတာ၊ အခုမင်းလုပ်ရပ်က ပိုဆိုးနေတယ်"

"ငါ ရည်းစားတွေ ဘယ်လောက်ပဲထားခဲ့ပါစေ အဲဒီမိန်းကလေး ထိခိုက်နစ်နာအောင် တစ်ခါမှ မလုပ်ခဲ့တာ မင်းတို့သိပါတယ်၊ အခုလည်း လေပြည်နဲ့ ချစ်လေးကို ငါထိခိုက်နစ်နာအောင် ဘာမှမလုပ်ဘူးဆိုတာ မင်းတို့ယုံ"

နိုင်းရဲ့စကားကိုတော့ သူတို့လက်ခံပါသည်။ ကျောင်းမှာတုန်းကတော့ နိုင်းရဲ့ရုပ်ရည်နှင့် စတိုင်လ်ကို ကောင်မလေးတွေ စွဲလမ်းကြသည်။ နိုင်းအနားမှာ မဆွတ်ခင်က ညွတ်ချင်ကြသူတွေ အများကြီးဖြစ်ခဲ့သည်။

နိုင်းကလည်း ချောသော၊ လှသော မိန်းကလေးတွေကို နှစ်သက်တတ်သူပီပီ တွယ်ငြိလွယ်ခဲ့သူပါပဲ။ ပြီးတော့ လွယ်ကူစွာလည်း စွန့်ခွာဖို့ဝန်မလေးခဲ့သူ ဖြစ်သည်။

"နိုင်း. . . မင်းကို ငါအကြံပေးချင်တာ အခု မင်းနှစ်သက်

နေတဲ့ မိန်းကလေးနှစ်ယောက်ထဲက မင်းအငြိုဆုံး၊ အချစ်ဆုံး တစ်ယောက်ကိုရွေးကွာ၊ ပြီးရင် မင်းကြိုးစား၊ မိန်းကလေးတွေအ ဘာကြိုက်တတ်တယ်ဆိုတာ မင်းက ငါတို့ထက်ပိုသိပါတယ်"

လင်းလင်းစကားကို နိုင်း ငြိမ်သက်စွာ နားထောင်နေရင်း ခေါင်းညိတ်သည်။

"ဟုတ်တယ်၊ ချစ်လေးက စိတ်ဆတ်တော့ သူ့ကို ငါချော့ မော့ပြီ ဝင်ရမယ်၊ လေပြည်ကတော့ ပြဿနာမရှိပါဘူး။ ဘာပဲ ဖြစ်ဖြစ် မိန်းမတွေက ဟီးရိုးဆန်တာကို နှစ်သက်ကြတယ်"

"ဘာလဲ. . . ဟီးရိုးဆန်အောင် မြင်းစီး၊ လှံထိုး၊ ဓားခုတ် တွေ မင်းသွားလုပ်ပြမလို့လား နိုင်း"

လင်းလင်း တမင် အမြင်ကပ်လာတာမို့ ဝင်ဖောက်တော့ နိုင်းမျက်နှာကြီး ရှုံ့ကျသွားရင်း. . .

"တော်ပြီကွာ. . . မင်းတို့နဲ့ ဆွေးနွေးရတာ အဆင်မပြေ ဘူး။ ဘာပဲဖြစ်ဖြစ် ငါ့လေးလေးကမှ နိပ်ဦးမယ်၊ မနက်ဖြန်ကျရင် လေးစိုးကိုခေါ်ပြီး ချစ်လေးတို့ဆီသွားရမယ်"

နိုင်း ကြိမ်းဝါးနေတာကိုကြည့်ရင်း လင်းလင်း နှာခေါင်း ရှုံ့သည်။ နိုင်းဆိုသည့် နိုင်းနဝဒေးကို ဘယ်လိုမှ ပြောလို့ရမည် မထင်။

တစ်ချိန်တည်း၊ တစ်ပြိုင်နက်တည်းမှာ မိန်းကလေး နှစ်ယောက်ကို ကြိုးစားနေတာတော့ သူတို့လက်ခုပ်မတီးနိုင်ဖ မဖြစ်သင့်ဟုလည်း ထင်သည်။ ဘယ်အရာမဆို နှစ်ခုမှာ





ကြွေးကြော်နေသော နိုင်း။

သူထင်သလို ဖြစ်လာမည်လားဆိုတာတော့ သူတို့စောင့် ကြည့်ရုံပဲ ရှိသည်။

နိုင်းကတော့ သူ့ယုံကြည်ချက်တွေ ခိုင်မာနေသလိုမျိုး။ စောင့်ကြည့်ချင်သေးတယ် နိုင်းနဝဒေး။

◆ ◆ ◆

## အခန်း (၁၁)

လေးစိုးကတော့ ရွှေပြည်သာကိုသွားမည်ဆိုလျှင် တက်ကြွ
နေတတ်တာ လူငယ်လေးတစ်ယောက်အတိုင်း။ အခုလည်း ညက
သူပြောထားပြီးကတည်းက နိုးနေတာ အစောကြီး၊ ဘယ်တုန်းက
မှ စောစောစီးစီး မထဖူးသည့် လေးလေး မနက်ခုနစ်နာရီမထိုးခင်
ရေမိုးချိုး အဝတ်အစားလဲပြီးနေသည်။

"မြန်မြန်လုပ်ပါ နိုင်းရာ၊ ခုနစ်နာရီကျော်နေပြီကွ"

"အစောကြီးရှိပါသေးတယ် လေးစိုးရာ၊ ကော်ဖီလေး
ဘာလေးသောက်ပါရစေဦး"

"လမ်းကျမှ မင်းစားချင်တာ ငါကျွေးမယ်ကွာ၊ လာ
အောင်"

လေးလေးကိုကြည့်ကာ နိုင်း သနားလည်း သနားသည်
ရယ်လည်းရယ်ချင်သည်။ အန်တီမာ ရောဂါကို လေးလေးရင်
ထည့်ပေးလိုက်မိတာ မှားပြီလား။

ဦး:မိုး:၀၁၆၀



အန်တီမာကသာ လေးလေးကို ငြင်းပယ်လိုက်လျှင်
လေးစိုးတော့ ရောဂါတွေတိုးနိုင်သည်။ မဖြစ်သေး။ လေးလေးရဲ့
ကိစ္စ အဆင်ပြေအောင်တော့ သူ အသည်းအသန် ကြိုးစား
အကောင်အထည်ဖော်ပေးရမည်။

"ဟေ့ကောင်. . . နိုင်း"

"အာ. . . ဘာလဲ လေးစိုးရာ၊ ဒီမှာ ကားမောင်းနေတာ
ကို ဘာလို့ အထိတ်တလန့်လုပ်ရတာလဲ"

"ဟ. . . မင်းက ဒီလောက်ကပ်ပြီး ပြောနေတာကို မကြား
ရအောင် အာရုံတွေ ဘယ်ရောက်နေတာလဲ"

"ဆောရီး လေးစိုးရာ၊ ကျွန်တော် လေးစိုးကိစ္စတွေးနေ
မိလို့ပါ"

"မယုံဘူး ဟေ့ကောင်၊ မင်းအာရုံတွေ ပန်းလေပြည်ဆီ
ရောက်နေတာလား၊ ကြည့်လည်းလုပ်ဦးနော် အခု ငါတို့သွားနေတာ
ရွှေပြည်သာ ချစ်လေးသူဆီနော်"

"ကျွန်တော်သိတယ် လေးစိုးရဲ့၊ အန်တီမာဆီပါ၊ ဒီမှာ
ဘကယ်လို့ အန်တီမာက လေးစိုးကို လက်မခံဘူးဆိုရင် လေးစိုး
ဘယ်လိုနေမလဲ"

"ဟာကွာ. . . မင်းပါးစပ်ပုပ်ကြီးနဲ့ ဖွဟဲ့. . . လွဲပါစေ
ယ်ပါစေ"

လေးလေးမျက်နှာကြီး ချက်ချင်းညိုးသွားတာကြည့်ရင်း
ရောဂါအနေအထားကို နိုင်း တွက်ဆမိပါသည်။ လေးလေး အခြေ

ဦး:မိုး:၀၁၆၀

အနေက တကယ့်ကို ရောဂါသည်းနေသည့် အနေအထား။

"ကျွန်တော်သိတယ် လေးစိုး မလွယ်ဘူး"

"အေးကွာ. . . တူဝရီးချင်း မရှက်မကြောက်ဝန်ခံပါတယ် အမာကို ငါအရမ်းချစ်သွားတယ်၊ အမာကိုမရရင် ငါသေနိုင်ထယ် နိုင်း"

"ဟား. . . ရောဂါက ကျွမ်းနေတာပဲ၊ ဒါကြော လေးလေး နှာခေါင်းကြီး ပိုချွန်လာတာ၊ ဟား. . . ဟား"

နိုင်း ဟားတိုက်ရယ်ပေမယ့် လေးလေးခမျာ ပြုံးတော မပြုံးနိုင်ရှာပါ။

နိုင်းကားကို စတိုးဆိုင်တစ်ဆိုင်ရှေ့မှာ ထိုးရပ်လိုက်တော လေးလေး မျက်မှောင်ကြီး ကုပ်သွားရင်း သူ့ကိုကြည့်သည်။

"ဘာလုပ်ဦးမှာလဲကွာ"

"ဝယ်စရာရှိလို့. . . ခဏလေးစောင့်"

လေးလေး မကျေမနပ် မျက်နှာကြီးနှင့် ကားပေါ်မှာ ကျန်ရစ်ခဲ့သည်။ နိုင်း ဆိုင်ထဲကိုပြေးဝင်ခဲ့ကာ စိတ်ကူးမိသ အတိုင်း အလှဆုံးဝတ်စုံတစ်စုံကို ဝယ်ခဲ့သည်။

"မင်းကွာ. . . ဘာတွေလျှောက်ဝယ်နေတာလဲ၊ ဒီ ရှစ်နာရီတောင်ထိုးနေပြီ"

သူပြန်လာလာချင်း လေးလေးက အလိုမကျသော မျက် ကြီးနှင့် ဆီးကာဟောက်ပါသည်။ လက်ထဲက လက်ဆွဲအိတ် လေးလေးပေါင်ပေါ်ပစ်တင်ရင်း. . .





"ဘာဝယ်သလဲအရင်ကြည့်၊ ပြီးမှ သိချင်တာဆက်မေး လေးစိုး"

သူ ကားကိုမောင်းထွက်ခဲ့တော့ လေးလေးက အိတ်ထဲ မှ ပစ္စည်းတွေကို ထုတ်ကြည့်သည်။ မန္တလေး ကြိုးချိတ်လုံချည်နှင့် ဝမ်းဆက်ချုပ်နိုင်သော ပိတ်စကိုမြင်တော့ လေးလေး မျက်မှောင် ကြီးကုပ်ပြန်သည်။

"မင်း. . . ကောင်မလေးအတွက်လား၊ ဒီလောက်ခေတ် ဆန်တဲ့ကောင်မလေးက ဒီပုံစံတွေ ကြိုက်ပါ့မလားကွာ"

"ဟား. . . ကျွန်တော် ဒီလောက်အထိ မတုံးမအပါဘူး၊ ချစ်လေးအတွက် ဘာမှမဝယ်ဘူး၊ ကျွန်တော်ဝယ်ပေးလည်း သူ မယူဘူးဆိုတာသိတယ်၊ ဒါ အန်တီမာအတွက်"

"ဟေ. . . အမာအတွက် ဟုတ်လား"

"နှာခေါင်းကြီးချွန်မသွားနဲ့ဦး၊ စိတ်ထိန်း၊ စိတ်ထိန်း လေးစိုး"

"ဟာကွာ. . . တဆိတ်ရှိ ဒီနှာခေါင်းပဲ ခလုတ်တိုက်နေ တာပဲ၊ အင်း ဒီဝတ်စုံလေးနဲ့ဆို အမာနဲ့လိုက်မှာကွ၊ အရမ်းကျက်သ ရေမင်္ဂလာရှိမှာ"

"လေးစိုးမျက်နှာကို အခုလို မင်္ဂလာရှိရှိနေဖို့ပဲ လိုတော့ တယ်၊ စောစောကမျက်နှာကြီးနဲ့ဆို အန်တီမာ အတော်စိတ်ပျက် သွားမှာ သေချာတယ်"

"အဟီး. . . မသိဘူးလေကွာ၊ မင်းက ဘာမှမပြောဘဲ

ဆိုင်ထဲဝင်သွားတာကိုး"

"အဲဒါ လေးစိုးအတွက်လေဗျာ"

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ ငါ့တူလေးကို အရမ်း
တွေးရှုတင်တယ်၊ လေးလေးတောင် မတွေးမိတဲ့ စိတ်ကူးထွ
တော်လိုက်တာနိုင်းရာ"

လက်ဆွဲအိတ်လေးကို ပွေ့ပိုက်ကာ လေးလေးမျက်နှာပြုံး
ရွှင်ပြုံးလို့နေသည်၊ နိုင်းကတော့ တားကိုမောင်းနှင်ရင်း အန်တီ
ရဲ့ ကြည်နူးဝမ်းသာသွားမည့်မျက်နှာကို မြင်မိသည်၊

အင်း. . . လေးလေးအတွက်ကတော့ လမ်းကဖြူ
သည်၊

သူ့မှာသာ ချစ်လေးသူရဲ့မျက်နှာကိုမြင်ကာ လူက ခပ်
တွန့်ဖြစ်ချင်သည်၊ ဒီတစ်ခါ ကော်ဖီခွက်ထဲ ရက်ရက်စက်စ
ဝမ်းနှုတ်ဆေးတွေ ထည့်လိုက်ရင်တော့. . .

ချစ်လေးရယ် မရက်စက်လိုက်ပါနဲ့၊ ကျီစားမယ်ဆို
မင်းကျွေးတဲ့အဆိပ်ကိုတောင် ကိုယ် ပြုံးပြုံးကြီး သောက်ပြရဲတယ်

မင်းလေးက သေစေချင်တယ်ဆိုရင်ပေါ့၊

◆ ◆ ◆



"အို. . . အားနာစရာ ကိုစိုးတင့်ရယ်"

လေးလေးပေးသော ဝတ်စုံလေးကို အန်တီမာ သဘော
ကျနေတာတော့ သိပ်ကိုသေချာပါသည်၊ လေးလေးမျက်နှာကြီးက
လည်း ကြည်နူးစွာ ရွှင်ပြုံးလို့နေ၏၊

"အားနာစရာမဟုတ်ပါဘူး အမာရယ်၊ ကိုယ်က ဒီဝတ်စုံ
လေးကို တွေ့လိုက်တော့ အမာနဲ့ဆို ကျက်သရေရှိ လိုက်ဖက်မယ်
ထင်ပြီး ဝယ်လာခဲ့တာပါ၊ ကိုယ့်စေတနာကို လက်ခံပါနော်"

ကြည့်စမ်း ဒီလိုကျတော့လည်း လေးလေးနှုတ်က စကား
တွေ ဘယ်လိုတတ်မြောက်နေသည်မသိ၊ နံဘေးမှာကပ်ပြီးရှိနေ
သည့် သူ့ရှေ့မှာတောင် လေးလေး ခပ်တည်တည်ညာပြီးနေတာ၊

အင်း. . . ယောကျ်ားမာယာ မန်ကျည်းကိုးပင်နှောက်
တယ်ဆိုတာ နိုင်း ယုံချင်သွားသည်၊

နိုင်းမျက်ဝန်းတွေက အခန်းထဲကို တကြည့်ကြည့် ဖြစ်နေ
တာကို သတိထားမိသော အန်တီမာက နွေးနွေးကလေးပြုံး
ရင်း. . .

"သူလေးမရှိဘူး နိုင်းရဲ့၊ တောင်ငူက သူ့အမေလာလို့ သေမနေ့ကတစ်ရက်ပဲနေတာ အခုပြန်လို့ ကားဂိတ်ကိုလိုက်ပို့ တယ်"

နိုင်း အတော်ပဲနောင်တရသွားသည်။ ချစ်လေး မိခင်ရောက်လာတာကိုတောင် မသိလိုက်တာဆိုးသည်။ သိလျှင် ဒီရက်တွေမှာ သူ ချစ်လေးဆီရောက်အောင်လာဖြစ်မှာ သေချာသည်။

မတော်ရသေးသော ယောက္ခမကြီးကို ဘုရားလိုက်ပို့ရင်း ချစ်လေးသူနှင့် ကျွမ်းဝင်ခွင့်ရနိုင်မည့် အခွင့်အရေး လွတ်သွားခဲ့သည်။

"အင်း. . . သူလေး ကံမကောင်းရှာပါဘူးကွယ်၊ ဟိုမှာ သူ့မိသားစုက အဆင်သိပ်မပြေဘူး၊ အခုလည်း သူလေးအဖေအလုပ်ငန်းခွင်ထဲမှာ မတော်တဆဖြစ်ပြီး ခြေထောက်ကျိုးသွားတယ်လေ၊ အဲဒါကြောင့် အတော်ကသိလင်တဖြစ်နေတာ၊ သူလေးအောက်မှာက မောင်နှမနှစ်ယောက်ရှိတယ်၊ ကျောင်းနေတဲ့အရွယ်ဆိုတော့ တာဝန်ကမသေးဘူးပေါ့၊ အခု ဒီတာဝန်တွေ သူလေးအပေါ် ပုံကျလာပြီလေ၊ အစ်မကြီးတော့ အမိရာတဲ့၊ သူလေးခမျာ နောက်နှစ်ကျရင် ကျောင်းကထွက်ပြီး အဝေးသင်တက်မယ်တဲ့၊ တောင်ငူက မိဘတွေကို အလုပ်လုပ်ပြီး ထောက်ပံ့ပေးမယ်တဲ့လေ"

အန်တီမာစကားတွေကြားတော့ နိုင်း စိတ်မကောင်းဖြစ်မိတာ အမှန်။ ချစ်လေးသူမျက်နှာလေးကို မြင်ယောင်လာမိပြန်၏။

"အန်တီမာ. . . ချစ်လေး အဝေးသင်တက်ရင်း အလုပ်လုပ်မယ်ဆိုတော့ ဘာလုပ်မှာလဲဟင်"



"အလုပ်တစ်ခုတော့ ရှာနေတုန်းပဲ နိုင်းရယ်"

အန်တီမာက ပင့်သက်လေးရှိုက်ကာ ပြောသည်။ နိုင်းလေးလေးကို လှမ်းကြည့်တော့ လေးလေးမျက်နှာမှာလည်း ချစ်လေးအတွက် စိတ်မကောင်းတာ အထင်အရှား။

"ဒီလိုလုပ်ပါလား အန်တီမာ၊ ချစ်လေး အလုပ်လုပ်ချင်တယ်ဆိုရင် မာမီရဲ့ စက်ရုံမှာ ကျွန်တော် စီစဉ်ပေးပါ့မယ်၊ ချစ်လေးစာမေးပွဲဖြေဖို့ ခွင့်တော ကျူရှင်တက်နိုင်ဖို့ပါ စီစဉ်ပေးပါ့မယ်"

"နိုင်းပြောသလို အဆင်ပြေရင်ကောင်းတာပေါ့ကွယ်၊ အဲသူလေးရဲ့ဆန္ဒကို မေးကြည့်ဦးမယ်လေ"

"ကျွန်တော် စေတနာသန့်သန့်နဲ့ ကူညီပေးတာကိုချစ်လေး နားလည်အောင်ပြောပြလိုက်ပါ အန်တီမာ၊ ဖြစ်နိုင်ရင်ကျွန်တော်ကူညီတာ သူမသိပါစေနဲ့"

အန်တီမာ ခေါင်းညိတ်ရင်း နိုင်းကိုကြည့်သည်။ ပြီးမှဘာမှညှိမခံရသေးတာကို သတိရသွားပုံနှင့်. . .

"ဟယ်. . . စကားတွေပြောရင်း ညှိခံဖို့မေ့နေပြီ၊ ခဏလေးနော် ကော်ဖီနဲ့မုန့် သွားယူဦးမယ်"

"ဟာ. . . ဟို. . . ဟို"

"အ. . . အမာ ကိုယ်တိုင်ဖျော်မှာလားဟင်"

နိုင်း တွန့်ခနဲဖြစ်သွားသလို လေးလေးကလည်း အန်တီမာကို တွန့်ဆုတ်ဆုတ်မေး၏။

"အင်း. . . ကျွန်မဖျော်ပေးမှာပါ၊ ဘာ. . . ဖြစ်လို့လဲဟင်

ကိုစိုးတင့်"

"ဟို. . . ဟို ဘာမှမဖြစ်ပါဘူး၊ ကော်ဖီဆို ကိုယ်တို့ထ ခါးခါးကြီးမကြိုက်လို့ပါ၊ ချိုစိမ့်လေးပဲလုပ်ပါနော်"

"ဒါတော့ ကျွန်မနဲ့အကြိုက်တူတယ်၊ သူလေးက ချိုဆိမ့် မကြိုက်ဘူး၊ ကျစိမ့်မှ၊ အကျရေများများနဲ့ ခါးသက်မှတဲ့လေ၊ စိတ်ချ မှာ စပါယ်ရှယ်ဖျော်ခဲ့ပါ့မယ်"

အန်တီမာပြောရင်း မီးဖိုထဲဝင်သွားတော့မှ နိုင်းနှင့် လေးလေး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပင့်သက် ရှိုက်မိသည်။

"မင်းဟာလေးရှိရင် ငါတို့မလွယ်ဘူး၊ အခုတော့ အမာ ကိုယ်တိုင်ဖျော်ပေးမှာတဲ့ နိုင်းရ၊ စိတ်ချလက်ချသောက်၊ မင်းရဲ့. . . ချစ်. . . ချစ်. . . အာ"

ရှေ့မကြည့်နောက်မကြည့် ပြောနေသော လေးလေး ပေါင်ရင်းကို နိုင်း ဆွဲလိမ်ပစ်လိုက်ရသည်။ မလိမ်လို့လည်းမဖြစ်။ အိမ်ထဲဝင်လာသော ချစ်လေးသူကို ကျောပေးထိုင်နေသော လေးလေးက မမြင်ဘဲ. . .

"ဘာ. . . ဘာလဲကွ နာလိုက်တာ၊ အီး"

သူ မျက်နှာရိပ်မျက်နှာကဲပြမှ လေးလေး နောက်ကိုလှည့် ကြည့်သည်။ မာတင်းတင်း ချစ်လေးသူကိုမြင်တော့ လေးလေး မျက်လုံးကြီး ပြူးသွားသည်။ ပြီးမှ မျက်နှာချိုသွေးပြုံးရင်း. . .

"ဩော်. . . အဟင်း တူမကြီး ပြန်. . . ပြန်လာပြီလား"





"ဟုတ်ကဲ့. . . ဘာဘကြီး"

တမင်ရွဲ့ကာဆိုသွားသော ချစ်လေးသူ အခေါ်အဝေါ် ကြောင့် လေးလေးမျက်နှာက ခရမ်းချဉ်သီးမှည့်ကြီး အညှစ်ခံရ သလို ရှုံ့တွသွားသည်။ ချစ်လေးသူက ဒိုင်းခနဲ မျက်စောင်းလေး တစ်ချက်ပစ်ကာ နိုင်းကို ကြည့်သွားသေးသည်။

"ဒုက္ခပဲ. . . ကောင်မလေး အိမ်ခန်းထဲဝင်သွားပြီ၊ မ်းနှုတ်ဆေးတွေ သွားထည့်ရင် ပြဿနာပဲ"

လေးလေး ထိတ်လန့်စွာပြောသလို နိုင်းလည်း စိုးရိမ်သွား ခဲ့သည်။ တစ်ခါသေဖူး ဖျဉ်ဖိုးနားလည်နေခဲ့ပြီ။ ချစ်လေးသူကြောင့် သူနှင့်လေးလေးတို့ ခံခဲ့ရတာ မသေရုံတမယ်ပါပဲ။

"ဟယ်. . . သူလေးပြန်လာပြီလား၊ ကားပေါ်အထိ အစ်မ ကို တင်ပေးခဲ့ရဲ့လားကွယ်"

"ကားထွက်မှ ပြန်လာတာပါ ဒေါ်လေးမာရဲ့၊ ဧည့်ခန်းမှာ ဝေါ်တူဝရီးရောက်နေတယ်"

"ရှူး. . . တိုးတိုးပြောပါ သူလေးရယ်၊ ဒီမှာ ကော်ဖီ သောက်ချင်တယ်ဆိုလို့ ဖျော်ပေးနေတာ၊ ဟင် ဒီဝမ်းနှုတ်ဆေး ပုလင်းက ဘာဖြစ်လို့ သကြားပုလင်းနား ရောက်နေရတာလဲ"

ဒေါ်လေးမာ ရေရွတ်တော့ ချစ်လေး နှုတ်ဆိတ်ကြိတ်ပြုံး မိသည်။ ဟိုနှစ်ယောက်ကို ဒုက္ခပေးတုန်းက ချစ်လေးယူခဲ့ပြီး ပြန်မထားမိတာကြောင့်ဆိုတာ အန်တီမာမသိ။

"သူလေးပြီးရင်လာခဲ့ဦး၊ ဒေါ်လေးမာ ပြောစရာရှိတယ်"

"မလာချင်ပါဘူး။ ဒီမှာရေမိုးချိုးရင်း ခေါင်းလျှော်မယ်" ဒေါ်လေးမာညှော်သည်တွေကို ဒေါ်လေးမာဘာသာ ညှော်ခံတော့"

ပြောပြီး ချစ်လေးသူ အခန်းထဲဝင်ကာ အဝတ်အစားလဲလိုက်သည်။ ဒေါ်လေးမာ ကော်ဖီဗန်းလေးကိုင်ကာ ထွက်သွားတာလည်း မြင်လိုက်သည်။

ချစ်လေး ထွက်မလာလျှင် ဟိုနှစ်ယောက်လည်း ပြန်သွားကြမှာ သေချာ၏။

အိမ်ရှေ့မှာ ကားတွေကတည်းက နိုင်းနဝဒေးတို့တစ်ဝ ရောက်နေတာကို ချစ်လေးသူသိသည်။ အိမ်ပေါ်မတက်သေးဘဲ မိုးနားထောင်ရင်း သူတို့စကားတွေကို ကြားခဲ့သည်။

ဒေါ်လေးမာကို ဟိုလူကြီး လက်ဆောင်ပေးတာရော ချစ်လေးရဲ့ မိသားစုအပူတွေကို ဒေါ်လေးမာ ပြောပြနေတာပါ ကြားသည်။ နိုင်းနဝဒေးက ချစ်လေးရဲ့ အလုပ်ကိစ္စကို အကူအညီ ပေးမည်တဲ့။

သူကူညီပေးတာကိုလည်း ချစ်လေး မသိစေချင်ပါဘူး ဒေါ်လေးမာကို ညာခိုင်းနေသေးသည်။

ချစ်လေးလက်မခံမှာစိုးလို့ ထင်သည်။ ဘာပဲဖြစ်ဖြစ် အလုပ်တစ်ခုရမည်ဆိုခြင်းအတွက် ချစ်လေး ဝမ်းသာမိသည်။ အလုပ်လည်းရ ကျောင်းအတွက်လည်း အဆင်ပြေဖို့ဆိုတာ မလွယ်ပါ။

ဒီတစ်ခါတော့ နိုင်းနဝဒေးကို ကျေးဇူးတင်မိသည်။





ဒေါ်လေးမာပြောလာလျှင်တော့ ချစ်လေးလက်ခံဖို့ စဉ်းစားပြီးပြီ။

စေတနာနဲ့ ကူညီပေးသော နိုင်းနဝဒေးအပေါ်မှာလည်း ချစ်လေး ရန်စတွေမပွားချင်တော့ပါ။ တွေ့စက မောက်မာမည် ထင်ခဲ့သော နိုင်းနဝဒေးသည် တကယ်တမ်းကျတော့ မာန်မာန ကင်းစင်တာ ချစ်လေးသိခဲ့ပြီ။

ဝမ်းနှုတ်ဆေးကိစ္စမှာပဲ သည်းခံပြီး ဒေါ်လေးမာကိုမတိုင်ဘဲက နိုင်းရဲ့သည်းခံခွင့်လွှတ်မှုကို သိနိုင်သည်။

ရှင့်ရဲ့စိတ်ဓာတ်ကိုတော့ ကျွန်မ လေးစားအထင်ကြီးသွားဘာ ဝန်ခံပါတယ် နိုင်းနဝဒေး။

◆ ◆ ◆

## အခန်း (၁၂)

ဒီအိမ်ကြီးတစ်အိမ်လုံးမှာ လေပြည် သဘောအကျဆုံးက ဒုတိယထပ်က ဝရန်တာလေးကိုပဲ ဖြစ်သည်။

ဝရန်တာလေးမှာရပ်ပြီး ခြံဝင်းထဲက သစ်ပင်ပန်းပင်လေးတွေ၊ မြက်ခင်းပြင်စိမ်းစိမ်းနှင့် ရေကူးကန်ပြာပြာလေးကိုပါ အပေါ်စီးက မြင်နိုင်သည်။ ညင်းသွဲ့သွဲ့လေပြည်ထဲမှာ သင်းပျံ့သော ပန်းရနံ့လေးတွေ ရောနှောသည့်လေကို ရှူရှိုက်ရတာလည်း လေပြည်အတွက် အရသာတစ်ခု ဖြစ်နေသည်။

ဝရန်တာလေးမှာ တစ်ယောက်တည်းရပ်ရင်း အတွေးတွေ ဖြန့်ကျက်မိတိုင်း လေပြည်စိတ်တွေက ဘိုးဘိုး၊ ဘွားဘွားတို့ ခြံဝင်းကြီးကို ပြန်အမှတ်ရမိသည်ချည်းဖြစ်သည်။

စားပင်သီးပင်တွေနှင့် အုံ့ဆိုင်းဝေဆာနေသော ခြံကြီးထဲမှာ ကျောင်းပိတ်ရက်ဆို လေပြည်တို့ သူငယ်ချင်းတွေ ဆုံဖြစ်ကြသည်။ ခြံထဲက မာလကာသီးတွေ၊ ရှောက်ချိုသီးတွေ ခူးစားကြ





တာလည်း ပျော်စရာတွေ။

သက်ထက်နှင့် စွဲမက်တို့ ညီအစ်ကိုတွေက လေပြည်နှင့် ချစ်လေးတို့ စားချင်သည့် အသီးမှန်သမျှ ခူးပေးကြတာတွေ ပြန်တွေးရင်း လေပြည် မျက်ရည်လေး ရစ်ဝိုင်းမိမတတ် ဖြစ်ရစမြဲ။

ပထမနှစ် စာမေးပွဲပြီးလို့ ကျောင်းပိတ်ရက်မှာ ဘိုးဘိုးတို့ ခြံကို သွားနေချင်သည်ဟု မေမေ့ကို လေပြည် ခွင့်တောင်းခဲ့သည်။ ထိုစဉ်တုန်းက မေမေက ခွင့်ပြုခဲ့ပေမယ့် အခုတကယ်တမ်း ကျောင်းပိတ်တော့ လေပြည်ရဲ့ အစီအစဉ်တွေ ပျက်ဆီးကုန်သည်။

ဖေဖေက လုပ်ငန်းကိစ္စတွေနှင့် စင်ကာပူကကုမ္ပဏီကို သွားနေဖို့ဖြစ်လာသည်။ ဘိုးဘိုးနှင့် ဘွားဘွားကလည်း ဘုရားဖူးရင်း ရန်ကုန်ကိုလာကြမည်ဆိုတာကြောင့် လေပြည် ရည်ရွယ်ချက်လေး ပျက်ခဲ့၏။

ဒါလည်း ကောင်းပါသည်။ ဘွားတို့ခြံရောက်တော့ကော လေပြည်တစ်ယောက်တည်း လွမ်းရဦးမှာပါပဲ။

ကျန်တဲ့သူငယ်ချင်းတွေက ပြန်ရောက်လာနိုင်မှာမှ တော့တာ။

ပင့်သက်လေးရှိုက်ကာ လေပြည်ငေးနေခိုက် အခန်းထဲက တင်းနိဖုန်းလေးက မြည်လာသည်။ လေပြည် ဝရန်တာလေးက ပြန်ခဲ့ကာ အခန်းစားပွဲပေါ်က ဖုန်းလေးကို ကောက်ယူလိုက်သည်။

"ဟင်. . . နိုင်းဆီကဖုန်းပဲ"

ဖုန်းနံပါတ်ကလေးကို မြင်မိရုံနှင့် လေပြည် ရင်ထဲ

လှိုက်ခနဲခုန်သည်။ နိုင်းနဝဒေး၏အသံကို ကြားရတော့ ကြည်နူး
ကျေနပ်စိတ်က ရင်ထဲမှာ နွေးခနဲ။

"လေပြည်"

"ဟုတ်ပါတယ် နိုင်း၊ ရှင်ဘာကိစ္စရှိလို့လဲဟင်၊ မမေ စတ်
သွားတယ်"

"ကိုယ်ဆက်တာ လေပြည်ဖုန်းပဲဟာ၊ အခု လေပြည်
ဘာလုပ်နေလဲ"

"စာကျက်နေတာ"

"အဟွန်း"

ဖုန်းထဲက ကြားရသည့် နိုင်း လှောင်ရယ်သံကြော
လေပြည် မကျေမနပ် မျက်နှာလေး မှုန်သွားသည်။

"ဘာလဲ. . . ရှင်က လှောင်သလိုနဲ့ မယုံဘူးလား"

"မယုံတာမဟုတ်ဘူး၊ သိနေတာ၊ အခုလေးပဲ ဝရန်တာ
ရပ်နေပြီး ဖုန်းလာမှဝင်သွားတာကို"

"ဟင်"

လေပြည် အံ့ဩသွားမိသည်။ လေပြည် ဝရန်တာမှာရပ်
တာလည်းသိသည်။ ဖုန်းလာလို့ ဝင်ခဲ့တာလဲ သိသည်ဆိုတော့
ချက်ချင်း ဝရန်တာလေးကို လေပြည် ပြန်ထွက်ခဲ့သည်
"လေပြည်တို့ အိမ်ဝရန်တာလေးမှာ နတ်သမီးတစ်
ရောက်နေတယ်၊ တကယ် အဖြူရောင်ဝတ်စုံလေးနဲ့ နတ်သမီးလေး
လေပြည် ထင်သည့်အတိုင်းပါပဲ။ ခြံရှေ့လမ်းမပေါ်

ဝိုးမိုးစာပေ



နိုင်းနဝဒေးရဲ့ Mark II ကားနက်ပြာကြီး ရပ်ထားသည်။
ကားပြတင်းတံခါးမှာ ဖုန်းဆက်နေသော နိုင်းနဝဒေး။

"ရှင် တော်တော်အရှုးလုပ်တာပဲ၊ ကြည့်စမ်း အိမ်ရှေ့
ရောက်နေမှ ဖုန်းခေါ်ရတယ်လို့"

"ဆောရီး. . . စိတ်မဆိုးနဲ့ကလေးရယ်၊ အိမ်ကိုလာရင်း
ဝရန်တာမှာ နတ်သမီးလေးတွေတော့ ငေးကြည့်နေရင်း အဲဒီ
နတ်သမီးလေးရဲ့ အသံလေးကိုပါ ကြားချင်လို့ပါ"

နိုင်းနဝဒေး စကားသံတွေက မြှောက်ပင့်နေမှန်းသိပေ
မယ့် လေပြည်ရင်ထဲမှာ ကျေနပ်ကြည်နူးနေတာအမှန်။ ရှင်တကယ်
အပြောကောင်းတယ် နိုင်း၊ ဒါကြောင့်လည်း ကောင်မလေးတွေ
ကြွေတတ်တာထင်တယ်။

"လေပြည် ကျောင်းတွေပိတ်ထားလို့ ပျင်းနေပြီလားဟင်"

"တကယ်ပျင်းနေတာ၊ အဘွားတို့ဆီပြန်မလို့ အစီအစဉ်
ပျက်သွားတော့ စိတ်ညစ်နေတာ"

"ဟာကွာ. . . အဲဒီလိုကြီးမလုပ်ပါနဲ့၊ ကိုယ် လွမ်းလို့သေ
သိမ့်မယ်"

"ရှင် တော်တော်အပြောကောင်းတယ်နော်၊ ဒါကြောင့်
မိန်းကလေးတွေ ရှင့်ကို တမ်းတမ်းစွဲသွားတာထင်တယ်"

"ဟာကွာ. . . လာပြန်ပြီ အဲဒီအတိတ်ကြီး၊ ကိုယ်ဝန်ခံခဲ့
ပြီးပြီလေ၊ ရင်ထဲမှာ တစ်ယောက်ပဲရှိနေတယ်လို့"

မယုံချင်ပေမယ့်လည်း လေပြည် မျက်စိမှိတ်ယုံချင်နေမိ

ဝိုးမိုးစာပေ

သည်။

"လေပြည် အခု ကိုယ်လေ လေပြည်ကိုလာခေါ်တာ လေပြည် ပျင်းနေမှာသိလို့လေ၊ ပလာဇာသွားကြမယ်၊ လေပြည် မေမေဆီက ခွင့်တောင်းပြီးပြီ၊ လေပြည်သွားချင်ရင် လိုက်ပို့လို ပါတဲ့"

"ဟင့်အင်း. . . မသွားချင်ပါဘူး"

"ဘာဖြစ်လို့လဲ၊ တစ်ယောက်တည်းနေရတာ ပျင်းတ ဆို၊ ပလာဇာသွားပြီး လေပြည် စိတ်တွေ လွှတ်ပစ်လိုက် စာမေးပွဲရက်မှာ စာတွေကျက်ထားရလို့ လေပြည် သိပ်ပင်ပန် မှာ ကိုယ်သိတယ်"

ဒီလိုအလိုက်တသိ ရှိနေတော့ လေပြည် ကျေနပ်မိ သည်၊ အရင်ရက်တွေက ဖုန်းမဆက်တာ လေပြည် စာမေးပွဲ လားဟုတောင် အလိုလို ဖြည့်နားလည်ပေးမိတဲ့အထိပါပဲ။

"နေဦး. . . လေပြည် ကိုယ်လာခေါ်မယ်"

"အင်း"

ပြောပြီး လေပြည် ဖုန်းလေးပိတ်လိုက်သည်။ ပြီး ရေချိုးခန်းလေးထဲကို ပြေးဝင် ကပျာကသီရေချိုး။ အလှဆုံးအ အစားလေး ရွေးချယ်ဝတ်ဆင်ပြီး စိတ်လိုလက်ရ ပြင်ဆင်နေမိ

ကရင်(မ်)ပတ် ပါးပါးလေးလိမ်း၊ ပေါင်ဒါလေးဖို့၊ ပြီး နှုတ်ခမ်းလေးတွေကို ပန်းရောင်ဖျော့ဖျော့ပဲ တင်လိုက်သည်။

ကျောလယ်လောက်အထိ ရှည်သော ဆံပင်တွေကို

စိုးမိုး၊၀၁ဝမေ



ရွှေရောင်ဆံညှပ်လေးနဲ့ပဲ အနောက်က စုစည်းချည်နှောင်လိုက်သည်။ အားလုံးပြင်ဆင်ပြီးတော့ ကိုယ်လုံးပေါ်မှန်ထဲမှာ လေပြည် ကြည့်မိသည်။

အလှအပတွေကို မမက်မောလှပေမယ့် ဘာကြောင့်များ လေပြည် ပြင်ဆင်နေမိတာလဲ။ ကိုယ့်ပုံရိပ်ကို ကြည့်ကာ ရှက်မိသေးသည်။

လေပြည် အပေါ်ထပ်လှေကားထစ်တွေအတိုင်း ဆင်းလာကတည်းက နိုင်းမျက်ဝန်းတွေ မခွာနိုင်ဘဲ ငေးကြည့်နေခဲ့မိတာဖြစ်သည်။

ပြာလဲ့လဲ့ခရမ်းရောင် ဝမ်းဆက်ကလေးကို ရိုးရိုးကလေး ဝတ်ဆင်ထားပေမယ့် ပန်းလေပြည်ရဲ့ အလှတွေက ရိုးအီမသွားပါ။ နဖူးပြေပြေကလေးနှင့် မျက်နက်ဝန်းလေးတွေက တောက်ပကြည်လင်နေသည်။

ပန်းနုရောင်ဆိုးဆေးဖျော့ဖျော့ နှုတ်ခမ်းလေးက စိုလဲ့နေသည်။ ဘယ်တော့ကြည့်ကြည့် မရိုးနိုင်သော ပန်းလေပြည်ရဲ့ ပုံရိပ်လေးကို နိုင်း မှင်သက်နေခဲ့တာ စက္ကန့်ပေါင်းများစွာပါပဲ။

လည်တိုင်ဝင်းဝင်းလေးမှာက ပလက်တီနမ်ကြိုးလေးနှင့် စိန်ပွင့်လောကက်သီးလေးကြောင့် မဟုတ်ပါဘဲ လေပြည်အလှတွေက ထင်းရှင်းတောက်ပနေခဲ့တာဖြစ်သည်။

"တကယ့် နတ်သမီးလေးပဲ"

"ရှင်နော်၊ လေပြည်ကို မမြှောက်နဲ့"

စိုးမိုး၊၀၁ဝမေ

ပန်းသွေးရောင် နှုတ်ခမ်းလေးနှင့်အပြိုင် ပါးပြင်လေး
ရောင်စဉ့်ပြာသွားခဲ့သည်။

"တကယ်ပြောတာ၊ လေပြည်ကို စိတ်မချနိုင်အောင်
ဖြစ်နေပြီ၊ ကျောင်းမှာ ရည်းစားတွေ ဝိုင်းနေမှာပဲ"

"ရှင့်တုန်းကလိုပဲပေါ့"

လေပြည် မျက်စောင်းလေးထိုးကာ နောက်ပြောင်လို
တာပေမယ့် နိုင်းမျက်နှာ ကွက်ခနဲပျက်သွားတာ ထင်ထင်ရှားရှား

"လေပြည်ရယ်. . . မင်းရည်းစားတွေ ဘယ်လောက်
များ ချစ်သူတစ်ယောက်ပဲရှိစေချင်တယ်၊ အဲဒါ"

"ဟိုးဆရာ. . . ပလာဇာလိုက်ပို့ပေးမယ်ဆိုပြီး ဒီစကား
တွေပဲ ပြောနေရင်တော့ လေပြည် မလိုက်ဘူးနော်"

"ဆောရီးကွာ. . . လေပြည်မကြိုက်ရင် မပြောပါဘူး
သွားစို့နော်"

ဂရုတစိုက်ရှိခြင်းလား၊ လိုက်လျောခြင်းလား မသိ
လေပြည်နှင့် ပတ်သက်လျှင်တော့ နိုင်းနဝဒေး အမြဲတမ်း အ
ပေးတတ်သည်။ ရည်းစားတွေတုန်းက နိုင်းကို အနိုင်ယူနိုင်ခဲ့
သလား လေပြည်မသိပါ။

လေပြည့်အပေါ် သည်လို ဂရုစိုက်အလိုလိုက်ခြင်း
တော့ ကျေနပ်ကြည်နူးမိတာအမှန်။

ကားလေးကို ခြံထဲက မောင်းထွက်လာသည်အထိ
နှုတ်ဆိတ်နေတော့ လေပြည် မနေတတ်တာအမှန်။ စော

ဝိုး:မိုး:ဝ၁၁၉ပ



လေပြည် နောက်လိုက်သော စကားတွေကို တကယ်ထင်ပြီး ခံစား
နေခဲ့တာလားမသိပါ။

အပြာနုရောင် ရှပ်လက်ရှည်နှင့် အနက်ရောင် ဘောင်းဘီ
ကို ဝတ်ဆင်ထားသော နိုင်းကတော့ ဘယ်အချိန်ကြည့်ကြည့်
သပ်ရပ်ရှင်းသန့်နေသည်။ တံခါးဖွင့်မောင်းနေတာမို့ အပြင်ကတိုး
နေသောလေက နိုင်းဆံပင်တွေကို လွင့်နေစေ၏။

ဘေးတိုက်မြင်နေရသော နိုင်းမျက်နှာက အပြစ်ဆိုရက်
စရာမရှိအောင် ချောမွေ့လွန်းသည်။

အရင်လိုမဟုတ်ဘဲ စကားသံတိတ်ဆိတ် တည်ငြိမ်လွန်း
နေတော့ လေပြည် မနေတတ်တော့တာအမှန်မို့. . .

"ရှင်. . . ဘာဖြစ်နေတာလဲ"

"ဟင်. . . ကိုယ်လား ဘာမှမဖြစ်ပါဘူး"

"မညာနဲ့၊ လေပြည်သိတယ်၊ စကားမပြောဘဲနေတာ
မဟုတ်ဘူး"

"ဆောရီးကွာ. . . ပြောစေချင်ရင် ပြောပါ့မယ်"

"မဟုတ်ဘူး၊ အဲဒီလိုမဟုတ်ဘူး၊ စိတ်မပါဘဲနဲ့တော့
လေပြည်ကို ဘယ်မှလိုက်မပို့နဲ့နော်"

"ဘာ. . . မဟုတ်တာ၊ လေပြည်သွားချင်တဲ့နေရာ အကုန်
လိုက်ပို့ပေးမှာ၊ ကိုယ် ဘာမှမဖြစ်ဘူး၊ အဲ. . . ရင်ထဲမှာ တစ်မျိုး
ဖြစ်သွားလို့၊ တစ်ခုခုကို ဆုံးရှုံးရမှာ ကြောက်နေသလိုမျိုး"

လေပြည်ရင်ထဲ စိတ်မကောင်းဖြစ်သွားမိသည်။ လေပြည်

ဝိုး:မိုး:ဝ၁၁၉ပ

နောက်လိုက်မိသော စကားကို သူ အတည်မှတ်ယူသွားမှာစိုးသည်
ကျောင်းမှာ ယောကျ်ားလေးတွေ ဘယ်လောက်ပဲဝိုင်းဝိုင်း လေပြည်
နှလုံးသားက မလှုပ်ခတ်ခဲ့။

နိုင်းနဝဒေးဆိုတဲ့ ရှင်နဲ့ကြမှ လေပြည် ရင်ခုန်တတ်တာ
နိုင်းရယ်၊ ဒါပေမဲ့ လေပြည် အသည်းကွဲမှာကိုလည်း အရမ်း
ကြောက်တယ်၊

"လေပြည် ရည်းစားတွေ ဘယ်နှယောက်တောင် ရှိသ
ဟင်"

"ဟင်. . . ဘာကိုပြောတာလဲ"

"လေပြည် ကျောင်းမှာ ရည်းစားတွေရှိတယ်ဆို"

"အဲဒါ နောက်တာပါ၊ တစ်ယောက်မှ စိတ်မဝင်စားဘ
ဘူး၊ လေပြည်ဦးနှောက်ထဲမှာ ကျောင်းစာတွေပဲရှိတယ်"

"ဟာ. . . တကယ်နော်၊ ကိုယ် ဝမ်းသာလိုက်တာ"

သူ့မျက်နှာ ဝင်းလဲ့ကြည်စင်သွားတော့ လေပြည်ရင်ထဲ
လည်း ချမ်းမြေ့ရသည်၊ နိုင်းနဝဒေးရယ်၊ ကြာရင် လေပြည်နှ
သားက အရည်ပျော်တော့မယ်ထင်ရဲ့၊

ရှင်. . . လေပြည်ကိုတော့ မရက်စက်လိုက်ပါနဲ့နော်၊

◆ ◆ ◆



ပလာဇာရောက်တော့ လေပြည် စိတ်တိုင်းကျဝယ်သမျှ
ိုင်းက ဒိုင်ခံရှင်းပေးသည်၊ ပြီးတော့ အိတ်တွေကို လက်နှစ်ဖက်
ပြည့်ဆွဲရင်း တစ်ချက်လေး မညည်းခဲ့ပါ၊

"လေပြည်. . . ဟောဟိုအရုပ်လေးယူမလား၊ လေပြည်ကို
ိုယ်ဝယ်ပေးမယ်"

အမွေးပွ ဝက်ဝံရုပ်ကြီးကို နိုင်း ဝယ်ပေးသည်၊ ဝက်ဝံ
ုပ်ကြီးကို အနမ်း(Kiss) တစ်ချက်ပေးလိုက်လျှင် I Love You
ုင်းကိုချစ်တယ်)ဟု ပြန်ပြောတာကို လေပြည် သဘောကျမဆုံး၊

"အဲဒီဝက်ဝံကြီးနာမည်ကို လေပြည်သိသလား"

"ဟင်. . . နာမည်ရှိလား၊ ဘာတဲ့လဲဟင်"

"အဲဒီဝက်ဝံကြီးနာမည်က ဒီမှာရေးထားတဲ့အတိုင်းပဲလေ"

ဝက်ဝံကြီးရဲ့ ရင်ဘတ်အကျီက အင်္ဂလိပ်အက္ခရာဂဏန်း
)ကို နိုင်း လိုက်ညွှန်ထိုးပြတော့ လေပြည်မျက်နှာလေး ရဲသွားကာ
ျက်စောင်းလေးထိုးသည်၊

ပလာဇာမှာ စိတ်တိုင်းကျ လည်ပတ်ပြီးတော့ Happy

World ထဲကိုလည်း လေပြည်တို့ ရောက်ခဲ့ကြသည်။

ကစားကွင်းတွေထဲမှာ လေပြည် ကလေးတစ်ယောက်လို စိတ်လွတ်ကိုယ်လွတ် ပျော်နေတော့ နိုင်း နံဘေးမှာ အတူပျော်မွေ ခဲ့သည်။

ညနေစောင်းတော့ နိုင်းက လေပြည်ကို အိမ်အရောက် လိုက်ပို့ပေးသည်။ လက်ဆောင်ပစ္စည်းတွေ၊ အဝတ်အစားတွေ အပွေ့တပိုက်ကြီးနှင့် လေပြည်မျက်နှာလေး ကြည်လင်နေခဲ့သည်။

"ကိုယ်ပြန်မယ် လေပြည်၊ နောက်တစ်ပတ် ဆန်းဆေး ဆုံကြမယ်နော်"

"လေပြည်ဆီ ဖုန်းဆက်လေ၊ ဘိုင့်"

လေပြည်ကို နှုတ်ဆက်ပြီးပြန်ခဲ့တော့ အိမ်မှာ သူ့ကို မျက်မှောင်ကြီးကုပ် စောင့်ကြိုနေသူက လေးလေးပဲဖြစ်သည်။

"မင်း တော်တော်ပျော်လာခဲ့တယ်ပေါ့"

"အာ. . . လေးစိုးကလည်း ပျော်တာပေါ့၊ လေးစိုးတောင် အန်တီမာမျက်နှာမြင်တာနဲ့ အိပ်မပျော်နိုင်ဖြစ်နေသေးတာပဲ၊ ဒီမှာ ပလာဇာ၊ Happy World တော စုံနေတာဗျ၊ ခြေထောက်တွေ တောင် ညောင်းတယ်၊ ဒါပေမဲ့ ညောင်းတော့ညောင်းတာပေါ့ မညောင်းဘူးပေါ့ဗျာ"

လေးလေးမခံချင်အောင် နိုင်း တမင်နောက်ပြောင်ထေ လေ လေးလေးမျက်နှာကြီး မကျေမနပ် ညိုညစ်လာလေလေပါပဲ

"အေး. . . မင်းကတော့ ကောင်မလေးနဲ့ပြုံးနေ၊ ငါ့မှာ

ဦး မြို ၊ ဝ ၁ ၆ ပ



တော့ ဒီနေ့တစ်နေ့လုံး မမခိုင်းတာတွေ ချာလပတ်ရမ်းနေတာပဲ၊ ဘဏ်ပြေးရ၊ ရွှေဆိုင်ပြေးရနဲ့၊ အခုမှ ပြန်ရောက်တာကွ"

"ဒါတော့ လေးစိုးရာ ကျွန်တော်မရှိရင် လေးစိုးတာဝန်ပဲ ဟာ၊ လေးစိုးလည်း အန်တီမာနဲ့ ကြိုက်သွားပြီး အခုလိုလည်ပတ် ကြရင် ကျွန်တော်က တစ်လှည့်ပြန်ကူမှာပေါ့"

"အေးကွာ. . . အမာနဲ့အတူ မင်းတို့လိုလည်ပတ်ခွင့်ရရင် ကောင်းမယ်"

"ဒါဆို လေးစိုး ကြိုးစားလေဗျာ၊ ဒါမျိုးက နောက်ကျလို့ ကောင်းတာမျိုးမဟုတ်ဘူးနော်"

"ဟင်. . . မင်းပဲ လက်ဖက်ကောင်းစားချင် ပလောင် တောင်တက်နှေးရတယ်ဆိုကွ"

"ပြဿနာပဲ၊ နှေးသင်းတဲ့နေရာနှေး၊ မြန်သင့်တဲ့နေရာမြန် ရမှာပေါ့ လေးစိုးရာ၊ တကယ်ပဲ လူပျိုကြီးဖြစ်နေတာ ဒါကြောင့်"

"ရှူး. . . တိုးတိုးပြောပါဟ၊ မမ ကြားသွားဦးမယ်"

"ကြားတော့ ဘာဖြစ်လဲ၊ မာမီကိုယ်တိုင်က တောင်းရမ်း စီစဉ်ပေးမှ လေးစိုး အိမ်ထောင်ကျမှာ"

"ဟာကွာ. . . အဲဒီလိုကြီးတော့ မယူချင်ပါဘူး၊ ငါ့အစွမ်းနဲ့ ငါ ကြိုးစားမှာပေါ့၊ အမာလေးရင်ထဲက အချစ်ကို ငါလိုချင်တာ"

"ကဲ. . . လေးစိုးဘာသာ ရောဂါတက်တော့၊ ကျွန်တော် ရေချိုးဦးမယ်ဗျာ"

စကားဖြတ်ကာ သူ အခန်းထဲဝင်ခဲ့တော့ လေးလေး

ဦး မြို ၊ ဝ ၁ ၆ ပ

တစ်ယောက်တည်း ညှဲခန်းထဲမှာ ကျန်ရစ်ခဲ့ရှာ၏။ ကြီးမှ ဝက်သက်ပေါက်နေသည့် လေးလေးအဖြစ်ကတော့ မလွယ်ပါလား။ ဒါ နိုင်းရဲ့ပယောဂလည်း မကင်းတာအမှန်။

◆ ◆ ◆



## အခန်း (၁၃)

"ကြည့်စမ်းပါဦး သူလေးရယ် လှလိုက်တာ"

နိုင်းရဲ့လေးလေး ဝယ်ပေးသော လက်ကိုင်အိတ်လေးကို ကိုင်ပြီး ကျေနပ်စွာ အပြုံးတွေဝေနေသော ဒေါ်လေးမာကို ချစ်လေး သူ အလိုမကျသလို ကြည့်ရင်း. . .

"ဒေါ်လေးမာကလည်း ဒါတွေကို သိပ်မက်မောတာပဲ"

"ဟဲ့. . . ဒီလိုတော့ ဘယ်ဟုတ်ပါ့မလဲ၊ ဟိုက ခင်မင်လို့ းစေတနာနဲ့ ပေးတာပဲသူလေးရယ်"

"တော်ကြာ. . . လက်ဆောင်တွေကို မက်တဲ့မိန်းမလို့ အထင်ခံနေရဦးမယ်၊ ချစ်လေးတော့ မယူချင်ပါဘူး"

"အို. . . သူလေးရယ် နိုင်းလေး စိတ်မကောင်းဖြစ်နေပါ့ ယ်၊ သူပေးတဲ့လက်ကိုင်အိတ်လေးတော့ သူလေး လက်ခံယူလိုက် ါကွယ်၊ ဒီတစ်ခါတော့ လက်ခံလိုက်နော်၊ နောက်ဆို သူလေးကို င်းပေးရင် ဒေါ်လေးမာ ငြင်းမှာပါ၊ နော်. . . နော်"

နိုင်းနဝဒေးပေးသည့် လက်ဆောင်လက်ကိုင်အိတ်လေးကို

ဒေါ်လေးမာက မယုမှာစိုးသည့်အလား ချော့မော့နေသေးသည်။ ဒေါ်လေးမာကိုကြည့်ကာ ချစ်လေး ခေါင်းလေးခါယမ်းမိ၏။

"အင်း. . . ဒေါ်လေးမာကတော့ ဘာမှမသိဘူး၊ ဟိုဓ ဒီယုန်မြင်လို့ ဒီချုံထွင်နေတာကို၊ ဒေါ်လေးမာက လက်ခံအားပေး နေသလိုပဲ"

"အံမယ်လေး သူလေးရယ် ထွင်စမ်းပါစေ၊ နိုင်းလေးထို မိကောင်းဖခင်သားသမီးက ချုံရှင်းလို့ ထွင်လို့ကတော့ ရှင်းစမ်းပါ စေကွယ်၊ ဒေါ်လေးမာက သဘောတူတယ်"

"ဟင်. . . ဘယ်လို"

"ဟုတ်တယ်လေ. . . ကိုယ့်တူမလေး ကောင်းစားမယ့်ကိစ္စ ကို ဘာသဘောမတူစရာရှိလဲ၊ နိုင်းမျက်လုံးတွေထဲက အဓိပ္ပာယ် တွေကို သူလေးမြင်ရဲ့လား၊ နိုင်းက သူလေးကို စိတ်ဝင်စားနေတာ"

"သိသားပဲ"

"သူလေး အရမ်းကံကောင်းတာပဲ"

"ဟွန့်"

ချစ်လေးသူ နှာခေါင်းလေးရှုံ့ကာ မျက်နှာလေးပါ မဲ့ထွ သွားတော့ ဒေါ်လေးမာက သဘောကျစွာပြုံးရင်း. . .

"အဟင်း. . . အပျိုကြီးလုပ်မယ် ကြွေးကြော်ထားပေမယ့် ဒေါ်လေးတူမလေးကို အပျိုကြီးမဖြစ်စေချင်ပါဘူးကွယ်၊ ထိုက်သင့် တဲ့ ယောကျ်ားနဲ့ ရစေချင်တယ်"

"အံမယ်. . . အခုမှ ဒေါ်လေးမာ ဘာတွေဖြစ်နေတာလဲ





ချစ်လေးသိတယ်နော် ဒေါ်လေးမာကော လေးလေးစိုးဆိုတဲ့လူကြီး မျက်လုံးတွေကို သိရဲ့လား"

ချစ်လေးဆိုတော့ ဒေါ်လေးမာမျက်နှာလေး ရဲရဲနီသွား သည်။ အပျိုကြီး အခုတလော ပြောင်းလဲနေတာ ချစ်လေးသိသည်။ လေးလေးစိုးဆိုသည့် လူကြီးလာလျှင် သနပ်ခါးတွေလိမ်းပြီး ပြင်ဆင်ထားတာ မှန်လို့။

"ဒေါ်လေးအတွက် မစိုးရိမ်နဲ့၊ ဒေါ်လေးမာတို့က လူကြီး တွေ"

"အံမယ်. . . အသက်တွေ တအားမကြီးသေးပါဘူးနော်၊ ဆံဖြူသွားကျိုးတွေမှမဟုတ်တာ၊ ဒေါ်လေးမာ ပြင်ဆင်လိုက်ရင် အပျိုလေးရှုံးတယ်၊ လေးလေးစိုးကြီးကလည်း လာရင် ကျော့မော့ လို့၊ ဒေါ်လေးကို ကြိုက်နေတာများ"

"ဟဲ့ကောင်မလေး"

သူ့အလှည့်ကျတော့ ဒေါ်လေးမာ ရှက်မျက်နှာကြီး နီရဲ လို့။ ချစ်လေးမျက်နှာကိုတောင် ရဲရဲမော့မကြည့်ရဲအောင် ဖြစ်နေ သည်။

"သူလေးရယ်. . . မဟုတ်မဟပ်တွေ မပြောပါနဲ့"

"သိပ်ဟုတ်တာပေါ့၊ ချစ်လေးတို့တူဝရီးကို သူတို့တူဝရီး က ချိန်နေတာလေ"

"မဖြစ်နိုင်တာကွယ်"

ဒေါ်လေးမာ ရှက်ရှက်နှင့် စုံမှိတ်ငြင်းနေသည်။ ချစ်လေး

ကျတော့ နိုင်းလေး၊ နိုင်လေးနှင့် ရှိနေပေမယ့် ကိုယ်တိုင်ကျတော့ မိုးကြိုးပစ်ထန်းလက်ကာနေသလိုပါပဲ။

"ဒေါ်လေးမာက သူလေးနဲ့ နိုင်းလေးကို နီးစပ်စေချင်တယ်၊ ဘာလို့လဲဆိုတော့ နိုင်းလေးက သမီးအတွက် သင့်တော်တဲ့ ယောကျ်ားပါကွယ်"

"ချစ်လေး စိတ်မဝင်စားနိုင်ပါဘူး၊ မိသားစုအတွက် ချစ်လေးမှာ တာဝန်တွေအများကြီးလေ၊ ပညာရေးကလည်း မပြီးသေးဘူး"

"ဒါတွေ ဒေါ်လေးမာသိတာပေါ့၊ ဒါကြောင့် အားလုံး အဆင်ပြေအောင် နိုင်းလေးကို ထိန်းပေးနေတာ"

"ဒေါ်လေးမာပဲ လေးလေးစိုးကြီးကိုထိန်း"

"ဟယ်. . . ဒီကောင်မလေးနော်"

ဒေါ်လေးမာကို ထားရစ်ခဲ့ကာ ချစ်လေး အခန်းထဲဝင်ခဲ့သည်။ ဒုတိယနှစ်အတွက် စာတွေကြိုကျက်ရဦးမည်။ အဝေးသင်တွေပဲ ဖြေမည်ဆိုတော့ ချစ်လေးအတွက် ပိုကြိုးစားမှ တန်ကာကျမည်။

အမေရောက်လာပြီး ပြောပြသော အဖေ့ရဲ့အခြေအနေနဲ့ အိမ်အခြေအနေတွေကြောင့် ချစ်လေး အဝေးသင်ပဲတက်ဖို့ ဆုံးဖြတ်ဖြစ်ခဲ့သည်။ လက်ရှိမှာလည်း နိုင်းနဝဒေးမာမီရဲ့ စက်ရုံမှာ ချစ်လေး အလုပ်ရခဲ့သည်။

နိုင်းက ပြောပြထားမှုနှင့် ဒေါ်လေးညိုကပါ နိုင်းမိခင်ထို့ အသိပေးအကူအညီတောင်းမှုကြောင့် စက်ရုံမှာ ချစ်လေး အဆင်





ပြေပါသည်။

ပင်ပင်ပန်းပန်း အလုပ်မျိုးမဟုတ်သလို စနေ၊ တနင်္ဂနွေ နားခွင့်ရ၏။ လခက ငါးသောင်းကျော်နှင့် အခြားဆုကြေးတွေနှင့်ဆိုတော့ လစဉ် အိမ်ကို လေးငါးသောင်းလောက် ချစ်လေး ထောက်ပံ့နိုင်သည်။

ဒီကျေးဇူးတရားတွေနှင့်တော့ နိုင်းနဝဒေးအချစ်ကို ခေါင်းမညိတ်ချင်ပါ။ အချစ်ဆိုတာက ချစ်လေးနှလုံးသားမှာ မခံစားဖူးသော ဘာသာရပ်တစ်ခုပဲဖြစ်သည်။

ပြီးတော့ အချစ်ကို ချစ်လေး တန်ဖိုးထားချင်သည်။ ဘဝတစ်ခုကိုလည်း အချစ်မပါဘဲနဲ့ မတည်ဆောက်ချင်ပါ။

ဒေါ်လေးမာပြောသလို နိုင်းသည် ဘဝအတွက် ရွေးချယ်သင့်တာမှန်သည်ဆိုပေမယ့် ချစ်လေးနှလုံးသားကိုလည်း အရေးထားချင်သေးသည်။

နိုင်းနဝဒေးဆိုတာ စွဲမက်အောင်လှပတာတော့ မငြင်းချင်။ ချစ်လေးကို ချစ်နေတာလည်း သိသည်။ ဒါပေမဲ့ ချစ်လေးနှလုံးသားကတော့ သူ့ကို ရင်ခုန်ချင်ရဲ့လား။

အတွေးတွေနှင့် ချာလည်ရင်း ချစ်လေး စာကြည့်စားပွဲမှာ ငုတ်တုတ်။ အင်း. . . ကြာရင် မလွယ်ဘူးထင်ပါရဲ့။

အချစ်ဆိုတာ ရင်ထဲကို တငြိမ့်ငြိမ့် စီးမျောတိုးဝင်လာတတ်တဲ့ အရာမျိုးလား နိုင်းနဝဒေးရယ်။ ချစ်လေး သိချင်လိုက်တာ။

◆ ◆ ◆

အခန်း (၁၄)

"အဆင်ပြေရဲ့လား ချစ်လေးသူ"

စက်ရုံကို ရောက်လာတိုင်း နိုင်းတစ်ယောက် ချစ်လေး[illegible] ရောက်လာတာ အမြဲမေးတတ်သည်။ စက်ရုံပိုင်ရှင်သူဌေးရဲ့ သားဆိုသောအသိနှင့် နိုင်းမေးလာလျှင်တော့ ချစ်လေး ပြေရ[illegible]

"အင်း. . . ပြေပါတယ်၊ ကိုနိုင်းနဝဒေး"

"ဟာကွာ. . . နာမည်ကြီးကလည်း"

"အဲဒါ ရှင့်နာမည်ပဲလေ"

"ဟုတ်ပါတယ်၊ မာမီတို့ ဒီနာမည်ကြီး မှည့်ပေးထားတာ[illegible] အပြစ်တင်ရမလိုဖြစ်နေပြီ၊ တောင်းပန်ပါတယ် ချစ်လေးသူ၊ [illegible] လို နာမည်အပြည့်အစုံကြီး မခေါ်ပါနဲ့၊ ကြားရတာနဲ့တောင် ပင်[illegible] လို့ပါ"

ချစ်လေး ရယ်ချင်မိသွားသည်။ ဟုတ်တော့လည်း [illegible] သည်။ သူ့နာမည်က အပြည့်အစုံခေါ်လို့ မကောင်းတာအမှန်[illegible]





"ဘယ်လိုခေါ်ရမလဲ၊ ကို. . . အဲ. . . နဝဒေး"

"အဲဒါ စက်ရုံနာမည်ဖြစ်နေတယ်၊ နိုင်းဆို ရပါပြီ၊ ချစ်လေး သူခေါ်လို့ အဆင်ပြေမှာပါ"

"အင်း. . . ကိုနိုင်းပဲထားပါတော့"

"အိုကေ. . စက်ရုံမှာ ချစ်လေးသူ အဆင်မပြေတာရှိရင် ပြောနော်၊ မာမီကလည်း မှာထားတယ်၊ ချစ်လေးသူ အဆင်မပြေ တာရှိရင် ကူညီပေးပါတဲ့"

"ကျေးဇူးပဲ ကိုနိုင်း၊ ချစ်လေး အဆင်ပြေပါတယ်"

"ဟို. . . ဒီတစ်ပတ်လုံး ကိုယ် စက်ရုံမှာနေပေးရမှာ၊ ချစ်လေးသူ စိတ်အနှောင့်အယှက် မဖြစ်ပါဘူးနော်"

"ဟင်. . . ဘာဆိုင်လို့လဲ၊ မဖြစ်ပါဘူး၊ အဲ ကိုနိုင်း ဘာမှ အနှောင့်အယှက်မပေးရင်ပေါ့"

"ဟင့်အင်း. . . ကိုယ် ချစ်လေးသူကို မနှောင့်ယှက်ပါဘူး၊ ဟို တစ်ခုတော့ရှိတယ် ချစ်လေးသူပြန်ရင် ဖယ်ရီကားတွေ မထွက် သေးတော့ ကိုယ့်ကားနဲ့ လိုက်ပို့ပေးခွင့်ပြုပါ၊ သီးသန့်ကြီးမဟုတ်ပါ ဘူး၊ လမ်းထိပ်အထိပဲ"

"ဆောရီးပဲ ကိုနိုင်း၊ အလုပ်ရှင်သူဌေးကားပေါ် အလုပ် သမား တက်လိုက်သွားတာ မဖြစ်သင့်ဘူး၊ အန်တီဆင့်ဆို ပြဿနာ ရှိုပေမယ့် ကိုနိုင်းက ယောကျ်ားလေးလေ၊ ချစ်လေးသူ သိက္ခာကို ထည့်တွက်ပါဦး"

"အဲဒီအတွက် မပူနဲ့လေ၊ ကိုယ်ပြန်ရင် စက်ရုံက ဦးနီ သောင်းကြီးကိုတောင် အမြဲခေါ်သွားပေးတတ်တာပါ၊ ချစ်လေးသူ

သိက္ခာ မထိခိုက်စေရဘူး၊ ကိုယ့်သိက္ခာကိုလည်း ယုံပါ"

နိုင်းစကားကိုတော့ ချစ်လေး မငြင်းဆိုနိုင်တာအမှန်
စက်ရုံထဲမှာ နိုင်းနဝဒေးရဲ့ စိတ်စေတနာကို အားလုံးက နားလည်
သည်။ စက်ရုံက ဝန်ထမ်းတွေရဲ့ ထမင်းစားဆောင်မှာပဲ အတူစား
တတ်သူ၊ အလုပ်ရှင်အလုပ်သမား မခွဲခြားဘဲ လမ်းကြုံသူတိုင်း
သူ့ရဲ့ကားကြီးပေါ် ဇွတ်ခေါ်တင်တတ်သူဖြစ်သည်။

စက်ရုံက လုံခြုံရေးကြီး ဦးနီသောင်းကိုတောင် ညနေတိုင်း
ကားပေါ်ခေါ်တင်သွားတတ်တာမို့ ချစ်လေးလည်း မငြင်းနိုင်
လိုက်ခဲ့ရတော့သည်။

လမ်းထိပ်အထိလာကြိုတတ်သော ဒေါ်လေးမာ
ချစ်လေး နိုင်းနဝဒေးရဲ့ ကားပေါ် ပါလာတာမြင်တော့ အံ့ဩ
ဝမ်းသာသော မျက်ဝန်းတွေနှင့် မေးလာ၏။

"သူလေးတို့က ဒီအခြေအနေအထိတောင် ရောက်နေ
လား၊ ဒေါ်လေးမာဝမ်းသာလိုက်တာကွယ်"

"ဟင်း. . . ဒေါ်လေးမာက ဘာတွေဝမ်းသာနေတာ
သူ့ကားနဲ့ ချစ်လေး လိုက်လာတာ မကောင်းတတ်လို့ပါနော်၊ သူ
ဇွတ်ခေါ်နေတာ ငြင်းလို့မကောင်းလို့"

"ဩော်. . . သမီးရယ် နိုင်းလေးက စိတ်ရင်းစေတ
မဆိုးပါဘူးကွယ်၊ သမီးကသာ မာနတွေနဲ့ ဘာလို့တင်းနေတာ

ဒေါ်လေးမာပြောတော့ ချစ်လေး နှုတ်ဆိတ်ကာ ငွေ
ကလေးပဲ ကြိတ်ပြုံးနေလိုက်ပါသည်။

◆ ◆ ◆

စက်ရုံကိုလာနေသော တစ်ပတ်အတွင်းမှာ နိုင်းနဝဒေး
က ချစ်လေးသူ့ရဲ့အပေါ်မှာ ရင်းနှီးနွေးထွေးအောင် ဆက်ဆံသည်။

"ထမင်းစားတော့မှာလား ချစ်လေးသူ၊ ကိုယ်လည်း ဗိုက်
ဆာနေတာ အတူစားရအောင်နော်"

ပါလာသော ထမင်းချိုင့်လေးဖြုတ်ကာ ဖွင့်ကာ အဆင်
သင့် ပြင်ဆင်ပြီးမှ ငါးဆင့်စတီးချိုင့်ကြီးကိုင်ကာ ရောက်လာသော
နိုင်းကြောင့် ချစ်လေး ငြင်းရခက်နေသည်။

"ကိုနိုင်း. . . အတူစားမလို့လား၊ သီတာတို့က ဟင်း
မကောင်းဘူးနော်"

ချစ်လေးနှင့်အတူ စားနေကျ မသီတာက အားနာသလို
ပြောပေမယ့် နိုင်းက ထိုင်ခုံမှာဝင်ထိုင်ပြီး ဖြစ်နေသည်။

"ဒီနေ့ ကြာဇံကြော်စားတာလေ၊ ချိုင့်ငါးချိုင့်အပြည့် ထည့်
လာတာ၊ နှစ်ချိုင့်ကို တခြားသူတွေစားဖို့ ပေးလိုက်ပြီ၊ ကျွန်တော်တို့
တစ်ယောက်တစ်ချိုင့် စားလို့ရသေးတယ်"

ပုစွန်တွေ၊ ကြက်အသည်းအမြစ်တွေ အများကြီးနှင့် ကြော်

ထားသော ကြာဇံကြော်ချိုင့်တွေကို ချစ်လေးနှင့် သီတာရှေ့ချပေးရင်း နိုင်းပြောသည်။

"ကိုနိုင်းဘာသာစားပါ၊ အများကြီးပဲ၊ ချစ်လေးတို့ ဘယ်ကုန်မှာလဲ"

"ကုန်အောင်စားကြပေါ့ ချစ်လေးသူရဲ၊ ဘဲဥချဉ်ရေထင်နဲ့ မသီတာရဲ့ငါးပိကြော် ကိုယ်စားမယ်"

ပြောပြောဆိုဆို ချစ်လေးရဲ့ ဟင်းချိုင့်ကို လှမ်းယူထားနိုင်း ဘဲဥဟင်းနှင့် အားပါးတရစားသည်။ ချစ်လေး ဘာမှမပြောသာဘဲ နိုင်းကိုပဲ ငေးကြည့်လို့နေမိသည်။

ချစ်လေးရဲ့ ဘဲဥတစ်လုံးနှင့် မသီတာရဲ့ ငါးပိကြော်တွေကို မာကြွမ်းကြွမ်းထမင်းတွေနှင့်ပဲ အားပါးတရစားနေသောနိုင်းနဝဒေးပုံစံက ဟန်ဆောင်မှုတို့ ကင်းစင်နေသည်။

ချစ်လေးနှင့် သီတာကတော့ နိုင်းကျွေးသော ကြာဇံကြော်တွေကိုပဲ အားပါးတရ စားကြရတာ ဗိုက်လေးတွေ တင်းသွားသည်အထိ။

◆ ◆ ◆



စက်ရုံရဲ့ ရုံးဌာနပိုင်းမှာလုပ်ရသော ချစ်လေးအတွက် ရုံးဆင်းချိန်က ပုံမှန်ညနေလေးနာရီခွဲပဲဖြစ်သည်။ စက်ရုံမှာက အချိန်ပိုဆင်းသည့် စက်ချုပ်ဝန်ထမ်းတွေအတွက်သာ ဖယ်ရီစီစဉ်ပေးထားတာဖြစ်သည်။

ညနေရုံးဆင်းတော့ ချစ်လေးနှင့် နေ့ဘက်ဂိတ်စောင့် လုံခြုံရေး ဦးနီသောင်းကို လမ်းကြုံသည့်နိုင်းက ခေါ်သွားတတ်စမြဲဖြစ်၏။

ဦးနီသောင်းတို့ လမ်းထိပ်မှာ ဦးနီသောင်း ဆင်းသွားပြီးလျှင် နိုင်းက ချစ်လေးတို့လမ်းထိပ်အထိ ဆက်ပို့ပေးသည်။

"ချစ်လေးသူ. . . မနက်ဖြန်ဆို ကျွန်တော် စက်ရုံကို မလာရတော့ဘူး"

နိုင်းဆိုတော့ ဘာကြောင့်မှန်းမသိ ချစ်လေးရင်ထဲမှာ ဟာသွားသလို ခံစားရသည်။ စက်ရုံမှာ နိုင်းရှိနေသော တစ်ပတ်တာလေးမှာ သံယောဇဉ်က ဘာကြောင့် ဒီလောက်အထိ နှောင်တွယ်သွားခဲ့သည်မသိ။

"ချစ်လေးသူကို ကျွန်တော် သတိရနေတော့မှာ သေ
တယ်"

နိုင်းစကားကြောင့် ချစ်လေးလည်း အတူတူပါပဲဟု ရင်
ကပဲ ပြောမိသည်။

"ချစ်လေးသူ. . . ကိုယ်သတိရတဲ့အခါ မင်းကိုလာတွေ့
ရမလားဟင်"

ချစ်လေး ဘယ်လိုဖြေရမှန်းမသိ၊ ခေါင်းညိတ်ဖို့လည်း
မဝံ့ရဲပါ။ နိုင်းမျက်ဝန်းတွေကိုကြည့်ရင်း ခံစားရသည့်ဝေဒနာ
မောစို့စို့။

"ချစ်လေးသူတို့အိမ်ကို ပိတ်ရက်တွေမှာ ကိုယ်လာ
တယ်"

မျှော်လင့်ချက်နဲ့ တောင်းခံနေသော မျက်ဝန်းတွေ
ချစ်လေး မငြင်းရက်တာမို့ ခေါင်းလေးပဲ ညိတ်ပြမိသည်။

"တကယ်နော်. . . ဝမ်းသာလိုက်တာ ချစ်လေးရယ်"

ချစ်လေးရဲ့ ခွင့်ပြုချက်လေးအတွက် ကိုနိုင်း သည်လော
အထိ ကျေနပ်ပျော်ရွှင်သွားခဲ့သည်လား။ တကယ်ဆို ချစ်
လည်း ရုံးပိတ်ရက်တွေမှာ ကိုနိုင်းကို မျှော်လင့်နေရတော့မှာ သေ
နေခဲ့သည်။

နေ့စဉ်ဆုံတွေ့ခဲ့ကြသည့် စက်ရုံမှာတော့ နိုင်းကို သ
စိတ်နဲ့ ချစ်လေးရင်တွေ မောပန်းရဦးမှာပါ။

ထမင်းစားချိန်တိုင်း၊ ညနေတိုင်းမှာ နိုင်းကို ချစ်

ဝိုး:မိုး:၀၇ေပ



သတိရနေမှာ နိုင်းသိမှာမဟုတ်၊ ဒါ သံယောဇဉ်လား။ ချစ်ခြင်း
လား။ ချစ်လေး မခွဲခြားတတ်ပေမယ့် နှလုံးသားနုနုမှာ နိုင်းဆိုတဲ့
နှင့်ကို တွယ်ငြိခဲ့ပြီဆိုတာတော့။

◆ ◆ ◆

ဝိုး:မိုး:၀၇ေပ

## အခန်း (၁၅)

"ဩော်. . . မင်းက စက်ရုံမှာ တစ်ပတ်လောက်ရက်မပျက်တမ်း နေ့စဥ်သွားနေတာ ဒီမဟာအကြံနဲ့ကိုး"

"ဒါပေါ့ လေးစိုးရဲ့ နေပါဦး လေးစိုးကကော ကျွန်တော့်စက်ရုံလိုက်မယ်ပြောပြီး လစ်ထွက်သွားတာ အန်တီမာဆီမို့လား"

"အဟီး. . . ဒီလိုပေါ့ကွာ"

လေးလေးမျက်နှာကြီး ပြုံးဖြီးဖြီးနှင့် ခေါင်းညိတ်ဝန်ခံသည်။ လေးစိုးအခြေအနေက အတော့်ကို တိုးတက်အဆင်ပြေနေပုံပေါ်သည်။ သူပါမှသွားရဲသော အန်တီမာအိမ်ကို အခုတော့ တစ်ကိုယ်တည်း သွားတတ်နေပြီဖြစ်သည်။

"နိုင်း. . . ပြောစမ်းပါဦး၊ မင်းနဲ့ ချစ်လေးသူ အခြေအနေ"

"အင်း. . . မဆိုးပါဘူး၊ တော်တော့်ကို ကျွမ်းဝင်နေပါပြီ"

"ငါတစ်ခုစိုးရိမ်တယ် နိုင်း၊ မင်း ချစ်လေးသူကို တကယ်ချစ်တာဆိုရင် ပန်းလေပြည်ဆိုတဲ့ ကောင်မလေးကို ဖြတ်လိုက်သင့်တယ်"

စိုးမိုးစာပေ



"အာ. . . မဖြစ်နိုင်တာ၊ လေပြည်နဲ့ ကျွန်တော်က အတော်ခရီးပေါက်နေပြီ၊ လေပြည့်နှုတ်က ဖွင့်မပြောပေမယ့် သူ့မျက်လုံးတွေကို ကျွန်တော်မြင်နေတယ်"

"ဒါဆိုလည်း ချစ်လေးသူကို မင်းရှောင်လိုက်ကွာ"

နိုင်း မျက်မှောင်ကြီးတွန့်ကာ ကြည့်သည်။ လေးလေးဘာကြောင့် သူ့ကို ဇွတ်အတင်းကြီး တားမြစ်နေတာလဲမသိ။

"မင်း တစ်ခုခုကို ရွေးချယ်လို့ရတာပဲ နိုင်းရာ"

"ကျွန်တော် နှစ်ယောက်စလုံးကို ရွေးချယ်ထားတာလေးစိုးရဲ့"

"ဒါ. . . မဖြစ်သင့်တဲ့ကိစ္စမို့ ငါတားနေတာ၊ သူတို့တွေသိသွားရင် ပြဿနာတွေ ရှုပ်ကုန်မှာနော်"

"လေးလေးကလည်း အလကားတွေးကြောက်နေပြန်ပါပြီ၊ နိုင်းက ပိုင်ပါတယ်"

"ပိုင်တယ်မလုပ်နဲ့၊ တစ်ချိန်မှာတော့ သူတို့နှစ်ယောက် မင်းအကြောင်းတွေ ရိပ်မိသွားနိုင်တယ်၊ ဒါဆိုရင် ပြဿနာတွေ အသိတတန်းကြီးနော်၊ မင်းနဲ့ချစ်လေးသူ ပြဿနာတက်ရင် ငါလည်းမကောင်းဘူး"

အခုမှပဲ လေးလေး ဘာကြောင့် စိုးရိမ်နေသလဲဆိုတာ သူ သဘောပေါက်မိတော့သည်။

"ဘာလဲ. . . လေးစိုးက အန်တီမာနဲ့ ပြဿနာတက်မှာ စိုးလို့ပေါ့"

စိုးမိုးစာပေ

"အေးလေ. . . သူတူမနဲ့ မင်း ပြဿနာဖြစ်မှတော့ ငါ သွားပြီပေါ့ကွ၊ တောင်းပန်ပါတယ်နိုင်းရာ မင်းတစ်ယောက်ယောက် ကိုရွေး၊ အဲ. . . ချစ်လေးသူလေးက မဆိုးပါဘူး"

"လေပြည်ကလည်း အရမ်းချစ်ဖို့ကောင်းတယ်၊ သူ ကျွန်တော့်ကို တကယ်ချစ်တာ လေးစိုး"

"ဒါဆိုလည်း အဲဒီပန်းလေပြည်ပဲ ဆက်ကွာ၊ ချစ်လေးသူ ကိစ္စကို တဖြည်းဖြည်း ဇာတ်သိမ်းပစ်လိုက်"

လေပြည်ကို သူ မစွန့်နိုင်မှန်းသိတော့ လေးလေး ချစ်လေးသူဘက် ဦးလှည့်သွားပြန်သည်။ နိုင်းမျက်ဝန်းထဲမှာ ချစ်လေးပုံရိပ်လေးက အရိပ်ထင်လာသည်။

အပြစ်ဆိုရက်စရာမရှိအောင် နုစက်ဝင်းဖန့်နေသော မျက်နှာလေးနှင့် ဆန့်ကျင်စွာ ချစ်လေးရဲ့ ဂျစ်ပေပေ စိတ်ထား လေးက ချစ်စရာကောင်းသည်။ သူ့ရဲ့ ပြည့်စုံချမ်းသာမှုနှင့် အရည် အချင်းတွေကို ဂရုမစိုက်တတ်တာလေးကလည်း သူ နှစ်သက် သော စိတ်ထားလေးပါပဲ။

သူ့ဘက်က အရာအားလုံးလျှော့ကာ ကြိုးစားကြည့်မှ သူ ရဲ့စိတ်ထားလေးကို ထင်းရှင်းကွဲပြားစွာ မြင်ခဲ့ရတာဖြစ်သည်။

ချစ်လေး စိတ်ဓာတ်ကလေး ဘယ်လောက်ပဲ မာကြော စေ နှလုံးသားလေးက မိန်းမဆန်စွာ နုနယ်ပျော့ပျောင်းသူပါ။

"နိုင်း ဘာတွေတွေးနေတာလဲ၊ လေးလေးပြောတာ လက်ခံ တယ်မို့လား၊ ဘာမှမပူနဲ့ ချစ်လေးသူနဲ့ မင်း ဘာမှ စကားတွေ





ကျွံထားတာမှမဟုတ်တာ လေးလေး ဖြေရှင်းနိုင်တယ်"

"ဘာမှဖြေရှင်းစရာကို မလိုတာ လေးလေး၊ ချစ်လေးကို ကျွန်တော် မစွန့်နိုင်ပါဘူး၊ ရင်းနှီးခွင့်ရအောင် မနည်းကြိုးစားခဲ့ရ တာ"

နိုင်းစကားကြောင့် စိတ်ရှုပ်သလို လေးလေး ခေါင်းကို ခါယမ်းသည်။

"ဒုက္ခပါပဲကွာ. . . မင်းပြဿနာတွေကြောင့် ငါနဲ့အမာ တော့ ဝေးကြမယ်ထင်တယ်၊ ဟူး"

"ဘာဆိုင်လို့လဲဗျာ"

"ဆိုင်တာပေါ့ကွာ. . . မင်းက ငါ့တူအရင်း၊ ချစ်လေးသူ ကလည်း အမာသိပ်ချစ်တဲ့ တူမလေ၊ မင်းနဲ့ချစ်လေးသူ ပြဿနာ ဖြစ်မှတော့ ငါလည်းသွားပြီပေါ့ နိုင်းရာ"

ခက်တော့ခက်နေပြီ။ တစ်သက်မှာတစ်ခါ အချစ်ကို ကြုံတွေ့နေသော လေးလေးရဲ့ စိုးရိမ်သောကတွေက ဘယ်လိုမှ ဖျောင်းဖျမရပါလား။

"နိုင်းကိစ္စကို လေးစိုး ဘာမှမပူပါနဲ့၊ နိုင်း နိုင်နင်းတယ်ဗျာ၊ ဒါမှ လေးစိုး စိုးရိမ်နေရင် အန်တီမာကို ပိုင်အောင် အမြန်ဆုံး ကြိုးစား၊ လာမဲ့ဆန်းဒေးကျရင် အန်တီမာတို့ဆီ ကျွန်တော်နဲ့ လေးလေး သွားကြမယ်"

"ဟင်. . . မင်းနဲ့ချစ်လေးသူ ချိန်းထားလို့လား"

"အင်း"

"ငါလည်း အမာကို ရွှေတိဂုံဘုရား လိုက်ပို့ဖို့ချိန်းထား တယ်"

နိုင်း အံ့ဩသွားမိသည်။ လေးလေးက ဒီလောက်အထိ တောင် ခရီးပေါက်နေပြီလား။ လူပျိုလူရိုးကြီးက ဒီလိုကျတော့ လည်း သွက်လိုက်သည့်ဖြစ်ခြင်း။

"အား. . . လေးစိုးက နိုင်းထင်တာထက်တောင် သွက်နေ ပါလား၊ အိုကေဗျာ မနက်ဖြန်ကျ ကျွန်တော်တို့တူဝရီး ကိုယ်စီစုံတွဲ ခုတ်ကြမယ်"

"နိုင်း. . . မနက်ဖြန် ငါ အမာကို ဖွင့်ပြောမလို့နော် ချစ်လေးသူကို မင်းထိန်းပေးထား"

"ဟင်. . . လေးစိုးနဲ့ အန်တီမာက ဖွင့်မပြောကြရသေးဘူး လား"

"အဟဲ. . . မျက်လုံးချင်း စကားပြောပြီးပြီ၊ မနက်ဖြန်မှ ရွှေတိဂုံဘုရားကြီး သက်သေတည်ပြီး တရားဝင်ဖွင့်ပြောမှာကွ"

လေးလေးကိုကြည့်ရင်း နိုင်း ပြုံးမိသည်။ လေးလေး မျက်ဝန်းတွေက ရွှန်းလဲ့တောက်ပနေသည်။

အချစ်ဆိုသောအရာက လေးလေးကို ပိုင်စိုးဖမ်းစားထား ခဲ့ပြီထင်ရဲ့။

လေးလေးတစ်ယောက် လူပျိုသိုးကြီးဘဝက ကျွတ်တွင်း ပါစေတော့။

အခန်း (၁၆)

နုံ့သာရောင် လည်ကတုံးရှပ်လက်ရှည်နှင့် ချည်ချောပုဆိုး ညို့ကွက်စိပ်နှင့် လေးလေးသည် ရှိရင်းစွဲအသက်ထက် ပိုနုပျိုသလို ထင်ရ၏။ လေးလေးလိုပဲ အန်တီမာဝတ်ဆင်ထားတာက လေးလေး လက်ဆောင်ပေးဖို့ သူဝယ်ပေးသော မန္တလေးချိတ်ဝမ်းဆက်လေး နှင့် ဖြစ်သည်။

ဆံနွယ်ရှည်ကြီးကို ကျစ်ဆံမြီးကျစ်ပြီး ချထားသော အန်တီ မာ့အလှမှာ လေးလေးမျက်လုံးတွေ တောက်တဲ့ကောင်တွေလို ဘပ်နေ၏။

လေးလေးပြောထားသည့် အစီအစဉ်အတိုင်း ရွှေတိဂုံ ဘုရားပေါ် ရောက်တော့ ချစ်လေးသူကို နိုင်း ခေါ်ထုတ်ဖို့ ကြိုးစား ရ၏။

ကိုယ်ကြပ်အနက်စင်း အင်္ကျီလေးအပေါ်မှာ ခါးတိုရင်ကွဲ အဝါရောင်လေးနှင့် အဖြူပွင့်ဖောက် လုံချည်အနက်ရောင်လေး

ဝတ်ဆင်ထားသော ချစ်လေး သိပ်လှနေသည်။

ဂုတ်ဝဲဆံပင်လေးကို အနောက်မှာ စုစည်းပြီး မျော့တွင်ဖြူလေးနှင့် စည်းနှောင်ထားတာမို့ ဝင်းမွတ်နေသော လည်တိုင်အလှလေးက ပိုလို့ပေါ်လွင်စေ၏။

မိတ်ကပ်ကာလာ ဘာတစ်ခုမှ မကူဘဲ ပေါင်ဒါလေးသာတို့ရိုက်ထားသော မျက်နှာလေးက ရှင်းသန့်နေ၏။ နှုတ်ခမ်းဖို့လေးသည်လည်း နဂိုအတိုင်း စိုလဲ့စွာပဲဖြစ်၏။

"ချစ်လေးက တနင်္လာသမီးမဟုတ်လား၊ လာလေ တနင်္လာထောင့်မှာ သွားပူဇော်ရအောင်"

ချစ်လေးသူကို သူခေါ်တော့ လေးလေးကလည်း ဘုရားပန်းတွေ တပွေ့တပိုက်ကြီး ပွေ့ပိုက်ထားရင်း အန်တီမာ့ကိုခေါ်၏။

"အမာက ကြာသပတေးထောင့်မဟုတ်လား၊ သွားလေ နိုင်း လေးလေးတို့ ခဏနေမှ ပြန်ဆုံတာပေါ့"

လေးလေးရဲ့ ခဏဆိုတာ ဘာအဓိပ္ပာယ်မှန်း နိုင်း သိသည်၊ လေးလေးကြောင့် ဘုရားပေါ်မှာ မုသာဝါဒကံတွေ ဖြစ်များကျူးလွန်နေရတဲ့အဖြစ်။ အင်းလေ. . . ကိုယ့်လေးလေး လူပျိုကြီးဘဝက ကျွတ်ရေးအတွက်ဆိုတော့လည်း ငရဲကြီးစေတော့။

ကြာသပတေးထောင့်ရောက်တော့ အမာဝတ်ပြုဆုတောင်းနေတာကို တစိမ့်စိမ့်ထိုင်ကြည့်ရင်း ဦးစိုးတင့်ရင်မောခုန်နေသည်၊ တစိမ့်စိမ့်ကြည့်လေ အမာရဲ့အလှတွေကို သူပိုမြတ်နိုးလာမိလေလေပါပဲ။





အမာကိုသာ စွန့်လွှတ်ခဲ့ရလျှင်ဟူသော အတွေးက တွေးမိခဲ့နှင့် ရင်ကို ချောက်ချားထိတ်လန့်စေသည်။

"အမာ"

"ဟင်. . . ရှင်"

ဘုရားဝတ်ပြုပြီး သိုင်းယှက်ထားသော လက်ဝါးနှစ်ဖက်တောင် ပြန်မရုပ်သိမ်းရသေးခင် ဦးစိုးတင့်ခေါ်တာမို့ ဒေါ်မာမာဝေလှည့်ကြည့်၏။

"အမာကို ကိုယ်လက်ထပ်ပါရစေ"

ရုတ်တရက်မို့ ဒေါ်မာမာဝေ ရှက်ဖို့တောင် သတိမေ့သွားခဲ့တဲ့အထိ ဖြစ်ရ၏။ စူးစူးနစ်နစ် ကြည့်နေသော ဦးစိုးတင့် မျက်ဝန်းကြီးတွေကိုမြင်မှ သတိဝင်လာကာ ဘေးဘီကို ဝေ့ဝဲကြည့်၏။

တော်ပါသေးရဲ့ အနီးအနားမှာ ဘယ်သူမှမရှိလို့။

"အမာကို ကိုယ် စွန့်လွှတ်ရမှာ အရမ်းကြောက်နေပြီကွယ်"

"အို. . . ရှင်ကြီး ဘာတွေပြောနေတာလဲ၊ ဒီမှာ ဘုရားဝတ်ပြုလို့တောင် မပြီးသေးဘူး၊ ငရဲဒအုံတွေ ကြီးတော့မှာပဲ"

မျက်နှာကလေး ရဲရဲနီကာ အမာဆိုမှပဲ ဦးစိုးတင့်မျက်ဝန်းတွေ ဘေးဘီဝဲယာကို ကြည့်မိသည်၊ တော်ပါရဲ့၊ အမာတောင် ကျုံ့ကျုံ့လေးထိုင် လက်ဖဝါးလေး ယှက်ပုံးထားတုန်းရှိသည်၊

ဝတ်ပြုနေသူကို ထိုင်ကြည့်ကာ သူ့နှုတ်က မနေနိုင်မထိုင်

နိုင် လွတ်ထွက်သွားသော စကားတွေက မသင့်တော်ပါ။

"ဆောရီး. . . အဲ ကန်တော့ပါအမာရယ်၊ ကိုယ်ဒေ ဘယ်လိုမှ မမျိုသိပ်နိုင်လို့ ထွက်သွားတာပါ။ ဟို အမာ စိတ်မဆိုး ပါနဲ့နော်၊ တကယ်ပါ၊ ကိုယ် ဟောဒီရွှေတိဂုံစေတီမြတ်ကြီးကို သစ္စာ တိုင်တည်ရဲပါတယ်၊ အမာကို ရိုးမြေကျပေါင်းသင်းမှာပါ"

"အို. . . ဒုက္ခပါပဲ၊ မာ့ကို လက်ထပ်ခွင့်တောင်းနေ အောင် ရှင်ဘယ်တုန်းက ချစ်တယ်ပြောဖူးလို့လဲ"

"အဲ. . . ဟို. . . အဲ အမာ့ကို ဟို. . . ဟိုလေ မထူးပါဘူး အမာရယ် ကိုယ့်ရင်ထဲက အချစ်တွေကို အမာရဲ့ မျက်ဝန်းတွေ လည်း မြင်သိနေတာပဲဟာ နော်"

ဦးစိုးတင့် ထူပူနီမြန်းသော မျက်နှာကြီးနှင့် ချော့လဲ ထိုင်ပြောတော့ ဒေါ်မာမာ မျက်စောင်းကလေးထိုးကာ ထ သည်။

"အမာ. . . ကိုယ့်ကို စိတ်ဆိုးသွားတာလားဟင်"

ဦးစိုးတင့် ကပျာကသီ ထရပ်ရင်း အထိတ်တလန့် မေး ပြန်တာမို့ ဖြတ်သွားသော ဘုရားဖူးတချို့က လှည့်ကြည့်သည်။

"ဒုက္ခပါပဲ. . . စေတီတော်ကြီးပေါ်မှာ၊ ကဲ မဆိုးဘူး၊ မဆိုး ဘူး"

"ဟာ. . . ဝမ်းသာလိုက်တာ အမာရယ်"

ပြောလည်းပြော ဦးစိုးတင့်လက်ကလည်း အမာ့လက် တစ်ဖက်ကို လှမ်းဆုပ်ကိုင်တော့ ရဲနေသောမျက်နှာက ပိုလို့နီရဲထွ







သွားသည်။ ရှန်းမိလျှင်လည်း ပတ်ဝန်းကျင်က အကြည့်တွေနှင့် ရင်ဆိုင်ရဦးမည်။

ဒေါ်မာမာဝေ ခေါင်းလေးငုံ့ ငြိမ်သက်နေလိုက်ရ၏။ ဆုပ်ကိုင်ထားသော ဦးစိုးတင့်လက်ဖဝါးထဲမှာ သူမလက်ဖဝါးလေး နွေးထွေးနေသည်။ ရင်ထဲမှာလည်း ရင်တွေခုန်လိုက်တာမှ တဒိတ် ဒိတ်။

ဘုရားပေါ်မှာ ငရဲတွေကြီးကုန်ပြီလားမသိတော့ပါ။

◆ ◆ ◆

"ကြည့်စမ်း. . . ကြည့်စမ်း ချစ်လေး ဟိုမှာ"

နိုင်း လက်ညှိုးညွှန်ပြရာကို လှမ်းကြည့်ရင်း ချစ်လေး မျက်လုံးလေးတွေ ပြူးကျယ်သွားခဲ့သည်။

ဘုရားရင်ပြင်ပေါ်မှာ လက်ချင်းဆုပ်တွဲကိုင်လို့ အတူ တွဲလျှောက်နေတဲ့ ဒေါ်လေးမာနဲ့ လေးလေးစိုးတို့ နှစ်ယော တော့ ချစ်လေးတို့ကို မမြင်ပါ။

"လာ. . . လာ ချစ်လေး ကိုယ်တို့ကိုမြင်ရင် ရှက်သွ မယ်"

မင်သက်ရပ်နေမိသော ချစ်လေးသူလက်ကလေး ညင်သာစွာဆုပ်ကိုင်ပြီး နိုင်းက ဆွဲခေါ်သွားသည်။ ချစ်လေး တူနှင့် ပါသွားရ၏။

ချစ်လေးတို့ကသာ မြင်မှာစိုးပြီး ရှောင်ပုန်းနေခဲ့ကြ ဖြစ်သည်။ ဒေါ်လေးမာတို့ကတော့ ဂရုတောင်မစိုက်ပါ။ လ တွဲလျှောက်နေကြတာ ရင်ပြင်ပေါ်မှာ သူတို့နှစ်ယောက်



နှိုကြသည့်အတိုင်း။

"အန်တီမာနဲ့ လေးစိုးကတော့ အဆင်ပြေနေကြပြီ ချစ်လေး"

နိုင်းက အားကျသလိုမျိုးပြောတော့မှ လက်ကို နိုင်း ဆုပ်ကိုင်ထားဆဲဖြစ်မှန်း ချစ်လေး သတိရသွားကာ အလန့်တကြား ရုန်းထွက်သည်။

"ဆောရီး. . . ကိုယ် အခွင့်အရေးယူတာမဟုတ်ပါဘူး"

"ဟို. . . ဟို ဒေါ်လေးမာတို့ဆီ သွားရအောင်"

"နေပါဦးချစ်လေးရယ်၊ ဒါမျိုးက ဝင်္ဂလည်တတ်တယ်၊ ကိုယ်ဝင်္ဂလည်မှာ အရမ်းကြောက်တယ်"

"အပိုတွေပြောမနေပါနဲ့၊ ဒေါ်လေးမာတို့ နှစ်ယောက် တည်းဆုံအောင် ချစ်လေးကို ရှင်ခေါ်ထုတ်ခဲ့တာမဟုတ်လား"

မျက်စောင်းလေးထိုးကာ ချစ်လေးဆိုသည်။ အပြုံးရိပ် သမ်းနေသော နှုတ်ခမ်းတွေမှာ ဒေါသတို့ ကင်းစင်နေတာမို့ နိုင်း ပေ်ဖြီးဖြီးလေးပြုံးရင်း. . .

"လေးလေးက အန်တီမာကို တကယ်ချစ်တာ မြတ်နိုးတာ ပါ"

"အံမယ်. . . တကယ့်လိပ်မျိုးတွေပဲနော်"

"ကိုယ်ချစ်တဲ့ ချစ်သူကလွဲရင် တခြားမိန်းကလေးတွေကို ခွဲနဲ့ဆန်ကွဲဆိုတဲ့အမျိုးလေ၊ တကယ်ပြောတာ"

ချစ်လေးသူ သဘောကျစွာ ရယ်သည်။ အမြဲတမ်း မာတင်း

တည်နေတတ်သော မျက်နှာလေးမှာ ချစ်စရာအပြုံးလေးတွေ သို့ဝှက်ထားမှန်း နိုင်း အခုမှပဲသိတော့သည်။

ထိုနေ့က ရွှေတိဂုံရင်ပြင်ပေါ်ကဆင်းကာ တိရစ္ဆာန် ဥယျာဉ်ဘက်လည်း နိုင်းတို့ ရောက်ခဲ့ကြသည်။

လေးယောက် သရဲရထားစီးကြမည်ဆိုတော့ အန်တီမာက ကြောက်သည်ဆိုကာ ငြင်းသည်။ နိုင်းနှင့် ချစ်လေးတို့က ဇွတ်အတင်းခေါ်မှ အန်တီမာ ကြောက်ကြောက်နှင့် လိုက်စီးသည်။

လေးလေးရင်ခွင်ထဲမှာ အန်တီမာ မျက်လုံးလေးစုံမှိတ်ထား ထိတ်လန့်နေတော့ လေးလေး ကျေနပ်စွာပြုံးနေသည်။

စီးဖူးအောင်စီးသည့် ချစ်လေးကတော့ တစ်ခါတစ်ခါ ထိတ်လန့်သွားပြီး သူ့လက်ကို အားကိုးတကြီး ဆုပ်ကိုင်အော်တတ် သည်။

ချစ်လေးလက်ဖဝါးလေးကို ဆုပ်ကိုင်ရင်း နိုင်း ကျေနပ် နေခဲ့တာတော့ အမှန်။ ထိုတဒင်္ဂမှာ လေပြည်ကိုမေ့ကာ ချစ်လေး မှာပဲ နိုင်းစိတ်အာရုံက နစ်မျောပျော်ဝင်နေခဲ့တာ သေချာသည်။

ပျော်စရာနေ့ကလေးတစ်နေ့ကို ချစ်လေးသူဆိုသော ကောင်မလေးနှင့် သူ ကြုံဆုံခဲ့ဘူးတာ အိပ်မက်တော့မဟုတ်ပါ။

◆ ◆ ◆



## အခန်း (၁၃)

လေပြည်တို့အိမ်မှာ လေပြည်ရဲ့ ဘိုးဘိုး ဘွားဘွားတွေ ရောက်လာတာကြောင့် နိုင်း မရောက်ဖြစ်ပါ။

လေပြည်တို့မိသားစု ရန်ကုန်၊ ပဲခူး၊ သန်လျင်၊ တွံတေး ရှိသမျှဘုရားတွေ စုံအောင်ဖူးဖြစ်ကြမှာ သူသိသည်။ လေပြည့်မာမီ ပါ ပါသောခရီးမို့ သူမလိုက်ဖြစ်ဘဲ ရောက်ဖြစ်တာ အန်တီမာတို့ အိမ်ကိုပဲဖြစ်သည်။

လေးလေးကလည်း သူနှင့်အတူ စက်ရုံလိုက်မည်ဆိုကာ အန်တီမာတို့အိမ် ခြေဦးလှည့်သည်။ သူကတော့ ချစ်လေးရှိရာ ကော်ရုံမှာပဲ အချိန်ကုန်သည်။

အလုပ်ပိတ်ရက် စနေ၊ တနင်္ဂနွေမှာတော့ အန်တီမာတို့ အိမ်လေးက နိုင်းနှင့် လေးလေးတို့ ပျော်စရာဘုံလေး ဖြစ်နေခဲ့ သည်။

အန်တီမာအစ်မကြီး အန်တီညို မရှိသည့်ရက်တွေမှာတော့

စိတ်ကြိုက် ချက်ပြုတ်စားသောက်ဖြစ်ကြသည်။ မီးဖိုထဲမှာ အန်တီမှာ ချက်ပြုတ်နေသမျှ လေးလေးက ဝိုင်းကူပေးသည်။

ခြံဝင်းလေးထဲက ခုံတန်းလေးမှာတော့ ချစ်လေးနှင့် နိုင်း လွတ်လပ်စွာ စကားပြောခွင့်ရသည်။

"တကယ်ပါ ချစ်လေးရယ်၊ ချစ်လေးကို ကိုယ်ချစ်နေခဲ့တာ စတွေ့ကတည်းကပါ၊ ရွှံ့ဗွက်စင်လို့ ကိုယ့်ကားကို ခဲနဲ့ထု၊ ရန်တွေ့တဲ့ ကောင်မလေးကို တို့ စွဲလမ်းသွားတာ"

"အဲဒီတုန်းက တကယ်ဒေါသထွက်နေတာ"

"အခုကောဟင်"

လက်ဖဝါးလေးကို လှမ်းဆုပ်ကိုင်ရင်း ချစ်လေးမေးတော့ ချစ်လေး ပင့်သက်ရှိုက်မိသည်။

"ကိုနိုင်းရယ်. . . ချစ်လေးဘဝမှာ နှလုံးသားအရေးထက် အရေးကြီးတဲ့ကိစ္စတွေ အများကြီးပါ၊ လက်ရှိအခြေအနေမှာ ဖေဖေ ပြန်သက်သာလာပြီဆိုပေမယ့် အရင်လို အလုပ်မလုပ်နိုင်တော့ဘူး လေ၊ ဖေဖေ့ကိုလည်း ချစ်လေးသနားတယ်၊ ဒါကြောင့် ချစ်လေး လစဉ်ထောက်ပံ့ပေးနေတာပေါ့၊ မောင်လေးနဲ့ညီမလေးတို့အတွက် လည်း ချစ်လေးမှာ တာဝန်တွေရှိတယ်လေ"

အရွယ်နှင့်မမျှအောင် ထမ်းပိုးထားရသော ချစ်လေးရဲ့ တာဝန်တွေကို သိနေတာမို့ သူ သနားမိသည်။

"ချစ်လေးရဲ့ အဲဒီတာဝန်တွေကို ကိုယ်တတ်စွမ်းသလောက် ကူညီချင်ပါတယ်"





နိုင်းစကားကြောင့် ချစ်လေးသူ ယဲ့ယဲ့လေးပြောကာ ခေါင်း ခါယမ်းသည်။

"ဟင့်အင်း. . . ချစ်လေး ဘယ်သူ့အကူအညီမှ မလိုချင်ပါ ဘူး ကိုနိုင်း၊ အခု ကိုနိုင်းတို့ စက်ရုံမှာ အလုပ်ရတာပဲ ကျေးဇူးတင် ပါပြီ၊ ချစ်လေး လစဉ်ပို့ပေးတဲ့ငွေက ဖေဖေတို့အတွက် အတော် အဆင်ပြေပါတယ်"

"အင်း. . . ဝမ်းသာပါတယ် ချစ်လေးရယ်၊ မင်းကိုကြည့် ကိုယ်ရင်လည်းမောတယ်၊ သနားလည်းသနားတယ်"

"အဟင်း. . . ဘဝဆိုတာ ဒီလိုပါပဲ ကိုနိုင်းရယ်၊ ကိုနိုင်းက ကြုံဘူးလို့ပါ၊ ကဲ ရင်မောစရာတွေ မပြောတော့ပါဘူး"

"ကိုယ့်ကို ရင်မမောစေချင်ရင် ချစ်လေးနှုတ်က အဖြေ စကားလေးကိုပဲ ကြားပါရစေနော်"

"အဲဒါကြောင့် လိပ်မျိုးတူဝရီးလို့ပြောတာ၊ နောက်ဆုံးတော့ ဘူတာပဲပြန်ဆိုက်တာပဲနော်"

မျက်စောင်းလေးထိုးကာ ချစ်လေးဆိုတော့ နိုင်း မချင့်မရဲ ဖြစ်သွားသည်။ သွေးကြောလေးတွေ စိမ်းမြနေသော ပါးပြင်လေး ကို ထိကိုင်ကြည့်ချင်သည်။ နှုတ်ခမ်းဖူးဖူးလေးကို တစ်နေကုန် ငေးကြည့်နေချင်မိသည်။

"လေးစိုးအတွက်ကတော့ ရင်မောစရာညတွေ ကုန်မြောက်သွားပြီလေ၊ ကိုယ့်အတွက်တော့ အမြဲရင်မောနေရတုန်း ပဲ"

"ကိုနိုင်းရယ်. . . အချစ်ဆိုတာ ဘာလဲ ချစ်လေး နား လည်ပါဘူး၊ ဒါပေမဲ့ ချစ်လေး ကိုနိုင်းတစ်ယောက်အပေါ်မှာ သံယောဇဉ်ကြီးမား ခင်မင်သွားခဲ့တာပါ"

"အချစ်ဆိုတာ သံယောဇဉ်တွေနဲ့ နှောင်ဖွဲ့ထားတဲ့ မြတ်နိုး စုံမက်ခြင်းပဲပေါ့ ချစ်လေးရယ်"

ကိုနိုင်းစကားတွေက အမှန်ပဲလား။ ဒီလိုဆိုရင် ချစ်လေး နှလုံးသားမှာ ချစ်တတ်ခဲ့ပြီပေါ့။ ကိုနိုင်းအပေါ်မှာ နှောင်တွယ် သံယောဇဉ်တွေနဲ့ တွယ်ငြိနေတာတော့အမှန်။

ဒါ. . . ကိုနိုင်းရဲ့ ပြည့်စုံချမ်းသာမှုကြောင့် မဟုတ်သလို ငေးမောလောက်အောင် ချောမောရှင်းသန့်တဲ့ ရုပ်သွင်ကြောင့် လည်း မဟုတ်ပါဘူး။

"ချစ်လေး. . . နှုတ်ကဖြေဖို့ မဝံ့ရဲရင် ခေါင်းလေးပဲညိတ် ပြကွာ"

လက်ဖဝါးလေးကို ဆုပ်ကိုင်ပြီး တောင်းခံနေသော မျက်ဝန်းတွေရဲ့ ညို့ယူမှုတွေမှာ ချစ်လေးခေါင်းကလေး ငုံ့သွား ၏။

"ဟာ. . . ဝမ်းသာလိုက်တာ ချစ်လေးရယ်"

ဝမ်းသာအားရရေရွတ်ရင်း ဖျတ်ခနဲ အနမ်းတစ်ခွင် ချစ်လေးရဲ့လက်ဖမိုးလေးပေါ် နွေးခနဲ။

"အို"

ရှက်သွေးတို့လွှမ်းသော ပါးပြင်လေးတွေ ရဲခနဲ၊ နိုင်း





ရင်ခွင်ထဲကို ချစ်လေး ဘယ်အချိန် ဝင်ရောက်ခိုလှုံမိသည်မသိ၊ နွေးထွေးသော ရင်ခွင်အထိအတွေ့မှာ ချစ်လေး ရင်ခုန်သံတွေ သိုင်းခတ်လို့။

ကိုနိုင်းရယ် အချစ်ဆိုတာ ချစ်လေးအတွက် ရင်မှာ ပထမ ဆုံး မွေးဖွားခဲ့တာယုံပါ။

◆ ◆ ◆

"ငရုပ်သီးထောင်း ထောင်းပြီးရင် ထမင်းစားလို့ရပြီ ကိုစိုး"

"ဒါဆို. . . အမာ ထမင်းပွဲတွေပြင်လိုက်လေ၊ အဲဒီငရုပ်သီး ကိုယ်ထောင်းပေးမှာပေါ့"

"ဒါဆိုလည်း ထောင်းထားလိုက်၊ ဘာမှထည့်စရာမလိုတော့ဘူး၊ အမာ အားလုံးထည့်ထားပြီးပြီနော်"

"အင်း. . . စိတ်ချပါ အမာရဲ့"

မီးဖိုခန်းထဲမှာ ဆောင့်ကြောင့်ကြီးထိုင်ကာ သူ ငရုပ်သီးထောင်းနေတာကိုသာ နိုင်းမြင်လျှင် ဘယ်လိုနှိပ်ကွပ်ဦးမည်မသိ။ ချစ်လေးသူနှင့် ခြံထဲဆင်းသွားကြတာ ကြာပြီ။ အခုထိ ပြန်တက်မလာကြသေး။

အဆင်များပြေနေပြီလား။ နိုင်းကိုသာ ချစ်လေး လက်ခံခေါင်းညိတ်လိုက်လျှင် ဘာတွေဖြစ်လာမည်လဲ။ ချစ်လေးသူအပေါ် နိုင်း တကယ်ချစ်တာမှ ဟုတ်ရဲ့လားဟုတောင် ဦးလေးတော်သည့်သူ သံသယဖြစ်ချင်သည်။

နိုင်းရာ ငါ့ကိုတော့ ဒုက္ခမပေးလိုက်ပါနဲ့။





"ဒုန်း. . . ဒုန်း"

"အ. . . အ. . . စပ်တယ်. . . စပ်တယ်"

"ဟင်. . . ကိုစိုး ဘာဖြစ်တာလဲ၊ ဒုက္ခပဲ၊ မျက်စိငရုပ်သီး တ်ဝင်ပြီမို့လား"

ထမင်းပွဲပြင်နေရာမှ အမာ အပြေးလေးရောက်လာတာ သိနေ ကြားနေပေမယ့် မျက်လုံးတွေမှိတ်ထားမိဆဲ။ ညာဘက် က်စိတစ်ခုလုံး စပ်လိုက်တာမှ ထူပူနေ၏။

"ဟ. . . ဟ ငရုပ်သီးက မျက်စိထဲဝင်တာအမာရဲ့၊ ခြေထောက်ကို ဘာလို့ရေလောင်းတာလဲ၊ အ. . . အီး လား လား"

"မျက်စိထဲငရုပ်သီးဝင်ရင် ခြေမကို ရေလောင်းရတယ် ိုစိုးရဲ့၊ ဘာမှလည်းမသိဘဲနဲ့၊ ကဲ ရေခွက်ထဲ မျက်လုံးနှစ်ပြီး င်ချည်ပိတ်ချည်လုပ်လိုက်"

အမာစေခိုင်းသည့်အတိုင်း သုံးလေးကြိမ်လုပ်လိုက်မှပဲ က်သာသွားသည်။ ဒါတောင် မျက်လုံးတွေက မျက်ရည်ပူတွေ ကျလို့နေဆဲ။

"ဟ. . . လေးစိုး ဘာဖြစ်နေတာလဲ"

အိမ်ခန်းထဲအထိ အသံမပေးဘဲ ဝင်လာကြသော နိုင်းနှင့် ်လေးသူကြောင့် အန်တီမာ တွန့်ခနဲဖြစ်သွားသလို လေးလေး လည်း ပါးစပ်ကြီးဟကာ မျက်စိတစ်ဖက် မှိတ်ပြနေ၏။

"ဘာလဲ. . . ဘာလို့မျက်စိမှိတ်ပြနေတာလဲ လေးစိုးရ"

"ဟ. . . ဘာလို့ မင်းကိုမျက်စိမှိတ်ပြရမှာလဲ၊ ဒီမှာ ငရုပ်

သီးထောင်းရင်း မျက်လုံးထဲဝင်သွားလို့ကွ၊ အီး. . . အားလားလား”

“ဟား. . . ဟား လေးစိုးကတော့ ဖြစ်ရမယ်”

“အဟင်း. . . ဟင်း သိပါဘူး ဒေါ်လေးမာမျှား လေးစေး စိုးကို နှိပ်စက်နေသလားလို့”

“ဟယ်. . . ဒီကောင်မလေး ပေါက်တတ်ကရ”

နိုင်းတို့နှစ်ယောက်က သူ့အဖြစ်ကို သဘောကျစွာ နောက် ပြောင်တော့ အမာက မျက်နှာလေးရဲ့နေသည်။

ပြုံးစိစိ နိုင်းမျက်နှာကို မျက်ရည်တွေကြား ဦးစိုးတင့်ကြည့် နေရင်း ပူလောင်နေတာ ရင်ထဲအထိပါပဲ။

နိုင်း. . . မင်း ငါ့နှလုံးသားကို မခွဲပါနဲ့။

မျက်လုံးထဲ ငရုပ်သီးဝင်ရင် ခြေမကို ရေအလောင်း သတဲ့၊ မင်းရဲ့ပြုံးသနာက ငါနဲ့မသက်ဆိုင်ပေမယ့် ငါ့နှလုံးသား သက်ဆိုင်နေတော့လည်း. . .

လေးလေးကို တစ်ချက်လောက်တော့ ပြန်ငဲ့ပါ နိုင်းရယ်

◆ ◆ ◆



## အခန်း (၁၈)

ပန်းဆီရောင် စပို့ရှပ်လေးကို လှိုင်းတွန့်ဂါဝန်ပန်းနုရောင် လေးနှင့်ပဲ တွဲကာ ဝတ်ဆင်ဖြစ်သည်။

မှန်ထဲမှာ မြင်နေရသော ကိုယ့်ပုံရိပ်လေးကို ပြန်ကြည့်မိ ရင်း လေပြည်နှုတ်ခမ်းလေးတွေ ကျေနပ်စွာ ပြုံးသွားခဲ့မိသေး၏။ နိုင်းမျက်နှာကို မြင်ယောင်လိုက်မိတာကြောင့်ပါ။

ဒီဝတ်စုံလေးကို နိုင်းကိုယ်တိုင်က လေပြည်နဲ့ဆို လိုက်မှာ ပဲဟုဆိုကာ ပလာဇာသွားသည့်နေ့က ဝယ်ပေးတာဖြစ်သည်။ လေပြည် ဒီဝတ်စုံလေးဝတ်ထားတာမြင်လျှင် နိုင်း ကြည်နူးသွား မှာ သေချာ၏။

မျက်နှာလေးကိုတော့ ဘာမှ မလိမ်းခြယ်တော့ပေမယ့် တိုဖ်လေးတော့ ဖို့ဖြစ်သေးသည်။ ပြီးတော့ ဆံပင်တွေကို ဖြီးသင်ပြီး နှစ်ထပ်ပြန်သိမ်းခေါက်ကာ အနောက်မှာ ဆံညှပ်လေးနှင့် သိမ်း လိုက်သည်။

မှန်ထဲမှာ ဝင်းပနေသော လေပြည်မျက်နှာလေး ပိုပြီး ပေါ်လွင်လာသည်ထင်သည်။

အားလုံး စိတ်တိုင်းကျပြင်ဆင်ပြီးကာမှ လေပြည် ရှက်ပြုံး လေးပြုံးမိပြန်သည်။ နိုင်းနဝဒေး ရောက်လာမှာကြောင့် ပြင်ဆင် နေမိခြင်းက ဘာကြောင့်မှန်းမသိ။

ဘာပဲဖြစ်ဖြစ် နိုင်းရဲ့နှုတ်က လှလိုက်တာဆိုသော စကား တစ်ခွန်းကို လေပြည် ကြားချင်ပါသည်။

မီးဖိုခန်းဘက်ရောက်တော့ ဒေါ်ကြည်က ကြက်သွန်ဖွေ လှီးနေ၏။

"ဟင်းတွေကျက်ပြီလား ဒေါ်လေးကြည်"

"အားလုံးကျက်ပြီ သမီးလေး၊ မြင်းခွာရွက်သုပ်ဖို့ ကြက်သွန် လှီးနေတာပါ"

"မြင်းခွာရွက်ကို လေပြည် ဘာသာ သုပ်မယ်လေ ဒေါ်လေးကြည်ရဲ့"

"ဒေါ်လေးကြည်သိပါတယ်၊ မြင်းခွာရွက်တွေ ညှပ်ပြီး ရေဆေးပြီးပြီ၊ ဆီချက်လည်း ချက်ပြီးပြီ၊ ကြက်သွန်နီတွေပဲ လှီးနေ နေတာပါ၊ သမီးလေးကိုင်ရင် ကြက်သွန်နံ့တွေ မွှန်ထူနေမှာစိုးလို့"

"အင်း. . . အင်း ကျေးဇူးပဲ ဒေါ်လေးကြည်၊ ဒါဆို သမီး စိတ်တိုင်းကျ အသင့်သုပ်လိုက်ရုံပဲပေါ့၊ အဟင်း အရမ်းပင်ပန်းသွား တော့မှာပဲ"

လျှာ.ဘလေး တစ်လစ်ထုတ်၊ ပခုံးတွန့်နောက်ပြောင်ပြီး





ပန်းလေပြည် ပြင်ဆင်နေတော့ ဒေါ်လေးကြည် နွေးနွေးကလေး ပြုံးမိသည်။

"သမီးဧည့်သည်က ဘယ်နှယောက်လဲဟင်"

"ရှင်. . . တစ်ယောက်တည်းပါ"

"ဟုတ်လား၊ ဒေါ်လေးက သုံးလေးယောက်ထင်နေတာ"

လေပြည် ရှက်ရွံ့ရွံ့လေး ပြုံးမိသည်။ ဧည့်သည်စားဖို့ ပေါ်ယ်ရှယ်ချက်ပေးပါဟု ဆိုကာ လေပြည်ပဲ အစီအစဉ်တွေဆွဲ ချက်ခိုင်းခဲ့တာဖြစ်သည်။

ဟင်းတွေက စုံလင်များပြားနေတော့ ဒေါ်လေးကြည် ဘင်လည်းထင်လောက်ပါသည်။

"တခြားသူမဟုတ်ဘူး ဒေါ်လေးကြည်ရဲ့၊ ကိုနိုင်းနဝဒေး ကို ဖိတ်ထားလို့ပါ"

"ဪ. . . ဟုတ်လား၊ ဒါကြောင့် သမီးက မြင်းခွာရွက် ကိုယ်တိုင်သုပ်နေတာကိုး"

"အဟင်း. . . သူကြိုက်တယ်ဆိုလို့လေ၊ ဒေါ်လေးကြည် ကြည့်ပါဦး လေပြည်လက်ရာ ကောင်းသလားဟယ်"

"ဟယ်. . . ဟိုကမလာသေးဘဲ ကြိုသုပ်ထားရင် ပွကုန် မယ်သမီးရဲ့"

"ကြိုမသုပ်ပါဘူး၊ ဒါက အစမ်းသုပ်ကြည့်တာ၊ ဒေါ်လေး ကြည်မြည်းကြည့်၊ ကောင်းမှပြောနော ဘာလိုသေးလဲ"

ဒေါ်လေးကြည်က လေပြည်ကမ်းပေးသော ပန်းကန်ထဲမှ

ဇွန်းလေးနှင့် ခပ်စားသည်။ ပြီးတော့ ခေါင်းကလေးညိတ်ရင်း. . .

"ကောင်းတယ်သမီး၊ အချဉ်လေးညှစ်လိုက်ရင် ပြီးပြီ"

"ဟယ်. . . ဟုတ်ပါရဲ့၊ အဲဒါမေ့နေတာ၊ မြင်းခွာရွက်သုပ်က သံပရာရည်လေးညှစ်လိုက်မှ ပိုကောင်းမှာ၊ ကျေးဇူးနော် ဒေါ်လေးကြည် သတိပေးလို့ပေါ့"

နိုင်းနဝဒေး ထမင်းတစ်နပ်လာစားတာနှင့် မီးဖိုထဲဝင်ကာ ကိုယ်တိုင်စီမံနေသော ပန်းလေပြည်ကို ဒေါ်လေးကြည် ပြုံးကြည့်နေမိ၏။

ဒီကလေးမလေး ရုပ်ကလေးချောသလောက် စိတ်ထား လေးကလည်း ချစ်စရာကောင်းသည်။ နိုင်းနဝဒေးဆိုသည့် ချာတိတ်နှင့်တော့ လိုက်ဖက်တင့်တယ်သည်ဟု သူမထင်သည်။

မောင်နိုင်းက လေပြည်လေးထက်တော့ အသက်သုံးလေး နှစ်ခန့် ကြီးမည်ထင်သည်။ ဒါလည်း ကောင်းပါသည်။ ဒါမှ အငယ် လေးကို အလိုလိုက်ချစ်ရှာမည်ပေါ့။

နှစ်ဖက်စလုံးကတော့ ဥစ္စာဓန အသိုင်းအဝိုင်းမှာ ပြည့်စုံ ပြီးသားတွေမို့ ပူစရာမရှိ။ ကာယကံရှင်လေးတွေ တစ်ယောက်ကို တစ်ယောက် ချစ်ခင်ကြသည် ဆိုရင်တော့ အတင့်တယ်ဆုံး မင်္ဂလာ ပွဲကြီး ဖြစ်လာမှာသေချာသည်။

"ဟော. . . ဖုန်းလာနေတယ်၊ နေ. . . နေ ကိုနိုင်းဆီက ထင်တယ်၊ လေပြည် သွားကိုင်လိုက်မယ်နော်"

မီးဖိုထဲက အပြေးလေးထွက်ကာ ဧည့်ခန်းစားပွဲပေါ် ထား





ထားခဲ့သော ဟင်းန်ဖုန်းလေးကို လေပြည် ကောက်ယူကြည့်တော့ နိုင်းဆီကပါပဲ။

"ဟဲလို. . . လေပြည်ပါ"

"လေပြည် ထွက်လာခါနီးရင် ဖုန်းဆက်ဆိုလို့ဆက်တာ၊ ကိုယ် ဆင်ဝင်အောက်ရောက်နေပြီ"

"ဟုတ်လား. . . ဒါဆိုလာခဲ့လေ၊ ရပြီ၊ ရပြီ"

"နေဦး ဘာလို့ဖုန်းဆက်ခိုင်းတာလဲ၊ ဒီအိမ်နဲ့ဒီအိမ် ငါးမိနစ်လောက်ပဲ ကြာတဲ့ခရီးကို"

"အဟင်း. . . ရှင့်ကို မြင်းခွာရွက်သုပ်ကျွေးမလို့ပါ၊ စောစောကြီးသုပ်ထားရင် မကောင်းဘူးလေ၊ အခု လာမှသုပ်ထား ရတာ ကဲ ရှင်းပြီဟုတ်"

"ဟာ. . . လုံးဝကျေးဇူးပဲ လေပြည်၊ မြင်းခွာရွက်သုပ်ပါပြီ ဆိုရင် လေပြည် ထမင်းဝိုင်းက ကိုယ်စားတာနဲ့ ကုန်မှာ"

"အဟင်း. . . အများကြီးချက်ထားတာ၊ အဝအပြစား၊ မြင်းခွာရွက်ကို လေပြည်ကိုယ်တိုင်လုပ်ကျွေးမှာ"

"ဆက်မပြောနဲ့တော့ လေပြည်"

"ရှင်. . . ဘာဖြစ်လို့လဲ"

"ဒီမှာ သွားရည်တွေ တတောက်တောက်ကျပြီး ဗိုက်ထဲက တဂွီဂွီမြည်နေလို့"

"အဟင်း. . . သွား အရမ်းညစ်ပတ်တာပဲ"

ဖုန်းလေးပိတ်သွားတော့ လေပြည် ကြည်ကြည်နူးနူးလေး

ဖြိုးကာ မီးဖိုထဲလှမ်းခဲ့သည်။

ခေါ်လေးကြည်ကို ထမင်းပွဲပြင်ဆင်ခိုင်းကာ လေပြည်ကိုယ်တိုင် မြင်းခွာရွက်သုပ်မှ။

◆ ◆ ◆

ဦး မိုး စာစုပေ

အားလုံးအသင့်ပြီးတော့ ညှော်ခန်းထဲမှာ လေပြည်ကြာကြာမစောင့်လိုက်ရပါ။ ဆင်ဝင်အောက်ကို နိုင်းနဝဒေးရဲ့ Mark ကားနက်ပြာကြီး မောင်းဝင်လာသည်။

လေပြည် ရင်လေးတွေခုန်ကာ ဆိုဖာမှာတောင် မထိုင်င်ဘဲ ရပ်ငေးကြည့်နေမိဆဲ။

အမြဲတမ်းလိုလို ဂျင်းတွေ၊ တီရှပ်တွေကိုပဲ လူငယ်ဆန်ဆန် တ်ဆင်တတ်သော နိုင်းသည် အခုတော့ ရှပ်ဖြူလည်ဂတုံး က်ရှည်နှင့် ချည်ချောနက်ပြာကွက်စိပ်လေး ဝတ်ဆင်ထားသည်။

ဆံပင်တွေကို သေသေသပ်သပ် နောက်လှန်ဖြီးသင်ထား မို့ ချောမွေ့သော နိုင်းမျက်နှာက ထင်းရှင်းပေါ်လွင်နေသည်။ ဖြူးရိပ်တို့ အမြဲခိုတွယ်နေသော နိုင်းနှုတ်ခမ်းတွေ တိတ်ဆိတ် တ် မျက်ဝန်းညိုညိုတွေက လေပြည်ကို ငေးမောကြည့်နေခဲ့တာ ပြည် ရွေးချယ်ဝတ်ဆင်ထားသော ဝတ်စုံလေးကြောင့်ပဲ ဖြစ် မည်။

"လှလိုက်တာ လေပြည်ရယ်"

ဦး မိုး စာစုပေ

တိုးတိုးလေးရွတ်ဆိုသော ချိုးကျူးစကားကြောင့် လေပြည်
ရှက်ပြုံးလေးနှင့် ခေါင်းလေးငုံ့ထားချိန်မှာပဲ နိုင်းက အနား
ရောက်လာသည်။

"တကယ်ပြောတာ၊ လေပြည်လှနေတာ ဝတ်စုံ
ကြောင့်မဟုတ်ဘူး၊ လေပြည့်ရဲ့ နဂိုအလှကြောင့် ဝတ်စုံ
ပိုလှသွားတာ"

"သိပ်မြှောက်မနေပါနဲ့၊ ထမင်းဝိုင်းက အဆင်သင့်ဖြစ်
ပြီးသားပါနော်"

"ကိုယ်ကြိုက်တဲ့ မြင်းခွာရွက်သုပ်ကို လေပြည်ကိုယ်
သုပ်ထားတယ်ဆိုကတည်းက အရမ်းစားချင်နေတာ"

"ထမင်းဝိုင်းအသင့်ပဲလေ၊ စားသောက်ခန်းထဲသွား
အောင်"

လေပြည် ဖိတ်ခေါ်တော့ နိုင်း အပြုံးလေးနှင့် ခေါင်း
ရင်း အနောက်က ကပ်လိုက်ခဲ့သည်။ ရှန်ပူရနံ့လေး သင်းနေ
လေပြည်ဆံပင်လေးတွေက ဆံညှပ်လေးနှင့် ခေါက်ညှပ်တင်
တာမို့ ဂုတ်သားဖြူဖြူလေးကို နိုင်း မြင်နေသည်။

ချစ်စရာကောင်းလိုက်တဲ့ လေပြည်ရဲ့ ပခုံးလုံးလုံး
တွေကို အနောက်က ပွေ့ဖက်ထားလိုက်ချင်စိတ်ကို မျိုသိပ်
ရ၏။

"ထိုင်နော်. . . မေမေပါ ထမင်းဝိုင်းကိုနွှဲဖို့ စီစဉ်ထား
ဘိုးနဲ့ဘွားက မပြန်ခင် မျက်မှန်လုပ်သွားချင်တယ်ဆိုလို့ လိုက်

စိုးမိုးဥာမေပ



ပေးနေလို့"

"လေပြည် ဘိုးဘိုးနဲ့ဘွားဘွားကို ဘုရားစုံပို့ဖြစ်ရဲ့လား၊
ကိုယ်လည်း စက်ရုံသွားပေးနေရတာနဲ့ မရောက်ဖြစ်တာ"

"အင်း. . . ဘုရားအစုံပါပဲ၊ သန်ဘက်ခါပဲ ပြန်ဖြစ်တော့
မှာလေ၊ ရပါတယ် ရှင်ကြီးအလုပ်တွေ ပိနေတာ လေပြည်သိပါ
တယ်"

မျက်စောင်းလေးထိုးကာ လေပြည် မကျေမနပ်ဆိုတော့
နိုင်း မလုံမလဲဖြစ်ရသေးသည်။ ပြီးခဲ့သည့် တစ်ပတ်ကျော်လုံးလုံး
လေပြည်ဆီ သူတစ်ခါမှမရောက်ဖြစ်ခဲ့ဘဲ ချစ်လေးတို့ဆီပဲ ရောက်
နေတာဖြစ်သည်။

"လာမယ့် ဆန်းဒေးကျရင် လေပြည်ရဲ့သင်တန်းကို
ကိုယ်လာကြိုမယ်လေ၊ တစ်ခုခုစားရင်း စကားတွေပြောကြတာ
ပေါ့"

"တကယ်နော်. . . ရှင်ကြီး ကတိမပျက်နဲ့"

"လေပြည်ကလည်းကွာ. . . ရှင် ရှင်နဲ့ ဘယ်လိုကြီးခေါ်
တာလဲ၊ နူးညံ့မှုမရှိလိုက်တာ"

"အဲဒါ တမင်ခေါ်တာလေ"

"ဘာရယ်. . . တမင်ခေါ်တာ"

"ဟုတ်တယ်၊ ရှင့်ကို ဘယ်မိန်းကလေးမှ မခေါ်ဘူးတဲ့
အခေါ်အဝေါ်ပဲ လေပြည်ခေါ်ချင်တယ်၊ ရိုင်းတယ်မထင်ပါနဲ့ နော်"

လေပြည်ဆိုတော့ နိုင်း ကျေနပ်ရပြန်သည်။ သူ့ပန်းကန်

စိုးမိုးဥာမေပ

ထဲကို ဟင်းတွေစုံလင်အောင် ထည့်ပေးနေသော လေပြည် မျက်ဝန်းလေးတွေ နူးညံ့သိမ်မွေ့လွန်းနေသည်။

"ကိုယ်နားလည်ပြီ၊ ရိုင်းတယ်မထင်ပါဘူး၊ လေပြည် တစ်ယောက်တည်း သီးသန့်ခေါ်တဲ့နာမည်မို့ ကျေနပ်တယ်၊ ကိုယ် တစ်သက်လုံး ရှင်လို့ပဲခေါ်ခေါ် ရှင်ကြီးလို့ပဲခေါ်ခေါ် ကျေနပ် ကွာ"

"ဒီမှာ မြင်းခွာရွက်သုပ်လေး စားလိုက်ဦးလေ"

လေပြည်ကမ်းပေးသော ပန်းကန်လေးကို လှမ်းယူ သူ တစ်ငွန်းခပ်စားတော့ လေပြည် ငေးငေးလေးကြည့်နေ

"လေပြည်သုပ်ထားတာ အရသာရှိရဲ့လားဟင်"

"သိပ်အရသာရှိတယ်၊ လေပြည်သုပ်တဲ့ မြင်းခွာရွက် ကို ကိုယ်တစ်သက်လုံး စားခွင့်ရချင်တာ"

"အို"

"တကယ်ပါ လေပြည်၊ ကိုယ့်တစ်ယောက်တည်း လေပြည် တစ်သက်လုံး သုပ်ကျွေးမှာလားဟင်"

"အင်းပေါ့"

"ဟာ. . . ဝမ်းသာလိုက်တာ လေပြည်ရယ်"

ရှက်သွေးလွှမ်းနေသော မျက်နှာလေးကို နိုင်း မြ စုံမက်စွာ ငေးကြည့်နေမိသည်။ နူးညံ့ကြင်နာတတ်သော ရဲ့ ယုယမှုတွေကိုလည်း နိုင်း မစွန့်လွှတ်နိုင်ပါ။

ချစ်လေးနဲ့လေပြည်ကို ဘယ်သူ့ပိုချစ်သလဲလို့





သာလျှင် နိုင်းနှလုံးသားက ဖြေဖို့ခက်ခက်ပါပဲ။

အချစ်စိတ်ဆိုတာ နှလုံးသားတစ်ခုတည်းနဲ့ နှစ်ယောက် ပေါ်မှာ တစ်ပြိုင်နက်တည်း ရှင်သန်မွေးဖွားခွင့် မရှိဘူးတဲ့ လား။

ဟင့်အင်း၊ နိုင်း ရင်ထဲမှာတော့ အချစ်တွေက သိပ်ကို ပြာ လျှံပယ်စွာ ရှိနေတော့လည်း။

◆ ◆ ◆

## အခန်း (၁၉)

"ဒီနေ့ ဘယ်သွားစရာရှိလို့လဲသား"

ကော်ဖီဝိုင်းကို ပြင်ဆင်ဝတ်စားပြီးမှ ဝင်လာသော နိုင်းကို အကဲခတ်ကြည့်ရင်း မာမီကမေးသည်။

"လေပြည်ကို သင်တန်းလိုက်ပို့ပေးမလို့ မာမီ"

ထိုင်ခုံမှာ ဝင်ထိုင်ရင်း သူဖြေတော့ လေးလေးက မျက်မှောင်ကြုတ်ကြည့်၏။ မာမီကတော့ ကျေနပ်စွာပြုံးရင်း သူ့ပန်းကန်ထဲသို့ ကော်ဖီတွေ ငှဲ့ထည့်ပေးနေသည်။

"သားနဲ့ ပန်းလေပြည်လေး အခုလို ခင်မင်ကျွမ်းဝင်နေတာ မာမီကျေနပ်တယ်သား၊ သမီးလေးပန်းလေပြည်ကို မာမီ့သားနဲ့ သူ့မာမီက ကြည်ဖြူလက်ခံပြီးသားလေ"

"ဗျာ"

မာမီ့စကားကြောင့် နိုင်း အံ့ဩသွားမိသလို လေးလေး ကိုယ်တိုင်လည်း မျက်လုံးကြီး ပြူးသွားသည်။





"ဟုတ်တယ်သား၊ ပန်းလေပြည် မေမေနဲ့ မာမီက မိတ်ဆွေရင်းချာတွေပဲလေ၊ သားတို့ချင်း ကြည်ဖြူနေတယ်ဆိုရင် မာမီကော ဖေမိုဘက်ကကော ကျေနပ်မှာပါ"

"မ. . . မဟုတ်သေးဘူး မာမီ၊ သား အိမ်ထောင်မပြုချင်သေးဘူး"

နိုင်းစကားကြောင့် မာမီမျက်နှာပေါ်က အပြုံးတွေ ပျောက်သွားသည်။ ပြီးတော့ နိုင်းကို စူးစူးနစ်နစ် အကဲခတ်ကြည့်နေသော မာမီ့မျက်ဝန်းတွေကို နိုင်း ရှောင်တိမ်းမရနိုင်ခဲ့။

"ဘာကြောင့်လဲသား. . . လေပြည်ကို မင်းငြင်းတာ လား"

"မဟုတ်ပါဘူး မာမီ၊ လေပြည်ကို သားသိပ်ချစ်ပါတယ်"

"ဘာရယ်. . . ဒါဆို ဘာငြင်းစရာရှိလဲသားရယ်"

"မဟုတ်ဘူး မာမီ၊ လေပြည်ကို သားချစ်သလို ချစ်လေးကိုလည်း ချစ်နေလို့ပါ၊ စက်ရုံက ချစ်လေးသူကို မာမီသိပါတယ်"

နိုင်း မာမီ့ရှေ့မှောက်မှာပဲ ဝန်ခံပြောနေတော့ လေးလေး အံ့ဩနေပုံရ၏။ မာမီကလည်း မျက်တောင်တွေပုတ်ခတ်ပြီး နိုင်းစကားကို နားမလည်နိုင်စွာ ဖြစ်နေခဲ့သည်။

"ချစ်လေးနဲ့သား အဆင်ပြေနေပြီ မာမီ၊ သူလည်း သားကို သိပ်ချစ်တာ"

"နိုင်း. . . မင်းဘာတွေလုပ်နေတာလဲ၊ လေပြည်နဲ့ ချစ်လေး နှစ်ယောက်စလုံးကို မင်းရှုပ်နေတာပဲ"

"သားရှုပ်တာမဟုတ်ပါဘူး မာမီ၊ တကယ်ချစ်လို့ တကယ်

ကြိုးစားခဲ့တာပါ၊ လေပြည်ကော ချစ်လေးပါ သားကို သိပ်ချစ်ကြ တယ်"

"နိုင်း. . . တော်စမ်း အဓိပ္ပာယ်မရှိတာတွေ၊ တစ်ပြိုင် တည်း ရည်းစားနှစ်ယောက်ထားတာ ကိစ္စမရှိဘူး၊ အခုမာမီပြော နေတာ မင်းဘဝအတွက် မင်းလက်ထပ်မယ့် မိန်းကလေးတို ရွေးချယ်ခိုင်းနေတာ"

"သား နှစ်ယောက်စလုံးကိုချစ်တာ မာမီ"

"ဘာ. . . မင်းဘာတွေပြောနေတာလဲ၊ မိန်းကလေးတွေ ကို မင်းဘယ်လိုသတ်မှတ်နေတာလဲ၊ သက်မဲ့ပစ္စည်းတွေ၊ အရုပ် တွေလို့ မင်းထင်နေလား၊ မင်းငယ်ငယ်လေးကတည်းက ဘာပစ္စည်း ကစားစရာမဆို နှစ်ခုလိုချင်လို့ရတယ်၊ ဒါပေမဲ့ အခု အိမ်ထောင် ရေးကိစ္စမှာတော့ အတ္တတွေမွေးလို့မရဘူး၊ ဘယ်မိန်းကလေးမှ လက်မခံဘူး၊ မာမီလည်း လုံးဝလက်မခံနိုင်ဘူး၊ ထားတော့ မင်း တစ်ယောက်ယောက်ကို ရွေးချယ်ခွင့်ရှိတယ်"

မာမီရဲ့ ယတိပြတ်စကားကြောင့် နိုင်း ခေါင်းကိုခါယမ်း မိ၏။ မာမီက နိုင်းကို စိတ်ပျက်သလိုကြည့်ရင်း ထပ်ပြောသည်။

"မာမီကတော့ ပန်းလေပြည်ကို သဘောကျတယ်၊ ဒါပေမဲ့ သားဘဝအတွက် ချစ်လေးသူကို ရွေးမယ်ဆိုလည်း မာမီခွင့်ပြုတယ်၊ မာမီ ခမ်းခမ်းနားနား လက်ထပ်ပေးမယ်သား"

"သား နှစ်ယောက်စလုံးကို မပြတ်နိုင်ဘူး"

"မင်း. . . အရူးထနေတာပဲ"





"သားမရူးပါဘူး မာမီရယ်၊ သားရင်ထဲမှာ လေပြည်နဲ့ ချစ်လေးကို ထပ်တူချစ်တာပါ၊ တစ်ယောက်ယောက်ကို ရွေးချယ်ခိုင်း ဘာ မဖြစ်နိုင်ဘူး"

"နိုင်း. . . မင်း ဘာမှဆက်မပြောနဲ့တော့၊ အပြစ်မဲ့တဲ့ န်းကလေးတွေကို မင်းလှည့်စားနေတာသက်သက်ပဲ၊ သူတို့လေး တွေက မင်းကို သံယောဇဉ်ရှိကြတယ်ပဲထားဦး၊ မင်းအကြောင်းတွေ သိသွားတဲ့တစ်နေ့ကျရင် နာကျင်ခံစားကြရမှာပဲ၊ ဘယ်လိုမှ တ်ဝန်းကျင်အသိုင်းအဝိုင်းက လက်မခံနိုင်တဲ့ကိစ္စပါ၊ မိန်းကလေး တွေရဲ့ ဂုဏ်သိက္ခာနဲ့ ခံစားချက်ကို မင်းထည့်တွက်ဦး နိုင်း"

ပြောရင်း မာမီ စိတ်ရှုပ်ထွေးသွားသလို ခေါင်းကိုခါယမ်း သည်။ အခုချိန်ထိ မျက်မှောင်ကြီးကုပ် ငြိမ်သက်နေသော နိုင်းဆီက အကြည့်တွေ မာမီလွှဲတော့ တိတ်ဆိတ်နေသော လေးလေးဘက် ရောက်သွား၏။

"မောင်လေး"

"ဗျာ. . . မမ"

"မဖြစ်သင့်တာတွေ မဖြစ်အောင်လို့ သားအနားမှာ င်းကိုရှိစေခဲ့တာနော်၊ မမမှာ အလုပ်တွေနဲ့ အားတာမဟုတ်ဘူး၊ ါတွေ မင်းမသိဘူးလား၊ သိရက်နဲ့ မြှောက်ပင့်ပေးနေတာလားဟင်"

မာမီ့ဒေါသတွေ လေးလေးဘက် ဦးလှည့်သွားတော့ လေးလေးမျက်နှာက ဇီးရွက်လောက်ပဲ ရှိတော့သည်။

"လေးစိုးနဲ့ မဆိုင်ပါဘူးမာမီ၊ ဒီကိစ္စတွေ လေးစိုးသိစရာ

မှမလိုတာ၊ သားရင်ထဲက ခံစားချက်သက်သက်ပဲ"

နိုင်း ကြားထဲက ဝင်ဖြေရှင်းတော့ မာမီ သူ့ဆီပြန်ဦးလှည့်လာသည်။ အမြဲတမ်း သိမ်မွေ့နူးညံ့နေတတ်သော မာမို့မျက်နှာထ မာတင်းပြတ်သားနေတာကို နိုင်း မြင်တွေ့နေသည်။

"ဒီမှာ နိုင်း၊ မာမီလည်း မိန်းမသားတစ်ယောက်ပဲ၊ မင်း စာနာစိတ်နဲ့ ဆင်ခြင်တော့နော်၊ မာမီ နောက်ဆုံးအပြတ်ပြောမယ် အချိန်တွေမလွန်ခင် မင်းတစ်ယောက်ယောက်ကို ရွေးပါ"

အမိန့်ဆန်သော စကားအဆုံးမှာ မာမီ ကော်ဖီဝိုင်းထ ထထွက်သွားခဲ့သည်။ မာမီသောက်လက်စ ကော်ဖီတွေတောင် ခွက်ထဲမှာ တစ်ဝက်သာသာ ကျန်ခဲ့သည်။

"မင်းကလည်းမင်းပဲ နိုင်း၊ ငါ အတန်တန်သတိပေးရက်နဲ့"

"ကျွန်တော်မှ ဘယ်သူ့ကိုမှ မစွန့်နိုင်တာ လေးလေးရာ ပြီးတော့ အခုဖြစ်နေတာက မာမီပါ၊ သူတို့က ဘာပြဿနာမှ မရှိဘူး"

"ဒီလိုမပြောနဲ့ နိုင်း၊ မင်းလျှို့ဝှက်ချက်ကြီး ပေါ်သွားတာနဲ့ ပြဿနာတွေဖြစ်လာမှာ သေချာတယ်"

"ဘာမှပေါ်စရာမရှိပါဘူးဗျာ၊ ကျွန်တော် နိုင်နင်းတယ်"

"ဟေ့ကောင် နိုင်း၊ အင်တာနက်ခေတ်ကြီးနော်၊ ချစ်လေး သူနဲ့ ပန်းလေပြည်က လူသားစစ်စစ်တွေကွ၊ စက်ရုပ်တွေမဟုတ်ဘူး"

"အချစ်ဆိုတာ အင်အားကြီးတယ် လေးစိုး၊ လေးစိုးတို့ စိုးရိမ်သလို သိသွားတယ်ထားဦး ကျွန်တော့်ကို သူတို့နားလည်





ခွင့်လွှတ်မှာပါ၊ ဘာလို့လဲဆိုတော့ ကျွန်တော် သူတို့ကို တကယ်ချစ်တာ၊ မြတ်နိုးတာ"

"ဟေ့ကောင် နိုင်း၊ တော်. . . တော်ကွာ၊ မင်းဇာတ်မင်းနိုင်ရင် ဆက်ကပေါ့၊ ငါတော့ ကြားညှပ်မခံနိုင်ဘူး၊ အမာကို အမြန်ဆုံး လက်ထပ်တော့မယ်"

လေးလေး ဒေါ်သတွေ မပေါက်ကွဲစဖူး ပေါက်ကွဲထရပ်ကာ စားသောက်ခန်းထဲက ကမူးရှူးထိုး ထွက်သွားသည်။

"ထပ်ဗျာ. . . ထပ်. . . ထပ် လေးလေးလည်း အလကားပဲ၊ အချစ်ကိုနားမလည်ဘူး"

နိုင်း ပေါက်ကွဲစွာ ဟစ်အော်ပစ်လိုက်မိသည်။ ရင်ထဲက နှလုံးသားက ခံစားချစ်တတ်တာ အပြစ်တဲ့လား။

တစ်စုံတစ်ယောက်ကိုပဲ ရွေးချယ်ရအောင် အချစ်မှာ ကန့်သတ်ပိုင်းခြားမှုတွေ ရှိနေသလား။ နိုင်း ရူးနေတယ်လို့ ထင်နေသည်လား။

ဟင့်အင်း. . . နိုင်း မရူးပါဘူး။ ရူးတယ်ဆိုရင်လည်း ချစ်တတ်တဲ့စိတ်ကြောင့် ရူးတာပဲဖြစ်မှာပါ။

အချစ်ကို ခံစားချစ်တတ်လို့ ရူးတယ်ဆိုရင်လည်း။

◆ ◆ ◆

## အခန်း (၂၀)

ရန်ကုန်က ပြန်သွားပြီး တစ်လတောင်မကြာသေး အဘွား နေမကောင်းဟု ဖုန်းလာတာမို့ မေမေ စိုးရိမ်သွားကာ သွားဖို့ပြင်ဆင်သည်။

"မေမေ. . . သမီးလည်း လိုက်မယ်နော်၊ ကျောင်းကခွင့်ယူပြီး လိုက်ခဲ့ချင်တယ်နော် မေမေ"

ဖေဖေကလည်း စင်ကာပူရောက်နေချိန်မို့ မေမေ တစ်ယောက်တည်းသွားရမည့်ခရီးမှာ လေပြည် တောင်းဆိုတော့ မငြင်းပါ။ လုပ်ငန်းကိစ္စတွေကိုလည်း အကြာကြီး ပစ်ထားလို့မရတာမို့ တစ်ပတ်လောက်ပဲနေမှာဖြစ်သည်။

"အင်း. . . သမီးဘွားက သမီးကိုလွမ်းတာထင်ပါတယ်၊ သမီးလိုက်ခဲ့ပေါ့၊ တစ်ပတ်လောက်ပဲ မေမေတို့ နေဖြစ်မှာပဲလေ"

မရောက်တာကြာပြီဖြစ်သော ဘွားတို့ခြံကြီးကို ပြန်ရမည်ဆိုတော့ လေပြည် ဝမ်းသာသွားမိသည်။ ထိုညနေမှာပဲ နိုင်းဆီကို လေပြည် ဖုန်းဆက်အသိပေးဖြစ်သည်။

ဦး:မိုး:၈၇၆၀



"ဟင်. . . ဟုတ်လား၊ ကိုယ်တော့ လွမ်းနေရတော့မှာပဲကွာ"

"အံမယ်. . . ရှင်တစ်ယောက်တည်း လွမ်းရမှာမှမဟုတ်တာ၊ လေပြည်လည်း လွမ်းကြည့်ချင်လို့"

"ဘာရယ်. . . လွမ်းချင်လို့"

"အင်းလေ. . . ချစ်တတ်ပြီဆိုရင် လွမ်းဖူးရတယ်တဲ့၊ ရှင့်ကို လေပြည် လွမ်းကြည့်ချင်လို့လေ၊ အဟင်း. . . ဟင်း နောက်တာပါ၊ ဘွားနေမကောင်းလို့ သွားရမှာပါ"

"အင်း. . . ကိုယ်နားလည်ပါတယ်ကွာ၊ ပြန်လာရင်တော့ ချက်ချင်း ဖုန်းဆက်နော် လေပြည်"

"အင်း. . . ဆက်မှာပါ၊ ရှင့်ကို လွမ်းတာတွေ ဖုန်းဆက်ပြောပြမှာပေါ့၊ ဘိုင့်"

ဖုန်းလေးချပြီး လေပြည် ပြုံးမိသည်။ နိုင်းရင်ထဲမှာ တကယ်ပဲ လွမ်းနေမည်လား။ လေပြည်ကတော့ ဘွားကိုတွေ့ချင်လွန်းသလို နိုင်းကိုလည်း လွမ်းနေဦးမှာ သေချာသည်။

နောက်တစ်နေ့ မနက်မှာပဲ မေမေနှင့်လေပြည်တို့ ဘွားတို့မြို့လေးကို သွားခဲ့ကြသည်။ ရန်ကုန်မြေနှင့် တရိပ်ရိပ်ဝေးလာလေလေ လေပြည်ရင်ထဲမှာ နင့်နင့်သီးသီး ခံစားရလေလေပါပဲ။

တစ်ပတ်တိတိတောင် နိုင်းကို မြင်တွေ့ခွင့်မရသော အဖြစ်ကိုတွေးရင်း လေပြည်ရင်ထဲမှာ ဟာတာတာကြီး ခံစားနေရသည်။ နိုင်းရယ် ရှင့်ကို လေပြည် မြတ်နိုးချစ်နေတာ ဝန်ခံချင်တယ်။

◆ ◆ ◆

ဦး:မိုး:၈၇၆၀

ဘွားတို့ခြံကြီးကိုရောက်တော့ လေပြည်စိတ်မှာ နွေးထွေးလုံခြုံသွားသလို ခံစားရသည်။ ဒီခြံကြီးနှင့် ဒီပျဉ်ထောင်အိမ်ကြီးမှာ လေပြည် ပျော်ရွှင်စွာ နေထိုင်ဖြတ်သန်းခဲ့ဖူးသော အတိတ်သည် မဝေးသေးပါ။

အုံ့စိုင်းနေသော ခြံကြီးကိုကြည့်ကာ ငယ်ဘဝလေးနှင့် သူငယ်ချင်းတွေကိုလည်း သတိရမိသည်။

အိမ်ကြီးရှေ့မှာ လေပြည်တို့ကားထိုးရပ်တော့ အဘိုးထ တံခါးဝက ဆီးကြိုနေ၏။

"အဘိုး နေကောင်းတယ်နော်၊ ဘွားကော"

"ရှိတယ်မြေးရေ. . . မြေးပါလာမယ်ဆိုတာ သိကတည်းက မြေးဘွားက မျှော်နေတာ၊ လာကြ. . . လာကြ"

ညှော်ခန်းထဲက ဆက်တီခုံကြီးပေါ်မှာ ထိုင်နေသော ဘွားကို တွေ့တော့ လေပြည် အပြေးသွားကာ ဘွားရင်ခွင်ထဲ ကလေးငယ်တစ်ဦးလို တိုးဝင်မိ၏။

"ဘွား. . . နေကောင်းတယ်နော်"

ဝိုးမိုးဝေ



"အင်း. . . ကောင်းသွားပြီ မြေး၊ မြေးလေးကို ဘွားလွမ်းလိုက်တာကွယ်"

လေပြည် ဆံနွယ်တွေကို ပွတ်သပ်ဖယ်ပြီး ဘွားက နဖူးပြင်လေးကို နမ်းသည်။

"မေမေ နေမကောင်းဘူးဆိုလို့ သမီးစိတ်တွေပူနေတာ"

"အင်း. . . ငါနေမကောင်းမှပဲ လာကြမယ့်သဘောပေါ့လေ၊ ငါ့မှာတော့ ဒီမြေးနဲ့သမီးကို လွမ်းလိုက်ရတာ၊ ဒီသံယောဇဉ်နဲ့ ငါသေရင် ကျွတ်မှာတောင်မဟုတ်ဘူး"

"မေမေရယ်"

မျက်ရည်လေးဝဲကာ ဆိုနေသော ဘွားလက်မောင်း တစ်ဖက်ကို ဆုပ်ကိုင်ထားရင်း မေမေပါ မျက်ရည်ဝဲနေ၏။

"စီးပွားရေးတွေပဲ မဲလုပ်နေကြတာ၊ ဒီလောက်ချမ်းသာရင် တော်ပြီပေါ့အေ၊ ငါ့မြေးလေးက တစ်ယောက်တည်းပါ၊ ငါပေးတဲ့ အမွေတွေနဲ့တင် တစ်သက်စားမကုန်ပါဘူး"

"မေမေရယ်. . . အသက်ငယ်တုန်း စီးပွားရှာရတာပါ၊ ဒါကလည်း သမီးလေးအတွက်ပါပဲ၊ မေမေတို့ကို ရန်ကုန်လိုက်နေဆိုတော့လည်း မနေကြဘူးလေ"

"အိုအေ. . . ကိုယ့်ဇာတိကို မခွဲနိုင်ပါဘူး၊ ညည်းတို့ ရန်ကုန်မှာလည်း မနေတတ်ပါဘူး၊ တို့လင်မယားက ဒီမှာပဲ ခေါင်းချချင်တာ"

"ကဲပါ. . . မပယ်စိန်ရယ် မင်းကလည်း ကလေးတွေရောက်

ဝိုးမိုးဝေ

လာတာကို အမောဆို့အောင် မပြောစမ်းပါနဲ့"

အဘိုးက ဝင်ဟန့်တော့မှပဲ ဘွား မျက်ရည်စတွေကို ဖွတ် သုတ်ရင်း. . .

"အင်း. . . သံယောဇဥ်မပြတ်နိုင်လို့ ပြောမိတာပါသမီး ရယ်၊ သမီးတို့ကို မေမေနားလည်ပါတယ်၊ မေမေ နေမကောင်းပေ မယ့် သမီးနဲ့မြေး လာမယ်ဆိုကတည်းက ပြန်နေကောင်းသွားတာ ပါ"

"ဘွားရယ်. . . သမီးလည်း ကျောင်းပိတ်တိုင်း လာမှာပါ အခုက ဘွားနေမကောင်းဘူးဆိုလို့ ကျောင်းပျက်ခွင့်ယူပြီး လိုက် လာတာ"

"အင်း. . . ဘွားသိပါတယ်ကွယ်၊ ဒီနှောင်ကြိုးတွေကို ဘွား လည်း ဖြတ်သင့်ပါပြီ၊ နောက်လထဲမှာ ဘွားတို့တွေ တရားစခန်း ဝင်ဖို့ ဆုံးဖြတ်ထားတယ်၊ သံယောဇဥ်တွေနဲ့ နောင်ဘဝမကူးချင်ဘူး မြေးရယ်"

ဘွားနှင့်ဘိုး ခံစားချက်ကို လေပြည် နားလည်ပါသည်။ တစ်ချိန်ကျရင် လေပြည်တို့လည်း ဒီလိုပဲ နှောင်ကြိုးတွေနှင့် ရင်ဆိုင် ကြုံတွေ့ရဦးမှာ တွေးကြည့်မိသည်။

ဘာပဲဖြစ်ဖြစ် ဒီမှာတစ်ပတ်နေကြမည်ဆိုတာကြောင့် ဘွားကောဘိုးပါ ကျေနပ်ဝမ်းသာနေကြသည်။ အိမ်ဖော် ဒေါ်မြို့ ကို လေပြည်နှင့်မေမေ အကြိုက်ဟင်းတွေ စီစဉ်ခိုင်းကြသည်။

ခရီးပန်းလာပေမယ့် လေပြည်ကတော့ ခြံထဲဆင်းကာ





ပတ်ကြည့်ရင်း ခရေပင်ကြီးအောက်ကို ရောက်ခဲ့သည်။

ဒီခရေပင်ကြီးအောက်မှာ လေပြည်တို့ သူငယ်ချင်းတွေ လက်ကိုင်ပဝါလေးတွေ မြုပ်နှံထားခဲ့ကြသည်။ နောင်ငါးနှစ်ကြာ လျှင် ပြန်ဆုံကာ တူးဖော်ဖို့ ကတိပြုထားခဲ့ကြသည်။

ခရေပင်ကြီးပင်စည်မှာ လေပြည်နှင့် ချစ်လေးတို့ ရေးထွင်းထားသော ပြန်ဆုံမည့်နေ့ရက်ကလေးလည်း အသားသစ် တက်ကာ မှိန်ဖျော့နေ၏။ အခုမှ နှစ်နှစ်တောင်မပြည့်သေး။

လေပြည်စိတ်လိုလက်ရ ထိုရက်စွဲလေးကို ပြန်ထွင်းထုပေး လိုက်သည်။ ချစ်လေးကိုလည်း သတိရသည်။ သက်ထက်နှင့် စွဲမက် ကိုလည်း အာရုံထဲမှာ ပြန်မြင်လာသည်။

ဖြူစင်သော နှလုံးသားနှင့် တစ်ချိန်မှာ ပြန်ဆုံကြလျှင် လေပြည်အနားမှာ နိုင်း ရှိနေမည်လား။ ချစ်လေးကလည်း အမြဲ တမ်း ကြွေးကြော်ထားသလို အဖျိုကြီးအဖြစ် ရောက်လာမည်လား။

သက်ထက်နှင့် စွဲမက်တို့ကော ကတိအတိုင်း စုံညီရောက် လာမှာလား။

"လေပြည်"

ခပ်စူးစူးခေါ်သံကြောင့် လေပြည် အတွေးတွေ လွင့်စင် ကာ လှည့်ကြည့်တော့ မြမြရည် ဖြစ်နေသည်။ တစ်ခါတုန်းက တစ်ရပ်ကွက်တည်း သူငယ်ချင်းဆိုပေမယ့် ချစ်လေးတို့လောက် ကျွမ်းဝင်စွာ မပေါင်းဖြစ်သော မြမြရည်။

"မြရည်. . . နင် မြရည်နော်"

"ဟုတ်ပါတယ်ဟ၊ နင်ရောက်လာတယ် သတင်းကြားလို့"

"အေး. . . မနက်ကမှရောက်တာဟ၊ နင်ဒီမှာပဲနေ"

"ဟုတ်တယ်. . . ငါဒီမြို့မှာပဲ၊ နင်က ရန်ကုန်သူကြီးဖြစ်ပြီး ပိုပြီးလှလိုက်တာဟယ်၊ တကယ့်မင်းသမီးလေးအတိုင်းပဲ"

"အဟင်း. . . ဘာစားချင်လဲပြောလေ၊ ကျွေးပါ့မယ်"

"တကယ်ပြောတာပါဟယ်. . . နင့်ကိုမြင်တော့ ချစ်လေး သူတို့၊ သက်ထက်အောင်တို့ ညီအစ်ကိုကိုပါ သတိရတယ်"

"အေးဟာ. . . ငါလည်း အခုပဲသတိရနေတာ၊ တစ်ခါမှ ပြန်ဆုံခွင့်မရှိသေးတဲ့ ဘဝတွေမှာ သူတို့အဆင်ပြေကြရဲ့လား တွေးနေတာ"

"ချစ်လေးသူနဲ့ နင် မဆုံဘူးလား၊ သူလည်း ရန်ကုန်မှာ လေ"

မြမြရည်စကားကြောင့် လေပြည် မျက်လုံးလေးတွေ ဝိုင်း စက်သွားသည်။

"ဘာရယ်. . . တောင်ငူမှာမဟုတ်ဘူးလား"

"သူ့မိသားစုက တောင်ငူမှာပဲ၊ ချစ်လေးကို သူ့အ အစ်မတွေက ရန်ကုန်ကို တာဝန်ယူခေါ်သွားတာ လေပြည်ရဲ့ ဟိုတစ်လောက ငါ့အမေ တောင်ငူရောက်တော့ ချစ်လေးသူအမေ က ပြောပြလိုက်တာ၊ ရန်ကုန်က ရွှေပြည်သာမြို့နယ်ဘက်မှာ နေတာတဲ့"

"ဟင်. . . ဟုတ်လား မြရည်၊ လိပ်စာအတိအကျသိလား



ဘင်၊ ငါ့ကိုပေးစမ်းပါ၊ ချစ်လေး ရန်ကုန်မှာဆို ငါတို့ချင်းဆုံနိုင်တာ ပေါ့၊ ငါ လုံးဝမသိလို့ပါဟယ်"

"နင် ငါ့အိမ်လိုက်ခဲ့လေ၊ အမေတော့သိမှာပါ၊ ချစ်လေးသူ အမေနဲ့ ငါ့အမေက အဆက်အသွယ်ရှိတယ်၊ လိပ်စာတော့ အမေသိ မှာသေချာတယ်"

"အေးအေး. . . ငါလိုက်ခဲ့မယ်၊ ခဏလေးစောင့်၊ မေမေ့ကို သွားပြောလိုက်ဦးမယ်"

လေပြည် ရင်ထဲမှာ ဝမ်းသာစိတ်နှင့် လှိုက်ဖိုနေခဲ့သည်။ အချစ်ဆုံးသူငယ်ချင်း ချစ်လေးက ရန်ကုန်မှာနေသည်တဲ့လား။

ချစ်လေးရယ် နင်နဲ့ငါ့အဖြစ်က နီးလျက်နဲ့ ဝေးနေကြတာ ပါလား။

ကံကြမ္မာက ငါတို့တွေကို ပြန်ဆုံခွင့်ပြုပြီပေါ့။

◆ ◆ ◆

## အခန်း (၂၁)

ရန်ကုန်ပြန်ရောက်သည်နှင့် လေပြည် အရင်ဆုံးသွား
တာ ရွှေပြည်သာဘက်မှာရှိနေသည်ဆိုသော ချစ်လေးတို့ဆီ

မြမြရည်မိခင် ပေးလိုက်သော လိပ်စာကမှန်သည်
ချစ်လေးတို့အိမ်ကို လေပြည် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ခဲ့သည်

"ဟယ်. . . လေပြည်"

"ချစ်လေး"

သူငယ်ချင်းနှစ်ယောက် ဝမ်းသာအားရ ပြေးဖက်ကြ
ကြည့်ရင်း အုံ့ညြမှင်သက်နေသူက ဒေါ်လေးမာဖြစ်သည်၊ အိမ်
ကို ကားကြီးထိုးရပ်လာတုန်းကတော့ နိုင်းတို့တူဝရီးဟု ထင်
သည်။

အခုတော့ ပရာဒိုမီးခိုးရောင်ကြီးနှင့် ရောက်လာသူ
မိန်းကလေးတစ်ယောက်၊ တူမဖြစ်သူနှင့် တစ်ယောက်
တစ်ယောက် တင်းတင်းပွေ့ဖက် နှုတ်ဆက်နေကြ၏။

"ဒေါ်လေးမာ. . . ဒါ. . . ဒါ ချစ်လေးပြောနေ

စိုးမိုးစာပေ



ပြည်လေ၊ ချစ်လေးရဲ့ အချစ်ဆုံးသူငယ်ချင်း ပန်းလေပြည်ဆို
တာ ပေါ့"

"ဟုတ်လား. . . အိမ်ပေါ်ခေါ်လေ သူလေးရဲ့၊ လာ. . .
မီး အိမ်ပေါ်တက်ကြဦး"

ဒေါ်လေးမာ ပြောမှပဲ သူမတို့နှစ်ယောက် တစ်ယောက်
နဲ့ တစ်ယောက်ဖက်ကာ အိမ်ပေါ်တက်ခဲ့ကြသည်။

ဒေါ်လေးမာက လေပြည်ကို ညှော်ခံဖို့ ကော်ဖီသွားဖျော်
သည်။ ချစ်လေးတို့နှစ်ယောက်ကတော့ ဝမ်းသာအားရ စကားတွေ
ပြောမဆုံးကြပါ။

"ဘွားတို့ခြံကို မရည်ရွယ်ဘဲ ပြန်ရောက်လို့ မြရည်အမေ
ဆီက လိပ်စာရခဲ့တာ ချစ်လေးရဲ့၊ ငါက နင့်ကို တောင်ငူမှာပဲထင်
နေတာ"

"လေပြည်ရယ်. . . နင်လည်း နင့်အဘွားရဲ့ခြံကြီးမှာပဲ
နေမယ် ငါထင်တာပေါ့ဟယ်၊ ရန်ကုန်မှာ နင်ရှိမှန်းသိရင် ငါ
တွေ့တွေ့အောင် ရှာမိမှာပဲ"

"အင်း. . . ငါယုံတယ် ချစ်လေး၊ ဘာပဲဖြစ်ဖြစ် အခု ငါတို့
ပြန်ဆုံကြပြီပဲဟာ ငါအရမ်းဝမ်းသာတယ်သိလား"

"အေးဟာ. . . နင့်ကိုတွေ့မှ ဟိုနှစ်ကောင်ကို သတိရတယ်၊
သူတို့ညီအစ်ကို ငါတို့ကို သတိမှရရဲ့လားမသိဘူး"

သက်ထက်တို့ အမြွှာညီအစ်ကိုကို ရည်ရွယ်ပြီး ချစ်လေး
ပြောတော့ လေပြည်လည်း ခေါင်းညိတ်ထောက်ခံမိ၏။

စိုးမိုးစာပေ

"အေးဟာ. . . ဒါပေမဲ့ နောင်ငါးနှစ်ကြာလို့ ပြန်ဆုံမယ်
ဆိုတဲ့စကားကိုတော့ သူတို့မေ့မှာမဟုတ်ပါဘူး၊ ဒါနဲ့ နင်ဘယ်မှာ
ကျောင်းတက်တာလဲဟင် ချစ်လေး"

"ငါလား. . . အခု အဝေးသင်ဒုတိယနှစ်လေ"

"ဟင်. . . နင် ဒေးတက်တာမဟုတ်ဘူးလား ချစ်လေး"

"ဟင့်အင်း. . . ပထမနှစ်ပဲတက်ဖြစ်တာ၊ အိမ်က စီးပွား
ရေးအခြေအနေကြောင့် ငါအခု စက်ရုံမှာ အလုပ်လုပ်ပြီး အိမ်ကို
လစဉ်ပြန်ထောက်ပံ့နေရတယ်၊ ဒါကြောင့် အဝေးသင်ပဲတက်ဖြစ်
တယ်"

"ချစ်လေးရယ်. . . ငါ စိတ်မကောင်းလိုက်တာ"

လေပြည်စိတ်မှာ ထင်မှတ်ထားသည်နှင့် ချစ်လေး ရှင်သန်
ဖြစ်တည်နေသော ဘဝက တကယ့်ကို မတူပါလား။

"ဘာမှစိတ်မကောင်းမဖြစ်ပါနဲ့ဟာ. . . ငါအဆင်ပြေပါ
တယ်၊ စက်ရုံကလည်း ငါ့ဒေါ်လေးတွေနဲ့သိတဲ့ သူဌေးမို့ ကျောင်း
တက် စာမေးပွဲဖြေနိုင်အောင် စီစဉ်ပေးပါတယ်၊ ဒီနေ့တောင် နင်
စက်ရုံပိတ်ရက်မို့ ငါနဲ့ထိပ်တိုက်ဆုံတာသိလား"

ချစ်လေးကတော့ ဝမ်းသာအားရ ပြောနေသည်။
လေပြည်မှာသာ သူငယ်ချင်းအတွက် စိတ်မကောင်းဖြစ်မိသည်။
ဘစ်ချိန်တည်းမှာပဲ သက်ထက်တို့ညီအစ်ကိုကိုလည်း သတိရမိ
သည်။

သူတို့လည်း အဆင်ပြေကြရဲ့လားမသိ။





"လေပြည်. . . နင် ထမင်းစားပြီးမှပြန်ဟာ"

"မစားတော့ဘူး ချစ်လေး၊ ငါ ညနေသင်တန်းရှိတယ်၊
ွန်ပျူတာသင်တန်းတက်နေလို့ဟာ၊ ငါတို့ မကြာခဏဆုံကြမှာပဲ
ဘ၊ အဲ. . . နေဦး နင့်ကိုဆက်သွယ်ဖို့ ဖုန်းရှိလား"

"အင်း. . . ဟိုဖက်လမ်းမှာ ဖုန်းတော့ရှိတယ်၊ သူတို့က
န်းလာရင်တော့ လာခေါ်ပေးတယ်ဟ"

"အာ. . . ငါက နင်နဲ့ လွတ်လွတ်လပ်လပ် စကားပြောချင်
ာ၊ ဒီလိုလုပ်ဟာ နင့်ကို ငါ့ဟန်းဆက်တစ်လုံး လက်ဆောင်ပေး
ယ်၊ နင်နဲ့ငါ နေ့တိုင်းစကားပြောလို့ရအောင်ပေါ့၊ နော် ချစ်လေး"

"ဟယ်. . . ငါမယူချင်ပါဘူး၊ ဒီလောက်တန်ဖိုးကြီးတာကို"

"ဘာမှတန်ဖိုးမရှိပါဘူးဟယ်. . . နင်နဲ့ငါကြားမှာ
ငွေကြေးက တကယ့်ကို ဘာမှတန်ဖိုးမရှိဘူး၊ ဒါကို နင်လက်ခံရင်
ပေးတဲ့လက်ဆောင်ကိုတော့ မငြင်းနဲ့"

လေပြည် ဇွတ်ပြောနေတော့ ချစ်လေး မငြင်းသာခဲ့ပါ။
းကွာနေခဲ့ကြတာ နှစ်နှစ်နီးပါးဆိုပေမယ့် ရင်ထဲက သံယောဇဉ်
တွေက ခိုင်မြဲနေဆဲ။

တစ်ဦးတည်းသော သမီးလေးဘဝနှင့် အရာရာပြည့်စုံနေ
သော လေပြည်အခြေအနေက မြင်ရုံနှင့် သိသာပါသည်။

နုညက်ဝင်းစက်အောင် လှပလာသည်။ မပြောင်းလဲသေး
သော စိတ်ထားဖြူဖြူလေးကလည်း ဟိုးအရင်ကအတိုင်း။

ချစ်စရာကောင်းတဲ့ သူငယ်ချင်းလေးနဲ့ ပြန်ဆုံရတာ

ချစ်လေးကိုယ်တိုင်လည်း ကြည်နူးဝမ်းသာမဆုံး၊ မျှော်လင့်မထား သော သူငယ်ချင်းနှစ်ဦးကို ပြန်ဆုံခွင့်ပေးသည့် ကံကြမ္မာကို ကျေးဇူး တင်လိုက်တာ၊

◆ ◆ ◆



## အခန်း (၂၂)

"မာမီက ဘယ်လောက်ကြာမှာလဲ"

"နှစ်လလောက်တော့ ကြာမယ်သား"

နိုင်းအမေးကိုဖြေရင်း မာမီမျက်ဝန်းတွေက နိုင်းမျက်နှာ ကို အကဲခတ်ကြည့်နေခဲ့သည်။ ပြီးမှ. . .

"ဒီခရီးကို မာမီသွားချင်တာမဟုတ်ဘူးသား၊ မင်းကို ိတ်မချလို့ပဲ"

"သားအတွက်မပူပါနဲ့ မာမီ"

"အရင်ကမပူပေမယ့် အခုတော့ပူနေပြီ၊ မင်းရဲ့နှလုံးသား ရေးရာကိစ္စတွေကြောင့်ပဲ"

နိုင်း ပခုံးတွန့်မိသည်၊ ဒီပြဿနာကို မာမီသိသွားတာ ဘကယ့်ကွိုင်၊ အမြတ်မ်း သူ့ကို သံသယမျက်ဝန်းတွေနှင့် ကြည့် သည်၊ အခုလည်း မာမီ ဘာတွေဆူပူဦးမည်မသိ၊

"ပြောစမ်းပါဦးသား. . . မင်းကိစ္စကြီးပြီးပြီလား"

"ဒီရက်ပိုင်းမှာ သား ဘယ်သူနဲ့မှ မဆုံဖြစ်ပါဘူး မာမီ"

နိုင်း မတင်မကျပဲဖြေသည်။ လေပြည် ပြန်ရောက်နေတာ ကြားပေမယ့် မရောက်ဖြစ်။ ချစ်လေးဆီလည်း မရောက်တာ အမှန်။ ဒီပြဿနာနောက်ပိုင်းကတည်းက မာမီက နိုင်းကို စက်ရုံဘက် မလွှတ်တော့ဘဲ ရွှေဆိုင်ကိုပဲ ပို့ထားခဲ့တာဖြစ်သည်။

"မင်း ဝေလည်ကြောင်ပတ်မပြောနဲ့ နိုင်း၊ ဒီပြဿနာထို မင်းကိုယ်တိုင် အပြတ်ရှင်းမလား၊ မာမီစောင့်ကြည့်နေတာနော် ပြော် မင်းမရှင်းရင် မာမီရှင်းမှာ၊ ဒီတော့ အခု မာမီပြန်လာတာနဲ့ မင်းဆီက စကားတစ်ခွန်း အပြတ်ကြားချင်တယ်သား"

နိုင်း ခေါင်းညိတ်ပြလိုက်သည်။ လတ်တလောမှာ မာမီ သွားရမည့်ခရီးကို စိတ်ချလက်ချပဲ သွားစေချင်သည်။ တကယ်ဆို မာမီက သူ့ကိုစိတ်မချဖြစ်နေတာမို့ မသွားချင်ပါ။

အမေရိကားမှာရှိသော အဘိုးအဘွားတွေက အမွေတိုင် လွှဲစရာလွှဲပေးရင်း မာမီ့ကိုလည်း တွေ့ချင်နေသည်။

"မောင်လေး. . . နင့်ကိုလည်း ငါမှာထားတယ်နော်"

မာမီ လေးလေးဘက်လှည့် မှာတမ်းခြွေနေပြန်သည်။ ထုံးစံအတိုင်း လေးလေးက ပုတ်သင်ညိုလို ခေါင်းတညိတ်ညိတ်။

"နင့်မှာတာဝန်အပြည့်ရှိနေပြီ၊ နင်နိုင်အောင်တာဝန်ယူ နင့်စကားနားမထောင်ရင် ငါ့ဆီချက်ချင်းဖုန်းဆက်၊ ငါ ချက်ချင်း ပြန်လာမယ်"

"ဟုတ်ကဲ့ပါ မမ၊ ကျွန်တော် နိုင်းကို ထိန်းသိမ်းမှာပါ

ဝိုးမိုး၊၀၇၆၀



အဲ. . . ဟို"

"စကားပြောရင် အဲဒီလို အူတူတူအတတလုပ်တာကို ငါ မကြိုက်တာ၊ နင်ဘာပြောမှာလဲ ပြော၊ ရဲရဲပြော"

"ဟို. . . ဟို ဒီလိုပါမမ၊ မမ ခရီးသွားမှာက နှစ်လလောက် ကြာမှာဆိုတော့ ကျွန်တော် အသိပေးချင်လို့ပါ၊ ကျွန်တော်လည်း အိမ်ထောင်ပြုတော့မှာ"

"ဘာရယ်. . . နင်က"

"ဟုတ်တယ်မမ၊ ဟိုလေ ကျွန်တော်တို့ချင်း ချစ်သူ အဲ. . . အဆင်ပြေနေတာကြာပါပြီ၊ မမလည်းလက်ခံမယ့် မိန်းက လေးမျိုးပါ၊ ရိုးရိုးယဉ်ယဉ်မိန်းကလေးပါ၊ ကျွန်တော့်ထက် ခြောက်နှစ်ပဲငယ်ပါတယ်"

မာမီ တွေခနဲဖြစ်သွားသည်။ လေးလေးမျက်နှာကို အကဲ ခတ်ကြည့်နေတော့ လေးလေး ခေါင်းလေးငုံ့ကာ ငြိမ်နေသည်။

"အင်း. . . မင်းဆန္ဒရှိရင် မမ စီစဉ်ပေးမှာပေါ့"

"ဟာ. . . ဝမ်းသာလိုက်တာမမရယ် ကျွန်တော်တို့ ကြီးကြီးမားမား ညှိခံပွဲတွေမလုပ်ချင်ပါဘူး၊ လက်မှတ်ထိုးပြီး ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ မင်္ဂလာဆွမ်းကျွေးရုံပါပဲ၊ ဟို ကျွန်တော်ဘဏ်မှာစုထားတဲ့ ငွေထုတ်ပြီး စီစဉ်လိုက်မယ်နော် မမ"

"ဟဲ့. . . နေ. . . နေပါဦး၊ မင်းက ငါပြန်လာအောင်ပဲ မစောင့်နိုင်တော့ဘူးလား၊ ငါက အပြီးသွားတာမဟုတ်ပါဘူး"

"ဟို. . . သိ. . . သိပါတယ်၊ ဒါပေမဲ့ သေချာအောင် ရုံးမှာ

ဝိုးမိုး၊၀၇၆၀

လက်ထပ်ထားချင်တယ်"

"အမလေး မောင်လေးရယ် ဘာလို့ အဲဒီလောက်အထိ မင်း ကသုတ်ကရိုက်ဖြစ်နေတာလဲ၊ အပူတပြင်းဖြစ်ရအောင် ပြဿနာတွေ ရှိနေလို့လား"

မာမှီစကားကို လေးလေး ဘယ်လိုနားလည်သွားသည်မသိ ဗျာဗျာသလဲငြင်းရင်း. . .

"ဟာ. . . မဟုတ်ပါဘူးမမ၊ ဟိုလေ ကျွန်တော့်အသက်က မငယ်တော့ဘူး၊ ပြီးတော့ ဟို. . . အဲ သေချာချင်လို့ပါ"

လေးလေးအဖြစ်က ပြဿနာအမှန်ကို ပြောပြခွင့်မရသည့် အဖြစ်မှန်း နိုင်း သိနေသည်။ သနားတော့ သနားစရာအကောင်း သား။ ညောင်မြစ်တူးရင်း ပုတ်သင်ဥပါ ပေါ်လာမည့်ကိစ္စဆိုတော့ လေးလေး မပြောရဲရှာပါ။

"နင့်ဘက်က သေချာရင် ငါ့ဘက်က သေချာပြီးသား အသက်မငယ်တာတော့ အဆန်းလုပ်ပြောမနေနဲ့၊ ငယ်တဲ့အခါတုန်း က နင်စွံအောင်လုပ်ပါလား၊ အခုမှ ဖုတ်ပူမီးတိုက် အသည်းအသန် မလုပ်ပါနဲ့ဟယ်၊ ငါ့မှာတာဝန်ရှိတယ်၊ ငါပြန်လာမှ ကျကျနန စီစဉ် လက်ထပ်ပေးမယ်"

"ဟို. . . ဟို. . . မမ. . . ကျွန်တော်"

"မောင်လေး. . . နိုင်းကို နင်နဲ့ငါက အပ်ထားခဲ့ရမှာ နင့်အာရုံက ဘယ်ရောက်နေတာလဲ၊ နှစ်လဆိုတာ ဘာကြာလို့လဲ"

မာမီ ခပ်မာမာပြောတော့ လေးလေး ဘာမှဆက်မပြောရဲ





တော့ဘဲ ထုံးစံအတိုင်း ပုတ်သင်ညိုခေါင်းညိတ် ဖြစ်သွားပြန်၏။

"မင်းတို့နှစ်ယောက် အူကြောင်ကြောင်တော့ မလုပ်ကြနဲ့ နော်၊ မောင်လေး နင့်မယားလောင်းကိုပြောထား၊ ငါပြန်လာမှ အကောင်းဆုံးစိတ်တိုင်းကျ စီမံပေးမယ်လို့၊ ဒီကြားထဲ အောင့်ထား ကြ၊ သား နိုင်း"

"ဗျာ"

"မင်း. . မာမီ့အကြောင်းသိတယ်နော်၊ မင်းကို မာမီ သိပ်ချစ်သလို ဘယ်လောက်အထိ အလိုလိုက်ခဲ့တယ်ဆိုတာလည်း မင်းအသိပဲ၊ ဒါပေမဲ့ မဖြစ်သင့်တာကိုတော့ မာမီ အလိုလိုက်မှာ မဟုတ်ဘူး၊ မာမီ့စကားကို ဆန့်ကျင်ရင် မာမီဘာမှ တာဝန်ယူ ဖြေရှင်းပေးမှာမဟုတ်ဘူး၊ မင်းတို့နှစ်ယောက်စလုံး မာမီပြန်လာလို့ ပြဿနာတွေကြားရင် နှစ်ယောက်စလုံး အိမ်ပေါ်ကဆင်း၊ အမွေ ပြတ်ပဲမှတ်"

ယတိပြတ် မာမီ့စကားကြောင့် နိုင်းကော လေးလေးပါ ခွန်းတုံ့မပြန်နိုင်ကြပါ။

အခန်းထဲက မာမီထွက်သွားမှ ကြက်နာကြီးလည်လိမ် ထားသလိုဖြစ်နေသော လေးလေးကို နိုင်း စိတ်ပျက်စွာကြည့်ရင်း

"လေးစိုးကလည်း တစ်မှောင့်၊ ဘာဖြစ်လို့ ဒီလောက် အလျှင်စလိုဖြစ်နေရတာလဲဗျာ"

"အမာနဲ့ အမြန်လက်ထပ်မှဖြစ်မယ်နိုင်း၊ မင်းရဲ့ နှစ်ပွင့် တစ်ခိုင်ဇာတ်ရှုပ်ကြီးပေါ်ရင် အမာက ငါ့ကိုပါမုန်းသွားမှာ ငါသိ

နေတယ်၊ အမာကို ငါ ဆုံးရှုံးမခံနိုင်ဘူးကွာ"

"မစိုးရိမ်ပါနဲ့ လေးစိုးရာ၊ ဒီတစ်သက် လေးစိုး မိန်းမရ စေရမယ်ဗျာ၊ ဘယ်သူမှမပေးစားလဲ ကျွန်တော်ပေးစားမယ်"

"တော်ကွာ. . . မင်းသာ မရှုပ်ထွေးရင် ငါအရင်မလိုဘူး ကွ"

"လေးစိုးသာ မာမီ့ကိုမပူဆာရင် မာမီကလည်း ဒီလောက် တင်းကြပ်မှာမဟုတ်ဘူး၊ အခုတော့ နေ့တိုင်း ဟိုကဖုန်းဆက်ပြီး ဆူဦးပူဦးမှာ သေချာတယ်၊ အဲဒါ လေးစိုးကြောင့်"

"မင်းနော်. . . မင်းလုပ်တာတွေက သဘာဝကျလို့လား"

"အခုမှမပြောနဲ့လေ၊ လေးလေးကို အန်တီမာနဲ့ အောင် သွယ်ပေးတာ ကျွန်တော်ပါဗျ၊ ဟောဒီကနိုင်းပါ"

"အေး. . . အမာ ငါ့ကိုခါးတူးသွားအောင် မလုပ်လိုက်ဝါ နဲ့လို့ တောင်းပန်ပါရစေ နိုင်းလေးရယ်"

အချစ်ဆိပ်တက်နေသော လေးလေးကိုကြည့်ကာ နိုင်း ခေါင်းကိုခါယမ်းမိပါသည်။

မာမီ့စကားကို မလွန်ဆန်ရဲသော လေးလေးနှင့် သူ့ရဲ့ ချစ်ခြင်းပြဿနာတွေနဲ့တော့ တကယ်မလွယ်ပါလား။

လတ်တလောမှာတော့ အလွမ်းတွေက သူ့ရင်ထဲအပြည့်။ လေပြည်ကိုလွမ်းမိသည်။ ချစ်လေးကိုလည်း သတိရနေဆဲ။

အလွမ်းဆိုတာ ချစ်ခြင်းကြောင့် သန္ဓေတည်လာသော ခံစားမှုတစ်ခုဆိုလျှင်။

◆ ◆ ◆



## အခန်း (၂၃)

"ဟဲလို. . . ချစ်လေးလား"

"ဟုတ်တယ် လေပြည်၊ လေပြည်ပို့လိုက်တဲ့ ဟန်းဆက်လေး ရလို့ ချစ်လေးဆက်လိုက်တာ"

ချစ်လေးထံမှ ဖုန်းဆက်သွယ်မှုရတော့ လေပြည် ဝမ်းသာ သွားမိသည်။ နေ့လယ်ကပဲ ဟန်းဆက်အသစ်ဝယ်ပေးကာ ဒမ္မိုင်ဘာဦးလေးအုန်းကို သွားပေးခိုင်းခဲ့တာဖြစ်သည်။

"တို့နှစ်ယောက် စကားတွေပြောလို့ရပြီနော် ချစ်လေး၊ နေ့တိုင်းညတိုင်း ပြောလို့ရပြီပေါ့"

"အင်းပေါ့ဟာ. . . နင်ပြောတဲ့စကားတွေကို ငါလည်း နားထောင်ချင်တယ် လေပြည်၊ ကဲ အဝပြောဟာ"

"ပြောမှာထက် ငါက နင့်ကိုကြွားစရာရှိလို့ ချစ်လေးရဲ့"

"ကြွားမလို့ဟုတ်လား၊ ကြွားလေ နင်ကြွားတာ နားထောင် ပြီးရင် ငါအသိပေးချင်တာတွေလည်း ပြောမယ်"

"ငါ့ကိုအသိပေးမယ် ဟုတ်လား ချစ်လေး၊ ပြောလေ ဘာ အသိပေးမှာလဲ"

"ပြီးမှ. . . နင်အရင်ပြော"

"အင်း. . . ဒါဆိုပြောမယ်၊ အဟင်း ပြောရမှာ ရှက်စရာ ရှက်တယ်ဟ၊ နင်က ငါ့အချစ်ဆုံးသူငယ်ချင်းမို့ ပြောမှာသိထား ချစ်လေး အခု ငါ့မှာချစ်တဲ့သူရှိနေပြီ"

"ဟယ်. . . တကယ်လား လေပြည်"

"အင်း. . . နင့်ကို ငါဝန်ခံတာပါဟာ"

"ကြည့်စမ်း. . . တိုက်တိုက်ဆိုင်ဆိုင် ငါကလည်း ငါ့မှာ ချစ်သူရည်းစားရနေပြီဆိုတာ နင့်ကိုအသိပေးဝန်ခံမလို့ဟ"

"ဟယ်. . . ကြည့်စမ်း အပျိုကြီးပဲလုပ်မယ်လို့ ကြွေးကြော် ထားတဲ့မိန်းမ သက်ထက်တို့နှစ်ယောက်သိရင်တော့ ဝိုင်းဟားမှာ သေချာတယ်"

လေပြည် မြူးမြူးလေးပြောကာ နောက်ပြောင်လေ ချစ်လေးမျက်နှာလေး ရဲသွားမည်လား သိချင်မိသည်။

"ဟားရင်လည်း ခံရတော့မှာပဲ၊ အချစ်ဆိုတာ မမျှော်လင့် မရည်ရွယ်ဘဲ မွေးဖွားသွားတတ်တာကိုး လေပြည်ရဲ့"

"အံမယ်. . . ကဗျာတွေဆန်နေပြန်ပါပြီ၊ အဟင်း. . . ဟင်း နောက်တာပါချစ်လေးရယ်၊ ငါလည်း နင့်လိုပဲ ခံစားရလို့ နားလည်ပါတယ်၊ ငါလေ သူ့ကိုအရမ်းချစ်မိသွားတာဟ"

"ငါယုံတယ် လေပြည်၊ နင်ရွေးချယ်လိုက်တဲ့ နင့်ချစ်သူကို

စိုး:မိုး:ဝ၁ဓပ



ငါမြင်ဖူးချင်လိုက်တာဟာ"

"ငါလည်း နင့်ချစ်သူကို မြင်ဖူးချင်တယ် ချစ်လေး၊ နင်ကြွေ သွားလောက်တဲ့သူဆိုတော့ ဘယ်လောက်ချောလဲသိချင်မြင်ချင် ဘယ်လေ"

"ချောတာထက် သူ့ရဲ့ဂရုစိုက်၊ ကြင်နာတတ်မှုမှာ ငါကြွေ ဆင်းသွားခဲ့တာပါ လေပြည်၊ သူက ငါ့ကိုသိပ်ချစ်တယ်၊ သူ့ရဲ့ချစ်ခြင်း တရားတွေကို ငါ့နှလုံးသားက မလွန်ဆန်နိုင်ခဲ့ဘူး"

ချစ်လေးရင်ထဲက ခံစားချက်တွေကို နားထောင်ရင်း လေပြည် ကြည်ကြည်နူးနူးလေး ပြုံးနေမိသည်။ လေပြည်ကိုယ်တိုင် သည်း နိုင်းရဲ့ အရေးပေးအလိုလိုက် ယုယမှုတွေအောက်မှာ ချစ်တတ်သွားခဲ့မိတာပဲ့လေ။

"လေပြည်. . . ဒီလိုလုပ်ဟာ အားရက်တစ်ရက်မှာ နင်နဲ့ နင့်လူလာခဲ့လေ၊ ငါလည်း သူ့ကိုခေါ်ထားလိုက်မယ်၊ ငါတို့ ဆုံတွေ့ တိတ်ဆက်ရင်း လက်ဆုံထမင်းစားရအောင်နော်"

"သိပ်ကောင်းတဲ့ အစီအစဉ်ပဲ ချစ်လေး၊ ငါတို့တစ်ရက်ဆုံ ကြတာပေါ့ဟာ"

"အင်း. . နင် စာကျက်စရာတွေရှိနေသလား၊ ငါဖုန်းပိတ် လိုက်တော့မယ်နော်"

"အေး. . . စာကျက်စရာမရှိပါဘူး၊ဟို. . . သူ့ဖုန်းဆက် တာကို မျှော်ရဦးမှာ၊ ဒီညဆက်မယ်ထင်တယ်"

"ဟယ်. . . ဟုတ်လား၊ ဒါဆို ငါဖုန်းချလိုက်တော့မယ်၊

စိုး:မိုး:ဝ၁ဓပ

တော်ကြာ လေပြည်လူက ဆက်မရလို့ နှာကစ်နေဦးမယ်၊ အထင်း ဟင်း"

ရယ်မောနောက်ပြောင်သံလေးနှင့် ချစ်လေး ဖုန်းလေးပိတ် သွားတော့ လေပြည် ကြည်ကြည်နူးနူးလေး ပြုံးမိသည်။

အချိန်တွေက တကယ်ပဲ အရာရာကို ပြောင်းလဲထား သည်လား။ လေပြည်ရဲ့ နှလုံးသားလေးကိုလည်း ချစ်တတ်စေခဲ့ မက ချစ်လေးနှလုံးသားအတွက်လည်း ချစ်တတ်သူကို ရှာဖွေပေး သည်တဲ့။

လေပြည် ကြည်နူးအပျော်စိတ်ကလေးနှင့် နိုင်းရဲ့ ဖုန်းနံပါတ်လေးတွေကို နှိပ်လိုက်တော့ အလွယ်တကူပဲ ဝင်သွား သည်။

"လေပြည်လား"

"ဟုတ်တယ်လေ၊ ဘာဖြစ်လို့ ဖုန်းမဆက်တာလဲ၊ ဘယ်ကို သဝေထိုးနေတာလဲ ပြော၊ ရှင့်ကို လေပြည် ဒေါကန်နေတာ သိလား"

"ဆောရီးကွာ. . . စိတ်မဆိုးပါနဲ့လေပြည်ရာ၊ မာမီ ဆီ ထွက်သွားတာ လေပြည်ကြားမှာပေါ့၊ အခု မာမီ့အလုပ်တွေ မနိုင် မနင်းနဲ့ ကိုယ်ချာလည်ရိုက်နေလို့ပါ"

"ဟွန်း. . . သိသားပဲ၊ ဒါပေမဲ့ လေပြည်ဖုန်းဆက်တော့ ပိတ်ထားတာတော့ စိတ်ဆိုးတယ်"

"လေပြည်ကျေနပ်တဲ့အထိ တောင်းပန်တယ်ကွာ၊ တထော





နေးဖုန်းတွေကိုပဲ မနားတမ်း ကိုင်နေရလို့ပါ"

"မသိပါဘူး၊ တခြားရည်းစားနဲ့ သွားတွေ့နေသလားလို့"

"အာ. . . မဟုတ်တာ၊ အထင်မလွဲပါနဲ့ကွာ လေပြည် ဘစ်ယောက်တည်းရှိတာ ယုံ"

"မယုံဘူး. . . ကျိန်တွယ်ပြလေ"

"ဟာ. . . လေပြည်ကလည်းကွာ အဲဒီလောက်အထိ တောင် ကိုယ့်ကိုမယုံဘူးလား၊ အဟွန်း. . . လူချင်းတွေ့မှ သက်သေ ပြမယ်"

"လုံးဝမယုံဘူး၊ တော်ပြီ ဖုန်းပိတ်လိုက်ပြီ"

"ဘာ. . . လေပြည်. . . လေပြည်. . . ဟာကွာ"

နိုင်း ဖုန်းဆက်ရင်း ပင့်သက်ကြီးရှိုက် ခေါင်းခါလိုက်တာကို သုမ်းကြည့်နေသော လေးလေးက မဲ့ပြုံးကြီးနှင့်. . .

"ဘယ်လိုလဲ talking တွေကလည်း ပစ်လှချည်လားကွ၊ ခင်းကောင်မလေးဗိုက်ထဲမှာ ပုဏ္ဏားလေးရှိရမယ်"

"အသာနေစမ်းပါ လေးစိုးရာ၊ ဒီလိုပဲ ခနဲ့တာပေါ့"

"အေး. . . ခနဲ့ရင်းနဲ့ မင်းနှလုံးသားကို ဟက်တက်ကွဲသွား အောစိုးလို့ပါကွာ"

လေးလေးက သူမခံချင်အောင် တမင်ပြောနေတာမို့ နိုင်း ချက်နှာကြီး မကျေမနပ် သုန်မှုန်နေသည်။

လေပြည် စိတ်ဆိုးမည်ဆိုလည်း ဆိုးလောက်သည်။ ဖုန်း လေးဆက်ချိန်တောင်မရှိအောင် မာမီက သူ့ကို အလုပ်တွေပိ

အောင် ထားခဲ့သည်။

ရွှေဆိုင်တာဝန်နှင့် မာမီရှယ်ယာဝင်ထားသော ကုမ္ပဏီ ကိစ္စတွေနဲ့တင် လူက နေဝင်မိုးချုပ် ချာလပတ်ရမ်းနေခဲ့သည်။

လေးစိုးကတော့ စက်ရုံတာဝန်ယူခိုင်းထားတာမို့ တကယ့် ဖိုးကျိုင်းတုတ်ဖြစ်နေသည်။ အန်တီမာအိမ်ကိုချည်း လစ်နေထာ သူမသိမဟုတ် သိပါသည်။

သူ့မှာသာ မာမီရဲ့ အကွက်ကျသော အစီအမံတွေထဲမှာ နှလုံးသားတွေ အကျဉ်းကျနေသည့်အဖြစ်က။

◆ ◆ ◆



အခန်း (၂၄)

"ဒါက ဘယ်တုန်းနိုင်း"

ရေမိုးချိုး အဝတ်အစားတွေ အကျအနဝတ်ဆင်ပြီး လေ ဘလေးချွန်ကာ ထွက်လာသော နိုင်းကို ဂျာနယ်ဖတ်နေရာမှ လေးလေး လှမ်းမေးသည်။

"ဘုရားသွားမလို့ ဒီနေ့ချိန်းထားတယ်"

"ဘယ်သူနဲ့လဲ နိုင်း"

"ချစ်လေးနဲ့၊ လေးစိုးလိုက်ဖို့တော့ မစဉ်းစားနဲ့"

ဂျာနယ်ကိုပစ်ချရင်း ခေါင်းထောင်လာသည့် လေးလေး နိုင်းစကားကြောင့် မကျေမနပ် မျက်မှောင်ကြီးကုပ်သွားရင်း. . .

"မင်းက ဘာသဘောလဲ၊ ချစ်လေးသူနဲ့ဆို အမာနဲ့ငါပါ လိုက်မှာပေါ့"

"အန်တီမာလည်းမပါဘူး၊ ကျွန်တော်နဲ့ ချစ်လေးနဲ့ပဲ လွတ်လွတ်လပ်လပ် သွားချင်လို့ စီစဉ်ထားတာ"

"မင်းကွာ. . . ဒါတော့ မဖြစ်သင့်ဘူး"

လေးလေးစကားမဆုံးခင် နိုင်း ခါးကြားက ဟင်းနံ့စုန်း လေး မြည်လာတာမို့ နိုင်း ဖွင့်နားထောင်တော့ လေပြည်ဆီက

". . . . . . ."

"ဟင်. . . ဘယ်လို. . . ဟို လေပြည် ဒီနေ့သင်တန်းသွား ရမှာမဟုတ်လား၊ ညနေမှ ကိုယ်လာကြိုမယ်လေကွာ"

". . . . . . ."

"မဖြစ်ဘူး လေပြည်၊ ကိုယ် အခုပဲ ကုမ္ပဏီကဧည့်သည် တွေနဲ့ သွားတွေ့ရမှာ၊ ချိန်းထားပြီးနေပြီ၊ လေပြည်က ကြိုမပြောဘဲ"

". . . . . . ."

"စိတ်မဆိုးပါနဲ့ လေပြည်ရာ၊ တောင်းပန်တယ်ကွာ၊ ဒီထိုး က လေးလေးလည်း သွားလို့မရဘူး၊ ကိုယ်သွားမှဖြစ်မှာ၊ လေပြည် သွားချင်ရင် နောက်တစ်ပတ်ဆန်းဒေးလုပ်နော်"

". . . . . ."

"ဟာ. . . လေပြည်. . . လေပြည် ဗိုး ပြဿနာပဲ"

"ဘာပြဿနာဖြစ်ပြန်ပြီလဲ နိုင်း"

"ဟုတ်တယ်လေးလေး လေပြည်က ဘုရားပွဲခိုင်းနေတာ မဖြစ်ဘူး၊ ချစ်လေးနဲ့ အသေအချာချိန်းထားပြီးပြီလေ"

"ဘာ. . . ဒီဟာလေးကလည်း ဘုရားပွဲခိုင်းတယ်၊ မင်းထား တိုက်ဆိုင်လွန်းတယ်၊ ရိုးမှရိုးရဲ့လား"

"လုပ်ပြန်ပြီ လေးစိုးတို့က တကယ်ပဲ၊ ဘာလို့မရိုးရမှာလဲ





ချစ်သူတိုင်း အားလပ်ရက်ဆို ဘုရားသွားချင် လည်ပတ်ချင်တာ အတူတူပေါ့ဗျာ၊ မတတ်နိုင်ဘူး၊ စိတ်ဆိုးလည်း နောက်မှချော့မယ် ဗျာ"

"ချစ်လေးသူဆီသွားမယ်ပေါ့၊ ဒါဆို ငါ့ကို အမှာအိမ်ထိပဲ ို့ပေးကွာ၊ ငါနဲ့အမာ အိမ်မှာပဲ စကားပြောမယ်"

"အင်း. . . လေးလေးကတော့ ရည်ရွယ်ချက်နဲ့ ချစ်လေး ဘက် မဲပေးနေတာ ကျွန်တော်သိတယ်"

"ဟ. . . ငါက ရိုးသားပြီးသားကွ၊ တစ်ယောက်ဆို ဘစ်ယောက်ပဲ"

"လေးစားပါတယ် အချစ်သရဲကြီး၊ အဲလေ အချစ်သူရဲ ကောင်းကြီးရယ်"

နိုင်း လှောင်သလို မဲ့မဲ့ရွဲ့ရွဲ့ပြောတော့ လေးလေးမျက်နှာ ဘစ်ချက်မပျက်ဘဲ တုံ့ပြန်သည်။

"အေး. . . မင်း လေးလေးကို လှောင်ချင်လှောင်ပါ၊ ါပေမဲ့ လေးလေးရဲ့အချစ်ကို တန်ဘိုးထားမှုကိုတော့ မင်းလေးစား ရမယ် နိုင်း၊ လေးလေးက အချစ်ကို တန်ဖိုးထားတယ်၊ မင်းက အချစ်ကို ကစားနေတာကွ၊ အချစ်ကိုကစားတာ မီးနဲ့ကစားသလို ပဲ၊ မင်းရင်ထဲမှာ အချစ်ကြောင့် ပူလောင်မှုတွေမဖြစ်အောင် ကြိုးစားပါ နိုင်းရာ"

လေးလေး တည်ငြိမ်လေးနက်စွာပြောတော့ သူ ခွန်းတုံ့ ပြန်နိုင်ခဲ့ပါ။ တကယ်ပဲ အချစ်ကြောင့် သူ့ရင်မှာ ပူလောင်နေပြီ

လား။

ချစ်လေးနဲ့ ကြည်နူးပျော်ရွှင်ရပေမယ့် လေပြည်ကိုတော့ သူ ကျေနပ်အောင် တောင်းပန်ရဦးမည်။

ဒီလိုအဖြစ်မျိုးတွေ ထပ်ကြုံလာလျှင်တော့ သူ ရှူးလိမ့်မည် ထင်ရဲ့။

◆ ◆ ◆

စိုးမိုးစာပေ

"နောက်ကျနေပြီထင်တယ်၊ ကိုနိုင်းကလည်း နာရီဝက်ကြီး တောင်မှ နောက်ကျနေတယ်"

"ဆောရီး ချစ်လေးရယ်၊ လေးစိုးက လိုက်မယ်ဆိုလို့ စောင့်ရတာက တစ်ခါ၊ ကုမ္ပဏီဖုန်းတွေ ထပ်ဝင်လာတာတွေနဲ့ နောက်ကျသွားတာ၊ ချစ်လေးက ဘာဖြစ်နေတာလဲ၊ ရွှေတိဂုံဘုရားကြီးက ထွက်ပြေးသွားမယ့်အတိုင်းပဲ"

"ကြည့်. . . မပြောကောင်းမဆိုကောင်း ချစ်လေးစိတ်ပူတာ ဘုရားမှာဆုံဖို့ချိန်းထားတဲ့ ချစ်လေးသူငယ်ချင်းနဲ့ လွဲမှာစိုးလို့ပါ"

"ဟင်. . . ချစ်လေးသူငယ်ချင်းက ဘာလိုက်လုပ်ဦးမှာလဲ"

"ဘာမှမလုပ်ပါဘူး၊ သူကလည်း စုံတွဲခုတ်လာမှာ၊ သူ့ချစ်သူနဲ့၊ ချစ်လေးချစ်သူနဲ့ဆုံပြီး မိတ်ဆက်ပေးမလို့ပါ"

"ဘာလဲ. . . ချစ်သူချင်းပြိုင်မလို့လား၊ စိတ်ချ ချစ်လေးဘက်က သာပြီးသားပဲဖြစ်မှာ သေချာတယ်၊ ကိုယ့်အချစ်ကို ဘယ်ကောင်ယှဉ်နိုင်မှာလဲ အဟွန်း"

စိုးမိုးစာပေ

နိုင်း နောက်ပြောင်နေတော့ ချစ်လေး မျက်စောင်းကလေးထိုးသည်။ ရွှေတိဂုံဘုရားရှေ့ရောက်တော့ ချစ်လေးကျိုးကန်းတောင်မှောက်ရှာနေသေးသည်။

"မရှိတော့ဘူးထင်ပါတယ်ကွာ၊ ချစ်လေးသူငယ်ချင်းနဲ့နောက်တစ်ခါမှဆုံကြမယ်၊ လာ ဘုရားဖူးရအောင်"

"အင်း. . . နာရီဝက်ကျော် နောက်ကျသွားလို့ဖြစ်မယ်"

နှစ်ဦးသား လက်ချင်းယှဉ်တွဲလျက် ရင်ပြင်ပေါ်အတက်မှာ ဘုရားပန်းတွေ ဆီမီးနဲ့သာတွေ ဝယ်ဖြစ်၏။

ရင်ပြင်ပေါ်ရောက်တော့ ချစ်လေး အတူယှဉ်တွဲထိုင်ဝတ်ပြုပြီး ကိုယ်စီ လက်ထဲကပန်းတွေကို တစ်စည်းတည်းပေါင်းပြီး ပန်းအိုးမှာကပ်လှူသည်။

ချစ်လေး ဆီမီးတွေပူဇော်တော့ နိုင်းအိတ်ထဲက ဓာတ်မီးခြစ်လေးထုတ်ကာ ခြစ်ပေးသည်။ ထိုအခိုက်မှာပဲ ဖွင့်ထားမိသောနိုင်းခါးကြားက ဟင်းန်ဖုန်းလေးက သံစဉ်ချိုလေး ထွက်လာ၏။

နိုင်းဖုန်းကို ထုတ်ကြည့်ရင်း ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်၊ လေပြည်ဆီက ဖြစ်နေသည်။

"ချစ်လေး. . . ခ. . . ခဏလေးနော်၊ အရေးကြီးလို့"

နိုင်း ချစ်လေးကိုခွင့်တောင်းပြီး ခပ်လှမ်းလှမ်းကို ရှောင်ထွက်ခဲ့ပြီးမှ ဖုန်းကိုဖွင့်ကာ နားထောင်ရသည်။

"လေပြည်. . . ပြော. . . ပြောလေ ဒီမှာ ကိုယ်ကုမ္ပဏီညွှန်ကြားရေးမှူးကော ညှိသည်တွေနဲ့ အစည်းအဝေးလုပ်နေတာ"





"ဟုတ်လား. . . ဆောရီး ကျွန်မ မှားသွားတယ်"

လေပြည်လေသံက မဟုတ်သေး၊ ကျွန်မတွေဘာတွေဖြစ်ကာ ◌ါသတွေသင့်နေဆဲ။

"လေပြည်. . . ကိုယ် အနူးအညွတ်တောင်းပန်တယ်ချစ်ရယ်၊ ဒီညနေသင်တန်းကို လာကြိုမယ်နော်"

"မလိုဘူး နိုင်းနဝဒေး၊ ရှင့်ကိုမုန်းတယ်"

"ဟင်"

လေပြည်စကားက သူ့နားထဲကို ပူလောင်ပြင်းထန်သောဗုံးတစ်လုံးလို စီးဝင်ပေါက်ကွဲပြီး ချက်ချင်းပိတ်သွားခဲ့သည်။

သူပြန်ခေါ်ကြည့်ပေမယ့် ဖုန်းကို အပြီးပိတ်ပစ်လိုက်တာမို့ ပင့်သက်ရှိုက်ရင်း ရင်ထဲမှာ မောသွား၏။

သူ့ကိုလှမ်းကြည့်စောင့်နေသော ချစ်လေးရှေ့မှာတော့မျက်နှာမပျက်ဖို့လိုသည်။ နိုင်း ဖုန်းကိုအပြီးပိတ်ကာ အပြုံးမပျက်လျှောက်ခဲ့၏။

"တကယ်ကွာ. . . တစ်ရက်လေးတောင်မနားရဘူး၊ ညနေအလုပ်ကိစ္စက ပေါ်လာပြီ"

"ဟင်. . . ဆန်းဒေးတောင် မနားရဘူးလား ကိုနိုင်းရဲ့"

"အရေးပေါ်ကိစ္စလေ၊ ထားလိုက်ပါ ညနေသုံးနာရီအထိအေးဆေးပဲ၊ ချစ်လေးကို အိမ်ပြန်ပို့ပေးလို့ရသေးတယ်၊ ထားလိုက်"

ဟန်မပျက်နှစ်သိမ့်ရင်း ချစ်လေး လက်ဖဝါးလေးကို ဆုပ်ကိုင်ကာ နိုင်း ရင်ပြင်တစ်ပတ် ပူဇော်ဖို့ ထွက်ခဲ့သည်။

ဘုရားရိပ်က အေးမြလှပေမယ့် နိုင်းရင်ထဲမှာ ပူလောင်နေခဲ့တာ လေးလေးပြောတဲ့ အချစ်ရဲ့မီးတွေကြောင့်လားမသိ။

◆ ◆ ◆

တင်းတင်းကြိတ်ထားသော သွားတွေတောင်နာကျင်နေပြီ။ ပါးပြင်ပေါ်ကို စီးကျလာသော မျက်ရည်တွေကိုလည်း လေပြည် မတားနိုင်ခဲ့ပါ။

မျက်လုံးတွေနဲ့ မမြင်မိရင်တောင် လေပြည် ယုံနိုင်မည် မဟုတ်သော အဖြစ်ကြီးပါလား။

လက်ချင်းတွဲချိတ်လို့ တရွေ့ရွေ့လှမ်းသွားနေသော နိုင်းနဝဒေးနဲ့ ချစ်လေးရဲ့ပုံရိပ်က လေပြည် အမြင်အာရုံထဲမှာ ဝေဝါးနေသည်။

ရက်စက်လိုက်တာ နိုင်းနဝဒေးရယ်။ ဒါ ရှင်တမင်လိမ်ညာနေခဲ့တာဆိုတာ သေချာနေပြီလေ။ နောက်ဆုံးအချိန်ထိတောင် ဖုန်းထဲမှာ လေပြည်ကို ရှင်ရက်စက်စွာလိမ်ညာခဲ့တာ။

ချစ်လေးရယ် မင်းလည်း ဒါတွေကိုမသိဘူးဆိုတာ လေပြည်တော့ အကြွင်းမဲ့ ယုံကြည်တယ်။

တို့သူငယ်ချင်းနှစ်ယောက်စလုံး နိုင်းနဝဒေးဆိုတဲ့ ယောကျ်ားတစ်ယောက်ရဲ့ မာယာထဲမှာ နစ်မျောနေခဲ့ကြတာ။

ဒါက တို့နှစ်ယောက်အတွက် တိုက်ဆိုင်မှုတစ်ခုဆိုပေမယ့် နှိုင်းနဝဒေးကတော့ သစ္စာမဲ့စွာ လိမ်ညာလှည့်ဖျားနေခဲ့တာပဲ။

ရှင် သိပ်ကိုရက်စက်လွန်းခဲ့တဲ့ နှိုင်းနဝဒေး။

လေပြည်ရဲ့ နှလုံးသားမှာ အချစ်ဆိုတာ ပထမဆုံး ပွင့်ဖူးတဲ့ အချစ်ပန်းဦးပါ။ ဒါပေမဲ့ အဲဒီအချစ်ပန်းဦးဟာ ရွံစရာကောင်းတဲ့ ရှင့်ရဲ့မာယာအောက်မှာ နင်းချေခံခဲ့ရတာပါ။

ရက်စက်တတ်တဲ့ ယောကျ်ားတစ်ယောက်လက်ထဲကိုမှ လေပြည်တို့ သူငယ်ချင်းနှစ်ယောက်ရဲ့ နှလုံးသားလေးတွေကို ထည့်ပေးရက်တဲ့ ကံကြမ္မာကိုလည်း လေပြည် သိပ်မုန်းတယ်။

ချစ်လေးရယ် နင် ဒါတွေကိုသိသွားခဲ့ရင် နာကျင်ခံစားရမှာ ငါသိနေတယ်။

အလိမ်အညာခံလိုက်ရတဲ့ တို့သူငယ်ချင်းနှစ်ယောက် နှလုံးသားတွေအတွက်တော့။

◆ ◆ ◆



## အခန်း (၂၅)

"ဘာရယ်. . . လေပြည် နင်ဘုရားပေါ်ရောက်လာတယ် ဟုတ်လား၊ ငါက နင်ပြန်သွားပြီထင်နေတာ၊ ငါတို့နောက်ကျသွားလို့လေ"

"ငါမပြန်ပါဘူး ချစ်လေး၊ နင်တို့နှစ်ယောက် ဘုရားပန်းပူဇော်နေတဲ့အထိ ငါရပ်ကြည့်နေခဲ့တာ"

လေပြည်စကားကြောင့် ချစ်လေး မျက်လုံးလေးတွေဝိုင်းကာ မျက်တောင်ရှည်ကြီးတွေ ပုတ်ခတ်ပြီး နားမလည်နိုင်သလို ကြည့်သည်။

"ငါတကယ်ပြောတာ ချစ်လေး"

"လေပြည်ရယ် ဒါနဲ့တောင် နင်ဘာလို့ တို့ကိုလာမတွေ့တာလဲဟင်"

"ချစ်လေး. . . နင် ငါပြောတာကို ယုံမယ်မဟုတ်လားဟင်"

ချစ်လေး နားမလည်နိုင်ဖြစ်နေမိဆဲ၊ လေပြည် မျက်ဝန်းတွေထဲမှာ မျက်ရည်စတွေလား။

"ယုံတယ်. . . ယုံတာပေါ့ လေပြည်၊ နင် ဘာပြောမလို့လဲ ပြောပါ"

"အဲဒီနေ့က ငါလာခဲ့တယ် ချစ်လေး၊ ဒါပေမဲ့ ငါ့ရဲ့ချစ်သူဆိုတဲ့သူ ပါမလာဘူး"

"အင်း"

"ချစ်လေး. . . တို့သူငယ်ချင်းနှစ်ယောက်စလုံး အညာခံနေရတာသိလား၊ နင့်ချစ်သူနဲ့ငါ့ချစ်သူဟာ နိုင်းနဝဒေးဆိုတဲ့ယောကျ်ားတစ်ယောက်တည်းပဲ"

"ဘာ. . . ဘယ်လို"

ချစ်လေး အထိတ်တလန့် ရေရွတ်သည်၊ မျက်နက်ဝန်းလေးတွေ မယုံနိုင်စွာ ချာလည်တောက်ပနေတာကို လေပြည် စာနာစွာကြည့်ရင်း. . .

"အဲဒီနေ့က ငါ့ဘေးနားမှာ သူဘယ်ပါလာနိုင်ပါ့မလဲ၊ သူက နင့်အနားမှာ ရောက်နေတာကိုး ချစ်လေးရဲ့"

"ကို. . . ကိုနိုင်းက နင့်ချစ်သူဟုတ်လား လေပြည်"

"ဟုတ်တယ် ချစ်လေး၊ ကုမ္ပဏီအလုပ်တွေနဲ့ မအားလို့ ငါ့ဆီမလာနိုင်ဘူးဆိုတဲ့ နိုင်းနဝဒေးက နင့်အနားမှာရှိနေခဲ့တာ"

"ဒါ. . . ဒါဆို တို့နှစ်ယောက်စလုံးကို သူ. . . သူက"





ချစ်လေးစကားသံတွေ တုန်ရီလျက် အဆုံးမသတ်နိုင်ဘဲ ရပ်တန့်တိတ်ဆိတ်သွားခဲ့သည်။ ချစ်လေးရင်ထဲမှာ ခံစားနေရသော ဝေဒနာတွေကို မနေ့က လေပြည်ကိုယ်တိုင် ခံစားဖူးခဲ့ပြီ။

"နိုင်းနဝဒေးက နင်နဲ့လည်း ပတ်သက်နေတယ်၊ ငါ့ကိုလည်း ချစ်တယ်လို့ အကြိမ်ကြိမ်ပြောခဲ့တယ်၊ နင်နဲ့ငါဟာ ငယ်သူငယ်ချင်းတွေဖြစ်နေခဲ့ကြလို့ ချစ်လေးရဲ့၊ တစ်ယောက်နဲ့တစ်ယောက် မသိနိုင်ကြဘူးဆိုရင် တို့ ဒီလိုပဲ အလှည့်စားခံနေရတော့မှာ"

"တောက်"

ချစ်လေးနှုတ်မှ တက်ပြင်းပြင်းခေါက်သံနှင့်အတူ အံကိုတင်းခနဲကြိတ်ထား၏။ မျက်ဝန်းတွေထဲမှာ ချက်ချင်းဝဲတက်လာသာ မျက်ရည်တွေက နာကြည်းဒေါသတွေလား။ ဒါမှမဟုတ်. . .

လေပြည် နားလည်နိုင်ပါတယ် ချစ်လေးရယ်။

"ငါ. . . ငါ လုံးဝထင်မထားဘူး လေပြည်ရယ်၊ အခုလို လှည့်စားခံရမယ်လို့"

တိမ်ဝင်သွားသော အသံနှင့်အတူ မျက်ရည်တွေကို ချစ်လေး ထိန်းချုပ်နေခြင်းလား။ လေပြည် အသေအချာမသိနိုင်ပေမယ့် ရင်ထဲမှာ စူးနစ်နေသော ဆူးတစ်ချောင်းကိုတော့ နာကျင်စွာပဲ ဆွဲနှုတ်ချင်သည်။

နိုင်းအပေါ် အထင်ကြီးလေးစားမှုတွေ၊ မြတ်နိုးချစ်ခင်မှုတွေအားလုံးက ရင်ထဲမှာ အမုန်းတရားတွေအဖြစ် ပြောင်းလဲသွား

ခဲ့တာ မနေ့ကတည်းက။

မနေ့ညနေက တစ်ညနေလုံး ဖုန်းဆက်တာလည်း လေပြည် နားမထောင်ခဲ့ပါ။ မျက်နှာပြောင်တိုက်ပြီး လေပြည့်အိမ် အထိရောက်လာတော့လည်း ထွက်မတွေ့ခဲ့ပါ။

ဒီမနက်အစောကြီးကတည်းက ချစ်လေးဆီရောက်ခဲ့တာ ဖြစ်သည်။ ယောကျ်ားတစ်ယောက်ရဲ့ မာယာလှည့်စားမှုထဲမှာ လေပြည်ကော ချစ်လေးပါ နစ်မွန်းကျဆုံးရမှာလား။

"ငါ. . . မနေ့က ဘုရားပေါ်မှာ တကယ်တုန်လှုပ်ခံစားခဲ့ ရတယ် ချစ်လေး၊ နင့်အနားက သူ့ကို ငါ ကုတ်ဖဲ့ရိုက်နှက်ပစ်ချင်ခဲ့ တာ၊ တကယ်ခံပြင်းစရာကောင်းတဲ့ကိစ္စကြီး၊ အသားတွေ တဆင့် ဆတ်တုန် ခံစားခဲ့ရတာ၊ နင်လည်း ငါ့လိုပဲ ခံစားရမယ်လို့ငါထင် တယ်"

လေပြည်စကားတွေကို နားထောင်ရင်း ပေါက်ခနဲ စီးကျ လာသော မျက်ရည်တစ်ပေါက်ကို ချစ်လေး ခပ်ကြမ်းကြမ်းခွင်း သုတ်ပစ်၏။

"ချစ်လေး. . . နင့်ခံစားချက်ကို ငါနားလည်တယ်၊ ငါ သူ့ကို သိပ်မုန်းသွားပြီ၊ ငါတို့နှလုံးသားတွေကို လှည့်ဖျားခဲ့တဲ့အတွက် ကလဲ့စားတော့ချေရမယ်၊ နင့်စိတ်ထဲမှာ နိုင်းနဝဒေးကို ဘယ်လို သဘောထားသလဲ ငါသိချင်တယ်ချစ်လေး"

"တောက်. . . ငါသိပ်ခံပြင်းတယ်၊ ငါ့အချစ်ကို ရွေး အောင်ယူပြီး လှည့်စားခဲ့တာ သစ္စာမဲ့ရုံမကဘူး၊ မိန်းမသားတွေနဲ့





ဂုဏ်သိက္ခာကိုပါ သူစော်ကားခဲ့တာ၊ သူ့အချစ်ဆိုတာ ဘယ်လိုမှ ယုံနိုင်စရာမကောင်းတဲ့ မာယာကြီးတစ်ခုပဲလေ"

ချစ်လေးရင်ထဲက ခံစားချက်တွေကို ကြာတော့ လေပြည် အံလေးကြိတ် ခေါင်းညိတ်ရင်း. . .

"အဲဒီတော့ တို့နှစ်ယောက် သူ့ကို ပညာပြရမယ်၊ နင့်ပြတ် သားနိုင်ပါ့မလား"

"အို. . . ဘာလို့မပြတ်သားနိုင်ရမှာလဲ လေပြည်၊ ဒါ ခွင့်လွှတ်သင့်တဲ့အရာမဟုတ်ဘူး"

ချစ်လေး အသံတုန်တုန်ရီရီလေးနှင့် ပြောသည်။ နီရဲနေ သော မျက်နှာလေးမှာ ဒေါသနှင့် နာကြည်းရိပ်တို့ အရိပ်ထင်နေ ခဲ့တာ သေချာသည်။

"ချစ်လေး. . . နင်အရမ်းခံစားနေရသလားဟင်"

"ခံစားရတာထက် နာကြည်းဒေါသတွေက ပိုနေတယ် လေပြည်၊ ငါ သူ့ကို လုံးဝခွင့်မလွှတ်နိုင်ဘူး"

"အေး. . . ငါလည်း အရမ်းစိတ်နာတယ်ချစ်လေး၊ ဒီလို ယောကျ်ားတစ်ယောက်ကို ဘယ်တော့မှ အိမ်ထောင်ဘက်အဖြစ် ငါ ရွေးချယ်မှာမဟုတ်ဘူး"

"ငါတို့ ဘယ်လိုလက်စားချေကြမှာလဲ လေပြည်"

ချစ်လေး အံလေးတင်းကာမေးတော့ လေပြည် ယဲ့ယဲ့လေး ပြုံးသည်။ ပြီးတော့ တစ်ညလုံး နာကျင်ခံစားစွာ တွေးထားသော စိတ်ကူးကို ပြောပြမိသည်။

"သိပ်ကောင်းတယ် လေပြည်၊ ငါလက်ခံတယ်"

"နင်လက်ခံတယ်ဆိုရင် နင့်ရဲ့ဒေါသတွေကို ခဏဖယ်လျှော့ထားနော် ချစ်လေး၊ တို့နှစ်ယောက် ခဏလေးတော့ ဟန်ဆောင်ထားကြရမှာပေါ့ဟာ"

လေပြည်စကားကို ချစ်လေး လက်ခံစွာ ခေါင်းညိတ်သည်။ လေပြည် နှုတ်ဆက်ပြန်သွားတော့ ရင်ထဲမှာ မျိုသိပ်တင်းထားသော ခံစားချက်တွေက မျက်ရည်တွေအဖြစ် ပိုးပိုးပေါက်ပေါက်ကျလာသည်။

ဘဝမှာ တစ်ခါပဲချစ်ခဲ့ဖူးသည်။ အဲဒီတစ်ခါကလည်း တစ်ဘဝစာအတွက်ဟု ယုံကြည်ထားခဲ့သည်။ အခုတော့ နှလုံးသားကို လှည့်စားခံလိုက်ရသည့် အဖြစ်သည်။

◆ ◆ ◆



## အခန်း (၂၆)

"ရှင်. . . လေပြည်ကို ဘုရားလိုက်ပို့ပေးရမယ်လေ၊ ဒါမှ လေပြည် ကျေနပ်မယ်သိလား၊ ဟိုတစ်ပတ်က လေပြည် ရှင်ကြီးကို ပြတ်ဆိုးနေတာ"

လေပြည် မျက်စောင်းလေးထိုးကာ မူနွဲ့နွဲ့ဆိုတော့ နိုင်းဘွာပျာသလဲ ခေါင်းညိတ်ရင်း. . .

"ဟာ. . . ပို့မှာပေါ့၊ စိတ်ချ ဒီနေ့တစ်နေ့လုံး လေပြည်အတွက်ပဲ ဖြစ်စေရမယ်၊ ဟိုတစ်ပတ်ဆန်းဒေးတုန်းက တကယ် အလုပ်တွေရှုပ်နေလို့"

"တော်ပါ. . . ဘာအလုပ်တွေလဲ၊ တခြားကောင်မလေး အတွက်လား"

"ဟာ. . . လုံးဝမဟုတ်ရပါဘူး လေပြည်ရယ်၊ မာမီက ကိုယ့်ကို တမင်အလုပ်တွေပိအောင် ထားခဲ့လို့ပါ၊ ကိုယ့်အချစ်ကို အကြွင်းမဲ့ယုံကွာ၊ နှလုံးသားထဲမှာ လေပြည်ဆိုတဲ့မင်းပဲ အမြဲရှိတာ

သိလား"

ချောမွေ့ရှင်းသန့်နေသော မျက်နှာလေးပေါ်က အပြုံးတွေထဲမှာ လေပြည် ယုံကြည်စွာ ပျော်ဝင်ခဲ့ဖူးပါသည်။ ပါပေမဲ့ အခုချိန်မှာတော့ စွဲမက်စရာ နိုင်းအပြုံးတွေကို လေပြည် ရွံရှာနေခဲ့တာကြာပြီ။

"တဲ. . . လေပြည်လေး အဝတ်အစားလဲလေ၊ ဘုရားသွားမယ်၊ ပြီးရင် ပလာဇာမှာ မင်းစိတ်ကိုင်းကျွမ်းကွာ ဟုတ်ပြီလား"

ဒါ. . . ရှင့်ရဲ့မာယာနဲ့ လိုက်လျောမှုတွေလား နိုင်းနဝဒေးရယ်၊ လေပြည်အပေါ် အမြတ်မ်း အလိုလိုက် ယုယခဲ့တယ်ဆိုတာတွေက ရွံစရာကောင်းတဲ့ ရှင့်ရဲ့လှည့်ဖျားခြင်းတွေဆိုတာ လေပြည်သိနေခဲ့ပြီလေ။

တနုံ့နုံ့တွေးရင်း လေပြည်ရင်ထဲမှာ အမုန်းတရားတွေကတဒိမ့်ဒိမ့်တိုးလာသည်။ သိပ်ချစ်ရင် သိပ်မုန်းတတ်တယ်တဲ့။ ရှင့်ကိုလေပြည် သိပ်ချစ်ခဲ့တာမို့။

◆ ◆ ◆



"နှင်းဆီပန်းကို ကြိုက်လို့လား လေပြည်ရဲ့၊ နှင်းဆီဆိုတာ ဆူးတွေနဲ့ကွ"

ဘုရားမှာကပ်ဖို့ ပန်းတွေ လေပြည်ဝယ်တော့ နိုင်း ပြောသည်။ လေပြည် နှုတ်ခမ်းလေးတွေ ယဲ့ယဲ့လေးပြုံးရင်း. . .

"အဲဒီလို ဆူးတွေရှိတာကိုပဲကြိုက်တာ၊ ဆူးတွေဆိုတာ နှင်းဆီပန်းလေးရဲ့ ခွန်အားလက်နက်တွေလေ၊ ဒီပန်းကို မထီလေးစားနဲ့ ကြွေချင်တဲ့သူတွေရှိရင် ဒီဆူးတွေက တုံ့ပြန်တိုက်ခိုက်တတ်ဘယ်၊ အဟင်း ဆူးရှိတဲ့ပန်းဟာ သတ္တိရှိတဲ့ မိန်းကလေးတစ်ယောက်နဲ့တူတယ်"

"လေပြည်က ပြောတတ်လိုက်တာ၊ ဒါပေမဲ့ ကိုယ်ကတော့လေပြည်ဆိုတာ တော်ဝင်သဇင်ပန်းလို့ပဲထင်တယ်"

နိုင်းစကားကြောင့် လေပြည်အသံလေးထွက်အောင် ရယ်မိသည်။ လေပြည်ရယ်နေတာကိုကြည့်ပြီး နိုင်း မျက်ခုံးတွေတွန့်သွား၏။

"ဘာရယ်တာလဲ လေပြည်ရဲ့"

"အဟင်း. . . ရှင်ပြောတာရယ်ချင်လို့ပါ၊ ထားပါလေ ရှင်

ပြောလို့ လေပြည်က သဇင်ပန်းပဲထားပါတော့ နှင်းဆီပန်းလို မိန်းကလေးတွေ ရှင်ဆုံတွေ့ဘူးသလားဟင်”

“ဟာ. . . လာပြန်ပြီ ဒီသံသယတွေ၊ အခုချိန်မှာ ကိုယ့်ရင်ထဲမှာ လေပြည်တစ်ယောက်ပဲ”

လိမ်တတ်လိုက်တာ နိုင်းနဝဒေးရယ်။ ရှင့်မျက်ဝန်းတွေ အပြုံးတွေအောက်မှာ မိန်းကလေးတွေ ဘယ်လောက်များ အယုံလွယ်ခဲ့သလဲဟင်၊ လောလောဆယ်တော့ လေပြည်ဆိုတဲ့ ကျွန်မနဲ့ ချစ်လေးသူတို့ပဲ ထင်တယ်၊ ဒီထက်ပိုတဲ့သူတွေ ရှိချင်ရှိနိုင်ဦးမှာ ပါလေ။

“ကဲ. . . လေပြည် ရင်ပြင်တစ်ပတ်လျှောက်ရင်း ပူဇော်ရအောင်နော်”

လေပြည့်လက်ဖဝါးလေးကို ဆုပ်ကိုင်ရင်း နိုင်း ဆွဲခေါ်တော့ လေပြည် အလိုက်သင့်ပဲ လိုက်ခဲ့သည်၊ ထိုစဉ်တုန်းကတော့ သူ့လက်ဖဝါးနွေးနွေးနှင့် သူ့ရင်ခွင်ထဲမှာ လေပြည် ကြည်နူးရင်ခုန်ခြင်းတွေ ဖြစ်ခဲ့ဖူးသည်။

ဒါပေမဲ့ အခုချိန်မှာတော့။

မျက်စိရှေ့မှောက်မှာပဲ မြင်နေရသည့်မြင်ကွင်းကြောင့် မကျဘူးဟုတင်းထားပေမယ့် မျက်ရည်တွေက ဝဲတက်လာသည်။

ရက်စက်လိုက်တာ ကိုနိုင်းရယ်၊ အဲဒီလောက်အထိ ရှင်သစ္စာမဲ့လိမ့်မယ်လို့ ချစ်လေးမထင်ခဲ့ဖူးဘူး၊ အခုတော့. . .

“ဒေါ်လေးမာ. . . သွားရအောင်”





ဒေါ်လေးမာလက်ကို တင်းတင်းဆုပ်ဆွဲခေါ်ရင်း ချစ်လေးပြောတော့ ဒေါ်လေးမာကိုယ်တိုင်လည်း မြင်သည့်မြင်ကွင်းကို အံကြိတ်ကြည့်ရင်း ခံပြင်းနေတာ သေချာသည်။

“ဒီကောင်လေး တော်တော်အကြံပက်စက်တာပဲ၊ သူ့လေးပြောတုန်းက ဒေါ်လေးမယုံဘူး၊ ကြည့်စမ်း. . . ဘုရား. . . ဘုရား”

ဒေါ်လေးမာ ရင်ဘတ်ကို လက်ကလေးနှင့်ဖိကာ မယုံနိုင်သလို ရေရွတ်နေဆဲရှိသည်။

အငှားကားပေါ်ကို ချစ်လေး ဘယ်လိုပြန်ရောက်ခဲ့သည် တောင်မသိလိုက်ပါ။ မျက်ရည်တွေက ပါးပြင်နှစ်ဖက်ပေါ် ဝဲလွှင့်ကျနေမှန်း ဒေါ်လေးမာ သတိပေးမှပဲ သိတော့သည်။

“မငိုပါနဲ့သမီးရယ်. . . သစ္စာမရှိတဲ့သူတစ်ယောက်အတွက် မျက်ရည်တွေ မကျစမ်းပါနဲ့ကွယ်၊ နော် သမီး”

အားပေးပြောသည့် ဒေါ်လေးမာကိုယ်တိုင်လည်း မျက်ရည်တွေဝဲနေမိသည်၊ ချစ်ရသော တူမလေးအတွက် ဝမ်းနည်းစိတ်၊ နာကြည်းစိတ်တွေနှင့် သူမရင်မှာ နာကျင်နေသည်။

နိုင်းနဝဒေးဆိုသော ချာတိတ်လေးကို ရိုးသားဖြူစင်သူဟု သူမယုံကြည်ခဲ့မိတာကိုက မဟာအမှားကြီးပါပဲ၊ ပြီးတော့ ဒီကောင်လေးရဲ့ဦးလေး တော်စပ်သည့် ကိုစိုးတင့်။

သင်းလည်း အလိုတူအလိုပါပဲဖြစ်မည်၊ ဒီပုတ်ထဲပဲ အတူတူပဲဖြစ်မည်ဟုတွေးရင်း သူမရင်ထဲမှာ တနုံ့နုံ့ ခံစားလာရပြန်သည်။

"သင်းတို့တူဝရီး အတူတူပဲဖြစ်မှာ၊ ပန်းလေပြည်က ဘယ်လိုစီစဉ်ထားသလဲသမီး"

"လေပြည်က အကောင်းဆုံးအစီအစဉ်တွေ စီစဉ်ထားတယ် ဒေါ်လေးမာ၊ ထိုက်တန်တဲ့လျော်ကြေးတော့ သူပေးရမှာပေါ့"

"ကောင်းတယ်၊ အဲဒါကောင်းတယ်၊ ဒေါ်လေးလည်း သူတို့တူဝရီးကို လုံးဝခွင့်မလွှတ်ဘူး၊ ဘယ်နှယ်တော် ပိုက်ဆံရှိတယ်ဆိုပြီး သင်းတို့ ထင်ရာစိုင်းလို့ရမလား၊ ဒီလိုလူတွေကို ယုံခဲ့တာကိုက ဒေါ်လေးမာ အမှားပါကွယ်"

ဒေါသသံတွေသင့်နေပေမယ့် ဒေါ်လေးမာအသံမှာ ရှိုက်သံတွေစွက်လို့နေ၏။ တကယ်ဆို ဒေါ်လေးမာကိုယ်တိုင်လည်း ဒီအရွယ်ရောက်မှ နှလုံးသားက အချစ်ကို လှည့်စားခံလိုက်ရခြင်းလေ။

တကယ်ဆို ယုံကြည်ကိုးစားစွာနှင့် သံယောဇဉ်တွေပိုကာ ချစ်ခဲ့ပြီးမှ အခုလိုသိလိုက်ရသည့်အဖြစ်က ဆိုးလှသည်။

"ဒေါ်လေးမာ ခံစားနေရမှာ ချစ်လေး နားလည်ပါတယ် တစ်ခုတော့ သတိထားနော် သူတို့တူဝရီးလာရင် ဒေါ်လေးမာ အလိုက်သင့် ဆက်ဆံမြဲဆက်ဆံပါနော်"

"သင်းမျက်နှာတွေကို မြင်တောင်မမြင်ချင်အောင် ဒေါ်လေးရွံနေတာသမီး"

"အဲဒီလိုလုပ်လို့ မရဘူး ဒေါ်လေးမာ၊ လေပြည်ရဲ့ အစီအစဉ်အတိုင်း တုံ့ပြန်ဖို့အတွက် အခုချိန်မှာ သမီးတို့ဒေါသတွေကို သိုဝှက်ထားရမယ်"

"အေး. . . အေးပါကွယ်"

ချစ်လေးနှင့် လေပြည်လေးတို့ရဲ့ အစီအစဉ်တွေကြောင့်သာ သဘောတူခေါင်းညိတ်လိုက်ရပေမယ့် သူမရင်ထဲမှာတော့ ကိုစိုးတင့်ကို မျက်နှာမမြင်ချင်လောက်အောင် ရွံသွားမိသည်။

အိမ်ရောက်တော့ ရင်ထဲမှာ ပိုလို့နာကျင်ခံစားရသည်။

အိမ်ကိုလာတိုင်း သူမနဲ့အတူ အိမ်အလုပ်တွေကို ကူလုပ်ပေးတတ်သော မီးဖိုထဲအထိ ကူညီချက်ပြုတ်ပေးရင်း ရင်ဖိုကြည်နူးရာစကားလေးတွေ ပြောတတ်သော ကိုစိုးပုံရိပ်တွေက မပျောက်ပါ။

တွေးရင်း မြင်ယောင်လာတော့ မျက်ရည်က ဝဲရပြန်သည်။ တူမလေးမသိအောင် မျက်ရည်တွေ ခိုးဝှက်သုတ်ရင်း ရင်ကဝေဒနာကို မျိုသိပ်ရပြန်၏။

"ကိုစိုးရယ်. . . ရှင် သိပ်ရက်စက်ယုတ်မာတယ်၊ ရှင့်ကို နှောင်တွယ်ချစ်မိကာမှ ရှင်က ရက်ရက်စက်စက် လှည့်စားနေမှန်း သိလိုက်ရတာ ကျွန်မ သိပ်စိတ်နာတယ်သိလား"

အချစ်ကို ကြုံမိကာမှ ကြုံမိသောအချစ်က ကြေကွဲစိတ်နာရာကောင်းနေခဲ့သည့် သူမအဖြစ်က. . .

တူမတွေလို နာကြည်းမျက်ရည်တွေကျလို့လည်း မသင့်သည့်အရွယ်။ ကြီးမှ ဝက်သက်ပေါက်သည့် အဖြစ်က ဆိုးလှပါလား။

ရှင့်ကို ကျွန်မ သိပ်မုန်းသွားပြီကိုစိုးတင့်။

◆ ◆ ◆

## အခန်း (၂၇)

“သူနဲ့သမီးကိစ္စကို မေမေ ခေါင်းထဲကထုတ်လိုက်ပါ မေမေ၊ နိုင်းနဝဒေးဆိုတဲ့ယောကျ်ားက သစ္စာမဲ့တဲ့သူပါ”

ပန်းလေပြည်ရှင်းပြသော စကားတွေကို နားထောင်ရင်း ဒေါ်စိမ့်စိမ့်ခိုင် အံ့ဩမယုံနိုင်အောင် ဖြစ်နေမိသည်။ ဒီကလေးတို့ အခုလောက်အထိ ရှုပ်ထွေးလိမ့်မည်ဟု သူမထင်မှတ်မထားခဲ့ပါ။

အခုတော့ ကြားလိုက်ရသော သတင်းတွေက ယုံနိုင်စရာ တောင်မရှိပါလား။

“မေမေ တကယ်မသိလို့ပါသမီးရယ်၊ အင်း တော်တော်ဆိုးတဲ့ ကောင်လေးပဲ၊ စောစောစီးစီးသိလိုက်ရတာပဲ သမီးလေး ကောင်းပါတယ်၊ စိတ်ချသမီး မေမေ ဒီအစီအစဉ်ကို ခေါင်းထဲက ထုတ်ပစ်လိုက်ပြီကွယ်”

ဒေါ်စိမ့်စိမ့်ခိုင် သမီးဖြစ်သူကို အကဲခတ်ကြည့်ရင်း ရင်ထဲမှာ မောသွားသည်။ တစ်ဦးတည်းသောသမီးလေး အနာဝတ်





အတွက် သင့်တော်သူဟု ထင်မှတ်ထားသူက တကယ့်လူရှုပ်လူထွေကြီး ဖြစ်နေသည့်အဖြစ်။

တော်ပါသေးရဲ့။ ဒါကို သမီးကိုယ်တိုင် သိခဲ့တာကပဲ သိပ်ကံကောင်းပါသည်။

“ချစ်လေးနဲ့သမီးက ငယ်သူငယ်ချင်း အရင်းအချာတွေ ဆိုတာ မေမေအသိပဲလေ၊ ဒါကြောင့်လည်း သူ့အကြောင်းကို သမီး သိခဲ့ရတာ”

“စိတ်ချပါသမီးရယ် . . . သမီးလေးတော့ ချစ်လေးသူလေးပါ စိတ်ဆင်းရဲစရာတွေ ကြုံနေရတာ မေမေစိတ်မကောင်းဘူးကွယ်”

“သမီးကော ချစ်လေးပါ တိုင်ပင်ပြီးပြီမေမေ၊ အခုလို လှည့်စားခံလိုက်ရတာကိုတော့ လုံးဝခွင့်မလွှတ်ဘူး”

“သမီးတို့က ဘာတုံ့ပြန်မလို့လဲဟင်”

လေပြည်နဖူးပြင်ပေါ်က ဆံနွယ်တွေကို သပ်တင်ပေးရင်း မေမေက မေးသည်။

“လောလောဆယ် ဒီသီတင်းကျွတ် ကျောင်းပိတ်ရက်မှာ သမီး ဘွားတို့ခြံမှာ သွားနေချင်တယ်မေမေ၊ သူ့မျက်နှာကို သမီး မမြင်ချင်ဘူး”

“စိတ်ချသမီး. . . . မေမေလည်း ဒါမျိုးလက်မခံဘူး”

“ဟင့်အင်း. . . မဟုတ်သေးဘူး မေမေ၊ မေမေ့ဘက်က ဒီအတိုင်း ဟန်မပျက်ဆက်နေလိုက်ပါ”

"ဘယ်လိုသမီး. . . ဒီအကြောင်းတွေသိနေရက်နဲ့ မေမေက ဘာလို့ မသိကျိုးကျွံဆက်နေရမှာလဲကွယ်"

"နိုင်းနဝဒေးဆိုတဲ့ ယောက်ျားကို ပညာပေးဖို့ ချစ်လေးနဲ့ သမီးမှာ အစီအစဉ်တွေရှိတယ် မေမေ၊ မေမေမစိုးရိမ်ပါနဲ့၊ ချစ်လေးရဲ့အဒေါ် အန်တီမာလည်း ခံစားနေရတာပဲလေ၊ အခု သမီး ဘွားတို့ဆီသွားတာ သူမသိစေပါနဲ့၊ သူ မေမေ့ကိုမေးလာတဲ့အခါ သမီးမြန်မာပြည်အနှံ့ ဘုရားဖူးသွားတယ်လို့ပဲ ပြောပေးပါ"

"သမီးရယ်. . . ဘာတွေလုပ်မလို့လဲကွယ်၊ ဘာမှမဝတ်သက်တာ အကောင်းဆုံးပဲမဟုတ်လား"

မေမေစိုးရိမ်နေတာကို လေပြည် နားလည်ပါသည်။ လေပြည် ပေါ့ပါးစွာပဲ ပြုံးလိုက်ရင်း. . .

"မေမေ ဘာမှမပူပါနဲ့၊ သမီးမှာက အစီအစဉ်ရှိပါတယ် နိုင်းနဝဒေးဆိုတဲ့ယောက်ျား မှတ်လောက်အောင်ပဲ ပညာပေးမှာပါ အခု သမီးနဲ့အတူ ချစ်လေးနဲ့ အန်တီမာလည်း လိုက်ကြမှာပါ"

"သမီးတို့က ခြေရာဖျောက်ကြမှာပေါ့"

"သူ့ကိုခြေရာဖျောက်မှာ၊ ပြီးရင် သမီးတို့ စိတ်ဆင်းရဲရင်မောရသလို သူပြန်ခံစားစေရမှာပါ"

လေပြည်က အစီအစဉ်တွေကို ရှင်းပြတော့ မေမေ ခေါင်းတညိတ်ညိတ်နားထောင်ပေးသည်။

"အင်း. . . ဒီလောက်ဆိုရင်တော့ မေမေခွင့်ပြုတယ်သမီး မိန်းကလေးတွေကို ကစားစရာအရုပ်တစ်ရုပ်လို သဘောထားတဲ့ ယောက်ျားတွေကို မေမေလည်းမုန်းတယ်၊ စိတ်ချ မေမေ ဒီကိစ္စကို လျှို့ဝှက်ထားပေးမယ်သမီး"





လေပြည်တို့အစီအမံကို မေမေက ယုံကြည်ခွင့်ပြုသည်ဆိုတော့ လေပြည် ဝမ်းသာသွားသည်။

"သမီးတို့ မနက်စောစော ဒီကထွက်မှာမေမေ၊ ဟားလက်မှတ်စီစဉ်ပြီးပြီ၊ ဒီည သမီးဖုန်းပိတ်ထားမယ်၊ အိမ်ကဖုန်း သူခေါ်ရင် မေမေ အဆင်ပြေအောင် ကြည့်ပြောပေးထားပါနော်"

"အေး. . . အေး သမီး"

လေပြည် ဆံနွယ်လေးတွေကို ပွတ်သပ်ပေးရင်း ဒေါ်စိမ့်စိမ့်ခိုင် ခေါင်းညိတ်ပြလိုက်ပါသည်။

အချိန်မီ သိလိုက်ရသော အမှားကြီးကို ရှောင်နိုင်ခဲ့ခြင်းအတွက် သမီးလေး သိပ်ကံကောင်းပါသည်။

တွေးကြည့်လျှင်တောင် တကယ့်ကို နာကျင်ခံခက်လွန်းသည့် လှည့်စားမှုကြီးကို နိုင်းနဝဒေး လွှန်ကျူးနေခဲ့ခြင်းဖြစ်သည်။

သူမဘက်က အလိုက်သိ ကြည်ဖြူထားရက်နဲ့ သမီးလေးနှလုံးသားကို သိမ်းပိုက်သည်။ ပြီးတော့ ချစ်လေးသူကိုလည်း လှည့်စားခဲ့သည်။ ကံကောင်းသွားတာက ချစ်လေးနှင့် သမီးတို့ ငယ်သူငယ်ချင်းတွေ ပြန်ဆုံမိတာဖြစ်၏။

နို့မို့ဆိုလျှင် နိုင်းနဝဒေး ဘယ်အချိန်ထိ လိမ်ညာနေဦးမည်မသိ။

နိုင်းမိခင်ကတော့ သူ့သားနှင့်သမီးကို ကြည်ဖြူနေတာ

သူမ ရိပ်မိပါသည်။ သူမဘက်ကလည်း ငြင်းစရာမရှိ။

ဂုဏ်တူ၊ ဖြပ်တူ အသိုင်းအဝိုင်းမှာ ဒေါ်ဆင့်ဆင့်နိုင်နဲ့ သူမဆိုတာလည်း စီးပွားဖက်ပါတနာတွေမို့ ငြင်းစရာမြသနာ ကင်းစင်ခဲ့သည်။

အခုတော့ အရာရာပြီးဆုံးခဲ့ပြီ။

ဒေါ်ဆင့်ဆင့်နိုင် အမေရိကားက ပြန်ရောက်လာလျှင် အဖြစ်မှန်အားလုံးကို သိလောက်မှာပါ။ မသိခဲ့ရင်လည်း သူမဘက်က ရှင်းပြလိုက်ဖို့ပဲရှိသည်။

သားသမီးချင်း ကိုယ်ချင်းစာနာတတ်သည်ဆိုလျှင် ဒေါ်ဆင့်ဆင့်နိုင်လည်း ခံစားတတ်လိမ့်မည်။

◆ ◆ ◆



## အခန်း (၂၈)

အစီအစဉ်အားလုံးက အခုချိန်ထိတော့ အဆင်ပြေချောမွေ့နေသည်။ လေပြည်တို့သုံးယောက်စလုံး အိတ်ပရက်(စ်)ကားကြီးပေါ် ရောက်နေကြပြီ။

ချစ်လေးက ရှပ်လက်ရှည်ပွကြီးကို ဂျင်းပင်န် အပြင်ထုတ်ဝတ်ကာ လျှာထိုးဦးထုပ်လေး ဆောင်းထားတာမို့ ရုတ်တရက်ဆိုယောကျ်ားလေးတစ်ယောက်ဟု ထင်စရာ။

"သူ့လူတွေရှိရင် မှတ်မိသွားမှာစိုးလို့ ငါတို့ တမင်ပြင်ဆင်လာတာလေ"

"အေး. . . ကောင်းတယ်၊ ဒေါ်လေးမာလည်း အခုမှ တကယ့်ယောဂီဝတ်စုံနဲ့ ကျက်သရေရှိလိုက်တာ"

အညိုရောင်ထက်အောက်ဝတ်စုံနှင့် ဆံပင်ရှည်ကြီးကို ဘီးဆံပတ်ပတ်ကာ ပခုံးမှာပါ အညိုရောင်သဘက်လေး တင်ထားသော ဒေါ်လေးမာကိုကြည့်ကာ လေပြည် ပြောမိသည်။

ပိပိရိရိ စီစဉ်ထားသော ကိစ္စတွေမှာ အမှားမရှိချင်တာနဲ့ လေပြည်ကိုယ်တိုင်လည်း တတ္တစီနဲ့ ကားဂိတ်ကိုလာခဲ့တာဖြစ်သည်။

မကြာခင်ထွက်တော့မည့် ကားကြီးပေါ် ရောက်နေပြီဆိုတော့လည်း စိတ်ကပေါ့ပါးသွားသည်။

"ဒီမှာ လေပြည်တို့စားဖို့ မေမေ မုန့်တွေအများကြီး ထည့်ပေးလိုက်တယ်၊ စားကြဦး"

"အတော်ပဲဟာ. . . ဘာမှမစားခဲ့ရဘူး၊ လမ်းမှာဝင်စားရင် တစ်ယောက်ယောက်တွေသွားမှာစိုးလို့ဟ"

"သိတယ်လေ. . . ဒါကြောင့် ငါထည့်လာတာ စားကြဟာ"

"ဒေါ်လေးမာလည်း စားလေ"

"အင်း. . . သိပ်လည်းမဆာပါဘူး လေပြည်လေးရယ်"

"ဘာလဲ. . . ဒေါ်လေးက ဒေါ်လေးလူကြီးကို လွမ်းနေတာလား"

ချစ်လေးစကားကြောင့် ဒေါ်လေးမာမျက်နှာ ရဲခနဲဖြစ်သွားသည်။

"အဟင်း. . . ဒေါ်လေးမာကိုတော့ သနားပါတယ်၊ လေးလေးစိုးကြီးက ဒီကိစ္စမှာ ပါမပါတော့မသိဘူး"

"အို. . . မပါဘဲနေမလားကွယ် သူ့တူပဲဟာ၊ တစ်အိမ်တည်းနေကြတဲ့သူတွေပဲဥစ္စာ၊ သင်းလည်း သိမှာပေါ့၊ သိရက်နဲ့ ငြိမ်နှုတ်ပိတ်နေနေတာကိုက သူ့ရဲ့မရိုးသားမှုပဲ"





"အင်းနော်. . . လေးလေးစိုးကလည်း သူ့တူလိုပဲနေမှာပါ၊ လူပျိုကြီးဘွဲ့ခံပြီး မိန်းမတွေကို အဖျော်လိုက်ကြံနေတဲ့လူကြီးဖြစ်မှာ၊ တောက်. . . ဒေါ်လေးမာအတွက် ခံရခက်လိုက်တာ"

ချစ်လေး နာကျင်ခံခက်စွာ ပြန်ရေရွတ်နေတော့ ရင်ထဲက ဝေဒနာတို့ သူမရင်မှာ ပြန်အသစ်ဖြစ်ရပြန်သည်။

လက်ထပ်ပါရစေဟု အကြိမ်ကြိမ်ပူဆာတောင်းဆိုနေခဲ့ခြင်းက ကိုစိုးရဲ့ ဘာအကြံတွေလဲ တွေးချင်စရာဖြစ်နေသည်၊ ပြီးတော့ အစ်မဖြစ်သူပြန်လာမှဟုဆိုကာ နောက်ဆုတ်ခဲ့ပြန်သည်။

သူ့ရဲ့ရိုးသားမှုနှင့် ချစ်ခြင်းအပေါ်မှာ ယုံကြည်နေခဲ့မိသော သူမကလည်း အကြွင်းမဲ့ယုံခဲ့တာတွေပဲဖြစ်၏။

လက်မထပ်ဖြစ်ခဲ့တာပဲ ကံကောင်းသည်ဟုဆိုရမည်။ သူနှင့် လက်ထပ်ပြီးမှ နိုင်းနဝဒေးတို့ ပြဿနာကြီးသာပေါ်လာခဲ့လျှင် သွားပြီ။

ကိုစိုးကိုပဲ သူမဆက်ပေါင်းသင်းရမည်လား။ ချက်ချင်းပဲ ပြတ်စဲကာ တစ်ခုလပ်ဘဝကို ခံယူလိုက်ရမည်လား။

"ဒေါ်လေးမာ. . . အစာရှိအောင်စားလိုက်၊ ကားထွက်တော့မှာ"

လေပြည်လှမ်းပေးနေသော ကိတ်ခြောက်မုန့်တွေကို ဒေါ်လေးမာ လှမ်းယူစားလိုက်သည်။ ဒါပေမဲ့ လျှာဖျားပေါ်မှာ ဘာမှ အရသာမရှိဖြစ်နေသည်၊

ကိုယ်ကပဲ ရင့်ကျက်မှုနှင့် နာကျင်ခံစားနေရတာလား။

ချစ်လေးတို့နှစ်ယောက်ကို အကဲခတ်ကြည့်တော့ ကားပြတင်း အပြင်ဘက်က မြင်ကွင်းတွေကို ငေးမောရင်း နှစ်ယောက်စလုံး တိတ်ဆိတ်ငြိမ်သက်လို့နေကြသည်။

သူလေးတွေရင်ထဲမှာလည်း ခံစားချက်တို့ ရှိနေတုန်းပဲလား။ အသေအချာမသိပေမယ့် ခံစားခဲ့ရသော ဒဏ်ရာတွေရဲ့ အစိမ်းသက်သက်ပဲရှိသေးသည်။ အမာရွတ်ကျန်ရစ်ရအောင် ကြာသေးတာမဟုတ်။

ကားကြီးထွက်တော့ ရန်ကုန်မြေသည် တရိပ်ရိပ်ကျန်ရစ်ခဲ့ပြီ။

ချစ်လေးတို့တူဝရီးကော ပန်းလေပြည်ပါ တစ်ပြိုင်နက်တည်း ပျောက်သွားခဲ့တာကို နိုင်းနဝဒေးသိရင် ဘယ်လိုနေမည်မသိ။

နှလုံးသားက မခံစားတတ်လျှင်တောင် စိတ်ကတော့ ထင်ကအောက်တော့ ဖြစ်မှာသေချာပါသည်။

ဒီတစ်ခါတော့ ရှင့်အလှည့်ပဲ နိုင်းနဝဒေး။

◆ ◆ ◆



## အခန်း (၂၉)

"တိုက်ဆိုင်လိုက်တာကွာ၊ ရိုးရိုးသားသားမဟုတ်ရဲ့လား"

စိုးရိမ်စိတ်တို့နှင့် ဆိုလာသော လေးလေးစကားကြောင့် ငေးမောနေသော နိုင်း ပိုလို့စိတ်ရှုပ်သွားသည်။

"လာပြန်ပြီ ဒီစကားကြီး၊ ဘာလို့မရိုးသားရမှာလဲ၊ လေပြည်က ဘုရားဖူးခရီးထွက်သွားတာ၊ ချစ်လေးက သူ့အဒေါ် အန်တီမာနဲ့ သူတို့အမျိုးတွေဆီ အလည်သွားကြတာပဲ လေးစိုးရ"

"အေး. . . ငါ့ရင်ထဲမှာ ပူနေလို့ကွ၊ ပန်းလေပြည်ကော ချစ်လေးသူပါ မင်းနားက တစ်ပြိုင်နက်လစ်သွားလို့ ပြောတာ"

"လေးစိုးစကားက ဘာလဲဗျ၊ ကျွန်တော့်ကိုပဲ နှစ်ယောက်လုံးက စွန့်ပစ်သွားသလိုကြီး ဒီမှာ လေပြည်က ကျွန်တော့်ကို သိပ်ချစ်တယ်၊ ချစ်လေးကလည်း မခွဲနိုင်ဘူး၊ ဒါသေချာတယ်၊ လေးစိုးထင်သလိုမဟုတ်ဘူး၊ အခုကျောင်းပိတ်ရက်ဆိုတော့ သူတို့တွေသွားချင်တဲ့ခရီးသွားကြမှာပေါ့ဗျာ၊ အတူသွားတာလည်းမဟုတ်

ဘူး၊ နှစ်ယောက်ကသိကြတာမှမဟုတ်ဘဲ၊ တစ်နေရာစီ တစ်ဘဝ စီပါဗျာ"

မကျေမနပ်နှင့် နိုင်းက အရှည်ကြီးရှင်းပြဖြေရှင်းချက်ပေး သည်။ လေးလေးကတော့ မျက်နှာကြီးညိုညစ်လျက် ကျောက်ရုပ် ကြီးလို ထိုင်နေဆဲ။

နိုင်း ကိုယ့်အပူနှင့်ကိုယ် စိတ်ညစ်နေရသည့်အထဲ လေးလေးမျက်နှာကြီးကြောင့် ပိုစိတ်ညစ်ရ၏။ ဘာမှအကူအညီမရ ဘဲ ထင်ရာမြင်ရာ စိတ်ရှုပ်စရာတွေပဲ ပြောနေတာ စိတ်တိုချင် စရာ။

"မင်းဆီကို လေပြည်ဆက်သွယ်သင့်တယ်၊ ချစ်လေးက လည်း ကြိုပြောသင့်တယ်"

"ချစ်လေးအဒေါ် ဒေါ်ညိုညိုခင်ကြီးပြောတာ လေးစိုး လည်း ကြားတာပဲလေ၊ နယ်က သူတို့ဘကြီးနေမကောင်းလို့ သွား တာတဲ့၊ အစီအစဉ်မရှိဘဲ ကောက်ကာငင်ကာ ထသွားကြတာတဲ့ လေးစိုးရဲ့ အမာကကော လေးစိုးကို အသိပေးသွားလို့လား"

"အဲဒါကြောင့် ငါရင်ပူတာပေါ့ကွာ၊ တကယ်ဆို အမာငါ့ကို ပြောသင့်တာကွ၊ အင်း ဒီရက်ပိုင်းမှာ အမာ ငါ့ကိုဆက်ဆံနေတာ တစ်မျိုးပဲ၊ သွားတိုင်းလည်း နေမကောင်းလို့ဆိုပြီး ရှောင်ဖယ်ရှောင် ဖယ်နဲ့"

"ဟာ. . . လေးစိုးက တကယ်အဆိုးမြင်ဝါဒီသမားကြီးပဲ"

နိုင်း စိတ်တိုကာဆိုရင်း ညှော်ခန်းထဲက ဝုန်းခနဲ ထထွက်





လာခဲ့သည်။ ခြံထဲရောက်တော့လည်း စိတ်တွေက မလန်းဆန်းနိုင် ပါ။

လေပြည်ကော ချစ်လေးပါ တိုက်ဆိုင်စွာ ခရီးထွက်သွား ကြခြင်းက သူ့အတွက်တော့ အလွမ်းတွေ နှစ်ဆပိုသွားခဲ့သည်၊ တကယ်ဆို တစ်ယောက်ယောက်တော့ အလွမ်းပြေ ကျန်ခဲ့သင့် သည်။

"လေပြည်ရာ. . . တကယ်ခွဲရက်တယ်၊ ချစ်လေး မင်း လည်း ဘာထူးလဲ ကိုယ့်ကိုလွမ်းအောင်လုပ်ခဲ့တာပဲ၊ ဟူး"

ပင့်သက်ကြီးရှိုက်ကာ ခြံထဲမှာ ဦးတည်ရာမဲ့ လျှောက်နေ ရင်း ဘောင်းဘီအိတ်ထဲကဖုန်းကို နိုင်း ထုတ်ယူမိပြန်သည်။

ပြီးတော့ ပန်းလေပြည်ရဲ့ ဖုန်းလေးကို ဆက်ကြည့်သည်၊ ဒီတစ်ခါလည်း လူကြီးမင်းနှင့် တိုးနေပြန်သည်၊ ဆက်သွယ်မှု ဧရိယာပြင်ပရောက်နေသည်တဲ့လား လေပြည်ရယ်။

ချစ်လေးပေးထားသော ဖုန်းနံပါတ်ကိုဆက်တော့လည်း အတူတူပါပဲ။ နိုင်း စိတ်တွေမောကာ ဖုန်းကိုပိတ်ထားလိုက်သည်၊ ပြီးမှသတိရကာ ဖုန်းကိုပြန်ဖွင့်သည်။

တစ်ယောက်ယောက်က ဆက်သွယ်လာလျှင်အခက်။

တကယ်တမ်းခွဲရမှ ပိုလွမ်းသည်၊ လွမ်းရတော့လည်း နှစ်ယောက်စလုံး လွမ်းရသည့်နှလုံးသားက ပူလောင်လွန်းတာ နှစ်ဆပါပဲ။

ခြံထဲက ခုံတန်းလေးမှာ ငူငူကြီးထိုင်နေတုန်း ဖုန်းကမြည်

တော့ နိုင်း ထိတ်ခနဲဝမ်းသာသွားကာ ဖွင့်နားထောင်လိုက်သည်။

"နိုင်း. . . မင်းဒီနေ့အားလား"

တစ်ဖက်က ကြားရတာ ဇေယျာမိုးရဲ့အသံ။ စိတ်ပျက်သွားရ၏။

"ဘာလဲ. . . ဘာကိစ္စလဲဇေယျာ"

"ဟ. . . ဘာသံလဲကွ၊ ဒီမှာ တို့အဖွဲ့ ဒီည Show မှာဆုံကြမယ်ကွ"

"ဆောရီးကွာ. . . ငါတကယ်မအားလို့ဇေယျာ ခွင့်လွှတ်"

ဖုန်းကိုပိတ်ကာ ပင့်သက်မောကြီးချမိတုန်းမှာပဲ ရှေ့မှာရပ်နေသော လေးလေးမျက်နှာကြီးကို ရင်ဆိုင်ရပြန်သည်။

"ချစ်လေးဆီက မဟုတ်ဘူးလား"

"မဟုတ်ဘူး၊ ဘယ်သူ့ဆီကမှ မဟုတ်ဘူး"

နိုင်း ဘုဆတ်ဆတ်ပြောတော့ လေးလေးမျက်နှာငယ်လေးနှင့် နံဘေးမှာဝင်ထိုင်သည်။

"နိုင်း. . . မင်း တော်တော်ခံစားနေရသလားကွာ"

နိုင်း မျက်မှောင်ကြီးကုပ်ကြည့်သည်။ လေးလေးမျက်နှာက တကယ်တည်ငြိမ်လေးနက်စွာ မေးမှန်းသိမှ

"ခံစားရတာပေါ့ လေးစိုးရာ၊ ဒီရက်တွေမှာ အလုပ်ကိစ္စတွေ၊ မန်နေဂျာကိုအောင်သိန်းနဲ့ လွှဲထားမှ သူတို့မရှိတော့ ဘာအဓိပ္ပာယ်ရှိမှာလဲ၊ အခုလိုဝေးမှ ဘယ်လောက်ချစ်တယ်ဆိုတာ ကျွန်တော်သိတယ်"





"မင်း ဘယ်သူ့ကိုလွမ်းနေတာလဲ၊ ပန်းလေပြည်လား၊ ချစ်လေးသူလား"

"နှစ်ယောက်စလုံးကိုလွမ်းတာ"

"အခုချိန်ထိ မင်း မရွေးချယ်ရသေးဘူးလား၊ မမပြန်လာရင် မင်းပို့ရှုပ်ကုန်မယ်နော် နိုင်း"

"ဟာဗျာ. . . လွမ်းတာကို လာပိတ်ပင်နေတယ်၊ တကယ်ပြောနေတာ လေပြည်အကြောင်းတွေးရင် ချစ်လေးပါ ဝင်လာတယ်၊ ချစ်လေးကိုလွမ်းရင် လေပြည်ရဲ့အရိပ်ပါ မြင်လာပြီး လွမ်းပြန်ရော"

"ဒုက္ခပဲ. . . မင်းရောဂါက ငါ့ထက်ဆိုးနေပါလား"

"ကျွန်တော် ခံစားရတဲ့အကြောင်း ပြောတာလေ၊ တကယ်ကျွန်တော်ချစ်တာ နှစ်ယောက်စလုံးကိုပဲ"

နိုင်းစကားကြောင့် လေးလေး ပင့်သက်မောကြီး ချပြန်သည်။

"ဟူး. . . တကယ်မလွယ်ပါလားနိုင်းရာ၊ မင်းရှေ့ရေးကိုတွေးပြီး ငါရင်မောနေတယ်"

"တော်ပါနိုင်း. . . လေးစိုး ဘာမှကူညီနိုင်တာမဟုတ်ဘူး၊ အခုချိန်မှာ ကျွန်တော် တကယ် သူတို့ကိုလွမ်းတယ်ဗျာ၊ ဘယ်နေရာမှာရှိတယ်ဆိုတာသိတာနဲ့ လိုက်သွားမိမှာပဲ"

"အင်း. . . ချစ်လေးသူဆီက ဖုန်းဝင်လာရင်ကောင်းမယ်"

"လေးစိုးကတော့ တကယ့်လိပ်ကြီးပဲ"

"ဟ. . . ဒါတော့ အမာက ချစ်လေးသူနဲ့အတူရှိတာကိုး ဒီတော့ မင်းသွားမယ်ဆို ချစ်လေးသူဆီသွားမှ ငါလည်းလိုက်မှာ ပေါ့၊ နို့မို့ ငါတစ်ယောက်တည်း ကျန်ခဲ့မှာပေါ့"

နိုင်း ဘာမှမပြောတော့ပါ။ လေးလေးအဖြစ်ကို ကြည့်တာ နိုင်းလည်း စိတ်မကောင်းပါ။

အလွမ်းဆိုတာက ခံစားဖူးမှ နားလည်နိုင်သော ခံစားမှုဆို တော့ လေးလေးအဖြစ်ကို ခံစားလို့ရသည်၊

ချစ်လေးနဲ့ လေပြည်တို့လည်း ခံစားတတ်သည်ဆိုလျှင်။

◆ ◆ ◆



အခန်း (၃၀)

ဘွားတို့အိမ်ကို လေပြည်တို့ရောက်ပြီး နောက်တစ်ရက်မှာ ပဲ မမျှော်လင့်သော သတင်းဆိုးကို သက်ထက်ကိုယ်တိုင် သယ် ဆောင်လာသည်။

သက်ထက်ရဲ့အမွှာညီအစ်ကို စွဲမက်ဆုံးပြီဆိုသော သတင်းက လေပြည်နှင့် ချစ်လေးကို တုန်လှုပ်ချောက်ချားစေ၏။

"ညီဆုံးတာ မနေ့ကတစ်လပြည့်ပြီ၊ အဲဒါ ငါ နင်တို့ကို သတိရလွန်းလို့ ဒီကိုရောက်လာတာ၊ နင်တို့ပါရောက်နေတာ တကယ်တိုက်ဆိုင်လိုက်တာဟာ"

"ငါ. . . ငါတို့ မယုံနိုင်ဘူးသက်ထက်ရယ်၊ စွဲမက် ဘယ်လို ဖြစ်တာလဲ ပြောပြစမ်းပါဟာ"

လေပြည် မျက်ရည်စတွေကြားကမေးတော့ သက်ထက် ကိုယ်တိုင်လည်း မျက်ရည်ကို စို့စွတ်သော မျက်ဝန်းတွေနှင့် ညီဖြစ် သူ အဖြစ်ဆိုးကို ပြန်ပြောပြရှာသည်။

စိုးမိုး၁၁၈၀

“တို့ အခုရောက်နေကြတာ နမ့်ခမ်းမှာ၊ တို့ညီအစ်ကိုက တော့ မြစ်ကြီးနားက အဒေါ်တွေအိမ်မှာနေပြီး ကျောင်းတက်တာ၊ ကျောင်းတက်ရင်း စွဲမက် ပထမနှစ်မှာပဲ ချစ်သူရသွားတယ်၊ သူနဲ့ မေဂျာတူ၊ အတန်းတူ မိန်းကလေးပဲ၊ နာမည်က နန်းမြင့်မော်တဲ့၊ သူတို့မိဘတွေက သိပ်ချမ်းသာတယ်၊ ဒါကြောင့် စွဲမက်နဲ့သဘော မတူဘူးလေ၊ ဒုတိယနှစ်မှာပဲ စွဲမက်နဲ့ နန်းမြင့်မေကို ခွဲကြတယ်၊ နန်းမြင့်မေကလည်း သူ့မိဘအသိုင်းအဝိုင်းကို မလွန်ဆန်နိုင်တော့ ညီကိုဖြတ်တယ်၊ အဲဒီမှာပဲ စွဲမက် အတော်ခံစားလိုက်ရရှာတာ၊ ငါဘယ်လိုနှစ်သိမ့်ဖျောင်းဖျပေမယ့် မရဘူး၊ ပိုဆိုးတာက အသည်း ကွဲဝေဒနာကို ဒီကောင်က အရက်နဲ့ကုစားတယ်၊ တို့ကိုပြောရရင် အရက်မူးပြီးဆိုင်ကယ်မောင်းတော့ ဆိုင်ကယ်မှောက်ပြီးဆုံးရှာတာ”

“ဟယ်. . . စွဲမက်ရယ်”

“ဖြစ်မှဖြစ်ရလေ သူငယ်ချင်းရယ်၊ အဟင့် ဟင့်”

လေပြည်ကော ချစ်လေးပါ မျက်ရည်တွေ မဆည်နိုင်ဘဲ ငိုကြွေးမိကြ၏။ လောကကြီးထဲက စွဲမက် ထွက်သွားခဲ့တာ တစ်လ ကျော်ခဲ့ပြီဆိုပေမယ့် သူမတို့သိခွင့်ရတာ အခုမှဖြစ်သည်။

ချစ်လေးနှင့် လေပြည် ငိုကြွေးတော့ သက်ထက်ကိုယ်တိုင် လည်း မျက်ရည်တွေ မဆည်နိုင်တော့ဘဲ ငိုပြန်သည်။

“ငါတို့သူငယ်ချင်းတွေ ပြန်ဆုံပေမယ့် စွဲမက်ကတော့ ပြန်ဆုံနိုင်ခွင့် ဘယ်တော့မှ မရှိတော့ဘူးဟာ”

“ဟုတ်တယ်နော်. . . တို့တွေနောင်သုံးနှစ်ကြာမှ ငါးနှစ်





ပြည့်ပြီး ဆုံခွင့်ရကြမှာ၊ စွဲမက်ကတော့. . . အဟင့်. . . ဟင့်”

“ကံကြမ္မာဆိုတာ မမြင်နိုင်တဲ့အရာပါ သူငယ်ချင်းတို့ရယ်”

သက်ထက်အောင်က လေးလေးနက်နက်ဆိုတော့ လေပြည် အကြည့်တွေက ခြံထောင့်ဆီက ခရေပင်ကြီးကို ငေးကြည့် နေမိ၏။

“ငါ. . . ငါ မခံစားနိုင်တော့ဘူး သူငယ်ချင်းတို့ရယ်၊ ငါတို့ လေးယောက် ပြန်ဆုံရင် မဲနှိုက်ယူကြမယ့် လက်ကိုင်ပဝါလေးတွေ ကို အခုတူးယူကြမယ်”

“ဘယ်လိုလေပြည်. . . တို့သတ်မှတ်ထားတဲ့နှစ် မပြည့် သေးဘူးလေ”

“သက်ထက်ပြောသလို ကံကြမ္မာက မြင်နိုင်တာမဟုတ်ဘူး၊ အခုပဲ တို့လေးယောက်ထဲက စွဲမက်မရှိတော့ဘူး၊ ဒီတော့ တို့သုံး ယောက်ဆုံတုန်း အဆုံးသတ်လိုက်ရအောင်ဟာ”

လေပြည်စကားကို သက်ထက်ကလည်း ခေါင်းညိတ် လက်ခံသည်။

“ဟုတ်တယ်၊ ညီကိုလည်း အကြာကြီး မစောင့်စေချင်ဘူး ဟာ၊ သူ့ကိုယ်စား ငါ မဲနှိုက်ပြီး တို့ကတိတွေ ပြန်ရုပ်သိမ်းလိုက်ရ အောင်”

မျက်ရည်တွေနှင့်ပဲ လေပြည်တို့သုံးယောက် ခရေပင်ကြီး အောက်ကို ရောက်ခဲ့ကြသည်။ ပြီးတော့ တိတ်ဆိတ်စွာပဲ မြေကြီး တွေကို တူးဖော်လိုက်ကြသည်။

တစ်တောင်ကျော်လောက် တူးဖော်လိုက်တော့ ပလတ်စတစ်အိတ်တွေနှင့် အထပ်ထပ်ထုပ်ပိုးထားသော အထုပ်လေး ပေါ်လာသည်။

နှစ်နှစ်ဆိုသောကာလမှာပဲ မြေစိုင်မှုန့်တို့ ကပ်ငြိနေသော ပလတ်စတစ်အိတ်တွေက ပေါက်ပြဲနေသည်။

အထဲက လက်ကိုင်ပဝါလေးတွေကို ထုတ်ယူလိုက်တော့ ဝမ်းနည်းစရာ စွန်းပေညစ်ထေးနေသည်။

"ဒီလောက်ကြာပြီပဲဟာ. . . ဆွေးမြေ့မစုတ်ပြဲသွားသေးတာပဲ ကျေးဇူးတင်စရာကောင်းနေပြီ"

ချစ်လေးရဲ့ လက်ကိုင်ပဝါပြာလေးကော လေပြည်ရဲ့ ပန်းနုရောင်ပဝါလေးပါ အရောင်ညစ်ညစ်တွေ ပေကျံနေ၏။ သက်ထက်နှင့် စွဲမက်တို့ ပဝါဖြူလေးတွေက ပိုဆိုးသည်၊ ဒါပေမဲ့ အမှတ်တရထိုးထားသော လက်မှတ်လေးတွေက ရှိနေဆဲ။

လေပြည်က နာမည်လေးတွေ ရေးထားသော စက္ကူမဲလိပ်လေး လေးခုကို လက်ခုပ်ထဲမှာ လှုပ်ခတ်မွှေနှောက်ပစ်လိုက်ရင်း

"ကဲ. . . နှိုက်ကြဟာ၊ သက်ထက်က နှစ်ခုနှိုက်၊ စွဲမင်းအတွက်"

လေပြည်အသံလေး တိမ်ဝင်သွား၏။ ချစ်လေး ပင့်သက်ကလေးရှိုက်ကာ တစ်လိပ်အရင်နှိုက်သည်။ ပြီးမှ သက်ထက်က နှစ်လိပ်၊ ကျန်မဲလိပ်လေးက လေပြည်အတွက်။

"ဟယ်. . . ချစ်လေးနာမည်"





"ဟုတ်လား လေပြည်၊ ငါ့မဲလိပ်က နင့်နာမည်ဟ"

"ဒါဆို ငါ့ဆီက မဲလိပ်တွေက ငါတို့ညီအစ်ကိုနာမည်တွေပဲပေါ့"

သက်ထက်က ပြောရင်း မဲလိပ်တွေကို ဖွင့်ပြသည်။

"ဘယ်လိုလုပ်ကြမလဲ ပြန်နှိုက်ကြမှာလား"

"ဟင့်အင်း. . . မနှိုက်ပါနဲ့တော့ဟာ၊ နင်တို့နှစ်ယောက် လက်ကိုင်ပဝါတွေ လဲလိုက်ကြပေါ့၊ ငါ့ညီပဝါလေးကို ငါပဲ အမှတ်တရသိမ်းထားပါရစေ"

သက်ထက်စကားကြောင့် လေပြည်ကော ချစ်လေးပါ မျက်ရည်လေးတွေ ဝဲမိကြတဲ့အထိပါပဲ။

စွဲမက်ရဲ့ လက်ကိုင်ပဝါဖြူလေးက သက်ထက်ဆီမှာပဲ တစ်သက်တာရှိနေတော့မည်။ လေပြည်ရဲ့ ပန်းနုပဝါလေးက ချစ်လေးထံရောက်ရှိကာ ချစ်လေးရဲ့ပဝါအပြာလေးက လေပြည်လက်ထဲမှာ။

"ချစ်လေး. . . နင့်ပဝါလေးကို ငါ အမှတ်တရ သိမ်းထားပါ့မယ်"

"အေးဟာ. . . သက်ထက်တစ်ချိန်မှာ တို့တွေပြန်ဆုံချင်ပါသေးတယ်"

"အေးပါဟာ. . . ကံမကုန်သေးရင် ငါတို့ပြန်ဆုံမှာပါ၊ ဒါနဲ့ နင်တို့က ဒီကိုအတူလာကြတာဆို၊ ဘယ်လိုစိတ်ကူးတွေနဲ့လဲ"

သက်ထက်မေးတော့ လေပြည်တို့ မကွယ်မဝှက်ဘဲ အမှန်

အတိုင်းပဲ ပြောပြမိကြသည်။

နိုင်းနဝဒေးနှင့် လေပြည်တို့ အဖြစ်တွေကို ကြားတော့ သက်ထက်မျက်နှာကြီး နီလာကာ မကျေမနပ် တောက်ခေါက်သည်။

"တော်တော်ရိုင်းတဲ့ကောင်ပဲ၊ နင်တို့ ဒီအတိုင်း ခေါင်းငုံ့ခံကြမှာလား၊ သစ္စာမဲ့တဲ့လူတွေကို ငါမုန်းတယ်၊ ညီမမျာလည်း သစ္စာမဲ့တဲ့ချစ်သူကြောင့်ပဲ ဒုက္ခရောက်ခဲ့တာ"

"သက်ထက်. . . ငါတို့အတူလာတာ ရည်ရွယ်ချက်နဲ့ပါ၊ အခု နင်ပါ ဒီမှာရှိနေတာ ကံကောင်းတယ်၊ တို့အစီအစဉ်တွေကို နင်လည်းကူညီပေးပါ"

ချစ်လေးကပြောတော့ သက်ထက် အံလေးကြိတ်ကာ ခေါင်းညိတ်သည်။

"စိတ်ချ. . . ချစ်လေး အဲဒီကောင်ကို ငါမကျေနပ်ဘူး"

"ငါတို့က ဒုက္ခရောက်အောင် မလုပ်ပါဘူးဟာ၊ သူနောင်တတွေနဲ့ တစ်သက်လုံး အမှတ်ရအောင် ပညာပေးချင်တာ"

လေပြည် အဝေးကို ငေးငေးလေးကြည့်ကာ ပြောတော့ ချစ်လေးက ထောက်ခံသလို ခေါင်းညိတ်သည်။

အခုလောက်ဆို နိုင်းတစ်ယောက် သူတို့နှစ်ယောက်ဆီအဆက်သွယ်မှုကို မျှော်နေလောက်ပြီထင်ရဲ့။

◆ ◆ ◆

## အခန်း (၃၁)

ဟင်းန်ဖုန်းက သံစဉ်ချိုချိုလေး ထွက်ပေါ်လာတော့ နိုင်း စိတ်ပျက်လက်ပျက်နှင့်ပဲ ကောက်ယူကြည့်သည်။

"ဟာ"

နိုင်းမျက်ဝန်းတွေ ဝိုင်းစက်ကာ ဝမ်းသာအားရ ရေရွတ်တော့ ငွေငွေကြီးထိုင်နေသော လေးလေးပါ လှည့်ကြည့်သည်။

"ချစ်လေးဆီကဗျ. . . ခဏလေး"

နိုင်း လေးလေးကို လက်ကာပြရင်း ဖုန်းကို နားထောင့်ကြည့်တော့ ကြားရတာ ယောကျ်ားတစ်ယောက်အသံမို့ မျက်မှောင်ကုပ်သွား၏။

"ဗျာ. . . ဟုတ်ပါတယ်၊ ကျွန်တော်ပါပဲ၊ အခုပြောနေတာ ဘယ်သူလဲ"

". . . . . . ."

*"ဪ. . . ချစ်လေး. . . အဲချစ်လေးသူ အစ်ကိုလား၊*

ဟုတ်ကဲ့"

"......."

တစ်ဖက်က စကားသံတွေကို မကြားရပေမယ့် ချစ်လေးသူ ဆိုကဆိုကတည်းက လေးလေး အနားကိုရောက်လာသည်။

"ချစ်လေးအစ်ကို ခေါ်နေတာဗျ၊ အခု ချစ်လေးနဲ့စကား ပြောမလို့ ခေါ်ခိုင်းထားတယ်"

"ဟို. . . အမာကော၊ ငါလည်း စကားပြောချင်တယ်ကွာ"

"ခဏလေးနေပါဦး လေးလေးရာ၊ ဪ ချစ်လေးလား လွမ်းလိုက်တာ ချစ်လေးရာ"

"တကယ်လား. . . ကိုနိုင်း၊ မသိပါဘူး ချစ်လေးကိုမေ့ပြီး နောက်တစ်ယောက်နဲ့ ပျော်နေပြီထင်နေတာ"

"ဟာကွာ. . . အထင်သေးလိုက်တာ၊ ချစ်လေးထွက်သွား ကတည်းက ဖုန်းကို မနားတမ်းခေါ်နေတာ ခေါ်လို့မရဘူး"

"ဆောရီး ကိုနိုင်းရယ်၊ ချစ်လေး မြစ်ကြီးနားရောက်နေ တာ၊ ဒီမှာက အခြေအနေတွေ တစ်မျိုးဖြစ်နေလို့၊ စောစော ကိုနိုင်းနဲ့ စကားပြောတာ ချစ်လေးအစ်ကိုဝမ်းကွဲ ကိုသက်ထက် အောင်ပါ"

"အင်း. . . သူပြောပြတယ်၊ ယောက်ဖကြီးက သဘော ကောင်းတယ်"

"မထင်နဲ့နော် ချစ်လေး ရည်းစားထားတာကို သူ လုံး သဘောမတူဘူး၊ အခု ဘယ်လိုမှ တားမရမှန်းသိလို့ လိုက်လျော



တာ၊ အစ်ကိုက ဝမ်းကွဲညီမဆိုပေမယ့် ချစ်လေးကို သိပ်ချစ်တာ၊ အခု အစ်ကိုက ကိုနိုင်းနဲ့ တွေ့ချင်လို့တဲ့"

"ဟင်. . . ကိုယ်က မြစ်ကြီးနားကို လာရမှာလား ချစ်လေး ရဲ့"

"အင်းလေ. . . ချစ်လေးက ကိုနိုင်းကိုလွမ်းနေတာ၊ အစ်ကို ကလည်း ကိုနိုင်း ချစ်လေးကို တကယ်ချစ်ရင် လာဖို့ခေါ်လိုက်တဲ့၊ ကိုနိုင်း လာခဲ့ပါနော်၊ ချစ်လေးကို ချစ်ရင်လာခဲ့ပါ"

"ဟို. . . မြစ်ကြီးနားမှာ ကိုယ် အသိအကျွမ်းမရှိဘူး ချစ်လေးရဲ့"

"အို. . . ကိုနိုင်းလာရင် အဆင်ပြေစေရမယ်၊ လာခဲ့ပါ ကိုနိုင်းရယ်၊ ချစ်လေးက ဒီမှာဆက်ကြာဦးမှာလေ၊ အမွေကိစ္စရှင်း ရဦးမယ်၊ ဟို ဒေါ်လေးမာကလည်း လေးလေးစိုးကို တွေ့ချင်နေ ဘာတဲ့"

"အန်တီမာ အနားမှာရှိနေသလား ချစ်လေး၊ ဒီမှာ လေးလေးက စကားပြော အလွမ်းဖြေချင်လို့တဲ့"

"ဒေါ်လေးမာ ဈေးသွားတယ်၊ ကိုနိုင်းလာရင် လေးလေး ကိုလည်း ခေါ်ခဲ့ပါ၊ ချစ်လေးတို့မျှော်နေမယ်"

"အင်း. . . ဒါဆိုလိပ်စာပေးကွာ၊ ကိုယ်နဲ့လေးစိုး လာခဲ့ မယ်"

"တကယ်နော် ကိုနိုင်း၊ သိပ်ချစ်တယ်သိလား၊ လိပ်စာမလို ပါဘူး၊ ချစ်လေးတို့ ဘူတာကလာကြိုမှာပေါ့"

ချစ်လေးမျှော်နေမယ်ဟု နွဲ့နွဲ့လေးပြောသည့် စကားသံ လေးကိုပဲ သူနောက်ဆုံးကြားလိုက်ရ၏။ ရင်ထဲမှာတော့ အလွမ်းတွေ ပြေသွားတာအမှန်။

"မင်းကွာ. . . အမာကို ငါစကားလေးတောင် မပြောရ ဘူး"

"အန်တီမာ ဈေးသွားတယ်တဲ့၊ အကဲပိုမနေပါနဲ့လေးစိုးရာ မနက်ဖြန် ကျွန်တော်တို့ မြစ်ကြီးနားလစ်ကြမယ်၊ ချစ်လေးကို သွား တွေ့ရမယ်"

"ဘာ. . . မြစ်ကြီးနားအထိတောင် ဟုတ်လား"

"ဟုတ်တယ်၊ ချစ်လေးအစ်ကိုက ကျွန်တော်နဲ့တွေ့ချင်နေ တယ်၊ ကြည့်ရတာ ချစ်လေးတို့မိသားစုကိစ္စတွေ ရှုပ်ထွေးနေတုံးပဲ လေးစိုး အန်တီမာကို တွေ့ချင်ရင်လိုက်ခဲ့"

"လိုက်မယ်ကွာ. . . အမာကို ငါအရမ်းလွမ်းနေတာ"

လေးလေးကတော့ ဒီညအိပ်ပျော်တော့မည် မထင်မိ။ နိုင်းအတွက်လည်း ရင်ထဲက အလွမ်းဝေဒနာတစ်ခုတော့ ငြိမ်း ပေမယ့် လေပြည်ပုံရိပ်လေး ဝင်လာပြန်တော့. . .

"လေပြည်ရယ်. . . မင်းကတော့ ကိုယ့်ကို သတိမရဘူး လား၊ ချစ်လေးလိုပဲ မင်းဆီက စကားသံလေးတွေ ကိုယ်ကြားချင် သေးတယ်"

တမ်းတမ်းတတ ပြောနေသော နိုင်းကိုကြည့်ရင်း လေးလေးမျက်နှာ မဲ့ကျသွားသည်။





နိုင်း ဘာမှ ခွန်းတုံ့ပြန်ပြောမနေချင်တော့ပါ။ ချစ်တတ် သည့် နှလုံးသားကို လေးလေးမှ နားမလည်နိုင်ဘဲ။

ရင်မှာ ညီမျှသော ချစ်ခြင်းတွေက လေပြည်နဲ့ ချစ်လေး အပေါ်မှာ တူညီစွာရှိနေမြဲဆိုတာ နိုင်း နှလုံးသားကပဲ သိလိမ့်မည်။

◆ ◆ ◆

## အခန်း (၃၂)

မရည်ရွယ်ဘဲ ထွက်ခဲ့ရသော ခရီးစဉ်မှာ နိုင်းတို့တစ္ဝမ်း ရင်တွေလှုပ်ခတ်စွာဖြင့် ရထားကြီးပေါ်မှာ အတွေးကိုယ်စီနှင့်သား။

မြစ်ကြီးနားဘူတာကိုရောက်လျှင် စောင့်ကြိုနေသည့် ချစ်လေးပုံရိပ်လေးကို နိုင်း မြင်မိသလို လေးလေးကလည်း အနံ့ထိမှာပုံရိပ်ကို တွေးပုံဖော်နေမှာ သေချာသည်။

အိမ်ကြီးတစ်အိမ်လုံးကို ခြံစောင့်ကြီးနှင့် အိမ်ဖော်မိန်းမကြီးကိုပဲ သူတို့လွှဲအပ်ထားခဲ့သည်။ မာမီပြန်လာရင် ပြန်မပြောအောင်လည်း နှုတ်ပိတ်ခ စိုစိုပိုပိုလေး ပေးထားပြီးသား။

"ငါတော့ ဟိုရောက်ရင် အမာကို လက်ထပ်မယ်ကွာ"

"ဘာ. . . ဘာရယ် လေးလေး"

"ဟုတ်တယ်၊ ငါဆုံးရှုံးမှာကြောက်နေပြီ၊ အမာ့ကို လက်ထပ်ခွင့်တောင်းမယ်၊ တရားရုံးမှာ လက်ထပ်ထားမယ်ကွာ"

"စဉ်းစားနော်. . . မာမီသိရင်ပြဿနာ"



"မမဆူပူလည်း ခံရုံပေါ့ကွာ၊ အဓိကက အမာကို သေချာအောင် လက်ထပ်ထားချင်တယ်၊ မင်းနဲ့ချစ်လေးက သက်သေလုပ်ပေးကြကွာ"

"ဟား. . . လေးစိုးရောဂါက ဆိုးပါလား"

နိုင်း ပြုံးစစနှင့်ဆိုပေမယ့် လေးလေးကတော့ ဆုံးဖြတ်ပြီးသည့်အလား တည်ငြိမ်လို့နေသည်။

နိုင်း ဘာမှမပြောတော့ဘဲ ထိုင်ခုံမှာ ကျောမှီပြီး မျက်လုံးတွေကို မှိတ်ထားလိုက်သည်။ အာရုံထဲမှာ ချစ်လေးမျက်နှာလေးက အရိပ်ထင်လာသည်။ တွေ့စကတည်းက မာထန်ထန် အကျင့်စရိုက်လေးနှင့် ချစ်စရာကောင်းသည့် ကောင်မလေး။

မပြည့်စုံလှပေမယ့် မာနကတော့ကြီးသည်။ ပြီးတော့ သူ့ကိုချစ်တာ ဘာမျှော်လင့်ချက်မှ မပါသော ပကတိချစ်ခြင်းဟု သူယုံသည်။

ဆံနွယ်ရှည် တောက်တောက်နီနီလေးနှင့် ချစ်လေးပုံရိပ်ကိုမြင်ကာ ကြည်နူးနေသော ရင်ထဲကို လေပြည် ပုံရိပ် ဖျတ်ခနဲဝင်လာပြန်တော့. . .

နိုင်း ပင့်သက်မောလေး ချမိပြန်သည်။

ဘုရားစုံဖူးရင်း နှလုံးသားရေးရာကို လေပြည် တမင်ကြိတ်မှိတ်မေ့ပျောက်ထားသည်လား။

ဒီတစ်ခါတော့ မင်းလေး ကိုယ့်ကို ပြန်ချော့မှကျေနပ်မယ် လေပြည်။ ရက်ရက်စက်စက် မေ့ထားတာ ကိုယ်တကယ်ပဲ ခံစားရ

တယ်။ အဲဒီအတွက် မင်းလေးဆီက ထိုက်တန်တဲ့ လျော်ကြေးတော့ ပေးရမယ် လေဖြည်။

နိုင်း တွေးရင်း နွမ်းနေသည့်အဖြစ်ကို လေးလေးသိရင် မဲ့ကာအပြစ်ဆိုဦးမည်လားမသိပါ။

◆ ◆ ◆

မြစ်ကြီးနားဘူတာကိုရောက်တော့ သူနှင့်လေးလေး ကျောပိုးအိတ်ကိုယ်စီနှင့် ယောင်လည်လည်ဖြစ်နေကြသည်။

"လေးလေး. . . ရှာပါဦးဗျ"

"အေး. . . ငါလည်း ရှာနေတာပဲကွ၊ လူတွေဒီလောက်ရှုပ်ထွေးနေတာကွာ မင်းကလည်း အသေအချာချိန်းမထားဘူး"

"ဒီထက်သေချာမလားဗျာ၊ ခဏစောင့်ပါဦး၊ သူတို့လည်း ကျွန်တော်တို့ကို ရှာမှာပါ"

နှစ်ယောက်သား ကျောက်ရုပ်တွေလို မတ်တပ်ရပ်ရင်း ချစ်လေးတို့မြင်နိုင်အောင် ရပ်စောင့်ကြသည်။

ဘူတာထဲမှာ လူတွေရှင်းလင်းသွားသည်။ သူနှင့်လေးလေးတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း အဖြေရှာရခက်နေသည်။

"နိုင်း. . . မင်း ဖုန်းဆက်ကြည့်လေကွာ"

"ဟာ. . . ဟုတ်သားပဲ၊ ကျွန်တော်မေ့နေလို့"

နိုင်း ကသောကမျောနှင့် ကျောပိုးအိတ်ဘေးအိတ်ထဲက

ဟန်းန်ဖုန်းလေးကို ထုတ်မှပဲ ဖုန်းကထမြည်သည်။

"ဟာ. . . ချစ်လေးဆီကဖုန်း လေးစိုးရ"

နိုင်း ဝမ်းသာအားရအော်ရင်း ဖုန်းလေးဖွင့်ကာ နားထောင်တော့ ချစ်လေးရဲ့အသံချိုချိုလေးကို ကြားရ၏။

"ကိုနိုင်း"

"ချစ်လေး. . . ကိုယ်နဲ့လေးလေး မြစ်ကြီးနားဘူတာ ရောက်နေပြီ"

"ချစ်လေးထင်တယ် ကိုနိုင်းရယ်၊ ချစ်လေးတို့ ဒီမနက် အစောကြီးပဲ အမေ့ကိုစွ အရမ်းအရေးကြီးလို့ မုံရွာကိုထွက်လာရ တာ"

"ဘာ"

"ချစ်လေးကို စိတ်မဆိုးပါနဲ့ ကိုနိုင်းရယ်၊ ဒီမှာ မိသား ပြဿနာတွေနဲ့ ချစ်လေးကော ဒေါ်လေးမာပါ ငိုချင်မတတ်ဘဲ သိလား"

အသံတုန်တုန်လေးနှင့် ချစ်လေးဆိုတော့ နိုင်းရင်ထဲမှာ မကောင်းပါ။ ချစ်လေး ဘာပြဿနာတွေ ဖြစ်နေသည်လဲ။ ရင်ထဲမှာ စိုးရိမ်သွားမိတာက အမှန်ဖြစ်သည်။

"ချစ်လေး. . . ဘာတွေဖြစ်နေတာလဲကွာ၊ ကိုယ့်ကိုပြော စမ်းပါ"

"တကယ့်ကို ရှုပ်ထွေးနေတာကိုနိုင်း၊ အခုချိန်မှာ ချစ်လေး တို့ အရမ်းအားငယ်နေတယ်၊ ကိုသာရောက်လာရင် တကယ်အား





သွားမှာ၊ ဒေါ်လေးမာလည်း လေးလေးကို မျှော်နေတယ်"

"ဟင်. . . ကိုယ်. . ကိုယ်တို့က ဘာဆက်လုပ်ရမှာလဲ"

"ဟို. . . ဟိုလေ မုံရွာကိုလိုက်ခဲ့ပါကိုရယ်"

"ဘယ်. . . ဘယ်လို"

"ကိုလိုက်ခဲ့ပါ၊ ဒီကပြဿနာတွေကို တိုင်ပင်ချင်တယ်၊ လိပ်စာက. . ."

နိုင်းစိတ်တွေ ရှုပ်ထွေးနောက်ကျိသွားသည်။ ချစ်လေး ရွတ်ပြသောလိပ်စာကို အသေအချာ မှတ်ထားရသေးသည်။

"ချစ်လေး"

"ကိုရယ်. . . ချစ်လေး အရမ်းအားငယ်တဲ့အချိန်မှာ ကို့ကို ပဲ တမ်းတနေတယ်၊ ကိုလာခဲ့ပါနော်၊ ချစ်လေး ဆက်ဆက်စောင့်နေ မယ်"

နိုင်း ဘာမှမပြောလိုက်ရခင်မှာပဲ ဖုန်းက ပြတ်တောက် သွားသည်။ နိုင်း နံပါတ်တွေနှိပ် ပြန်ခေါ်ပေမယ့် မရတော့ပါ။

"ဟူး. . . ဘာတွေလဲကွာ"

"အေး. . . ငါလည်း အဲဒါသိချင်တာ၊ ဘာတွေဖြစ်နေတာ လဲ နိုင်း"

လေးလေးမေးတော့ နိုင်း ပင့်သက်ကြီးရှိုက်ကာ ရှင်းပြရ ပြန်၏။ လေးလေးမျက်နှာကြီး အင်အားမဲ့သွားသလို ဖြူလျော်သွား၏။

"ငါ. . . ငါတို့က မုံရွာကို လိုက်ရမှာလား"

"အဲဒါစဉ်းစားနေတာ၊ ချစ်လေးမှာ ဘာပြဿနာတွေရှိနေသလဲမသိဘူး၊ တစ်ခုခုတော့ တစ်ခုခုပဲ"

"ဟင်. . . ဟုတ်လား အမာလည်းပါတာပေါ့၊ မဖြစ်ဘူး ငါတို့ဆက်လိုက်သွားကြမှ ဖြစ်မှာပေါ့"

လေးလေးက စိုးရိမ်ပူပန်စွာနှင့် ပြောသည်။ နိုင်း ကိုယ်တိုင်လည်း ချစ်လေးအတွက် စိုးရိမ်နေတာမို့. . .

"အင်း. . . ဒီတစ်ညတော့ တည်းခိုခန်းမှာ တည်းဦးမယ်ဗျာ၊ တစ်ညလုံး မအိပ်ရသေးဘူး"

နိုင်း အစီအစဉ်ကို လေးလေး ခေါင်းညိတ်သည်။ ခရီးပန်းသည့်ဒဏ်တွေနှင့် နှစ်ယောက်စလုံး မောဟိုက်နေပြီ။

လူက မလှုပ်ချင်အောင် ပင်ပန်းနေသည်။ စိတ်တွေလည်း နွမ်းနယ်နေခဲ့ပြီ၊ ဒါပေမဲ့. . .

ချစ်ခြင်းတရားရဲ့ ခွန်အားတွေဖြင့် သူတို့ခရီးဆက်ဖို့တော့ ဆုံးဖြတ်ပြီးခဲ့ကြပြီ။

◆ ◆ ◆



## အခန်း (၃၃)

"မုံရွာမှာ ရောက်နေပြီဆိုတာ သေချာရဲ့လား"

"သိပ်သေချာတာပေါ့ ချစ်လေးရယ်၊ အဲဒီက ငါ့သူငယ်ချင်းကို ငါ ဖုန်းဆက်မေးပြီးပြီ"

သက်ထက်ဆိုတော့ ချစ်လေး ကျေနပ်စွာ မဲ့မဲ့လေးပြုံးသည်။

"ဘုကန့်လန့်လူပျိုကြီး ဦးစောလှမြင့်လိပ်စာ ပေးလိုက်တာလေ၊ ဒီတူဝရီးတော့ မြွေဖမ်းပြီပေါ့ဟာ"

သက်ထက်အောင်က ပေးသည့်အကြံအတိုင်း စီစဉ်ခဲ့ကြတာဖြစ်သည်။ နိုင်းနဝဒေးတို့ တူဝရီးနှစ်ယောက် သတင်းကို သက်ထက်အောင်က မုံရွာက သူငယ်ချင်းထံ ဖုန်းဆက်မေးပြီး သိသမျှပြောပြ၏။

"ငါထင်ထားတာထက်တောင်မှ ဒီလူတွေ ဒုက္ခရောက်သွားကြတယ်တဲ့၊ သူတို့သွားတဲ့ အိမ်က လူပျိုကြီးက လူပုစိတ်တို ကန့်လန့်

သမားကြီးလေ၊ မိန်းမတွေဆိုသိပ်မုန်းတာ၊ အဲဒါ နင်တို့လူတွေက မိန်းမနာမည်တွေချည်းမေးတော့ ဟိုက ဒေါကန်ပြီး မောင်းထုတ်တယ်တဲ့"

"ဟုတ်လား၊ ကောင်းတယ် ဒီလိုထိမှနာမှာ"

"အံမယ်. . . နင့်လူက နင့်စကားတွေကို ဘယ်လိုခံစားသွားသလဲမသိဘူး၊ နင်တို့အိမ်ထဲမှာပဲ ရှိရမယ်ဆိုပြီး ဇွတ်ဝင်မယ်လုပ်တော့ ဟိုလူပျိုကြီးက စိတ်တိုပြီး တုတ်နဲ့ရိုက်တာ ခေါင်းကွဲသွားတယ်တဲ့"

"ဟင်"

ဒီလောက်အထိ သွေးထွက်သံယိုတွေ ဖြစ်သွားသည်ဆိုတော့ လေပြည် မျက်နှာမကောင်းပါ။ ချစ်လေးလည်း မျက်နှာလေး ညှိုးသွား၏။

"ဒါနဲ့မပြီးသေးဘူး၊ အဲဒီဦးစောလှမောင်က မွေးထားတဲ့ ခွေးကြီးနဲ့ ရှူးတိုက်လွှတ်လို့ တူဝရီးနှစ်ယောက် ခွေးပြေး ဝက်ပြေး ပြေးကြရတယ်တဲ့ဟ၊ ဟား. . . ဟား"

သက်ထက်အောင်ကတော့ တဟားဟား သဘောကျ ရယ်မောမဆုံးတော့ပါ။ မျက်နှာလေးတွေညှိုးကာ မရယ်နိုင်ကြတာက လေပြည်တို့ သုံးယောက်။ အန်တီမာလည်း တိတ်ဆိတ်စွာ ငေးနေရှာသည်။

"ပြဿနာက ရပ်ကွက်ရုံးက ဝင်ရှင်းရတဲ့အထိ ဖြစ်သွားတယ်တဲ့၊ သူတို့ ရန်ကုန်ပြန်ကြမယ်ထင်တယ်"





သက်ထက်က ပြောရင်း လေပြည်ကို လှည့်ကြည့်သည်။ ငေးငေးလေး ငြိမ်သက်နေသော လေပြည်ကိုမြင်တော့

"လေပြည် နင်ဘာဖြစ်နေတာလဲ၊ သနားနေတာလား၊ ကြောင်တောင်တောင်မလုပ်နဲ့နော်၊ နင်တို့နှစ်ယောက်ကို လိမ်ညာပြီး သူက လှည့်စားထားတာ၊ နင်တို့တွေကို ကစားစရာအရုပ်တစ်ရုပ်လို လုပ်ခဲ့တာ"

သက်ထက်စကားက ချစ်လေးရင်ထဲက ဝေဒနာကို ထိုးဆွလိုက်သလို ဖြစ်သွားခဲ့သည်။

"ဟုတ်တယ်၊ ပြန်တွေးမိတိုင်း ငါခံစားနေရတုန်းပဲ၊ လေပြည်လည်း ထပ်တူပဲသက်ထက်၊ ငါ့တာဝန်တော့ပြီးပြီ လေပြည် နင့်အစီအစဉ်က ဘယ်လိုလဲ"

"အင်း. . . တစ်ရက်စောင့်ကြည့်မယ်လေ၊ သူတို့ရန်ကုန်ပြန်ရောက်မှ စတာပေါ့"

"သူလေးတို့ရယ် ထားလိုက်ပါတော့ကွယ်၊ ဆက်ဒုက္ခမပေးပါနဲ့တော့၊ ကိစ္စပြတ်နေလိုက်တာ ကောင်းမယ်"

"ဟာ. . . ဒေါ်လေးမာက အရင်ပျော့နေပြီ၊ ချစ်လေးတို့ ခံစားခဲ့ရတာ နှလုံးသားတွေမှာ တစ်သက်စာလေ၊ ဒီလောက်နဲ့ မကျေနပ်ပါဘူး နော် လေပြည်"

"အင်း. . . ငါ မေမေ့ဆီဖုန်းဆက်ကြည့်ပြီး ထင်စီစဉ်မှာပါ"

"အိုကေ. . . တဲ ဒီနေ့ ငါ နင်တို့တွေကို ဂုဏ်ပြုညည့်ခံပွဲ

လေးလုပ်ပေးမလို့ ငါနဲ့လိုက်ခဲ့ကြ"

သက်ထက်အောင်က သူငယ်ချင်းတစ်ယောက်ထံက ငှားယူလာသော ကားလေးနှင့် လေပြည်တို့ကို စားသောက်ဆိုင်တစ်ခုမှာ ပြုစုကျွေးမွေးဖို့ခေါ်သည်။

လေပြည်တို့ ရင်ထဲကခံစားချက်တွေကို ခဏမေ့ထားကြရင်း ငယ်စဉ်တုန်းက ဖြူစင်သော ဘဝလေးကို ပြန်တွေး၊ ပြန်ပြောမိကြတာ လွမ်းစရာပါပဲ။

နှလုံးသားအတွက် ဖြူစင်တဲ့ သံယောဇဉ်တွေကသာ အမြဲတမ်း တမ်းတလွမ်းစရာပါလား။

အချစ်ဆိုတဲ့အရာကတော့ လေပြည်နဲ့ချစ်လေးနှလုံးသားကို ဝေဒနာဒဏ်ရာတွေပဲ ရစေခဲ့တာလေ။

နိုင်းနဝဒေးရယ် ရှင့်ရင်ထဲမှာ ခံစားတတ်တဲ့ နှလုံးသားတကယ့်ကိုပဲ ကင်းစင်နေခဲ့တာလားဟင်။

◆ ◆ ◆



အခန်း (၃၄)

နိုင်း တကယ်ပဲ ရှးချင်မတတ်ဖြစ်သွားသည်။ ရန်ကုန်ရောက်ရောက်ချင်း မျှော်လင့်မိတာ ချစ်လေးရဲ့ဖုန်းကိုဖြစ်သည်။ အခုတော့ ဖုန်းဝင်လာခဲ့တာ လေပြည်ဆီကဖုန်း ဖြစ်နေသည်။

"လေ. . . လေပြည်လား"

"ဟင်. . . လေပြည်အသံကို မမှတ်မိလောက်အောင် ရှင်မေ့ပစ်လိုက်တာလားဟင်"

"ဟာ. . . မဟုတ်ပါဘူးကွာ၊ အံ့ဩသွားလို့ လေပြည်တော်တော်ရက်စက်တယ်ကွာ"

"ဟင်. . . ဘာရက်စက်လို့လဲ၊ လေပြည် ဘုရားဖူးသွားတာလေ၊ ရှင်သိမှာပေါ့"

"အန်တီစိမ့်ပြောမှ သိတာပါ၊ လေပြည် သိပ်ရက်စက်တယ်ကွာ၊ လုံးဝအသိမပေးဘူး၊ ပြီးတော့ ဖုန်းလည်းပိတ်ထားတာဆိုတယ်"

"နိုး. . . လေပြည်ရောက်နေတဲ့နေရာက ဆက်သွယ်ရေး

ရေိုယာပြင်ပလေ ရှင်ရဲ့"

"ဘယ်လို. . . ဆက်သွယ်ရေးပြင်ပတောင်"

"ဟုတ်တယ်. . . အခု လေပြည်ရောက်နေတာ မြဝတီဘက်မှာ၊ တောထဲက ရှေးဟောင်းဘုရားကိုဖူးနေတာ၊ အခုတောင် ရှင့်ကို အိပ်မက်မက်လို့ အရမ်းသတိရလို့ မြို့ပေါ်တက်ဆက်ရတာ ရှင့်"

"ဟာ. . . လေပြည်ရယ် အဲဒီလောက်အထိ အဝေးကြီးသွားနေရသလားကွာ၊ ကိုယ် စိတ်မချဘူး"

"လေပြည်လည်း နောင်တရနေတာ၊ ဒီမှာက အဘိုးကြီးအဘွားကြီးတွေထဲမှာ လူငယ်ဆိုလို့ လေပြည်တစ်ယောက်တည်း ပျင်းစရာကြီး၊ ရှင်ပါလာရင် သိပ်ပျော်စရာကောင်းမှာ၊ ရှင် ကျွန်မကို နည်းနည်းလေးမှ မလွမ်းဘူးလားဟင်"

"မေးရက်တယ် လေပြည်ရယ်၊ လွမ်းလွန်းလို့ စိတ်တိုနေတဲ့အထိပဲ၊ ကိုယ့်ကို အလွမ်းတွေပေးသွားတဲ့ လေပြည်ကို ပြန်လာရင် ဒဏ်ခတ်မလို့သိလား"

နိုင်း အခုမှ စိတ်ဆိုးဖို့သတိရကာ အပြစ်တင်စကားလေး ဆိုမိတော့ လေပြည် ရယ်သံသဲ့သဲ့ ကြား၏။

"မရယ်နဲ့နော်၊ ကိုယ်တကယ်ခံစားနေရတာ"

"အဟင်း. . . ဘုရားဖူးသွားတာကို အပြစ်ဖွဲ့နေတဲ့ ရှင်ကြီးငရဲကြီးတော့မှာပဲ"

"ကြီးကြီးကွာ. . . လွမ်းအောင်လုပ်တာ မကျေနပ်ဘူး"





"လေပြည် တောင်းပန်ပါတယ်ရှင်ရယ်၊ အမျိုးတွေလာတုန်း သွားရတာလေ၊ ဒီအတိုင်းဆို အစီအစဉ်က မဲဆောက်ဘက်အထိတောင် သွားကြမှာတဲ့"

"ဘာရယ်. . . ဒါဆို ပြန်မလာသေးဘူးလားဟင်"

"ထပ်ကြာဦးမှာရှင်ရဲ့. . . ဒါကြောင့် ရှင့်ဆီဖုန်းဆက်တာပေါ့၊ ပြီးတော့ အသိပေးချင်တာလည်းရှိတယ်"

"ဘာလဲလေပြည် ပြောလေ"

"မေမေက လေပြည်ကို ရှင်နဲ့သဘောတူပုံမရဘူး"

"ဟာ. . . မဖြစ်နိုင်တာ၊ ကြည်ဖြူပြီးသားပါ၊ မာမီကတောင် လေပြည်နဲ့ပေးစားမှာတဲ့ ပြောပြီးသား"

"အဲဒါ ဟိုတုန်းကဖြစ်မှာပေါ့၊ အခု မေမေက သူ့မိတ်ဆွေရဲ့သားနဲ့ သဘောတူနေတာ၊ ဟိုက ဩစတေးလျမှာ ပညာသင်နေတာတဲ့၊ ပြန်လာရင် စေ့စပ်ပေးမယ်တဲ့"

"ဟင်"

နိုင်းရင်ထဲမှာ စိုးရိမ်သွားသည်။ လေပြည်ပြောသလိုဖြစ်နေခဲ့လျှင် လေပြည့်ကို ဆုံးရှုံးရတော့မည်လား။ ဒါတော့ မဖြစ်နိုင်။ သူဘယ်လိုမှ လက်မခံနိုင်သောအဖြစ်။

"လေပြည်. . . ဒါဆို လေပြည်က ကိုယ့်ကို မချစ်တော့ဘူးလားဟင်"

"မေးရက်လိုက်တာရှင်ရယ်၊ ချစ်လို့၊ လွမ်းလို့ မြို့အထိလာဖုန်းဆက်တာပေါ့၊ နားထောင်ဦး ရှင် ကျွန်မဆီလာခဲ့ပါနော်၊ ရှင့်ကို

ကျွန်မ မခွဲနိုင်ဘူး၊ ရှင်လာရင် ကျွန်မတို့လက်ထပ်မယ်"

"ဘယ်လို"

"ဟုတ်တယ်. . . မေမေ့အစီအစဉ်ကို လေပြည်လက်မခံဘူး၊ လေပြည်ရင်ထဲမှာရှိနေတာက ရှင်ပဲ၊ လေပြည့်နှလုံးသားက ချစ်တာ ရှင်ပါ။ လေပြည်တို့ မဲမဆောက်သွားပြီး နှစ်ဦးသဘောတူ လက်ထပ်ကြမယ်၊ အဲဒါ လေပြည်ဆုံးဖြတ်ချက်ပဲ"

နိုင်း တွေဝေသွားရသည်။ လေပြည်စကားတွေက ပြတ်သားလွန်းနေသည်။ လက်ထပ်သည်အထိ လေပြည်က ဆုံးဖြတ်နေတာ သူ့ကိုချစ်လို့ပေါ့။ ဒါပေမဲ့ သူ့အာရုံထဲမှာ ချစ်လေး မျက်နှာကို မြင်လာ၏။

"ရှင်. . . ကျွန်မပြောတာ ကြားရဲ့လားဟင်"

"အင်း. . . အင်း ကြားပါတယ်"

"ဒါဆို သုံးရက်အတွင်း ရှင် မြဝတီကို ရောက်အောင်လာခဲ့ပါနော်၊ ကားဂိတ်မှာ ကျွန်မစောင့်နေမယ်"

"စိတ်ချ လေပြည်၊ ကိုယ်အရောက်လာခဲ့ပါ့မယ်၊ ကိုယ့်ဆီတော့ ဖုန်းဆက်သွယ်နော်"

"အင်းပါ. . . ရှင့်ကိုလေပြည် သိပ်ချစ်တယ်"

◆ ◆ ◆

စိုးမိုး၁၀၇၆ပ

"ဘာ. . . မင်း မြဝတီအထိသွားမယ်၊ ဟုတ်ရဲ့လားနိုင်းရာ အခုမှ အမောတောင်မပြေသေးဘူးနော်"

"လေးလေး မလိုက်ချင်နေခဲ့ပေါ့ဗျာ၊ လေပြည်နဲ့က အခုမှ ဖုန်းချိတ်မိတာ၊ ကျွန်တော်တို့ မြဝတီမှာ လက်ထပ်ဖြစ်မှာ"

"ဟင်. . သေချာလို့ချည်လား"

"ဟုတ်တယ် လေးလေး၊ အဲဒါ လေပြည်ကိုယ်တိုင် ဆုံးဖြတ်လိုက်တာ"

"ဒါဆို. . . မင်းနဲ့ချစ်လေးသူ ဇာတ်လမ်းက သိမ်းပြီပေါ့"

"အာ. . . ချစ်လေးသတင်းက အဆက်ပြတ်နေတာ၊ ပြီးမှ ဆက်ရှင်းမှာပေါ့၊ အခုအရေးကြီးလာတာ လေပြည်လေ"

နိုင်းစကားကြောင့် လေးလေး မျက်မှောင်ကြီးကုပ်ကြည့်ရင်း. . .

"နိုင်း. . . အခုတကယ် အရေးကြီးနေပြီနော်၊ မင်း ပန်း လေပြည်ကို လက်ထပ်ပြီးမှတော့ ချစ်လေးကို ဒုက္ခမပေးသင့်တော့ဘူး"

စိုးမိုး၁၀၇၆ပ

"ချစ်တာ ဒုက္ခပေးတာလား လေးလေးရယ်"

"ဟ. . . မင်းက ငါးရံ့နှစ်ကောင်ဖမ်းနေတာကွ၊ လေပြည်ကို လက်ထပ်ပြီးမှ ချစ်လေးသူကို ဆက်ထားသင့်သလား၊ ဟိုဘက်က ကြည့်ရင် မင်း ဒါဖောက်ပြန်တာ၊ ချစ်လေးသူဘက်ကကြည့်တော့ မင်းသစ္စာမဲ့တာကွ"

"ဟင့်အင်း. . . အဲဒါ သတ်မှတ်ချက်တွေပါ၊ နိုင်းက နှစ်ယောက်စလုံးကို ညီတူမြှတ်နိုးချစ်တယ်"

"ဟေ့ကောင်. . . တော်. . . တော်ကွာ"

လေးလေး ဒီလောက်အထိ စိတ်ဆိုးတာ သူမမြင်ဘူးပါ။ ခက်တော့ခက်နေသည်။ သူ့ကိုနားလည်ဖို့ ခက်နေကြပါလား။

"အင်း. . . ချစ်လေးသူကို မပြတ်ရင် အခုခရီးကိုမသွားနဲ့"

"ဟာ. . . မဖြစ်ဘူး၊ လေပြည်စောင့်နေမှာ"

"ဒါဆို ချစ်လေးသူကို မေ့လိုက်တော့ကွာ"

"လေးစိုး မတရားမပြောနဲ့လေ၊ ဟောဒီမှာ ချစ်လေးကြောင့် ရခဲ့တဲ့ခေါင်းကဒဏ်ရာက ချုပ်ရိုးဖြည်ပြီးစပဲ ရှိသေးတယ်"

မုံရွာက လူမျိုးကြီးလက်ချက်နှင့် နှစ်ချက်ချုပ်ခဲ့ရသောဒဏ်ရာကို နိုင်းပြတော့ လေးလေး ခေါင်းကိုခါသည်။

"မင်းရှုပ်တဲ့ပြဿနာတွေက ပိုရှုပ်လာပြီ နိုင်း၊ အခုကိစ္စက နှလုံးသားအရေးဆိုတာထက် ဘဝရေး အိမ်ထောင်ရေးဖြစ်လာပြီကွ၊ ဘယ်မိန်းကလေးမှ ခွင့်မလွှတ်တဲ့ကိစ္စကို မင်းလုပ်ရင် မင်းပဲဒဏ်ခတ်ခံရလိမ့်မယ်၊ ဒီတော့ မင်းတစ်ခုခုဆုံးဖြတ်၊ ပန်းလေပြည်

စိုးမိုး၀၁ခမ



လား၊ ချစ်လေးသူလား ရွေးခွင့်ရှိတယ်"

ဂျာအေး သူ့အမေရိုက်သလို ချာလည်နေတော့မှာ သေချာသည်။ လေးလေးကျေနပ်အောင်တော့ နိုင်း ပြောမှဖြစ်တော့မည်။

"အခု ကျွန်တော် လေပြည်ဆီသွားမယ် လေးစိုး"

"အေး. . . ငါလိုက်မယ် ချစ်လေးသူကို မေ့လိုက်တော့၊ မင်းကို ငါလိုက်စောင့်ရှောက်မှဖြစ်မယ်၊ မမစကားကို ငါမေ့ထားလို့မရဘူး"

"လေးလေးမလိုက်လည်း ရပါတယ်၊ ခရီးကဝေးတယ်"

"ဝေး. . . ဝေးကွာ၊ ငါလိုက်မယ်၊ မင်းတို့လက်ထပ်ရင်လည်း ငါသက်သေပါမယ်၊ ဒါပဲ"

လေးလေးကတော့ ယတိပြတ်ပြောနေသည်။ လတ်တလောမှာတော့ နိုင်း ဘာမှမပြောသာပါ။ လေးလေးပြောတာကိုပဲ ခေါင်းညိတ်နေလိုက်ဖို့ လိုသည်။

လေးလေးပြောသလို ချစ်လေးကို မုန်းမေ့ပစ်လိုက်ဖို့ဆိုတာက. . .

နိုင်းနှလုံးသားကို ထက်ခြမ်းမခွဲလိုက်ပါနဲ့ လေးလေးရယ်။

◆ ◆ ◆

စိုးမိုး၀၁ခမ

## အခန်း (၃၅)

"ဘာ. . . မင်းတို့တွေက တစ်မြို့ပြီးတစ်မြို့နဲ့ ငါ့ကိုအရှုပ်လုပ်နေတာလားကွ"

"ဟင်. . . ရှင်. . . ရှင် ဘယ်သူ့ကိုပြောတာလဲ၊ လေပြည်နားမလည်ဘူး၊ ရှင့်ကို ဘယ်သူတွေက ဘာတွေလုပ်နေတာလဲ၊ လေပြည် နားမလည်တော့ဘူး"

ဖုန်းထဲက လေပြည် အမေးစကားတွေကြားမှ နိုင်း စကားတွေ ကျွံသွားတာကို သတိရသွားသည်။ သေလိုက်စမ်း နိုင်း။ ချစ်လေး ပြဿနာတွေကို လေပြည်ကဘာ့ထဲ ဘာလို့ရောနေခဲ့တာလဲ။

နိုင်း ဒေါသတွေကိုလျှော့ရင်း လေပြည်ကို တောင်းပန်သည်။

"ဆောရီး လေပြည်၊ ကိုယ့်ကုမ္ပဏီက ပြဿနာတွေနဲ့ ရောထွေးသွားလို့ကွာ၊ နော် နော် လေပြည်"

စိုး:မိုး:စာအုပ်



ချစ်လေးကိစ္စမှာ စိတ်တွေတိုနေသမျှ လေပြည်က မြဝတီရောက်မှ ဖုန်းနှင့်ထပ်ချိန်းတော့ သူပေါက်ကွဲမိခြင်းပဲ ဖြစ်သည်။

"နိုင်း. . . ရှင် ကျွန်မပြောတာ နားထောင်နေသေးရဲ့လား"

"နားထောင်နေပါတယ် လေပြည်ရယ်၊ အခု ကိုယ် မြဝတီကိုရောက်နေပြီ၊ လေပြည်က ဘယ်ရောက်နေတာလဲ၊ ဘယ်ကဆက်နေတာလဲ"

ဒေါသတွေကို မျိုသိပ်ကာ နိုင်းမေးသည်။ ချစ်လေးနဲ့ လေပြည်ကမှ မသက်ဆိုင်တာ သူမေ့ထားလို့မဖြစ်။

"ဒီမှာလေပြည် ရင်ဆိုင်နေရတဲ့ ဒုက္ခတွေကို နားထောင်ပါဦး၊ မနေ့ကဘဲ လေပြည့်ညီမဝမ်းကွဲတစ်ယောက် ဆုံးပြီဆိုတဲ့သတင်းကြားလို့ လေပြည်တို့အားလုံး ခရီးစဉ်တွေဖျက်ပြီး ပြန်ခဲ့ကြရတာ၊ မနက်ဖြန်ဆို သူ့ရက်လည်လေ၊ အဲဒါကြောင့် လေပြည် ရှင့်ကိုလာခဲ့ဖို့ ခေါ်နေတာပါ"

"အင်း. . . ဟို ကိုယ်တို့ကိစ္စတွေက"

"အဲဒါအတွက် လေပြည်ခေါ်တာပေါ့ရှင်ရယ်၊ ရက်လည်ပြီးတာနဲ့ မေမေတို့ဆီ လေပြည်ပြန်ရမှာ၊ လေပြည်မပြန်ဘူး၊ ချစ်တဲ့သူရင်ခွင်မှာပဲ ခိုလှုံချင်တယ်၊ ရှင်လာခဲ့ပါနော်၊ ကျွန်မတို့ မြို့လေးမှာပဲ လက်ထပ်မယ်၊ လေပြည်ရဲ့ သူငယ်ချင်းတွေကို အကူအညီတောင်းထားတယ်၊ သူတို့ကူညီဖို့အသင့်ပဲ"

"သေချာရဲ့လား လေပြည်ရယ်"

စိုး:မိုး:စာအုပ်

"နိုင်း. . . ရှင်ဘာဖြစ်နေတာလဲ၊ ရှင် လေပြည်ကို တကယ် မချစ်ဘူးလားဟင်"

"ဟာ. . . လေပြည်ရယ် မေးရက်လိုက်တာ၊ ချစ်လွန်းလို့ မြဝတီတောင် ရောက်နေပြီပဲကွာ"

"ဒါဆိုရင် လေပြည် ဘယ်လိုအခြေအနေတွေနဲ့ပဲကြုံကြုံ စောင့်နေမယ်၊ လာခဲ့ပါနော်၊ ရှင့်ကို ကျွန်မ မခွဲနိုင်ဘူးမောင်ရယ်"

လေပြည့်ခေါ်သံလေးက နိုင်းနားထဲမှာ ပဲ့တင်ထပ်ကျန် ရစ်ခဲ့သည်။ နိုင်း ဖုန်းလေးကိုင်ရင်း ငိုင်တွေနေရာမှ လေးလေးရှိ ရာ ကော်ဖီဆိုင်လေးထဲ ပြန်လျှောက်ခဲ့၏။

"ဘာတဲ့လဲ နိုင်း၊ ငါတို့ဘယ်သွားရမှာလဲ"

လေးလေးအမေးကို နိုင်း အစအဆုံးရှင်းပြတော့ လေးလေး ခေါင်းကို တွင်တွင်ခါယမ်းသည်။

"လုံးဝယုံစရာမရှိဘူးနော်၊ ငါတော့ မယုံချင်တော့ဘူး ချစ်လေးသူကိစ္စအတိုင်းပဲ၊ ငါတို့ အရူးလုပ်ခံနေရပြီလားမသိဘူး"

လေးလေးပြောတော့ နိုင်းလည်း တွေဝေချင်လာသည်။ ဒါတွေက တိုက်ဆိုင်မှုလား။ ဒါမှမဟုတ် လှည့်စားမှုတွေလား။

ဒါပေမဲ့ လေပြည်ကို သူသိပ်ချစ်သည်။ ချစ်လေးကိုလည်း မြတ်နိုးသည်။

"မင်းဘာလုပ်မှာလဲ နိုင်း"

"ကျွန်တော် လေပြည်ဆီကိုလိုက်သွားမယ်"

"မင်းယုံနေသလား"





"ယုံတာထက် ချစ်တာပါလေးစိုးရယ်၊ လေပြည်ရင်ဆိုင်နေ ရတာ အမှန်တွေဖြစ်နေရင် ကျွန်တော် လေပြည်ကိုပဲ လက်ထပ် မယ်"

နိုင်း နှုတ်ကဝန်ခံစကားဆိုတော့ လေးလေး ခေါင်းညိတ် သည်။

"မင်းဆန္ဒရှိရင်သွားကြည့်၊ ငါတော့ ရန်ကုန်ပြန်မယ်၊ မင်း အကျိုးအကြောင်းတော့ ဖုန်းဆက်ကွာ၊ ဟိုမှာ အကြာကြီးပစ်ထား လို့ မရဘူးဆိုတာ မင်းသိတယ်"

"စိတ်ချ လေးလေး၊ ဒီတစ်ခါသွားလို့ ချစ်လေးလိုပဲ ရင်ဆိုင် ရမယ်ဆိုရင် ကျွန်တော် မလိုက်တော့ဘူး၊ ရန်ကုန်ပြန်ပြီး ဘာဆက် လုပ်သင့်သလဲ ဆုံးဖြတ်မယ်"

နိုင်း ကတိစကားကို လေးလေး ခေါင်းညိတ်လက်ခံသည်။

နိုင်းရင်ထဲမှာတော့ သံသယတွေနှင့် ချစ်စိတ်တွေ လွန်ဆွဲ နေခဲ့တာတော့ အမှန်။

လေပြည်ကို နိုင်းချစ်ခဲ့သည်။ ချစ်လေးကိုလည်း ချစ်ခဲ့ တာပါပဲ။ နိုင်းချစ်ခဲ့ဖူးသော မိန်းကလေးတွေနှင့်မတူဘဲ မြတ်နိုး နှောင်တွယ်ချစ်ခဲ့မိတာအမှန်။

ဒါကိုတော့ နိုင်း သစ္စာဆိုဝံ့ပါသည်။ ဒီသစ္စာစကားသာ မှန်ကန်ခဲ့လျှင်တော့ နိုင်း နှလုံးသားလေး မကွဲပါရစေနဲ့။

◆ ◆ ◆

## အခန်း (၃၆)

"နိုင်း. . . လေပြည်တို့ ဒီမှာ"

မြို့လေးရဲ့ ကားဂိတ်လေးကို အိတ်ပရက်စ်ကားကြီးပေါ်က သူခြေချမိရုံပဲရှိသေးသည်။ လေပြည် အသံချိုချိုလေးကို ကြားလိုက်ရ၏။

နိုင်း ကြည်နူးဝမ်းသာသွားမိသည်က အနှိုင်းအဆမဲ့။

ဒီလိုအဆင်ပြေသောနေ့မှာ လေပြည်ကို ဆုံရမည်မထင်ခဲ့။ အခုတော့ လေပြည်က သူ့ကို ဆီးကြိုနေခဲ့သည်။

"လေပြည်ရယ်"

သူ လေပြည်လက်လေးကို ဆုပ်ကိုင်ရင်း ဝမ်းသာကြည်နူးစိတ်က ရင်မှာတလှပ်လှပ်။ မမြင်တာကြာသည့် လေပြည့်မျက်နှာလေးက ကြည့်မဝရှုမဝ။

"ဟိုမှာ. . . အစ်ကိုပါတယ်ရှင်ရဲ့"

လေပြည် တိုးတိုးလေးသတိပေးမှပဲ အနောက်ဘက်က မျက်မှောင်ကုပ်ရပ်ကြည့်နေသော လူရွယ်ကိုတွေ့သည်။





ဆံပင်တိုတိုနှင့် နုဖတ်သောမျက်နှာက သူ့ထက်တော့ ငယ်ရွယ်ပုံပါပဲ။ အင်းလေ. . . အစ်ကိုရှေ့မှာတောင် ဟန်မဆောင်နိုင်အောင်ဖြစ်နေသော သူ့အပျော်တွေက မျက်မှောင်ကုပ်ချင်စရာဖြစ်မည်ပေါ့။

"ကိုသက်. . . ဒါ လေပြည့်ချစ်သူ နိုင်းနဝဒေးတဲ့၊ နိုင်းသူက လေပြည့်အစ်ကို ကိုသက်ထက်အောင်ပါ"

နိုင်း မျက်မှောင်ကြီးကုပ်သွားသည်။ ဒီနာမည်ကို သူကြားဖူးသည်။ သက်ထက်အောင်တဲ့။

"အခုဆုံးသွားတဲ့ ညီမလေးကလည်း ကိုသက်နဲ့ ညီမဝမ်းကွဲတော်တယ်လေ၊ ကဲ လာ ညီမလေးရဲ့ဂူကို လေပြည်တို့ ပန်းခြင်းသွားပို့ကြမလို့"

အနီရောင်ဆလွန်းကားလေးဆီကို လေပြည် ဆွဲခေါ်ခဲ့တော့ နိုင်း လိုက်ခဲ့ရပြန်သည်။

ကားလေးကို သက်ထက်အောင်က မောင်းသည်။ နိုင်းနှင့်လေပြည်က နောက်ခန်းထဲမှာ။ တစ်လမ်းလုံး လေပြည်က ဆုံးပါးသွားသည့် သူ့ညီမလေးအကြောင်း ပြောမဆုံး။

နိုင်းလည်း ခေါင်းတညိတ်ညိတ်နှင့် နားထောင်ပေးနေရ၏။

"ညီမလေးအဖြစ်က ကြေကွဲစရာကောင်းပါတယ်နိုင်းရယ်၊ ချစ်သူနဲ့ မိဘတွေက သဘောမတူလို့ ခွဲဖို့ကြိုးစားခဲ့ကြတာလေ၊ မြစ်ကြီးနားကိုပို့၊ မုံရွာကိုပို့နဲ့ကို ဝေးအောင်ခွဲကြတာ"

နိုင်း မျက်ခုံးနှစ်ဖက် မြင့်တက်သွားသည်၊ မြစ်ကြီးနား၊ မုံရွာတဲ့။ လေပြည်ကတော့ ဆုံးပါးသွားသည့် သူ့ညီမလေး အကြောင်း ဆက်ပြောပြန်သည်။

"မုံရွာရောက်တော့ အားလုံးလက်ကလွတ်အောင် ဒီကို ထွက်ပြေးလာတယ်လေ၊ ဒီမှာ သူ့အဒေါ်နဲ့ အစ်ကိုတွေလိုက်လာတော့ စိတ်ညစ်ပြီး ကိုယ့်ကိုယ်ကို အဆုံးစီရင်တော့တာပဲ၊ ညီမလေးက အချစ်အတွက်နဲ့ အဆိပ်သောက်သေတဲ့အထိ မိုက်သွားခဲ့တာ"

နိုင်း တွန့်ခနဲ ဖြစ်သွားမိသည်၊ လေပြည်ညီမက အချစ်အတွက် သည်လောက်ထိတောင် မိုက်မဲသည်တဲ့လား။

ကားလေးက မြေနီလမ်းချိုးလေးအတိုင်း ချိုးကွေ့ဝင်တော့ သုသာန်ဝင်းတစ်ခုကို ဘွားခနဲတွေ့လိုက်ရသည်။ လေပြည်စကားသံတွေ တိတ်ဆိတ်သွားကာ ငေးငေးလေးဖြစ်သွားသည်။

ကားလေးထိုးရပ်တော့ သက်ထက်အောင်က ကားဒက်ရှ်ဘုတ်ပေါ် တင်ထားသော ပန်းခြင်းလေးကို လှမ်းယူပြီး တံခါးဖွင့်ဆင်းသည်။ မင်သက်နေသော နိုင်းကို လေပြည်က လက်တို့ပြီး ဆင်းဖို့သတိပေးသည်။

နိုင်း ကားတံခါးဖွင့်ဆင်းလိုက်ရသည်။ လေပြည်က နိုင်းလက်ကို အသာဆွဲကာ သက်ထက်အောင်နောက်က လိုက်၏။

"ညီမလေးက သူ့ချစ်သူကိုသိပ်ချစ်တာ၊ သိလား နိုင်း၊ သူ့ဆံရှေပြည်သာက ဒေါ်လေးတွေက ခေါ်ထားတာလေ"

"ဟင်. . . ဘယ်လို"





"ဟုတ်တယ်၊ အဒေါ်တွေအိမ်မှာနေပြီး အလုပ်လုပ်ရင်း အဝေးသင်တက်နေတာ၊ မိဘကို အလုပ်လုပ်ထောက်ပံ့နေတဲ့ ညီမလေးက လိမ္မာပါတယ်၊ ဒါပေမဲ့ ရူးရူးမူးမူး ချစ်တတ်သွားတော့ ကိုယ့်ကိုယ်ကို သတ်သေတဲ့အထိ ဖြစ်သွားတယ်"

နိုင်းရင်တွေ တဒိတ်ဒိတ်ခုန်နေသည်၊ ရှေ့က သက်ထက်အောင်ရပ်တန့်လိုက်သော အုတ်ဂူလေးက ကမ္ပည်းစာတန်းလေးကို မြင်တော့ နိုင်း မျက်ဝန်းတွေ ထိတ်လန့်ချောက်ချားစွာ ပြူးကျယ်သွားသည်။

"ချစ်. . . ချစ်လေး"

"ညီမလေးနာမည်က ချစ်လေးသူလေ၊ အသက်က နှစ်ဆယ်ပဲရှိသေးတာ"

"လေ. . . လေပြည် သူ. . . သူက လေပြည့်ညီမလေး ဟုတ်လား"

"ဟုတ်တယ်၊ ညီမဝမ်းကွဲတော်တယ်၊ သူ့အဒေါ်တွေက အပျိုကြီးတွေလေ၊ ဒေါ်လေးမာဆိုရင် သူ့တူမလေးအတွက် မြေချတဲ့နေ့ကဆို ငိုလိုက်တာမှ ရှင်ရယ် သတိလစ်သွားတဲ့အထိပဲ"

နိုင်း အသက်ရှူဖို့မေ့နေတဲ့အထိ ကျောက်ရုပ်ကြီးလို ရပ်နေမိဆဲ၊ အုတ်ဂူဖြူဖြူလေးပေါ်က ချစ်လေးအမည်လေးကိုကြည့်ရင်း သူ့ရင်ထဲမှာ တလှပ်လှပ်ဖြစ်လာသည်။

"ညီမလေး အဲဒီလောက်အထိ သူ့ချစ်သူကို ချစ်မှန်းသိရင်

ကျွန်တော်တို့ မခွဲပါဘူးဗျာ၊ အခုတော့ ညီမလေး၊ ဟီး. . . ဟီး. . . ဟီး"

မြောရင်း သက်ထက်အောင် ငိုချလိုက်တော့ နိုင်းကိုယ်တိုင်လည်း မျက်ရည်တွေဝဲတက်လာသည်။

"ကိုသက်ရယ် တရားနဲ့ဖြေပါနော်"

လေပြည်က သက်ထက်အောင်ကို အသံတုန်တုန်လေးနှင့် ပြောကာ နှစ်သိမ့်နေသည်။ နိုင်းရင်တွေ ချောက်ချားရင်း အလွန်တုန်လှုပ်နေသည်။

ချစ်လေး သေရှာပြီတဲ့။ လောကကြီးထဲမှာ ချစ်လေး တကယ်ပဲ မရှိတော့ဘူးတဲ့လား။ ဒါတွေကို သူမသိခဲ့။ အခြေအနေတွေက ဒီလောက်အထိ ဆိုးရွားစွာဖြစ်သွားလိမ့်မည်ဟု လုံးဝ မတွေးခဲ့မိပါ။

သူ့အပေါ်မှာ ချစ်လေးသူ ဒီလောက်အထိတောင် ချစ်ခဲ့သည်လား။

"နိုင်း. . . ပြန်ကြရအောင်လေ"

လေပြည်သတိပေးမှ နိုင်း ဆတ်ခနဲတုန်သွားတာကားလေးဆီကို ခေါင်းငိုက်စိုက်လိုက်ခဲ့မိသည်။

အပြန်လမ်းတစ်လမ်းလုံး နိုင်း ဘာစကားမှ မဆိုနိုင်အောင် ရင်ထဲမှာ ဆို့နစ်နေခဲ့သည်။ သူ့အဖြစ်ကို အကဲခတ်ကြည့်နေသော လေပြည်နှင့် သက်ထက်အောင်ကိုလည်း လုံးဝသတိမထားခဲ့မိပါ။





ချစ်လေးသူ့ရဲ့ နောက်ဆုံးသောစကားသံလေးတွေသာ သူ့ရင်ထဲမှာ ပဲ့တင်ထပ်ကြားနေမိဆဲ။

"ကိုရယ်. . . ချစ်လေး အရမ်းအားငယ်တဲ့အချိန်မှာ ကို့ကိုပဲ တမ်းတနေတယ်၊ ကိုလာခဲ့ပါနော်၊ ချစ်လေး ဆက်ဆက်စောင့်နေမယ်"

◆ ◆ ◆

သက်ထက်အောင်မှာထားသည်က ဝီစကီတစ်တောင့်၊ ဆိုဒါတစ်ပုလင်းနှင့် မြည်းစရာ အစိမ်းကြော်တစ်ပွဲ၊ အသားကင် တစ်ပွဲ စုံလင်လှသည်။

လမ်းထိပ်မှာ လေပြည်ကို ကားပေါ်က ချထားပေးခဲ့ကာ သူ့ကိုပါ သက်ထက်အောင်က ခဏလိုက်ခဲ့ဖို့ခေါ်တော့ သူ မငြင်း ဘဲလိုက်ခဲ့ရင်း ဒီဆိုင်လေးကို ရောက်ခဲ့တာဖြစ်သည်။

"ကျွန်တော့်ညီမလေးအတွက် အရမ်းခံစားရတယ်ဗျာ၊ ညီမလေး ကိုယ့်ကိုယ်ကို သတ်သေသွားတာ ကျွန်တော့်အပြစ်မကင်း ဘူးလို့ ခံစားရတယ်"

ပြောရင်း ဖန်ခွက်ကို သက်ထက်အောင် တစ်ငုံမော့ သောက်သည်။ ညီမဖြစ်သူအတွက် သက်ထက်အောင် နာကျင် ခံစားနေရသည်ဆိုလျှင် နိုင်းရင်ထဲက ဝေဒနာမီးတွေက ပိုလို့ဆိုး တာ မသိလေရော့သလား။

သက်ထက်အောင်ကတော့ ပြောရင်း တစ်ငုံသောက်လိုက် လုပ်နေတော့ နိုင်းရင်ထဲမှာ ပိုလို့ခံစားရသည်။ မနေနိုင်တော့သည့် အဆုံး သူ့အတွက် ငှဲ့ထားပေးသောခွက်ကို တဟုန်ထိုး မော့သောက်





ပစ်လိုက်၏။

သက်ထက်အောင် မျက်လုံးပြူးသွား၏။ ပြီးမှ ကျေနပ်စွာ ပြုံးလျက် နောက်တစ်ခွက် ခပ်များများငှဲ့ပေးရင်း. . .

"ကျွန်တော့်ညီမ ချစ်လေးသူ့အတွက် ဝမ်းနည်းခြင်း အထိမ်းအမှတ်နဲ့ သောက်ကြရအောင် ကိုနိုင်း"

သက်ထက်အောင်က ရင်းရင်းနှီးနှီးပြောနေတော့ နိုင်း မငြင်းတော့ဘဲ ထပ်မော့သည်။ ပုလောင်စူးရှသော ဝီစကီတွေက မီးတစ်စလို ပူလောင်စီးဆင်းသွား၏။ သို့ပေမယ့် နိုင်းရင်ထဲက အပူမီးကို မမှီဟုထင်သည်။

"ချစ်လေး. . . ချစ်လေးသူ့အတွက် ကျွန်တော် အရမ်း ခံစားရတယ်၊ ကိုထက်ရာ အေ့"

"ညီမလေးက သူ့ချစ်သူအတွက် အသက်ပေးပြီး သက်သေ ပြသွားတာဗျ"

သက်ထက်အောင်က ပြောလေလေ နိုင်းရင်ထဲကို ဆို့နစ် ပူလောင်စေလေလေဖြစ်တော့ တစ်ခွက်ပြီးတစ်ခွက်။

နိုင်း ဘာတွေပြောမိမှန်းလည်းမသိတော့။ ချစ်လေးအမည် ကို တမ်းတရေရွတ်ရင်း စားပွဲပေါ်မှောက်ကျသွားခဲ့တာကိုလည်း မသိလိုက်ပါ။

◆ ◆ ◆

"အခုလောက်ဆို အမူးပြေပြီး ပြန်နိုးလာလောက်ပြီပေါ့"

"အင်းပေါ့ဟာ. . . ဒီလူတော့ အတော်ခေါင်းကြီးသွားမှာ သေချာတယ်၊ ဟား ဟား စိတ်ကျန်းမာရေးဆေးရုံကို ရောက်နေမှန်း သိရင် တကယ်ရူးသွားမလားပဲ"

သက်ထက်အောင်က သဘောကျစွာ ရယ်မောရင်းပြောသည်။ အစီအစဉ်အတိုင်း နိုင်းနဝဒေး အမူးလွန်မှောက်သွားတော့ ဆိုင်ထဲမှာရှိနေသော သူ့မိတ်ဆွေနှစ်ယောက်အကူအညီနှင့် နိုင်းနဝဒေးကို ကားပေါ်တင်ကြသည်။

ပြီးတော့ အဝတ်အစား အစုတ်အပြတ်တွေ လဲဝတ်ပေးသည်။ ထို့နောက်မှာတော့ သူတို့တွေ ကားကိုမောင်းနှင်ပြီး နိုင်းနဝဒေးကို ရန်ကုန်ရွာသာကြီးရှိ စိတ်ကျန်းမာရေးဆေးရုံအထိ ပို့လိုက်ကြတာ ဖြစ်သည်။

"သူတကယ်မရူးဘဲ ဆေးရုံရောက်နေတာသိရင် ဘာဖြစ်မလဲဟင်"

"သူ့သတိမရလာရင်တော့ ဆရာ၊ ဆရာမတွေက စစ်ဆေးမေးမြန်းကြမှာပေါ့ဟာ၊ ငါတို့က အရူးနဲ့တူအောင် အသေအချာ



တော့ ပြင်ဆင်ပေးလိုက်တာပဲ၊ အဝတ်အစားအစုတ်အပြတ်တွေ တင်မကဘူး နို့ဆီခွက်အစုတ်ပလုတ်တွေပါ လည်ပင်းမှာ ဆွဲပေးထားလိုက်တာ"

သက်ထက်အောင် ပြောသမျှ နားထောင်ရင်း လေပြည်ရင်ထဲမှာ မကောင်းလှပါ။

"ငါတို့လုပ်ရပ်တွေ လွန်သွားသလားဟင်"

"အင်းနော်. . . ကိုနိုင်း အတော်တော့ရှက်သွားမှာပဲ"

"အံမယ်. . . နင်တို့နှစ်ယောက်က ကိုယ်ခံခဲ့ရတာတွေတော့ သွေးအေးပြီးမေ့ကုန်ပြီလား"

သက်ထက်အောင်က မကျေမနပ်ပြောသည်။ လေပြည်ရင်ထဲမှာတော့ ဘာကြောင့်မှန်းမသိ လုပ်ခဲ့သမျှအတွက် နောင်တတွေရချင်နေသည်။

ချစ်လေးကိုကြည့်တော့ တွေတွေလေးငေးလို့နေသည်။ ချစ်လေးရင်ထဲမှာလည်း နိုင်းအတွက် စိတ်မကောင်းဖြစ်နေသည်တဲ့လား။

"ကလေးတို့ရယ် မင်းတို့ အစီအစဉ်တွေ တော်ကြတော့နော်၊ သူမကောင်းရင် သူပဲခံရမှာပေါ့ကွယ်၊ ဒီကိစ္စ ဒီမှာတင်ရပ်တော့ကွယ်"

ဒေါ်လေးမာက ချင့်ချင့်ချိန်ချိန်ပြောသည်။ သက်ထက်အောင်က ခေါင်းညိတ်ရင်း. . .

"ပွဲကပြီးသွားပြီလေ ဒေါ်လေးရဲ့၊ အခုလောက်ဆို ဒီလူ

လည်း နောင်တရလောက်ပါပြီ"

"ဒါနဲ့ သူ့ကို ဆေးရုံက ပြန်မခေါ်ကြဘူးလားဟင်"

"ခေါ်စရာမလိုပါဘူး ဒေါ်လေးရဲ့၊ သူတကယ်ရူးတာမှ မဟုတ်တာဘဲ၊ ဆရာမတွေက စမ်းသပ်မေးမြန်းပြီး ပြန်လွှတ်မှာပေါ့၊ မပူပါနဲ့၊ သူ့အိမ်ကို ပြန်ရောက်သွားမှာပါ"

သက်ထက်အောင် ရှင်းပြမှ ဒေါ်လေးမှာ ကျေနပ်သွားသလို ခေါင်းတညိတ်ညိတ်ပြုသည်။

"ကိစ္စတွေပြီးပြီဆိုတော့ ငါလည်း နမ့်ခမ်းကိုပြန်တော့မယ်၊ နင်တို့ ရန်ကုန်မပြန်သေးရင် ငါတို့ဆီ လိုက်လည်ကြပါလားဟာ"

သက်ထက်ပြောတော့ လေပြည် ခေါင်းလေးညိတ်မိ၏။

"အင်း. . . စိတ်ပြေလက်ပျောက် တစ်ပတ်လောက် လိုက်လည်မယ်ဟာ၊ နင်တို့တူဝရီးပါ လိုက်ခဲ့နော် ချစ်လေး"

"အေး. . . လိုက်မယ်၊ ဒေါ်လေးမှာ လိုက်သွားကြမယ်နော်"

တူမဖြစ်သူ ဆန္ဒပြင်းနေတော့ ဒေါ်လေးမှာ မငြင်းသာပါ။ သူမကိုယ်တိုင်လည်း ရန်ကုန်ကို မပြန်ချင်သေးပါ။

ကိုနိုးနှင့်ပတ်သက်ပြီး ခံစားကြေကွဲခဲ့ရသော နှလုံးသားတဒဏ်ရာက [illegible]င်းမသေသေးတာအမှန်။ ကိုယ်က လူကြီးမို့ တာန်ဆောင်တ[illegible]ားရပေမယ့်လည်း။

[illegible]ချစ်ဒဏ်ရာဆိုတာက အရွယ်နှင့်မသက်ဆိုင်ပါ။ နှလုံးသားရှိသူတိုင်း ခံစားရတတ်စမြဲမို့။

◆ ◆ ◆

အခန်း (၃၇)

"အဲဒီတုန်းက ဆေးရုံကဖုန်းဆက်ခေါ်လို့ နိုင်းကို လေးလေးပဲ သွားခေါ်ခဲ့တာပါ၊ သမီးတို့အားလုံး သူ့ကို ပူးပေါင်းကြံစည်လိုက်တာကို သူသိသွားတယ်၊ တကယ်ဆို နိုင်း မှားခဲ့တာပါကွယ်၊ နှလုံးသားစိတ်ရဲ့အလိုကိုလိုက်ပြီး သမီးတို့အပေါ် သူ သံယောဇဉ်တွယ်သွားခဲ့တယ်၊ ဒါ မဖြစ်သင့်တဲ့ကိစ္စဆိုတာ သူလက်မခံခဲ့ဘူး၊ နိုင်းက သမီးတို့နှစ်ယောက်စလုံးကို သံယောဇဉ်တွယ် ချစ်ခဲ့တာ လေးလေး အသိဆုံးပါကွယ်"

"ကိုနိုင်း. . . ဘယ်လိုလုပ်ပြီး အခုလို အခြေအနေ ရောက်သွားသလဲဆိုတာ ချစ်လေးသိချင်တာ [illegible]းလေး"

"ဟုတ်ပါတယ် လေးလေးရယ်၊ သူ. . . သူ အခုလိုဖြစ်သွားတာ လေပြည်တို့ပယောဂကြောင့်လို့ စိတ်[illegible]င်းဖြစ်နေတာ"

လေပြည်နှင့်ချစ်လေးတို့ တကယ[illegible] မ[illegible]ဖြစ်နေ ကြမှန်း ဦးစိုးတင့် အကဲခတ်မိပါသည်။ နိ[illegible] သွ[illegible]ခါအော ရူးသွပ်သွားခဲ့ခြင်းအတွက် သူတို့အားငြ[illegible] သ[illegible]၏။

"ဟို. . . ချစ်လေးသူ သူတို့က နိုင်းအပေါ် ခွင့်လွှတ်နိုင်တယ်ဆိုတော့ ဟို. . . ဟိုလေ အမာ အမာလည်း လေးလေးကိုနားလည်ခွင့်လွှတ်ပေးအောင် ကူညီပေးကြပါနော်၊ လေးလေးလေအမာကို တကယ်ချစ်တာပါ၊ ကျိန်တွယ်ပြောရဲပါတယ် သမီးတို့ရယ်"

ဦးစိုးတင့် တောင်းတောင်းပန်ပန် ပြောနေတာကိုကြည့်ရင်း ချစ်လေး ရယ်လည်းရယ်ချင်သည်။ သနားလည်း သနားသွားမိ၏။

"အဟင်း. . . စိတ်ချပါ လေးလေးရယ်၊ ဒေါ်လေးမာကလည်း လေးလေးကို မမေ့နိုင်တာ သမီးသိတယ်"

"ဟင်. . . တကယ်. . . တကယ်လားကွယ်"

"သေချာတယ် လေးလေး၊ လေးလေးကိစ္စကို ချစ်လေးတို့ကူညီပါ့မယ်၊ လေးလေးမှာ အပြစ်မရှိပါဘူး"

ဦးစိုးတင့် ဝမ်းသာစိတ်ကြောင့် ဟန်မဆောင်နိုင်အောင်ဖြစ်နေသည်။ ဒီတစ်သက် ဝေးရပြီထင်သော ချစ်သူအမာနှင့်ကံကြမ္မာက ဆုံခွင့်ပေးပြီထင်ရဲ့။

ဒီတစ်ခါတော့ သူ ဒုတိယအကြိမ် မလွှမ်းချင်တော့ပါ။

◆ ◆ ◆

ဝိုးမိုး၀၁၆ပ

အခန်း (၃၈)

"ဘယ်သူ. . . လေပြည်၊ မသိဘူး ကိုယ်သိတာက မုန်တိုင်း၊ ဟုတ်တယ် မုန်တိုင်းပဲ"

လက်ထဲက ပန်းသီးကို အားပါးတရကိုက်စားရင်း နိုင်းနဝဒေးက လေပြည်ကို တစ်ချက်လေးတောင် မကြည့်တော့ လေပြည်မျက်နှာလေးညိုးနေ၏။

"လေပြည်လေးကို မင်းမမှတ်မိရင် ချစ်လေးသူကိုတော့မှတ်မိမှာပေါ့၊ ချစ်လေးလေ နိုင်းရဲ့"

လေးလေး မိတ်ဆက်ပေးနေတော့ နိုင်း ဖျတ်ခနဲ ချစ်လေးသူကိုကြည့်၏။ ချစ်လေးက ပြုံးပြုံးလေး နှုတ်ဆက်ကြည့်နေပေမယ့်နိုင်းက နှာခေါင်းရှုံ့ပြရင်း. . .

"ဘာချစ်တဲ့ချစ်လေးလဲ၊ ရေခဲခြစ်လား၊ အုန်းခြစ်လား၊ အဟီး ရေခဲခြစ်တော့ကြိုက်တယ်"

ချစ်လေး မျက်နှာလေးပျက်ကာ မျက်ရည်တွေ ဝဲတက်

ဝိုးမိုး၀၁၆ပ

လာ၏။ လေးလေးက ပင့်သက်မောကြီးရှိုက်ရင်း. . .

“တဖြည်းဖြည်းတော့ မှတ်မိလာမှာပါ၊ နိုင်း တူကြီး သူတို့က မင်းဆီလာလည်ကြတာကွ”

“ဟုတ်လား၊ ကျွန်တော်နဲ့ ကစားကြမှာပေါ့ ဟုတ်လား”

“အင်း. . ကစားမှာပေါ့ ကိုနိုင်းရဲ့”

ချစ်လေးက အလိုက်သင့်ပြောသည်။ လေပြည်ကလည်း ခေါင်းလေးညိတ်ကာ ပြသည်။

“အိုကေ. . . ဒါဆို ဘောလုံးကန်ကြမယ်”

“ဟာ. . . တူကြီးကလည်း သူတို့က မိန်းကလေးတွေလေ ဘယ်လိုကန်တတ်မှာလဲ”

နိုင်းနဝဒေးက လက်ထဲက ပန်းသီးကို လွှင့်ပစ်ပြီး ချစ်လေးနှင့် လေပြည်ကို ဆွဲခေါ်သွား၏။ ပြီးတော့ ဘောလုံးကို ကောက်ယူကာ အကျအနတည်နေ၏။

“နိုင်း. . . အရမ်းမကန်နဲ့နော်”

လေးလေးက သတိပေးသလို လှမ်းအော်သည်။ နိုင်းနဝဒေးက နောက်ကို နှစ်လှမ်းခန့်ဆုတ်ပြီး ဘောလုံးကိုကန်သည်။

“ဘုန်း”

လေပြည်ထံကို တည့်တည့်မတ်မတ် ဦးတည်လာသောဘောလုံးကြောင့် လေပြည် အထိတ်တလန့် လက်နှင့်ကာထားလိုက်တော့. . .

“အား. . . အမေ့”





လေပြည့် လက်ချောင်းလေးတွေ နာကျင်သွားရသလို လူကလည်း အနောက်ကို ပက်လက်လန်ကျ၏။

“ဟာ. . . ညံ့လိုက်တာ အလကားပဲ”

“လေပြည်. . . လေပြည် ဘာဖြစ်သွားသေးလဲဟင်”

“ရ. . . ရတယ်ချစ်လေး၊ အ. . . အ. . လက်ဆစ်တွေနာသွားတာ၊ အ”

လေးလေးကလည်း စိုးရိမ်စွာ ပြေးလာရင်း နိုင်းကို ဆူပူမာန်မဲ၏။

“နိုင်းရာ. . . မင်းတော်တော်ဆိုးတာပဲ၊ မင်းအားနဲ့ကန်တာကို ဘယ်သူဖမ်းနိုင်မှာလဲကွ”

“သိဘူးလေဗျာ. . . အတူကစားမယ်ဆိုပြီး ဒါလေးတောင်မဖမ်းနိုင်ဘူးလား၊ ဟော့ ရေခဲခြစ် လာကွာ မင်းနဲ့ငါ စိန်ပြေးတမ်းကစားကြမယ်”

ပြောပြောဆိုဆို နိုင်းက ချစ်လေးသူလက်ကို ဆွဲကာ မြက်ခင်းအတိုင်း ဆွဲခေါ်ပြေးသည်။

ချစ်လေးသူက နိုင်းကိုမီအောင် လိုက်မပြေးနိုင်တော့ ခြေခေါက်လဲကျတော့၏။

“အား. . . အမေ့”

“ဟာ. . . ဒီရေခဲခြစ်ကလည်း ချာတူးလန်ပဲ၊ တော်ပြီတော်ပြီ တစ်ယောက်တည်း ကစားတော့မယ်ဗျာ”

နိုင်းနဝဒေးက ဘယ်သူ့ကိုမှ ဂရုမစိုက် အလေးမထား

တော့ဘဲ မြက်ခင်းပြင်မှာ လူးလှိမ့်ကစားနေတော့သည်။

"ဒုက္ခပါပဲနိုင်းရာ . . . ချစ်လေးသူ သမီးထနိုင်ရဲ့လား"

"ရ . . . ရပါတယ် လေးလေးရယ်"

ချစ်လေးသူ အသံလေးက ငိုသံလေးစွက်လို့နေသလို လေပြည်လည်း မျက်ဝန်းမှာ မျက်ရည်တွေဝဲလို့။

နိုင်းရယ် ရှင်ယုယကြင်နာခဲ့တဲ့ လေပြည်တို့ကိုတောင် မမှတ်မိတော့ဘူးတဲ့လား။

တစ်ခါတုန်းက ရှင်ချစ်ခဲ့ဖူးတဲ့ ပန်းလေပြည်နဲ့ ချစ်လေးသူ ဆိုတာ ရှင့်နှလုံးသားက အပြီးတိုင် မေ့ပစ်လိုက်ပြီလား နိုင်းနဝ ဒေးရယ်။

◆ ◆ ◆

ဦးမိုး၀၁၆ပေ

## အခန်း (၃၉)

နိုင်းနဝဒေးကတော့ အတိတ်ကို မေ့လျော့နေခဲ့တာပဲ ဖြစ်သည်။ ကျောင်းပိတ်ရက်တွေမှာ လေပြည်နဲ့ ချစ်လေးတို့ ရောက်လာတိုင်း သူ့ရဲ့ကစားဖော်တွေလိုပဲ ဆက်ဆံတတ်သည်။

"ဟော့ကောင် မုန်တိုင်း၊ ဟိုမှာ ငါ့အတွက် လိပ်ပြာလေး ဖမ်းပေးစမ်းကွာ"

နိုင်း စေခိုင်းသမျှ လေပြည် ခြံဝင်းထဲမှာ လိပ်ပြာလေး တွေ လိုက်ဖမ်းရတာအမော။

ချစ်လေးခမျာလည်း မသက်သာလှပါ။

"ဟေ့ . . . ရေခဲခြစ် လာကွာ ဒီမှာတီကောင်တွေတူးပေး စမ်း"

"ဟင် . . . ရွှံ့စရာကြီးကို ဘာလုပ်မလို့လဲ ကိုနိုင်းရဲ့"

"ရွံ့မနေနဲ့၊ ကန်ထဲက ငါးတွေကိုကျွေးမလို့ လာစမ်းပါကွ"

ချစ်လေးသူ မျက်နှာလေးမဲ့၊ နှာခေါင်းလေးရှုံ့ကာ

ဦးမိုး၀၁၆ပေ

တီကောင်တွေတူးပေးရတော့သည်။

နိုင်းနဝဒေး စိတ်အလိုရှိသမျှ လေပြည်ကော ချစ်လေးပါ မညီးညူရဲခဲ့ပါ။ နိုင်း စိတ်ဆိုးလျှင် စကားမပြော၊ မခေါ်ဘဲနေတတ်တာမို့ သူတို့စိတ်ပြေအောင် လေးငါးရက်ချော့ရတာ ကြောက်သည်။

နိုင်းကတော့ သူတို့နှစ်ယောက်ကို စာနာသနားမှုမရှိဘဲ စိတ်ထဲရှိသလို ခိုင်းတတ်သည်။ အလိုမကျလျှင် ခေါင်းကို ခေါက်ခနဲ ခေါက်တတ်သေးသည်။

နိုင်းနဝဒေးရဲ့ စိတ်က ပုံမှန်မဟုတ်တော့လည်းအခက်။

လေပြည်နှင့်ချစ်လေးတို့နှစ်ယောက် မျက်နှာမညိုးရအောင် ဆက်ဆံပြောဆိုရတာ လွယ်သည်မဟုတ်။

ဒါပေမဲ့လည်း လေပြည်ကော ချစ်လေးပါ ကျောင်းပိတ်ရက်တိုင်း မပျက်မကွက် နိုင်းဆီရောက်တတ်စမြဲ။

သူတို့နှစ်ဦးစလုံးရင်မှာ ဖွင့်မပြောဖြစ်သော ဆန္ဒတစ်ခုတော့ တူညီစွာရှိပါသည်။

နိုင်း ဝေဒနာပျောက်ကင်းလို့ အတိတ်ကိုသတိရလာလျှင်တော့ နိုင်းရဲ့ချစ်ခြင်းကို အရင်လိုပိုင်ဆိုင်ခွင့်လေးတစ်ခုသာ။

◆ ◆ ◆



အခန်း (၄၀)

ခြံထဲမှာ သုံးယောက်သား ကစားနေရင်း နိုင်းနဝဒေး ရေကူးကန်ဘက် ထွက်သွားတာ ချစ်လေးမြင်ပါသည်။

"နိုင်း. . . ရှင်ဘယ်သွားမလို့လဲ နေဦးလေ"

လေပြည် စိုးရိမ်စွာနှင့် ပြေးလိုက်သွားတော့ ချစ်လေး မသိချင်ယောင်ဆောင်ကာ အနောက်မှာပဲ ကျန်ခဲ့လိုက်၏။

ရေကူးကန်ဘောင်အတိုင်း ထွက်ပြေးသည့် နိုင်း ခြေချော်ပြုတ်ကျသွားတာ ချစ်လေး မြင်လိုက်၏။ လေပြည်ရဲ့ စိုးရိမ်တကြီး အော်သံလေးကိုလည်း စိခနဲကြားလိုက်၏။

"အိုး. . . နိုင်း ရေထဲပြုတ်ကျသွားပြီ၊ ချစ်လေး. . . လာလာပါဦး"

လေပြည်နှုတ်က အော်ရင်း ရေကူးကန်ထဲခုန်ချသွားတာကိုပါ ချစ်လေးမြင်နေသည်။ ချစ်လေး ပင့်သက်လေးအသာချကာ တစ်လှမ်းချင်းပဲ လျှောက်ခဲ့လိုက်၏။

နိုင်းကို ပွေ့ဖက်ပြီး လေပြည် ကူးခတ်လာတာကို ချစ်လေး ကန်ပေါင်ပေါ်ကပဲ ငေးကြည့်နေတော့...

"ချစ်လေး... ကူဆွဲပါဦး၊ လုပ်ပါ"

ချစ်လေး ကန်ပေါင်ပေါ်ကို ကူဆွဲတင်ပေးလိုက်ရသည်။ နိုင်းနဝဒေးက ရေမွန်းပြီး ချောင်းတွေ တဟွတ်ဟွတ်ဆိုးနေသည်။ လေပြည်က ရေစိုအဝတ်အစားတွေနှင့် နိုင်းကို စိုးရိမ်တကြီး ပြေးပွေ့၏။

"နိုင်း... နိုင်း ရှင်... ဘာ... ဘာမှမဖြစ်ဘူးနော်"

"လေပြည်ရယ် အဲဒီလောက်အထိ ပူပန်မနေစမ်းပါနဲ့ဟာ"

"ဟင်... ချစ်လေး နင်ဘယ်လိုပြောလိုက်တာလဲဟယ်"

"ဟုတ်တယ်လေ... ငါတော့ အတော်စိတ်ပျက်နေပြီ လေပြည်၊ ဘယ်တော့မှ ပြန်ကောင်းမယ်မသိတဲ့သူ့ကို ငါတို့ ဒုက္ခခံ ပြုစုပေးနေရတာမဟုတ်သေးဘူး၊ တော်ပြီဟာ ငါပြန်တော့မယ်၊ နောက်လည်း ဘယ်တော့မှမလာတော့ဘူး"

"ဟင်... ချစ်လေး... နေ... နေပါဦး ချစ်လေး"

လေပြည် လှမ်းခေါ်ပေမယ့် ချစ်လေး လှည့်မကြည့်တော့ဘဲ ခြံတံခါးဆီကို လှမ်းလျှောက်သွားသည်။

လေပြည် နားမလည်နိုင်စွာ ချစ်လေးကို ငေးကြည့်နေမိဆဲ။ နိုင်းအပေါ် ချစ်လေး စိတ်ကုန်သွားခဲ့ပြီလား။ ဒီလိုတော့ မဖြစ်သင့်ဘူး ချစ်လေးရယ်။

ဦး:မိုး:ဝ၁၆ဝ



"လေပြည်"

"ဟင်... ရှင်... ရှင်"

"အံ့ဩသွားသလား လေပြည်၊ ကိုယ့်ကိုခွင့်လွှတ်ပါ၊ ကိုယ် သံယောဇဉ်ကြီးခဲ့တဲ့ လေပြည်နဲ့ ချစ်လေးတို့နှစ်ယောက်က ဘယ်သူ ကိုယ့်အပေါ် အနွံအတာခံချစ်သလဲ သိချင်လို့ ဟန်ဆောင်နေခဲ့တာပါ"

လေပြည် အံ့ဩမျက်ဝန်းလေးဝိုင်းနေသည်။ နိုင်း ဘာမှ မဖြစ်ဘူးတဲ့လား။

"လေပြည်ရဲ့ နှလုံးသားကို ကိုယ်မြင်တွေ့လိုက်ပြီလေ၊ လေပြည် မင်းကို ကိုယ်လက်ထပ်ပါရစေ၊ တစ်သက်လုံး မြတ်နိုး ကြင်နာစွာနဲ့ ကိုယ် သစ္စာရှိရှိ ချစ်သွားပါ့မယ်ကွာ"

လေပြည် တောင့်တနေခဲ့သော ချစ်ခြင်းစကားတွေကို နိုင်း နှုတ်က ပြန်ကြားနေရပြီ။ ဒါ နိုင်းရင်ထဲက စကားတွေဟု လေပြည် ယုံသည်။

"မင်းလေးကို ကိုယ် သိပ်မြတ်နိုးသွားပြီ လေပြည်ရယ်"

လေပြည့်ခန္ဓာကိုယ်လေးကို တင်းတင်းပွေ့ဖက်ထားရင်း နိုင်း မြတ်နိုးစွာ အနမ်းပွင့်လေးခြွေမိသည်။

ဒါ ရင်ထဲက မြတ်နိုးအနမ်းပွင့်လေးပါ။ အထိုက်တန်ဆုံး လေပြည်ကို သူ့နှလုံးသားက အရှင်သခင်မလေးအဖြစ် ရွေးချယ်ဖြစ်ခဲ့ပြီ။

ချစ်လေးအတွက်တော့ ကိုယ့်နှလုံးသားက မင်းလေးကို

ဦး:မိုး:ဝ၁၆ဝ

ချစ်ခဲ့ဖူးတယ် ချစ်လေး။ လေပြည်နဲ့ထပ်တူ ချစ်ခဲ့တာပါ။ ဒါပေမဲ့ ဘဝအတွက် ရွေးချယ်သင့်တာ တစ်ယောက်ပဲဆိုတာ ကိုယ်သိခဲ့တဲ့ အချိန်မှာ

လေးလေးနဲ့တိုင်ပင်ပြီး ရွေးချယ်စီစဉ်ခဲ့တဲ့ပွဲမှာ မင်းလေး နှလုံးသားကို ကိုယ်မြင်လိုက်ပါပြီ။

အပြစ်မတင်ရက်ပါဘူး ချစ်လေးသူ။ ငါ့ရင်ထဲမှာ မင်းလေးကို အမြဲအမှတ်ရနေမှာ ဝန်ခံပါတယ်။ ဒါပေမဲ့ ငါ့နှလုံး သားနဲ့ဘဝအတွက်တော့ လေပြည်တစ်ယောက်တည်းပါပဲ။

ဒါကို မင်းခွင့်လွှတ်နားလည်ပေးပါ ချစ်လေးရယ်။

◆ ◆ ◆



ကိုနိုင်းရယ် အားလုံးကို ချစ်လေးကြိုသိနေခဲ့တာ ကိုနိုင်း မသိခဲ့သလို လေပြည်လည်း မရိပ်မိခဲ့ဘူးလေ။

လေပြည်နဲ့ချစ်လေးကို ရွေးချယ်ဖို့ ကိုနိုင်း ဟန်ဆောင် စမ်းသပ်နေတယ်ဆိုတာ ဒေါ်လေးမာကို လေးလေးပြောပြမှ ချစ်လေး မထင်မှတ်ဘဲ သိခဲ့ရတာပါ။

"နိုင်းက နှစ်ယောက်စလုံးကို သံယောဇဉ်မပြတ်ဘူး ရွေးရ ခက်နေတယ် အမာရဲ့၊ ဒါကြောင့် သူ့အပေါ် တကယ်ချစ်တဲ့ တစ်ယောက်ကိုရွေးချင်လို့ ဟန်ဆောင်ထားတာပါ"

"ရှင်တို့တူဝရီးက တတ်လည်းတတ်နိုင်တယ်"

"အမာ ချစ်လေးကို သွားတော့မပြောနဲ့နော်၊ အခုချိန်ထိ တော့ နိုင်းရဲ့အနံ့အတာတွေကို သူတို့ခံနိုင်ကြတုန်းပဲ၊ ဒါပေမယ့် မကြာခင် တစ်ယောက်ယောက်ကို နိုင်း ရွေးနိုင်မှာပါ၊ နိုင်းနှလုံး သားဇာတ်လမ်းက ဒါမှပြတ်မှာ အမာရဲ့"

ဒေါ်လေးမာ မပြောပေမယ့် ချစ်လေးသိခဲ့တယ် နိုင်း။ နိုင်း တကယ်ပဲ ရွေးရခက်နေတာကို ချစ်လေးနားလည်ပါတယ်။

လေပြည် အချစ်ကိုလည်း ချစ်လေး အကြွင်းမဲ့ယုံတယ်။ နိုင်းကို သူသိပ်ချစ်တာပါ။ ချစ်လေးလည်း နိုင်းကို သိပ်ချစ်တယ်။

ဒါပေမဲ့ အချစ်ဆိုတာ ခွင့်လွှတ်ပေးဆပ်ခြင်းလို့လည်း ချစ်လေး ယုံကြည်လက်ခံပါတယ် နိုင်း။

နိုင်း တွေဝေနေတဲ့အဖြစ်မျိုးမှာ ချစ်လေး နောက်ဆုတ် အရှုံးပေးလိုက်ဖို့ ဆုံးဖြတ်ခဲ့တာပါ။

လေပြည်နဲ့နိုင်း ပျော်နိုင်ပါစေကွယ်။

နိုင်းနဝဒေးဆိုတဲ့ ယောကျ်ားတစ်ယောက် နှလုံးသားမှာ ရှိခဲ့တယ်ဆိုတဲ့ အသိတစ်ခုနဲ့ ချစ်လေး တစ်သက်လုံး ကျေနပ်နေမှာပါ။

ချစ်လေး နှလုံးသားမှာ နိုင်း ရှိခဲ့သလို လေပြည်ဆိုတဲ့ သူငယ်ချင်းမလေးလည်း ရှိခဲ့ဖူးတယ်။

ဒါတွေကို ဘယ်သူမှ မသိနိုင်ပေမယ့်လည်း...။

ပရိသတ်အတွက်
အပြုံတင်း
မျိုး

ဝိုးမိုးစာပေ